

အရိယဓမ္မဝိဇ္ဇာ
ဆံတော်ရှင် ကေလာသ
အရှင်အာရိယဓမ္မသိဒ္ဓိ ပြုစည်
သမထယာနိကာဝိပဿနာကျင့်စဉ်
ဓမ္မဒါန

# အရိယာဓမ္မဝိဇ္ဇာ

## သမထ ယာနိက ဝိပဿနာကျင့်စဉ်

ဆံတော်ရှင်ကေလာသ သာသနာပြု

အရှင်အရိယဓမ္မသိဒ္ဓိ

ပြုစုသည်

---

ကာယသုခပုံနှိပ်တိုက်

အမှတ် ၁၂၉-၃၁-လမ်း၊ ရန်ကုန်မြို့ ။

ပုံနှိပ်ခြင်း။

၁၉၇၉–ခု၊ မတ်လ။

ပထမအကြိမ်၊ အုပ်ရေ ၅၀၀၀

ဓမ္မဒါန

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ် (၄၇)

မျက်နှာဖုံးခွင့်ပြုချက် (၁၄၇)

ထုတ်ဝေသူ။ ။အရှင်အရိယဓမ္မသိဒ္ဓိ၊ ကင်းလွတ်ခွင့်(၂၆) ကေလာသတောင်၊ တောချဗိမာန်၊ တောင်စွန်းကျေးရွာ၊ဘီးလင်းမြို့နယ်၊မွန်ပြည်နယ်။

ပုံနှိပ်သူ။ ။ဒေါ်လှမြင့် (မြ–၀၂၀၉၀) ကာယသုခ ပုံနှိပ်တိုက်၊ အမှတ် ၁၂၉–၃၁–လမ်း၊ ရန်ကုန်မြို့။

ဆံတော်ရှင် ကောလာသ



သာသနာပြုအရှင်အရိယဓမ္မသိဒ္ဓိ

# အမှာစကား

"သာသနဓဇ ဓမ္မာစရိယ ပါဠိပါရဂူ ဆရာတော်တပါး"
"ရှုမြင်သုံးသပ်ချက်"

ကေလာသ အရှင်အရိယဓမ္မပြုစုသော (အရိယဓမ္မဝိဇ္ဇာ) ကျင့်စဉ် မည်သောစာအုပ်ကို၊ သေချာစွာ ဖတ်ရှုလိုက်ရ၏။

ကိုယ်တိုင်လည်း စိစစ်လိုက်ရသည်။

စာအုပ်ပါ၊ နိဒါန်းမှသည် နိဂုံးတိုင်အောင်၊ ခြုံငုံလျက် သုံးသပ်ကြည့်လိုက်မိသည်။

စာအုပ်ပါ အကြောင်းအရာများသည်၊ ရဟန်းရှင်လူ ဖတ်ရှုသူတို့အတွက် အကျိုးတရားများစွာသက်ရောက်စေနိုင် သော၊

အယူအဆ အကူးအဆက် အသုံးအနှုန်း အရေးအသား မှာ မရိုးလွန်းမဆန်းလွန်း စာဧပကျမ်းဂန် တတ်သူမတတ်သူ အလွယ်တကူ ဖတ်ရှုနိုင်ရန် စကားပြေများနှင့် ရေးသား ထားလျက် ပါဠိတော် ဒေသနာ အကိုးအကားများကိုလည်း သူ့နေရာနှင့်သူ သင့်ကင့်စွာ ကွက်လပ်မရှိ ဆက်စပ်ထည့် ထားသည်ကိုလည်း တွေ့ရပေသည်။

စာပြုသူ(အရှင်အရိယဓမ္မသိဒ္ဓိ၏)စေတနာနှင့် ဆန္ဒတရား မှာ စာအရေးအသားမှာပင် ပေါ်လွင်နေပြီး၊

အရှိတရားနှင့် တပ်အင်ဖြစ်ပျက်တတ်မှု တရားများကို ပရိယတ် ပဋိပတ်ဖြင့် ဆက်စပ်ဖော်ပြထားကာ ပရိယတ်ကို အခြေခံထားပြီး ပဋိပတ်ကို အနေမှန်ပွားဘို့ ဒေသနာဉာဏ် အကိုးအကားနှင့် ပရိယတ် ပဋိပတ်တို့ကို ဆက်စပ်၍ဝေဘန် ဖော်ပြခါ ပဋိဝေဓအရသာမြတ်ကို ခံစားရယူနိုင်ကြပါစေ ရန် ရည်သန်ပြုစုထားသည်ကို ဖတ်ရှုလေ့လာရသည်။

ဤစာအုပ်ကိုဖတ်ရှုခြင်းဖြင့် လူငယ်လူရွယ်များနှင့် သမထ ဝိပဿနာလိုက်စားသူ အကျင့်ပြုသမားများသည် များစွာ မှ အသိတရားတိုးပွား၍ ဘုရားဟောဒေသနာအကိုးအကား နှ့် ကိုက်ညီပြီး လမ်းမှန် ကျင့်စဉ်ဖြင့် မိမိတို့ရောက်လိုသည့် နိဗ္ဗာန်တည်းဟူသော ပန်းတိုင်ခရီးကို များစွာမှ အထောက် အပံ့ပေးနိုင်လိမ့်မည်ဟု ယုံကြည်မိလေသည်။

အထူးသဖြင့် သမထမှ ဝိပဿနာတက်စဉ်ကို ဖော်ပြရာ ၌ သမထကျင့်သူများအား ဆက်စပ်ပေးလျက် ဉာဏ်နှင့်သတိ ဦးဆောင်ထား၍ကျင့်ကြံနိုင်ကနိဗ္ဗာန်ရရှိကြောင်းကို ၂-ဘက် အစွန်းလွတ်ကာ တင်ပြရေးသားထားပေသည်။

ကျိုက်ထိုမြို့ ကန်ဦးဆရာတော်ဘုရားကြီး၊ မရမ်းချိုဆရာ တော်ဘုရားကြီး၊ ဘုရားကြီးတိုက်ဆရာတော်ဘုရားနှင့် ဆရာ တော်များ၏ဩဝါဒခံလျက် ဆရာတော်ကြီးများအား ကန်

တောရာမှ ပြန်လာသော စာပြုသူ (အရှင်အရိယဓမ္မသိဒ္ဓိ) အား ဤစာအုပ်နှင့်တကွ တွေ့ဆုံရလျက် ၎င်း၏ရည်ရွယ်ချက် တို့ကိုပါ ကြားသိရသောအခါ–

သာသနာတော် အတွက် အထောက်အပံ့ပြု အလုပ် အကျွေးပြုနေကာ–

နိုင်ငံကျော်ဓမ္မကထိက တပါးအနေဖြင့် တရားဟောကာ သာသနာပြုနေရသည်ကို အားမရနိုင်သေးပါဘဲ စာပေပြုစုကာ အများဒါယကာ ဒါယိကာမအတို့ ထာဝရကျင့်စဉ် တရားများကို လက်ကိုင်ထားနိုင်ရန် စာအုပ်ကောင်းတအုပ် ပြုစုထုတ်လိုက်ရကြောင်းကိုပါ သိရသဖြင့် ဝမ်းမြောက်မိပေသည်။

တရားဟော ကောင်းသော စာပြုသူ၏ စာပေအရေး အသား အထားအသိုနှင့် အယူအဆများကို ကိုယ်တိုင်ရှု ကြည့်လျက် လေ့လာသုံးသပ်ဆုံးဖြတ်ကာ ဘုရားဟောတရား တော်အတိုင်း လိုက်နာကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ကြ ပါစေ။

(အရှင်ဣန္ဒာစာရ)
သာသနဓဇ ဓမ္မာစရိယ
ဝိနယ ပါဠိ ပါရဂူ
ဘုရားကြီးကျောင်းတိုက်
ကျိုက်ထိုမြို့။

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ၁။ နိဒါန်း | .... | ၁ |
| ၂။ ဂါရဝနှင့် ပဏာမ အာသီသဂါထာ | .... | ၉ |
| ၃။ အခန်း (၁) | | |
| သတ္တဝါတို့၏ဆန္ဒ | .... | ၁၁ |
| လူ့သဘော သဘာဝနှင့် အယူဝါဒ | .... | ၁၁ |
| ကျေးဇူးတော်ရှင် ဘုရား၊ တရား၊ သံဃာ | .... | ၁၃ |
| ရှင်တော်ဘုရား၏ မမေ့စေလိုသောတရားများ | .... | ၁၆ |
| အပ္ပမာဒတရားတော်နှင့် ဆန္ဒမှန် | .... | ၁၇ |
| သံဃာတော်များ ကျေးဇူးတော်ရှင် | .... | ၂၂ |
| ၄။ အခန်း (၂) | | |
| နိဗ္ဗာန်မျက်မှောက်ရောက်လိုလျှင် | .... | ၂၆ |
| ရှင်သာရိပုတ္တရာနှင့် ရှင်လက္ခဏ | .... | ၂၇ |
| ဒီဘဝနှင့် နိဗ္ဗာန်ယူချင်သူတို့ အတွက် | .... | ၂၇-၂၉ |
| နိဗ္ဗာန်လိုချင်ရင်သောတာပန်ဖြစ်ဘို့အရေးကြီး | .... | ၃၀ |
| သောတာပန်ဖြစ်ချင်ရင် အယူစင်ကြယ်ရမည် | .... | ၃၁ |
| အယူစင်ကြယ်ချင်ရင် တရားနာ | .... | ၃၁ |
| တရားလိုချင် သင့်တင့်စွာနှလုံးသွင်း | .... | ၃၂ |
| မုဆိုးကြီးတဦးဥပမာ | .... | ၃၃ |
| ဘုရားရှင်တရားကိုအလွဲတွေး | .... | ၃၅ |
| နှလုံးသွင်းမှန်စေရန်နှင့် သောတာပန် | .... | ၃၇ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|


၅။ အခန်း (၃)

ရှင်တော်မြတ်ဘုရားနှင့်ဇာတကုသောဏ်ပုဏ္ဏား .... ၄၃

ရည်စူးအလှူ ရမရဌာနများ .... ၄၄

ငရဲဘုံ .... ၄၅

တိရစ္ဆာန်ဘုံ .... ၄၅

လူ့ဘုံ .... ၄၆

နတ်ဘုံ .... ၄၆

ပြိတ္တာဘုံ .... ၄၇

ပြိတ္တာဘုံမှလွဲသော် အဘယ်သူရနိုင်သနည်း .... ၄၇

သေချာသည်က မျက်မှောက်ဘဝဒါန .... ၅၀

အဘိဏှသုတ်တော်လာကံအကြောင်း .... ၅၁

၆။ အခန်း (၄)

အရိယဓမ္မဝိဇ္ဇာအရှင်မြတ်တပါး အကြောင်း .... ၅၉

ရွှေပန်းထိမ်သည်သားလုငယ် .... ၅၉

ဆရာမြတ်မှ အသုဘကမ္မဌာန်းပေးခြင်း .... ၆၀

ကမ္မဌာန်း၌စိတ်မတည် .... ၆၁

ဆရာမြတ်အရှင်သာရိပုတ္တရာ၏ဉာဏ်တော် .... ၆၄

ရှင်တော်မြတ်ဘုရားအထံတော်သို့ .... ၆၅

ရှင်တော်မြတ်ဘုရား၏ အနန္တဉာဏ်တော် .... ၆၇

ရှင်တော်မြတ်ဘုရား၏ အနန္တတန်ခိုးတော် .... ၆၈

အကြောင်းအရာ

ဆိမ့်ရေပမာကိုယ်ကြိုက်ရာ
လောဟိတကမ္မဋ္ဌာန်း
ဝိတက်ပိုင်း
ဝိစာရပိုင်း
ခုဒ္ဒိကာ ပီတိ
ခဏိကာပီတိ
ဩက္ကန္တိကာပီတိ
ဥဗ္ဗေဂါပီတိ
ဖရဏာပီတိ
သုခသဘော
ဧကဂ္ဂတာစိတ်
စိတ်စွမ်းအင်ဖြင့်ပဌမစျာန်သို့
စိတ်စွမ်းအင်ဖြင့်ဒုတိယစျာန်သို့
စိတ်စွမ်းအင်ဖြင့်တတိယစျာန်သို့
(တတိယစျာန်သို့ဟု ပြင်ဆင်ဖတ်ရှုပါရန်)
စိတ်စွမ်းအင်ဖြင့်စတုတ္ထစျာန်သို့
(စတုတ္ထစျာန်သို့ ဟုပြင်ဆင်ဖတ်ရှုပါရန်)
စိတ်စွမ်းအင်စျာန်ဝန်ခိုးနှင့်မြေလျှိုးမိုးပျံ
ရှင်တော်မြတ်ဘုရားသိပြီ
ဆင်သေကောင်မက်သောကျီးလိုဖြစ်မှာစိုး

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ကြာပန်းသင်္ခါရဘယ်လိုလဲ | .... | ၈၈ |
| ခန္ဓာသင်္ခါရဘယ်သို့နည်း | .... | ၈၉ |
| အတုမဲ့တန်ခိုးတော် | .... | ၉၀ |
| အတုမဲ့သောရွှေဉာဏ်တော် | .... | ၉၁ |
| ရှင်တော်မြတ်ဘုရား တရားဟောပြီ | .... | ၉၃ |
| ကြာပန်း ဥပမာ | .... | ၉၄ |
| ပန်းပွင့်ခန္ဓာ | .... | ၉၅ |
| သံသရာမှ ခန္ဓာကိုဖြတ် | .... | ၉၇ |
| အာနာပါန သတိမှအစ | .... | ၉၈ |
| သတိပဋ္ဌာန်တရားများသို့ | .... | ၉၈ |
| ဖြစ်ပျက်နှင့် ဓမ္မာနုပဿနာ | .... | ၁၀၀ |
| ရုပ်တရား နာမ်တရား | .... | ၁၀၂ |
| ရုပ်လဲမပြဲ နာမ်လဲမပြဲ | .... | ၁၀၃ |
| ခန္ဓာငါးပါး ဖြစ်ပျက်တရား | .... | ၁၀၅ |
| ဖြစ်ပျက်သင်္ခါရ တားမရ | .... | ၁၀၇ |
| ယံထာဘူတနှင့် သမ္မသန | .... | ၁၀၉ |
| ဉာဏ်စဉ်အဆင့်ဆင့်သို့ | .... | ၁၁၀ |
| ပုထုဇဉ်အနွယ်ဖြတ်ခြင်း | .... | ၁၁၂ |
| ဒုက္ခသစ္စာ ပိုင်းခြားသိခြင်း | .... | ၁၁၄ |
| သမုဒယသစ္စာ | .... | ၁၁၅ |

အကြောင်းအရာ စာမျက်နှာ


သမုဒ္ဒယဖြတ်မှ ခန္ဓာရပ်မယ် .... ၁၁၇
သမုဒ္ဒယကို ဝိုင်းပယ်သတ်ရ .... ၁၂၀
မဂ္ဂသစ္စာမဂ္ဂင်ရှစ်ပါး အစားထိုး၍ .... ၁၂၁
ပထမအရိယာခမ္မဝိဇ္ဇာသို့ .... ၁၂၃
အထက်မဂ်ဖိုလ်များသို့ ... ၁၂၄
အရိယာခမ္မဝိဇ္ဇာ ရဟန္တာ .... ၁၂၅
ကောင်းကင်ခရီးမှ ရှင်တော်မြတ်ဘုရားထံသို့ .... ၁၂၆
၄။ အခန်း (၂)
ဒေသနာတော်၏အကျိုးကိုဆင်ခြင်သုံးသပ်ချက် ၁၂၇
ဆရာကောင်းရခြင်းအကျိုးများ .... ၁၂၉
ရှင်တော်မြတ်ဘုရား ကျေးဇူးဂုဏ်များ .... ၁၃၀
တပည့်ကာလမှ လိုက်နာရန်အချက်များ .... ၁၃၄
ရောက်ဖူးသူကို ဆရာတင်က မမှားနိုင် .... ၁၃၇
၇။ အခန်း (၆)
ကျင့်စဉ် .... ၁၃၇
ကမ္မဋ္ဌာန်းပိုင်း .... ၁၃၇
ပရိကံ(၀၁)ပုဗ္ဗကိစ္စ(၇)မျိုး .... ၁၃၇
ဘုရားရှိခိုးပူဇော်ခြင်း .... ၁၃၇
သီလဆောက်တည်ရန် .... ၁၄၁
ဝန်ချရန် .... ၁၄၁

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ခွင့်လွှတ်ရန် | .... | ၁၄၁ |
| ခန္ဓာကိုယ်ဘုရားလှူခြင်း | .... | ၁၄၂ |
| အမျှဝေတ္တာပေးပို့ခြင်း | .... | ၁၄၂ |
| တိုင်တည်ခြင်း | .... | ၁၄၃ |
| ရဟန်းရှင်လူအမျိုးသားများ တရားထိုင်ရန် | .... | ၁၄၃ |
| သီလနှင့်ရှင် မိန်းမအမျိုးသမီးယောဂီများ | .... | ၁၄၅ |
| ကိုယ်အနေအထား | .... | ၁၄၅ |
| ဦးခေါင်းပိုင်း | .... | ၁၄၅ |
| မျက်စိ | .... | ၁၄၆ |
| လက်ထားရန် | .... | ၁၄၆ |
| ကမ္ဘာနှင်းပိုင်း | .... | ၁၄၆ |
| သတိပိုင်း | .... | ၁၄၆ |
| အထူးမှတ်ချက် | .... | ၁၄၇ |
| မြတ်စွာဘုရားသခင်တရားအားထုတ်တော်မူပုံ | .... | ၁၄၈ |
| မဟာမိတ္တခေထရ် တရားအားထုတ်ပုံ | .... | ၁၄၈ |
| ဤအဖြစ်မျိုး ပြုနိုင်ခဲ့ပါ၏ | .... | ၁၄၉ |
| ဘုရားရှင်ပေးသည့်နည်း | .... | ၁၄၉ |
| လုပ်ငန်းစဉ်သဘော | .... | ၁၅၀ |
| စိတ်ရိုင်းသည် နွားရိုင်းနှင့်တူ | .... | ၁၅၁ |
| စိတ်ရိုင်းကို ဆုံးမပါ | .... | ၁၅၁ |

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| စိတ်ပြန့်လွင့်ခြင်းဖြင့် ကိလေသာဖြစ်ပုံ .... | ၁၅၂ |
| ကိုယ်အတွင်းအာရုံပြန့်လွင့်၍လည်းကိလေသာဖြစ် | ၁၅၃ |
| ကြည့်တော့ မြင်သည်ကြည့်သည် .... | ၁၅၆ |
| စိတ်ကူးယဉ်တတ်သည် .... | ၁၅၈ |
| အာရုံစိတ်၌ ကိလေသာဖြစ်ခြင်း .... | ၁၅၉ |
| ရှင်သာရိပုတ္တရာ အရှင်မြတ်ကြီးက သတိပေးဘူးသည် .... | ၁၆၀ |
| မလိမ့်တပတ်ရွှေအိုး .... | ၁၆၁ |
| အပြင်စိတ် အတွင်းစိတ် နိမိတ်စိတ်များ ကျော်ဖြတ်၍ .... | ၁၆၃ |
| ကာယာနုပဿနာ သတိပဋ္ဌာန် .... | ၁၆၄ |
| ဝေဒနာနုပဿနာ သတိပဋ္ဌာန် .... | ၁၆၅ |
| စိတ္တာနုပဿနာ သတိပဋ္ဌာန် .... | ၁၆၆ |
| စိတ္တာနုပဿနာမှသည် ဈာန် ဉာဏ်သို့ .... | ၁၆၇ |
| သမာဓိနှင့် အမှန်တရား .... | ၁၆၇ |
| ဓမ္မာနုပဿနာ သတိပဋ္ဌာန် .... | ၁၆၉ |
| ဓမ္မာနုပဿနာသတိပဋ္ဌာန်နှင့် ရုပ်နာမ်သင်္ခါရ .... | ၁၇၀ |
| ခန္ဓာငါးပါး .... | ၁၇၂ |
| သတိကပ်လျက် ရှုကွက်ပြောင်း .... | ၁၇၅ |
| ခန္ဓာငါးပါး အဆင့်ဆင့် ဖြစ်ပျက်ခြင်း .... | ၁၇၈ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|

ရုပ်ဒုက္ခ နာမ်ဒုက္ခ ... ၁ဂ၁
ဒုက္ခမှုဒုက္ခ .... ၁ဂဝ
ဒုက္ခဖြစ်ကြောင်း သမုဒယအညစ် .... ၁ဂ၁
မဂ္ဂသစ္စာ နိရောဓာ ဆက်စပ်ကြည့်ပါ — ၁ဂ၄

၉။ အခန်း (၇)

ပြုစုသူပုဂ္ဂိုလ်၏ အများအတွက်ဆန္ဒ .... ၁ဂ၆
ဆန္ဒသဘောထား .... ၁ဂ၇
ရည်ရွယ်ချက်မှာ .... ၁ဂ၉
ဦးတည်ချက်မှာ .... ၁ဂ၉
လုပ်ဆောင်ချက် .... ၁ဂ၉
ငယ်စဉ်မှသည်အရွယ် .... ၁၉ဝ
ဆရာကြီးမှ ပုတီးစိပ်ခိုင်းခဲ့ .... ၁၉၂
ဆရာတော်မှ သမထတရားထိုင်ရန်မိန့်ဆိုခဲ့ .... ၁၉၃
မဟာဝတ္ထုကံ ဆရာတော်ဘုရားကြီးထံ၌ .... ၁၉၃
ဝေပုလ္လနှင့် သပြေခံ အောင်သပြေတောင် .... ၁၉၅
ဆံတော်ရှင် ကိန်းဝပ်တော်မူရာ ကေလာသ
တောင်တော် .... ၁၉၆
ကေလာသရောက်ခဲ့ခြင်း .... ၁၉၇
သံသရာဝဋ်လွတ်လိုသော ဆရာတော်ဘုရားများ ၁၉၉

| အကြောင်းအရာ | စာမျက်နှာ |
|---|---|

ရဟန်းဘဝချီးမြှောက်တော်မူကြမည့်
    ကျေးဇူးတော်ရှင်များနှင့် တွေ့ခြင်း .... ၂၀၀
ဆရာတော်ကြီး (၃)ပါး .... ၂၀၃
ဆရာတော်ကြီးများပေးသော သာသနာ့တာဝန် ၂၀၅
ရဟန်းပြုခဲ့ခြင်း .... ၂၀၇
ချီးမြှောက်တော်မူသော ဆရာတော်များ .... ၂၀၈
ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးများ
    ထံတွင် သြဝါဒခံခြင်း .... ၂၀၉
၁၀။ အခန်း (၈)
သက်သတ်လွတ်အကြောင်း သိကောင်းစရာ .... ၂၁၁
သက်သတ်လွတ်စားဘို့ ဘုရားဟောသလားတဲ့ ၂၁၄
ကျွဲ,နွားတို့က သက်သတ်လွတ်စား မစား .... ၂၁၆
သက်သတ်လွတ်မစားရဘူးလို့ကော ဘုရားဟော
    ရှိသလားလို့ .... ၂၁၇
မျှတမှုရှိအောင် ၂-ခုမေးပါ .... ၂၁၉
သက်သတ်လွတ်စားဘို့မစားဘို့ ဘုရားရှင်မပညတ်ခဲ့ ၂၂၁
ကျွဲ,နွားများ သက်သတ်လွတ်မစား ကျွဲစား
    နွားစား၊ စားခြင်းသာ .... .... ၂၂၁
နောက်မပြောနဲ့ အပြစ်ဖြစ်တတ်တယ် .... ၂၂၄
ဆရာဘဝရောက်ရာမှာ ကြက်သတ်ကျွေးလို့ .... ၂၂၆

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ကုန်းသတ္တဝါ ရေသတ္တဝါ မျက်နှာမလိုက်နဲ့ .... | ၂၂၇ |
| ကိုယ့်အသက်-သတ်ရင်တော့ ငြိမ်မခံနိုင်တဲ့ .... | ၂၂၉ |
| ဘုရားရှင်သည် ဘုရားလိုဖုန်းပေးခြင်း ဖြစ်သည် | ၂၂၉ |
| အလောင်းတော်ဘဝမှာ သက်သတ်လွတ်စားသည် | ၂၃၁ |
| အရိယာဖြစ်ကြောင်း တရားဟော .... | ၂၃၃ |
| မင်္ဂလာဆောင်ဖို့ညက်ရမှ နိဗ္ဗာန်ရောက် .... | ၂၃၆ |
| မှားခဲ့သည်ကို ဝန်ခံတောင်းပန်ခြင်း .... | ၂၃၇ |
| လိုက်ဆိုကြပါ ဆောင်ပုဒ်ရတနာ .... | ၂၃၈ |
| ကိုသာအေး လေ့ခတ်သလိုမလုပ်နဲ့ .... | ၂၃၉ |
| မိုးလင်းမှ သိရသည်က .... | ၂၄၁ |
| ကျောက်ကြိုးမတင်ဘဲ လှေခတ်နေ၍ .... | ၂၄၃ |
| မာန်မာနသည် ကျောက်ကြိုးနဲ့တူ .... | ၂၄၅ |
| သည်းခံခြင်းသည် သူတော်ကောင်းတရား .... | ၂၄၆ |
| သာသနာပြုချင်ရင် ဒီအချက်တွေမှတ် | ၂၄၇ |
| ဆုတောင်းမေတ္တာအဖြာဖြာ .... | ၂၅၀ |
| သရဏဂုံကျေးဇူးတော် .... | ၂၅၁ |
| အသပြာတထောင်နှင့် ဆတ္တမာဏဝကသတိုးသား | ၂၅၂ |
| ဒိသာပါမောက္ခဆရာကြီးကျေးဇူး .... | ၂၅၄ |
| ခိုးသားများသို့၍ လမ်းမှစောင့် .... | ၂၅၅ |
| ရှင်မဟာဘုရား သရဏဂုံ | ၂၅၆ |

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ခေတ်ပညာတတ်ရုံနှင့် ယဉ်ကျေးမှုမပြည့်စုံ | .... | ၂၅၈ |
| ဘာသာ-သာသနာရေးသိမှုယဉ်ကျေးသည် | .... | ၂၆၁ |
| မိဘများကို ဘဲ, ကြက်, ပြော | .... | ၂၆၂ |
| ကလေးတွေသနားဘို့ကောင်း | .... | ၂၆၄ |
| မသိလို့လုပ်မိရင် အပြစ်ဖြစ်ပါသလားတဲ့ | .... | ၂၆၅ |
| သိသိ မသိသိအပြစ်ဖြစ်အောင်လုပ်ရင်အပြစ်ဖြစ် | ... | ၂၆၆ |
| မီးဆိုတာ-သိလို့ဖြစ်စေ မသိလို့ဖြစ်စေပူဒါဘဲ | ... | ၂၆၈ |
| သိသိ မသိသိတရားဥပဒေက မျက်နှာမလိုက် | .... | ၂၆၉ |
| လူငယ်တွေ-လူ့ကောင်းလူတော်လေးများဖြစ် | | ၂၇၁ |
| လောကီပညာ တတ်မှ ကနပ်စာ | .... | ၂၇၂ |
| သရဏဂုံသီလအကျိုး | .... | ၂၇၄ |
| နတ်ဖြစ်၍ များစွာချမ်းသာခြင်း | .... | ၂၇၆ |
| ဒေါသနဲ့သေရင် ငရဲကျမည် | .... | ၂၇၇ |
| လောဘနဲ့သေရင် ပြိတ္တာဖြစ်မည် | .... | ၂၇၈ |
| မောဟနဲ့သေရင် တိရစ္ဆာန်ဖြစ်မည် | .... | ၂၇၉ |
| ရှင်တော်မြတ်ဘုရားဟော ခေါ်ပြီ | .... | ၂၈၂ |
| ဘဝတိုင်းမှာအသုံးကျတဲ့ဘုရားပေးပညာ | .... | ၂၈၃ |
| အားလုံးအကျိုးများကြသည်။ | .... | ၂၈၄ |
| ဓမ္မဒါနကောင်းကျိုးရ | .... | ၂၈၇ |

# နိဒါန်း

## နမော တဿ ဘဂဝတော အရဟတော
## သမ္မာသမ္ဗုဒ္ဓဿ

ဤ အရိယဓမ္မဝိဇ္ဇာစရဏ မည်သော စာအုပ် ဖြစ်မြောက်အောင် ရေးသား ပြုစုရန်-လွန်ခဲ့သော သုံးနှစ်တာကာလ အချိန်ကပင် ဆန္ဒဖြစ်ပေါ်ခဲ့ပါပေသည်။

အဝေးအနီး မြို့ရွာဌာန အသီးသီးတို့မှ တပည့် ဒါယကာ ဒါယိကာမများ ထံမှလည်း စာအုပ်ရေးသား ပြုစုထုတ်ဝေဘို့ တောင်းပန်ခြင်း၊ တိုက်တွန်းခြင်း၊ တောင်းခံခြင်းများသည်လည်း တစတစ များပြားလာခြင်းဖြင့်လည်းကောင်း၊

ကျေးဇူးတော်ရှင် ဆရာတော်သခင်များမှလည်း နှုတ်တရာ စာတလုံး ဆိုထုံးရှိသလို ပြောတုန်း ဟောတုန်း မှတ်မိနည်းနှံ့ယူရသည်ထက်၊ စာအုပ်ပြုစုရေးသားလျက် ထုတ်ဝေသော် အဓွန့်ရှည်စွာ အကျိုးများ၍ သာသနာတော်မြတ်ကြီးကိုပါ အလုပ်အကျွေးပြုရာ ရောက်ချေမည်ဖြစ်ကြောင်း ဩဝါဒ အကြံဉာဏ်ကောင်းများဖြင့် မိန့်ကြား သနားတော်မူခြင်းများကြောင့်လည်းကောင်း၊

ဤ စာအုပ်ကို ရေးသားပြုစုရန်-ဆုံးဖြတ်ခဲ့ရပေသည်။

သို့သော်ငြားလည်း ရေးသား ပြုစုလိုသည့် စာအုပ်က (အရိယဓမ္မဝိဇ္ဇာ) ကျင့်စဉ်စာအုပ်ဖြစ်ရာ—

၁။ အရိယာ = ဖြူစင်မြင့်မြတ်သော၊
၂။ ဓမ္မ = သစ္စာလေးပါတရား၊
၃။ ဝိဇ္ဇာ = အမှန်သိခြင်း = ဉာဏ်
၄။ စရဏ = အကျင့် = လုပ်ရပ်၊

ဖြူစင်မြင့်မြတ်သော၊ သစ္စာလေးပါး၊ မြတ်တရားကို၊ အမှန်အတိုင်းသိ၍ သိသည့်အတိုင်း ကျင့်ကြံကြိုးကုတ် အား၊ ထုတ်ခြင်းဖြင့်—

အရိယ = သောတာပန် ပုဂ္ဂိုလ်ထူး
အရိယ = သကဒါဂါမ် ပုဂ္ဂိုလ်ထူး
အရိယ = အနာဂါမ် ပုဂ္ဂိုလ်ထူး၊
အရိယ = ရဟန္တာ ပုဂ္ဂိုလ်ထူး၊

များ ဖြစ်စေနိုင်သည့် ဝိသေသ-အထူး ဆောင်လျက် ရှိသော စာအုပ်ဖြစ်နေသဖြင့်—

အများသတ္တဝါ ၇-ရက်သားသမီးများအတွက် လောကီ လောကုတ္တရာ နှစ်ဖြာနှစ်ဝသော ကောင်းကျိုးချမ်းသာကို ရစေ ဖြစ်စေ ပိုင်ဆိုင်စေလိုသော စေတနာမွန် ဆန္ဒတခုထည်း ဖြင့်တော့ လိုရင်း ရည်ရွယ်ချက်များ ပြည့်စုံမည်မဟုတ် သေးပေ။

ရည်ရွယ်ချက်အတိုင်းအကျိုးတရားများဖြစ်ပေါ်စေရေး အတွက် အမှန်တကယ် အရှိတရား အကြောင်းအရာများကို ပြည့်စုံစေပြီးမှသာ စစ်မှန်သော အကျိုးတရားများ ဖြစ်ပေါ် လာနိုင်မည်ဟု အလေးအနက် ယုံကြည်မိပေသည်။

လောက၌ မည်သည့်အလုပ်ကိုမဆို ပြုလုပ် ဆောင်ရွက် ရာ၌—

၁။ ရည်ရွယ်ချက်၊

၂။ ဦးတည်ချက်၊

၃။ လုပ်ဆောင်ချက်၊

ဟူ၍ အချက်ကြီး ၃-ချက်၊ အပိုင်း ကဏ္ဍကြီး ၃-ခု ရှိကြောင်း သတိပြုသင့်ပေသည်။

၁။ ရည်ရွယ်ချက်ဟူသည်မှာ- မိမိ ဖြစ်လို ရောက်လို အောင်မြင်လိုသော ခရီးပန်းတိုင်ကို ဆန္ဒပြုလျက် တင်ကြို သတ်မှတ်ထားခြင်းပင် ဖြစ်ပေသည်။

၂။ ဦးတည်ချက်ဟူသည်မှာ မိမိရောက်လိုသော တင်ကြို သတ်မှတ်ထားရာ ပန်းတိုင်ရှိရာသို့ ဦးလည်မသုန် ဖြောင့်မှန် တည့်မတ်စွာ မျက်ခြေမပြတ် ရှေ့တူရူသို့ မျက်နှာမူဦးတည်ထားခြင်း ဖြစ်ပေသည်။

၃။ လုပ်ဆောင်ချက် ဟူသည်မှာ-မိမိရောက်လို အောင် မြင်လိုသည့် ပန်းတိုင်အရောက် ဦးဆောင်မှု ဦးတည်

ချက်အတိုင်း မှန်ကန်သော အင်အားစုများဖြင့် စုပေါင်းလုပ်ဆောင်ခြင်းပင် ဖြစ်ပေသည်။

သို့မှသာလျှင် မိမိရောက်လိုသည့် ခရီးပန်းတိုင်သို့ အချိန်မီ ရောက်နိုင်လိမ့်မည် ဖြစ်ပေသည်။

အကယ်၍ ရည်ရွယ်ချက် မှန်ငြားသော်လည်း ဦးတည်ချက်မှားသော် ဦးတည်ချက်မှန်ငြားသော်လည်း လုပ်ဆောင်ချက်မှားသော်၊ မိမိလိုရာခရီးသို့ အပြီးရောက်နိုင်မည် မဟုတ်ပါပေ။

ဥပမာ–အရှေ့ရပ်ရှိ ပန်းတိုင်ကို ရောက်လိုသောသူသည်၊ အနောက်ဘက်အရပ်ကို မျက်နှာမူ၍ ဦးတည်သွားမည်ဆိုပါက အရှေ့ဟူသော ရောက်လိုသည့် ရည်ရွယ်ချက် ခရီးကို ရောက်လိမ့်မည် မဟုတ်ပါပေ။

ထို့အတူ အရှေ့ဘက်ရှိ ပန်းတိုင်ကို ရောက်လိုသောဆန္ဒဖြင့် အရှေ့ဘက်သို့ ဦးတည်မျက်နှာ မူထားသော်လည်း လုပ်ဆောင်မှု ဟူသော ခြေလှမ်းများက ရှေ့သို့မလှမ်းဘဲ နောက်သို့ ဆုတ်လှမ်းသွားမည်ဆိုပါကလည်း မိမိ ရောက်လိုသော ရည်ရွယ်ဦးတည်ထားသည့် အရှေ့ဘက်ရှိ ပန်းတိုင်သို့ ရောက်လိမ့်မည်မဟုတ်ပါပေ။

ထို့ကြောင့် ရည်ရွယ်ချက် မည်မျှပင်ကောင်းကောင်း ဦးတည်ချက်မကောင်းလျှင် သို့တည်းမဟုတ် လုပ်ဆောင်ချက်

ပျက်ကွက်ခဲ့လျှင် အကြောင်းမပြည့်စုံသဖြင့် ရည်ရွက်ချက် ပန်းတိုင်သို့ ရောက်ခြင်း တည်းဟူသော အောင်မြင်မှုအကျိုး တရား ရနိုင်လိမ့်မည် မဟုတ်ပါတဲ့၊ ရည်ရွယ်ထားသည့် ပန်းတိုင်နှင့် ဝေးသည်ထက်သာ ဝေးသွားနိုင်ဘွယ်ရာသာ ရှိပေတော့သည်။

သို့ဖြစ်သဖြင့် လောကီ လောကုတ္တရာနှစ်ဖြာ အကျိုးပွား တိုးလိုသောဆန္ဒဖြင့် လုံ့လပြုသူများသည်၊ ဤအချက်ကြီး ၃-ချက်ကို သူ့ကဏ္ဍနှင့်သူ (ပါ) သူ့အပိုင်းနှင့်သူ သဘော ပေါက် ပိုင်နိုင်မှုရှိသင့်ပေသည် ရှိရမည်လဲ ဖြစ်ပေသည်။

တဖန် ဤသို့သော အကြောင်းတရားတို့ကို သုံးသပ် ဝေဘန်ပြီးလျှင်-

ရည်ရွယ်ချက်သည် အကျိုးတရား
လုပ်ဆောင်ချက်သည် အကြောင်းတရား
ဦးတည်ချက်သည် အကြောင်းအကျိုး ဆက်စပ်မှု
တရား—

ဟူ၍ လေးနက်စွာ မှတ်သားသိရှိအပ်ပေသည်။

လောကီလုပ်ရပ်များ၌ရင်း၊
လောကုတ္တရာလုပ်ရပ်များ၌ရင်း၊
လောကီ လောကုတ္တရာ လုပ်ရပ်များ၌ရင်း။

မိမိအောင်မြင်စေလိုသော ရည်ရွယ်ချက်အလိုက် ဦးဘည်ချက် လုပ်ဆောင်ချက်များကို အလိုက်သင့်ညီ ပြည့်စုံအောင် ဖြည့်ဆည်းရမည်သာ ဖြစ်ပေသည်။

အထက်ပါ လေးနက်သော အကြောင်းအရာ အချက်အလက်တို့ကို လေ့လာစူးစမ်းမိသော စာပြုသူသည်၊ အဘယ်မှာလျှင် စာတအုပ် ပေတဆောင်ကို ပြုစုရာ၌ ပေါ့ပေါ့ဆဆ လွယ်လွယ်ကူကူ သဘောထားနိုင်ပါအံ့နည်း။

သို့ပါ၍ ရှင်တော်မြတ်ဘုရားသခင်၏ အဆုံးအမများဖြစ်သော တရားဓမ္မများကို မိမိနှင့်တကွ ဝေနေယျများ အားလုံး ထွက်ရပ်အမှန် မြတ်နိဗ္ဗာန်သို့ ရောက်စေလိုသော စေတနာမှန် သဒ္ဓါဆန္ဒနှင့် ကောင်းမြတ်သော အသီးသီး ရည်ရွယ်ချက် ရှိသည့် စာပြုသူသည်–

ဤ (အရိယဓမ္မဝိဇ္ဇာ) ကျင့်စဉ်ဟူသော စာတွေ့ ကိုယ်ကျင့် အားထုတ်နည်းပါ စာအုပ်ကို မှန်မြတ်သော စေတနာဖြင့် ပြုစုရခြင်း ဖြစ်ပါပေသည်။

ဤစာအုပ်ကို ပြုစုရာ၌ အရာရာပြည့်စုံ ကောင်းမွန်စေရန် ကျမ်းတော်မြတ်များကို လေ့လာစူးစမ်း စုဆောင်းရှာဖွေ ညှက်နှင့် ဂဟေပြုလျက် ဆက်စပ်၍ရင်း၊ အချက်အလက် ကျင့်စဉ်များ လေ့လာ စူးစမ်း စမ်းသပ်အားထုတ်ကြည့်ခြင်း ဖြင့်ရင်း၊ အပြောနှင့်အလုပ် ညီညွတ်မှု သို့မဟုတ် ပရိယတ်နှင့်

ပဋ္ဌာန်းပတ် စာတွေ ကိုယ်ကျင့်ဆက်စပ်၍ များစွာ လုံ့လပြုခဲ့ပေသည်။

အထူးသဖြင့်–စကားပြေဖြင့် နားလည် သဘောပေါက်လွယ်ကူစေရန် ပြုစုထားပေသည်။

ရှင်တော်မြတ်ဘုရား၏ ဓမ္မအမွေများကို ဘဝအထွေထွေမှ တော်စပ်ခဲ့ကြပါကုန်သော ဘ,တော်၊မယ်,တော်၊အမ,တော်၊ အကို,တော်၊ ညီ,တော် ညီမတော်တွေ ရကြပါစေ ကျင့်နိုင်စေရန် စေတနာသန်သန်ဖြင့် သုံးလောက ထွဋ်ထား ရှင်တော်မြတ်ဘုရား၏ သဗ္ဗညုတရွှေညာဏ်တော်ကို ခိုလှုံကာ ရှင်တော်မြတ်ဘုရား၏ (၁၀၀) ကွက် စက်လက္ခဏာစုံ ပုံပါသော ခြေတော်စုံမြတ်ကို ဦးခေါင်းဖြင့် မြတ်နိုးစွာရှိခိုးရင်း အဘိုးမဖြတ်နိုင်သည့် ဤစာမြတ်ကို ပြုစုလိုက်ရပေတော့သည်။

ဤစာအုပ် ဖတ်ရှု လေ့လာခြင်းဖြင့် စိတ်စွမ်းရည်အားကောင်းအောင် မွေးမြူနည်း၊

စိတ်စွမ်းရည်အား ကောင်းသူသည် မင်္ဂဖိုလ်နိဗ္ဗာန်အထိ အလွယ်နှင့် ကူးတက်နိုင်ခြင်း၊

သမထ တရားသည် လောကီတရားသက်သက်ဖြစ်သာမဟုတ်ပါဘဲ ဦးဆောင်မှုပညာ ဦးစီးနိုင်လျှင် လောကုတ္တရာ သမာဓိအဖြစ်မှ လောကီချောန်နှင့် လောကုတ္တရာညာဏ် ဆက်စပ်ပေးလျက် လေးမဂ်လေးဖိုလ် ဦးဒယို အရောက် တောက်

လျှောက် အထောက်အပံ့ဖြစ်ကြောင်း ထင်ရှားစွာ သိမြင်နိုင်စွမ်း အံ့မခန်းသော သမထ ယာနိက ဝိပဿနာအကျင့်တရားဖြင့် အရိယဓမ္မဝိဇ္ဇာ စျာန်ရရဟန္တာ ထွက်ရပ်ကျင့်စဉ်ကို မိမိတို့ကိုယ်တိုင် သုံးသပ်၍ ဆုံးဖြတ်နိုင်ကြမည် ဖြစ်သည့်ပြင် မိမိတို့ကိုယ်တိုင်ဖြစ်လိုကြခိုက် ကျင့်နေခိုက်နှင့် ကြုံပါကလည်း နိသျှည်းမှန် ပညာရကြစေရန် ဧကန်သင့်မြတ်၊ အချိန်အပ်၍၊ ပဋ္ဌာန်းဆက်ဖြင့်၊ တိုက်ဆိုင်ဖတ်ရှု၊ နည်းယူရသည်၊ ဟု သဘော ဖြူပိုက်လျက်၊ အောင်ထိုက်နိုင်ကြပေမည်ဟု ယုံကြည်မိပေတော့သတည်း။

ဆံတော်ရှင် ကေလာသ

အရှင်အရိယဓမ္မသိဒ္ဓိ

ပြုစုသူ။

ပဉ္စဂုဏံ အဟံ ဝန္ဒာမိ သမ္ဗုဒ္ဓါ
ဂါရဝနှင့် ပဏာမ အာသီသ ဂါထာ
စရိယ ပတ္တသံ ဗုဒ္ဓ၊ စရိယာဂတိ ဝန္ဒိယ။
ဓမ္မံ သံဃဉ္စ ကာသာယံ၊ အရိယာဓမ္မ ဝိဇ္ဇာစရဏံ။

အဟံ၊ ရုပ်နာမ်နှစ်ရပ် ပရမတ်ကို ပညတ်ကင်းသိ ဟိတ် အရှိဖြင့်။ အရိယဓမ္မသိဒ္ဓိ၊ မည်ခေါ် တပည့်တော်သည်။ စရိယပတ္တံ၊ ကျင့်ခန်းဆုံးပေါက် နိဗ္ဗာန်သို့ ရောက်တော်မူပြီးသော။ သမ္ဗုဒ္ဓ၊ သုံးလောကထွဋ်ထား မြတ်စွာဘုရားသခင် အရှင်မြတ်ကြီးကိုလည်းကောင်း။ စရိယာဂတိ၊ ကျင့်ခန်းဆုံးပေါက် နိဗ္ဗာန်သို့ရောက်ကြောင်း ဖြစ်သော။ ဓမ္မ၊ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ် ဆယ်ပါးသော တရားတော်မြတ်ကိုလည်းကောင်း။ စရိယာဂတိ၊ ကျင့်ခန်းဆုံးပေါက် နိဗ္ဗာန်သို့ ရောက်တော်မူပြီးသော ရှစ်ဖေါ်အရိယာ မြတ်သံဃာကိုလည်းကောင်း။ အဘိဝန္ဒိယ အဘိဝန္ဒာမိ၊ ကာယဝစီ မနောချိုလျက်၊ သုံးလီ ရိုကျိုး ရှိခိုးပါ၏။ အဘိဝန္ဒိတွာ၊ ရှိခိုးပြီး၍။ အရိယဓမ္မ ဝိဇ္ဇာစရဏံ၊ ဖြစ်လမ်းသိ တဘက်ကမ်း ပေါက်ရောက်ရှိစေနိုင်သည့် (ဝါ) ဖြစ်ပင်လမ်း ထွက်ရပ်စခန်းဖြင့် နိဗ္ဗာန်သို့ ရောက်ရှိစေနိုင်သော (အရိယာဓမ္မဝိဇ္ဇာ–စရဏ) ကျင့်စဉ်ကို။ ကာသံ ကရိဿာမိ၊ နိဗ္ဗာန်ကျင့်လမ်း ပြီးလိုလားသည့် ဝေနေယျများ ရှုပြား၍ သာ ကျင့်နိုင်စေရာဟု သဒ္ဒါရှေ့သွား စေတနာဖြူထားလျက် ရေးသားဖိရင်ရပေပေတော့သတည်း။

# အခန်း (၁)

## "သတ္တဝါတိုင်းတို့၏ဆန္ဒ"

လောက၌ သက်ရှိသတ္တဝါတိုင်း တို့သည်၊ ဆင်းရဲမှုတည်း ဟူသော (ဒုက္ခ) ကို မလိုလားကြပေ။

ထို့အတူ ဆင်းရဲမှု (ဒုက္ခ) နှင့် ရင်ဆိုင်ကြရမည်၊ တွေ့ရမည်ကိုအလွန်အမင်း စိုးရိမ်ရွံ့ကြောက်ကြပေသည်။

သို့သော် အသိဉာဏ်မရှိသောသတ္တဝါတို့သည်၊ မသိမမြင် တတ်ဘဲ မှန်းဆ ကြောက်ရွံ့ကြကာ၊ အသိဉာဏ်ရှိသော သတ္တဝါတို့သည် သိမြင်တတ်လျက် ကြောက်ရွံ့ကြပေသည်။

သို့မို့ကြောင့်လည်း အသိဉာဏ်ရှိသော သတ္တဝါတို့သည်၊ ဆင်းရဲမှု (ဒုက္ခမှ)လွတ်မြောက်ရာကိုရှာကြံကြပြီး၊ အသိဉာဏ်မရှိသော သတ္တဝါတို့သည် လွတ်မြောက်ရာမှန်ကို ရှာကြံကြခြင်းမပြုကြဘဲ ထိတ်လန့်၍သာနေကြရပေ၏။

ထိုသတ္တဝါတို့ကို လူ, နတ်, ဗြဟ္မာ, သတ္တဝါဟူ၍ အမျိုးမျိုး ပညတ်ခေါ်ဝေါ် သမုတ်ကြပြန်လျက်၊ ဤအမျိုးအမည်များထဲမှ လူ, နတ်, ဗြဟ္မာ အမည်ခံပုဂ္ဂိုလ်များသည်၊ အသိဉာဏ်များစွာ ရပိုင်ခွင့်ရှိကြသည့်အားလျော်စွာ၊ ဆင်းရဲတည်းဟူသော (ဒုက္ခ) ကို အတိအလင်း ဘွင်းဘွင်းပင်ငြင်းဆန်ကြပြီး ဆန့်ကျင်ဘက် ချမ်းသာ (သုခ) ကို တောင့်တရှာဖွေကြကာ၊ ချမ်းသာမှု (သုခ) ကို ပေးနိုင်မည့်သူအား မျှော်သင့်လျက်အားထားကိုးစားလိုကြပြန်ပေသည်။

ဤသူတို့သည် များသောအားဖြင့် ပြင်ပမှမိမိအားချမ်းသာပေးနိုင်မည့် ကူညီပေးနိုင်မည့်သူများကို ရှာဖွေတတ်ကြကာ အားထားတတ်ကြပြီး၊ ကိုးစားယုံကြည်တတ်ကြပေသည်။

ထို့သည့်အားလျော်စွာ မိမိတို့ယုံကြည်ကိုးစားအားထားသူပုဂ္ဂိုလ်၏ပြောဆိုညွှန်ကြားပြသသည်ကို လိုက်နာမှတ်သားပြုလုပ်ဆောင်ရွက်ခြင်းဖြင့်၊ ချမ်းသာနိုးနိုး မျှော်ကိုးသမှုအာရုံပြု၍ တပါးသူကို အားထားမှုတည်းဟူသော ကိုးစားယုံကြည်ခြင်းတည်းဟူသော (ကိုးကွယ်ဆည်းကပ်မှု) အယူဝါဒ (ဘာသာ) တရားများအသီးသီးပေါ်ပေါက်ဖြစ်ထွန်းခဲ့ကြရပြန်ပေသည်။

## "လူ့သဘောသဘာဝနှင့်အယူဝါဒ"

ထိုသတ္တဝါများထဲတွင် (လူ) ဟူသော ပညတ်ခေါ်ထားပုဂ္ဂိုလ်များသည်၊နိုးစပ်ရာရာ အမျိုးအလိုက်အမည်တွင်လျက်လူမျိုးပေါင်းများစွာရှိခဲ့သလိုအတွေးအခေါ်တို့နှင့်အယူဝါဒ (ဘာသာ) တရားများလည်း လွန်စွာများပြားခဲ့ကြပေ၏။

သို့တစေလည်း၊ ဆင်းရဲ(ဒုက္ခ)ကို လွတ်မြောက်လိုမှု ချမ်းသာမှု(သုခ)ကို ရယူပိုင်ဆိုင်လိုမှု တည်းဟူသောရည်ရွယ်ချက်ဆန္ဒသဘော အနေဖြင့်တော့ သဘောတူညီကြသည်ကများပေသည်။

ဤသို့ဖြင့် ချမ်းသာမှုကို ရှာကြံကြရင်း ကိုးကွယ်မှုကို ကူးပြောင်းကြကာ၊ တချို့ ပုဂ္ဂိုလ်များမှာ ကိုးကွယ်မှု အမှန်နှင့် ချမ်းသာမှုအစစ်ကို ပိုင်ဆိုင်ခွင့် ရကြပြီး၊ အချို့ ပုဂ္ဂိုလ်များမှာ ကိုးကွယ်မှု ယွင်းမှားလျက် ချမ်းသာတုကို သာ တွေ့ရှိကာ လိုရင်းမရောက်ပါဘဲ တဝဲလယ်လယ် ဒုက္ခ ပင်လယ်သို့ မျောကြရပြန်ပေသည်။

ဤကဲ့သို့ အမျိုးအမည်များလျက် အစစ်အတု ချမ်းသာ မှုကို လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာ,ဟု ခွဲခြား လျက် လူချမ်းသာထက် နတ်ချမ်းသာ မြတ်သည်၊ နတ်ချမ်း သာထက် ဗြဟ္မာချမ်းသာမြတ်သည်ဟုလည်းကောင်း၊ကောင်း သည်သာလွန်သည်ဟု လည်းကောင်း အမျိုးမျိုးယူဆ ပြော ဆိုသတ်မှတ် ပေါ်ထွန်းခဲ့ပြန်ပေသည်။

ကောင်းနိုးရာရာ ဉာဏ်မီသလောက် အသိ ပေါက် သလောက်ဖြင့် ချမ်းသာကို ရှာမှီးကြရင်းမှ တည်ငြိမ်မှုရှိ သော ချမ်းသာစစ်မှန် တည်ငြိမ်မှုမရှိသော ဖောက်ပြန်တတ် သောချမ်းသာဟု တဆင့်တိုးတက် လက်ခံကြကာ မဖောက် ပြန်သော၊ ချမ်းသာမှန်ကို ရလို ရောက်လို ပိုင်ဆိုင်လိုကြသည် အထိ၊ တိုးတက်မြင့်မား သိရှိလာကြရကာ၊ ထို မဖောက် မပြန် အမှန်အစစ် ချမ်းသာနှစ်ကို (နိဗ္ဗာန်) ချမ်းသာဟူ၍ သတ်မှတ်သမုတ် ပညတ်ထုတ်ကာ၊(နိဗ္ဗာန်)ချမ်းသာကို ရယူ လိုကြပြန်ရာ (နိဗ္ဗာန်)ချမ်းသာ ရကြောင်းကို ကြံစည်အား

ထုတ် ကြလျက် နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းတို့ ကို စိတ်ပါဝင်စားကာ ကျင့်ကြံပွားများ အားထုတ်လာခဲ့ ကြပြန်ပေ၏။

သို့ကလိုဖြင့် နိဗ္ဗာန်ချမ်းသာကြီးသည် အမြင့်ဆုံးအများ အလိုအရှိဆုံး ရေပန်းအစားဆုံး ချမ်းသာကြီးဖြစ်ခဲ့ရပြီး ယနေ့တိုင်အောင် လူနတ်ပြဟ္မာတို့ တဖွဖွတောင့်တလျက် တောင့်တဆဲ ဖြစ်ခဲ့ပေလည်း။ (ဝါ)တန်ဘိုး မဖြတ်နိုင်သော ချမ်းသာစစ်ကြီး ဖြစ်ခဲ့ပေသည်။

ယင်းကဲ့သို့ နိဗ္ဗာန်တည်းဟူသော ချမ်းသာစစ်ကြီးကို တောင့်တကြရာမှ ရှာကြံကြရာမှ အချို့ ပုဂ္ဂိုလ်တို့သည် နိဗ္ဗာန်ချမ်းသာကိုရကြောင်း လမ်းကောင်းကြီးကို တွေ့ကြရ ကာ နိဗ္ဗာန်ချမ်းသာကို ရရှိသွားကြပေရာ နောက်မှပုဂ္ဂိုလ် များသည် ထိုနိဗ္ဗာန်ချမ်းသာကို လမ်းညွှန်ပြသသူအား မေး မြန်းစုံးစမ်း ရှာဖွေခဲ့ကြရင်း၊ နိဗ္ဗာန်လမ်းညွှန်မှုးကြီး အစစ် (ဗုဒ္ဓ)ကို တွေ့ခဲ့ကြရပေသည်။(သမ္မာ သမ္ဗုဒ္ဓ)မြတ်စွာဘုရား အရှင်မြတ်ကြီးကို တွေ့သိခဲ့ကြရ ပေတော့သည်။

## ကျေးဇူးတော်ရှင်(ဘုရား၊ တရား၊ သံဃာ)

သည်လိုနှင့်ပင် ဘာသာတရား ရှိသူတိုင်းတို့သည် (ဗုဒ္ဓ) ဟူသော ဘုရားသခင်ကို ကိုးကွယ်လာကြရာ။ အနိုးစပ်ဆုံး တူညီမှုမှာ ဘုရားသခင်ဟူသော ဝေါဟာရ (ဗုဒ္ဓ) ဖြစ်ခဲ့ရ ပေသည်။

ဤနေရာ၌ လိုရင်း (ဗုဒ္ဓ)ကိုသာ ဖော်ပြရမည်ဖြစ်ရာ (သမ္မာသမ္ဗုဒ္ဓ) အတုမရှိသော ရှင်တော်မြတ်ဘုရားကိုသာ ဖော်ပြရန်နှင့် ထိုမြတ်စွာဘုရား အရှင်မြတ်ကြီး၏ လမ်းညွှန်မှုကို ခံယူလျက် မိမိတို့ရောက်လို ပိုင်ဆိုင်လိုရာ နိဗ္ဗာန်ချမ်းသာကို ရယူကြဘို့ လိုရင်းဖြစ်ပေသည်ဟု ယူဆယုံကြည်မိလေသည်။

သို့သော်လည်း ရှင်တော်မြတ်ဘုရားအား မှီခဲ့သူများကံထူးခဲ့ကြငြားသော်လည်း ယနေ့ ရှိနေသူများက နောက်ကျခဲ့ကြလေပြီ၊ (ဝါ)ရှင်တော်မြတ်ဘုရားအား မမှီလိုက်ကြတော့၊ ရှင်တော်မြတ်ဘုရား (အာယုသင်္ခါရ ပရိနိဗ္ဗာန်) စံဝင်တော်မူသွားချေပြီ မဟုတ်ပါလား။

(ယနေ့ဆိုလျှင် ရှင်တော်မြတ်ဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့သည်မှာ (၂၅၂၂-နှစ်)ကြာခဲ့ချေပြီ ဖြစ်သည်၊ သို့လျှင် သိခြင်း နောက်ကျခြင်းနှင့် ကြုံခဲ့ကြရလေသည်။ ရင်သပ်ရှုမော အဖော၁ဝတ ဖြစ်နေကြရပေသည်။

သို့ပေမဲ့လည်း အလွန်အမင်း အားငယ်ဝမ်းနည်းသွားစရာတော့ မလိုပါပေ၊ ဘာကြောင့်လဲ ရှင်တော်မြတ်ဘုရားက အာယုသင်္ခါရ ပရိနိဗ္ဗာန် စံဝင်ခြင်းသာမျှ (ဝါ) ရှင်တော်ဘုရား၏ အသက်ရှင်ခြင်းသာချုပ်ငြိမ်းခဲ့ခြင်းဖြစ်ပြီး ရှင်တော်ဘုရား၏ ဆယ်ပါးပါရမီတော်နဲ့ ရယူခဲ့ရတဲ့ အသက်သွေးခဲနဲ့ ထပ်တူ ရှင်တော်ဘုရားကိုယ်တော်တိုင် စံဝင်သွားရာ နိဗ္ဗာန်

ချမ်းသာ ရောက်ကြောင်း ရကြောင်း လမ်းညွှန်မှုတရား များက အထင်အရှား ရှိနေပေသေးသည်၊ ရှိနေအောင် လည်း ရှင်တော်ဘုရားထားတော်မူခဲ့ခြင်း ဖြစ်ပေသည်။

ထို ရှင်တော်ဘုရား၏ နိဗ္ဗာန်လမ်းညွှန်မှုများကို (ဓမ္မ) ဟု ခေါ်တွင်ခဲ့ကြပေသည်၊ (ဓမ္မ)သည် အမျိုးမျိုး ရှိခဲ့မှုလည်း ဤနေရာ၌ ရှင်တော်မြတ်ဘုရား အလိုကျအတိုင်း လိုရင်း ဖြစ်သော နိဗ္ဗာန်ရောက်ကြောင်း (ဓမ္မ)တရားကိုသာ အဓိက ထား ဖော်ပြရန်ဖြစ်ရကား ရှင်တော်မြတ်ဘုရား သက်တော် ထင်ရှားရှိနေတော်မူခဲ့စဉ်က ဟောကြားချီးမြှင့် သနားတော် မူခဲ့သော တရားတော်များ (ဝါ) နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ထုတ်နုတ်ဖော်ပြရမည် ဖြစ်ပေသည်။

ရှင်တော်မြတ်ဘုရား သက်တော်ထင်ရှား ရှိတော်မူခဲ့ စဉ်က ရှင်တော်မြတ်ဘုရား အလေးထားလျက် မကြာခဏ ဟောကြားတော်မူလေ့ရှိသော တရားတော်မှာ (အပ္ပမာဒ) မမေ့မလျော့သော သတိရှိကြရန်ဟူသော တရားဖြစ်သည်။ ထိုမှတဖန်–

အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ။

ဘိက္ခဝေ၊ ချစ်သား, ချစ်သမီးများတို့။ အပ္ပမာဒေန၊ မမေ့မလျော့ မပေါ့မဆသောသတိတရားဖြင့်။ သမ္ပာဒေထ၊ ပြည့်စုံစွာနေကြဟူသော မြတ်တရားဖြစ်သည်။

အပ္ပမာဒေန၊ အပ္ပမာဒတရားသည် အလွန်အရေးကြီး ကြောင်း ထင်ရှားစွာ ဖော်ပြထားပေသည်၊ (ဝါ) မမေ့မ လျော့သော (သတိ) တရားသည် နိဗ္ဗာန်ရောက်လိုသူ ရလို သူများအတွက် မရှိမဖြစ် လိုအပ်သောတရား ဖြစ်နေပေသည် မှာ ထင်ရှားပေ၏။

ထိုနေရာ၌ မမေ့မလျော့သော(သတိ) တရားသည် နိဗ္ဗာန် ရောက်ကြောင်း သော့ချက်တရားဖြစ်ရာ ကောင်းပြီ ဘာတွေ ကိုမမေ့ရမှာလဲ၊ ဘယ်အပေါ်မှာ သတိရှိရမှာလဲဟု မေးစရာ တွေးစရာရှိလာပေသည်။

"ရှင်တော်ဘုရား၏ မမေ့စေလိုသော တရားများ"

ရှင်တော်မြတ်ဘုရား၏ မမေ့စေလိုသော တရားများမှာ အားလုံးခြုံ၍ လိုရင်းဆိုသော်- သီလတရား၊ သမာဓိတရား ပညာတရားများ ဖြစ်ပေသည်၊ (ဝါ) သိက္ခာသုံးရပ်-အကျင့် မြတ်တရားတို့ပင် ဖြစ်ပေသည်။

၎င်း သီလ သမာဓိ ပညာ တရားများကို အစဉ်လေးစား သတိထားသဖြင့် ရှင်တော် မြတ်ဘုရား၏ အဆုံးအမတော် များကို ထပ်ချပ်မကွာ လိုက်နာလို၍ ရှင်တော်မြတ်ဘုရား၏ အဆုံးအမတော် တည်းဟူသော (သာသနာတော်) အတွင်း သို့ သက်ဆင်းကူးပြောက်၍- ရှင်တော်မြတ်ဘုရား အလိုကျ အတိုင်း ပညတ်တော်မူသည့်အတိုင်း၊ သံသရာ ဝဋ္ဋဘဝနှင့်

ခန္ဓာကျွတ်ပြီး လွတ်မြောက်ရာမှန် မြတ်နိဗ္ဗာန်ကို- (၉) ရပ်သော ဂုဏ်အင်္ဂါနှင့်အတူ ကူးမြောက်အားထုတ်ဆဲ အရှင်မြတ်များကို သံဃာဟူ၍ တဆင့်တဖန် ပေါ်ထွန်းလာပြန်ကုန်၏။

ထိုသို့ သံဃာများ ပေါ်ထွန်းလာရာမှ သံသရာပြတ်ကြောင်း လမ်းကောင်းအမှန်ဖြင့် ကျင့်ကြံအားထုတ် နိဗ္ဗာန်သို့ မျက်မှောက်ပြုပြီးကြပါကုန်သော အရှင်မြတ်များကိုဖြင့်- ပရမတ္ထသံဃာ (ဝါ) အရိယာသံဃာဟု သတ်မှတ်ပညတ်တော်မူကြပြီး၊ နိဗ္ဗာန်သို့ ရောက်စေကြောင်း၊ ပညတ်တရားတော် (ဝါ) ဝိနည်းတော်တို့နှင့်အညီ ကျင့်ဆဲကြံဆဲ အားထုတ်ဆဲ အရှင်မြတ်များကို (သမုတိသံဃာ)ဟု ပညတ်ခဲ့ပြန်လေသည်။

သုံးလောကထွဋ်ထား အရှင်မြတ်ဘုရားသည်၊ သားတော်သံဃာတော်မြတ်များနှင့် တကွ လူသတ္တဝါ နတ် ဗြဟ္မာတို့အား သက်တော်ထင်ရှားရှိစဉ် အအားမှမယူ အနားမှမယူပါဘဲ မြတ်တရားတော်များကို နေ့ညမပြတ် ဟောကြားတော်မူခဲ့ရာမှ ပရိနိဗ္ဗာန် စံဝင်တော်မူအံ့ဆဲဆဲပင်လျှင် ညီတော်အာနန္ဒာနှင့် သံဃာတော်များကို အနီးသို့လာစေ၍ (အပ္ပမာဒ) တရားတော်ကို ထပ်မံ၍ ဟောကြားတော်မူခဲ့ပြန်ပါလေသည်။

## "အပ္ပမာဒ-တရားတော်နှင့် သန္ဒမှန်"

ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊
ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ။

ဘိက္ခဝေ၊ နိဗ္ဗာန်လိုလား ချစ်သား ချစ်သမီးများတို့။ ဟန္ဒဒါနိ၊ ပရိနိဗ္ဗာန် စံဝင်နီးလာယခုအခါ၌။ အာမန္တယာမိ၊ နောက်ဆုံးစကား အနေဖြင့် မှာကြားခဲ့ပေ၏။ သင်္ခါရာ၊ ကံ စိတ် ဥတု အာဟာရစုတို့ ပြုပြင်တတ်ငြား တေဘူမက သင်္ခါရ တရားတို့သည်။ ဝယဓမ္မာ၊ ဖြစ်ကမှန်စွာ ပျက်တတ်သော သဘော ရှိကြပါပေကုန်၏။ အပ္ပမာဒေန၊ မမေ့မလျော့ မပေါ့မဆသော အပ္ပမာဒ တရားတို့ဖြင့်။ သမ္ပာဒေထ၊ ကိုယ်စီကိုယ်င စုံပြည့်ဝအောင် ကောင်းစွာမသေ့နေ ရစ်ကြပေတော့။

ဆိုလိုရင်းမှာ။ ။ချစ်သား ချစ်သမီးတို့၊ မမေ့ကြနဲ့ ယခု ငါဘုရား ပရိနိဗ္ဗာန် စံဝင်ရတော့မယ်၊ ကံ စိတ် ဥတု အာဟာရဆိုတဲ့ အကြောင်းတရား လေးပါးဖြင့် ကျားကန် စီရင် ပြုပြင်ထားအပ်သော သင်ချစ်သား ချစ်သမီးတို့ရဲ့ ခန္ဓာကြီးဟာ ဖြစ်ပြီး ပျက်နေတယ် မမေ့မလျော့တဲ့ သတိတရားတွေနဲ့ ခန္ဓာအစဉ် ဉာဏ် ယှဉ်ပြီး အမှန်မြင်အောင် အားထုတ်ပြီး ကောင်းစွာ နေရစ်ကြပါ ဟု မိန့်တော်မူခဲ့ခြင်းပါဘဲ။

ပရိနိဗ္ဗာန် စံဝင်ကာနီးမှာတောင် အနားမယူပါဘဲ တဖွဖွ မပြတ် တရားတော်တွေ ဟောကြားခဲ့ခြင်းသည် ရှင်တော်မြတ်ဘုရား၏ သတ္တဝါတွေအပေါ်ထားသော မဟာကရုဏာတော်တရား ကြီးမားတော်မူကြောင်း ထင်ရှားလှပါတယ်။

ထိုအခါ ညီတော်အာနန္ဒာသည် ချုပ်တည်းမရ အသံတော်ထွက်ပေါ်လာသည်အထိ မျက်ရည်တွေဖြိုင်ဖြိုင်ကျဆင်းသည်အထိ ငိုကြွေးမြည်တမ်းလျက် ပူဆွေးသောကရောက်ကာ—

အို...အရှင်မြတ်ကြီးဘုရား၊ သတ္တဝါတွေကို သနားလှတယ်ဆို ညီတော်အာနန္ဒာကို နိဗ္ဗာန်ဝင်စေလိုတယ်ဆို၊ ယခုတော့ အရှင်မြတ်ဘုရားက ထားရစ်တော်မူခဲ့မှာလားဘုရား။

ကောသမ္ဗီပြည် ရာဇဂြိုဟ်ပြည်စသည်နေရာဌာန အသီးသီးတို့မှ အရှင်ဘုရား သာဝကတွေမေးလာရင်တောင် ဘယ်လိုဖြေရပါမလဲဘုရား ပရိနိဗ္ဗာန်ဝင်စံသွားတော်မူရင် တပည့်တော်များမှာ နိဗ္ဗာန်လမ်းညွှန် ဆရာဘုရား ပျောက်ကွယ်ရတော့မှာလား ဘုရား၊ စသည်ဖြင့် အနီးကပ် ရှင်တော်မြတ်ဘုရားအား အလုပ်အကျွေးပြုနေရတဲ့ဂုဏ်ထူးငါးဖြာညီဘွား အာနန္ဒာ မထေရ်မြတ်ကြီးမှာလည်း သေက္ခပုဂ္ဂိုလ်မျှသာ ဖြစ်သေးတော့ ပူဆွေးသောကနဲ့ ငိုကြွေးတသ လျှောက်ထားတော်မူနေမိပြန်ပါသည်။

ထိုအခါ ရှင်တော်မြတ်ဘုရားက—

ယော ခေါ အာနန္ဒ မာသောစိ မာပရိဒေဝိ
မယာ ဓမ္မောစ ဝိနယောစ ဒေသိတော ပညတ္တော
သော ဝေါ မမစ္စယေန သတ္ထာ–

ဟု ပြန်ကြားမိန့်တော်မူပြန်ပါသည်။

အာနန္ဒ၊ ချစ်သားအာနန္ဒာ။ မာသောစိ၊ မငိုကြွေးပါနှင့်။ မာပရိဒေဝိ၊ ပရိဒေဝ သောကမီးတွေ မပွားပါနှင့် မပူဆွေးပါနှင့်။ မေမယာ၊ ငါဘုရားသည်။ ပဉ္စစတ္တာလီသ ဝဿာနိ၊ လေးဆယ်ငါးဝါတို့ ကာလပတ်လုံး။ ဓမ္မောစ၊ သုတ် အဘိဓမ္မာတရားတော်တို့ကိုလည်းကောင်း။ ဝိနယောစ၊ ဝိနည်းတရားတော်ကို လည်းကောင်း။ ဒေသိတော၊ ဟော တော်မူခဲ့ပြီ။ ပညတ္တော၊ ပညတ်ထားတော်မူခဲ့ပြီ။ သော၊ ထို သုတ် ဝိနည်း အဘိဓမ္မာတည်းဟူသော တရားတော်မြတ်တို့သည်။ မမစ္စယေန၊ ငါဘုရားပရိနိဗ္ဗာန် စံဝင်တော်မူပြီးသည့်နောက်။ ဝေါတုမှာကံ၊ တဏှာဝဋ်မှ မလွတ်ကြသေး အဖအားရှေလျှာ ညီဘွားအာနန္ဒာနှင့် ချစ်သား ချစ်သမီး အပေါင်းတို့၏။ သတ္ထာ၊ ဆရာသည်။ ဘဝိဿတိ၊ ဖြစ်လာလိမ့်မည်ချစ်သား–

ဟု မိန့်ကြား သနားတော်မူခဲ့ပြန်ပါသည်။

ဆိုလိုရင်းမှာ။ ။ညီဘွားအာနန္ဒာ မငိုပါနဲ့ သောကပရိဒေဝတရားတွေနဲ့လဲ မပူဆွေးနေပါနဲ့ ငါဘုရား မရှိရင် ဆရာမရှိတော့ဘူး (ဝါ) နိဗ္ဗာန်လမ်းညွှန် မရှိ

တော့ဘူးလို့လဲ မယူဆလိုက်ပါနဲ့၊ ငါဘုရား သက်တော်ထင်ရှားရှိစဉ် ဟောကြားတော်မူခဲ့တဲ့ သုတ် ဝိနည်း အဘိဓမ္မာ တရားတော်တွေဟာ (ဝါ) ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ဟာ ငါဘုရားမရှိတဲ့ နောက်မှာ တဏှာဝဋ်ကြွေး မလွတ်သေးရှိ ရဟန္တာတွေ မဖြစ်ရသေးတဲ့ နိဗ္ဗာန် မဝင်ရသေးတဲ့ ညီဘွားအာနန္ဒာနဲ့ ချစ်သား ချစ်သမီးအပေါင်းတို့ရဲ့ နိဗ္ဗာန်ဝင် လမ်းညွှန်ဆရာတွေ ဖြစ်လာပါလိမ့်မယ်၊ (ဝါ) ငါဘုရားကိုယ်စား ငါဘုရားဟောကြားထားခဲ့တဲ့ ရှစ်သောင်းလေးထောင်သော ဓမ္မက္ခန္ဓာအပေါင်းတို့သည် ဘုရားရှစ်သောင်းလေးထောင် ပေါ်ထွန်းပွင့်သကဲ့သို့ သင်တို့အား ဆရာအဖြစ်နဲ့ နိဗ္ဗာန်ကို ဦးဆောင်လမ်းညွှန်ပါလိမ့်မယ်လို့ မိန့်ကြားတော်မူခြင်းဖြစ်ပါတယ်။

သို့ဖြစ်လျှင် ရှင်တော်ဘုရား၏ ကျေးဇူးတော်သည် အနန္တကြီးမားကြောင်း ထင်ရှားပေသည်၊ တဖွဖွမှာကြားရင်း တရားဟောရင်း နိဗ္ဗာန်လမ်းညွှန်ပေးရင်း ရှင်တော်မြတ်ဘုရား နိဗ္ဗာန်စံဝင်တော်မူပေပြီ၊ နိဗ္ဗာန်စံဝင်သွားတော်မူပြီးလဲ ဖြစ်ခဲ့ချေပြီ၊ ရှင်တော်မြတ်ဘုရား သက်တော်ထင်ရှား မရှိတော့၊ သည်နောက်ပိုင်း နိဗ္ဗာန်ရယူလိုသော ပုဂ္ဂိုလ်သတ္တဝါတို့သည် အသူအား ဆရာတင်ကြရမည်နည်း။

၁၄၁၁၀

ယနေ့ အထင်အရှား မကွယ်မပျောက် ရှိနေကြသည့် ရှင်တော်မြတ်ဘုရား၏ ဟောကြားထားတော်မူခဲ့သော နိဗ္ဗာန် လမ်းညွှန်တရားမှန်များဖြစ်ကြသော သုတ် ဝိနည်း အဘိဓမ္မာ တရားတော်မြတ်များကိုသာ ဆရာတင်ကြရမည်ဖြစ်ပေသည်၊ သို့မှသာလျှင် ရှင်တော်မြတ်ဘုရား မိန့်မှာတော်မူသည့်အတိုင်း လိုက်နာရာ ရောက်ချေမည်(ဝါ) နာခံရာရောက်ချေမည်။

ထိုနိဗ္ဗာန်လမ်းညွှန် တရားတော်မြတ်များကို ဆရာတင်လျက် လိုက်နာကျင့်ကြံ အားထုတ်ခဲ့ကြ၍- ရှေးသူတော်ကောင်း အရိယာအပေါင်းတို့သည် (ဒုက္ခ) ချုပ်ငြိမ်းရာမှန်မြတ်နိဗ္ဗာန် ချမ်းသာစစ်ကြီးကို ရသွားကြဘူးချေပြီ၊ အော် တရားတော်မြတ်များရဲ့ ကျေးဇူးသည်ကြီးမားပါပေ၏။

မြတ်လှစွာသော တရားတော်ရတနာ သုတ် ဝိနည်း အဘိဓမ္မာ ဓမ္မက္ခန္ဓာ တို့သည် ယနေ့အထိ တည်နေလျက်ရှိပေ၏။ ဝမ်းမြောက်ဘွယ် ဖြစ်ပေသည်၊ အားရှိစရာ ကောင်းပေ၏၊ နိဗ္ဗာန်လမ်းညွှန်ဆရာ ဘုရားမြတ်ကိုယ်စား တရားတော်များ ရှိ၍ နေပေသေးသည်၊ ဤမြတ်မွန်လှစွာ တရားရတနာတော်များကို အဘယ်သူတို့သည် ယနေ့တိုင်အောင် ထိန်းသိမ်းခဲ့ပါသနည်းဟု လေ့လာသင့် စူးစမ်းသင့်ရှာမှီးသင့်ပေသည်၊ သို့မို့ကြောင့် ရှာမှီးလေ့လာကြည့် စူးစမ်းကြည့်မိပေသည်။

## သံဃာတော်များ ကျေးဇူးတော်

ရှင်တော်မြတ်ဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် ရှင်တော် မြတ်စွာဘုရား၏ အဆုံးအမ တရားတော်မြတ်များ

မပျောက်ပျက်အောင် ရှင်တော်မြတ်ဘုရား၏ သားတော်သံဃာတော် အရှင်မြတ်ကြီးများသည် ညီညွှန်းတိုင်ပင် ဆုံးဖြတ်လျက် ပဌမ သံဂါယနာ တင်ပွဲကြီးကို ပြုလုပ်တော်မူခဲ့ကြလေသည်။

ထို သံဂါယနာတင်ပွဲကြီး (ဝါ) ရှင်တော်မြတ်ဘုရား၏ ဟောကြားထားတော် မူခဲ့သော နိဗ္ဗာန်လမ်းညွှန်တရားတော်မွန်များကို မပျောက်မပျက် ဆက်လက်တည်တန့်ကာ၊ နောင်လာ နောက်သား ဝေနေယျများအတွက် အရေးမြော်တွေးလျက် အမြော်အမြင် ကြီးမားတော်မူကြပါကုန်သော အရှင်မွန်တို့သည်၊ တခဲနက် စည်းဝေးဆုံးဖြတ်လျက် ပဌမ သံဂါယနာတင်၌ ရှင်တော်မြတ်ဘုရား ညီတော်မြတ် အရှင်အာနန္ဒာ မထေရ်မြတ်နှင့် အရှင်မဟာကဿပမထေရ်မြတ်ကြီးတို့ (မဟာသာဝက) များက အမှူးပြုသော အာသဝေါကင်းကွာ ရဟန္တာအရှင်မြတ်ကြီးများ ကိုယ်စီကိုယ်ငှအာဂုံ ဆောင်လျက်ထိန်းသိမ်း တော်မူခဲ့လေသည်။

ထိုမှတဖန် ကာလရွေ့လျား အခွန့်ရှည်စွာတည်တံ့ရေးနှင့် သာသနာ နောက်နောင်ရေး တွေးတောကြကာ ပေထက်အက္ခရာ၊ ကျောက်ထက် အက္ခရာ၊ ကြေးထက် စက္ကူထက် စသည်စသည်ဖြင့် ယနေ့ထိဆဋ္ဌသံဂါယနာ တော်တင်အထိ အရှင်မြတ်သံဃာတော်များ ကဆင့်တဆင့် ထိန်းသိမ်းခဲ့ကြပေသည်။

နည်းအမျိုးမျိုးဖြင့် သာသနာတော်ကြီးကို စောင့်ထိန်းခဲ့ကြသော သံဃာတော်အရှင်မြတ်တို့သည် စာသင်တိုက်များဖွင့်လှစ်၍စာပေနှင့် ပို့ချ၍လည်းကောင်း မိမိတို့ကိုယ်တိုင်လိုက်နာ ကျင့်ကြံကြ၍လည်းကောင်း၊ တရားတော်များကို အာဂုံဆောင်လျက် ဟောကြားခြင်းဖြင့် လည်းကောင်း၊ ယနေ့တိုင်အောင် နိဗ္ဗာန်လမ်းညွှန် တရားတော်မြတ်များကို မပျောက်မပျက်အောင် စောင့်ရှောက် ထိန်းသိမ်းခဲ့ကြသော ဆရာတော် သံဃာတော် အရှင်မွန် အရှင်မြတ်အပေါင်းတို့၏ ဂုဏ်ကျေးဇူးတော်များကား ကြီးမားတော် မူကြပါလေကုန်၏။

ဤသို့ဖြင့် ဘုရား တရား သံဃာတော်အရှင်မြတ်တို့၏ ဂုဏ်ကျေးဇူးတော်တို့သည် အကြွမ်းအားဖြင့် ထင်ရှားခဲ့ပေသည်၊ ထိုရတနာသုံးပါးနှင့် အမြတ်တရားတော်အပေါင်းသည် ယနေ့တိုင်တည်နေခဲ့၍သော သူရောကိုယ်ပါဝေနေယျာများ နိဗ္ဗာန်အလို့ငှါ အားထုတ်ကြပါလေသည်။ ကျေးဇူးကြီးပေစွတကား၊ နောင်ကိုလည်း အရှည်ရှည်ကြာတည်ပါစေဟု ဆန္ဒများစွာ ပြုမိပါပေသည်။

စိရံ တိဋ္ဌတု သဒ္ဓမ္မော၊
ဓမ္မေ ဟောန္တု သဂါရဝါ။

သဒ္ဓမ္မော၊ လောကရှိဖြား လူအများတို့ ထိန်းသိမ်းစောင့်ရှောက်အပ်သော နိဗ္ဗာန်ရောက်ကြောင်း သူတော်ကောင်း

တရားသည်။ စိရံ ငါးထောင် သာသနာရှည်ကြာ ကာလပတ်လုံး။ တိဋ္ဌတု၊ ရဟန်းရှင်လူ ပန်ဆင်ယူဘို့ မပြိုးမမှိန် တန်ခိုးထိန်လျက် စိုးရိမ်ဘွယ် မရှိပါစေသတည်း။ ဓမ္မ၊ သုတ်ဝိနည်း အဘိဓမ္မာ အဖြာဖြာသော ဓမ္မက္ခန္ဓာအပေါင်း၌။ သဂါရဝါ၊ ရိုသေလေးစား ကျင့်ကြံပွားများ အားထုတ်နိုင်ကြကုန်သည်။ ဟောန္တု၊ မုချမသွေဖြစ်ကြပါစေကုန်သတည်း။

ရှင်တော်မြတ်ဘုရား ဟောကြားတော်မူခဲ့သော တရားတော်မြတ်များကို နာကြားမှတ်ယူ လေ့လာကျင့်ကြံသူများ အနေဖြင့် ထိုကဲ့သို့ပင် ဆန္ဒမွန်ပြုမိကြပေမည် ဖြစ်ကြောင်း တင်ကြိုယုံကြည်မိလေသတည်း။

အရှင်အရိယဓမ္မသိဒ္ဓိ။
ကောလာသ တောင်တော်။

# အခန်း ( ၂ )

## "နိဗ္ဗာန်မျက်မှောက်ရောက်လိုလျှင်"

ဖော်ပြခဲ့သည့်အတိုင်း၊ ချမ်းသာစစ်မှန် မြတ်နိဗ္ဗာန်ကို ရယူလိုကြသော(ဝါ) သုံးဆယ့်တစ်ဘုံဌာန ခန္ဓာရ၍ အို နာ သေ (ဒုက္ခ) ဆင်းရဲအပေါင်း လွတ်မြောက်လိုသောသူများ သည်-

ယခု အချိန်အခါကြီးသည် အင်မတန်မှ အခွင့်အရေး ကောင်းကြီးနှင့်တိုက်ဆိုင်နေတုန်း(ဝါ)ဘုရား၊တရား၊သံဃာ တော်များထင်ရှားရှိနေခိုက် မိမိတို့ရယူပိုင်ဆိုင်လိုသော ထွက် ရပ်နိဗ္ဗာန်အတွက် မည်သို့ပြုလုပ်ကြမည်နည်း။ မည်သို့ပြုလုပ် ရန်လိုအပ်သနည်း။

ကျမ်းဦးနိဒါန်းက ဖော်ပြခဲ့သလို လောကီ လောကုတ္တရာ နှစ်ဖြာနှစ်ဝ လုပ်ရပ်များတွင်-

၁။ ရည်ရွယ်ချက်-
၂။ ဦးတည်ချက်-
၃။ လုပ်ဆောင်ချက်-

ဟု ကဏ္ဍ (၃) ရပ် (ဝါ) အပိုင်း (၃)ပိုင်း (ဝါ) အဆင့် (၃)ဆင့်အားဖြင့်ပြည့်စုံရန်ဝေဘန်ပြခဲ့သည့်အတိုင်း။

မိမိတို့နိဗ္ဗာန် ရလိုရောက်လိုမှုသည် တင်ကြိုရည်ရွယ်ချက် ပန်းတိုင်ဖြစ်ပါသည်။ထိုရည်ရွယ်ချက်သည်ဆန္ဒသဘောနှင့် ဆုတောင်းမှုသာဖြစ်၍ နိဗ္ဗာန်သို့ ရောက်နိုင်ဘို့ရာအတွက်

မျှော်လင့်ရှိမှုအကျိုးသက်သက်သာဖြစ်ပေသည်မို့၊ တကယ် နိဗ္ဗာန်သို့မရောက်သေးပေ။

ရောက်လိုမှုသာရှိသေးရာ ရောက်လိုရာသို့ ဦးတည်ကူမှု မမှိတ်မသုန်ယုံကြည်စွာ (ဝါ) ဦးလည်မသုံ တည့်မတ်မှန်ကန် စွာထားရှိရပေအုံးမည်။

ထို့အတူရှေ့သို့လျှောက်လှမ်းခြင်းတည်းဟူသောကောင်း မြတ်မှန်ကန်သော လုပ်ရပ်စခန်း အကျင့်လမ်းဖြင့် ပြတ်သား စွာလုပ်ဆောင်ချက်ကို ပိုင်နိုင်စွာ လုပ်ဆောင်ရမည်ဖြစ်သည်။

ဒါဖြင့် နိဗ္ဗာန်ရောက်ကြောင်းလုပ်ရပ်စခန်းသို့ တက်လှမ်း ကြဘိုလိုအပ်လာပေပြီ။

"ရှင်သာရိပုတ္တရာနှင့် ရှင်လက္ခဏ"

တခါတုန်းက အရှင်သာရိပုတ္တရာအရှင်မြတ်ကို အရှင် လက္ခဏအရှင်မြတ်က ဒီလိုမေးခဲ့ဘူးပါတယ်။

အရှင်သာရိပုတ္တရာဘုရား နိဗ္ဗာန်လိုလားသူ ရဟန်းရှင် လူတို့သည်၊ ယခုအသက်ရှင်နေလျက်ဤရုပ်ဤနာမ်ဖြင့်နိဗ္ဗာန် ကို မျက်မှောက်ပြုရယူနိုင်ပါသလား ရရှိနိုင်ပါသလားဘုရား ဟု အမေးပုစ္ဆာထုတ်ခဲ့ပါတယ်။

ထိုအခါ အရှင်မြတ် အရှင်သာရိပုတ္တရာက ငါ့ရှင် အရှင် လက္ခဏ၊ နိဗ္ဗာန်ရောက်လိုသူများသည် ဤရုပ်နာမ်ဖြင့်အသက် ထင်ရှားရှိလျက် နိဗ္ဗာန်ချမ်းသာကိုရနိုင်ပါတယ် လို့ မိန့်ဆိုဖြေ ကြားတော်မူခဲ့ပါသည်။

ဤသို့ ဖြေကြားသည်ကို ကြားရသော အရှင်လက္ခဏ အရှင်မြတ်သည် ထပ်ဆင့်တဖန်–

ကောင်းပါပြီ အရှင်သာရိပုတ္တရာအရှင်မြတ်ဘုရား၊ ဒိရုပ် ဒိနာမ်အသက်ရှင်လျက် နိဗ္ဗာန်ကိုရယူနိုင်တယ် မျက်မှောက် ပြုနိုင်တယ်ဆိုပါလျှင် အဘယ်ကဲ့သို့သော အဆင့်ရှိသူတို့သာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါသနည်းအရှင်ဘုရား ဟု ထပ်မံ မေးလျှောက်ပြန်ပါတယ်။

ထိုအမေးကို အရှင်သာရိပုတ္တရာအရှင်မြတ်ကြီးက ငါ့ရှင် လက္ခဏ ဒိရုပ်ဒိနာမ်နိဗ္ဗာန်ကို မျက်မှောက်ပြုရယူနိုင်သူသည် ပဋ္ဌမအရိယာအဆင့်ရှိရမယ် (ဝါ) သောတာပန်အရည်အချင်း ရှိရပါမယ်လို့ ဖြေဆိုတော်မူပြန်ပါတယ်။

မှန်လှပါ သောတာပန်ဖြစ်အောင် အဘယ်ကဲ့သို့သော အယူရှိရပါမည်နည်းဘုရားဟု ရှင်လက္ခဏအရှင်မြတ်က ထပ်မံ မေးလျှောက်ပြန်ပါသည်။

ငါ့ရှင် ဒိဋ္ဌိဝိသုဒ္ဓိဖြစ်ရမယ် (ဝါ) အယူစင်ကြယ်ရမယ် အယူစင်ကြယ်မှုရှိရမယ်လို့ ဖြေတော်မူပြန်ပါတယ်။

အဖြေတို့ကိုမှတ်သားရင်း အရှင်လက္ခဏအရှင်မြတ်သည် ထပ်မံ၍လျှောက်ထားပြန်ပါသည်။

အရှင်သာရိပုတ္တရာအရှင်မြတ်ဘုရား၊ (ဒိဋ္ဌိဝိသုဒ္ဓိ) အယူ စင်ကြယ်အောင် ဘယ်ကဲ့သို့သော အချက်အလက်များကို လိုက်နာရပါမလဲဘုရား ဟု မေးတော်မူပြန်ပါသည်။

အရှင်သာရိပုတ္တရာသည် စိတ်ရှည် သည်းခံတော်မူလျက် အရှင်လက္ခဏာ- (ဒိဋ္ဌိဝိသုဒ္ဓိ) အယူစင်ကြယ်လိုသူသည်-

၁။ တရားနာပေးရမည် (ဝါ) ဖတ်ပေးရမည်မှတ်ပေးရမည် ဟုမိန့်တော်မူပြန်ပါသည်။

၂။ နာကြားမှတ်သားရသော တရားတော်မြတ်အပေါ် ယောနိသော မနသိကာရ သင့်တင့်စွာနှလုံးသွင်းရပါမည်ဟုမိန့်ကြားတော်မူပြန်ပေသည်။

ဤတွင် အမေးအဖြေတို့သည် ရပ်တန့်သွားခဲ့ပေပြီ၊ ကျန်အချိန်မှာတော့ ရှင်တော်မြတ်တို့ ကိုယ့်အမှတ်နှင့်ကိုယ် ကိုယ့်အတွေးနှင့်ကိုယ်ရှိနေတော့၏။

ဒီဘဝနှင့် နိဗ္ဗာန်ရယူချင်သူတို့အတွက်ရှင်းနေပေပြီ၊အရှင်မြတ်နှစ်ပါးအမေးအဖြေတို့သည်ယခုဘဝရုပ်နာမ်တို့နှင့်နိဗ္ဗာန်ကိုရောက်လို မျက်မှောက်ပြုလိုသူတို့အတွက် ကြီးစွာသောအထောက်အပံ့ကြီးတရပ်ဖြစ်ခဲ့ပါပေသည်။

ဘယ်လိုလဲ စာရှုသူ မိမိကိုယ်မိမိမေးမိရဲ့လား မမေးရသေးရင်မေးကြည့်ပါလေ။ ငါသည် ယခုဘဝဒီရုပ်ဒီနာမ်နဲ့ နိဗ္ဗာန်ချမ်းသာကိုရယူချင်သလား ရယူချင်သူဖြစ်ခဲ့လျှင် အရှင်မြတ်ကြီး (၂)ပါး၏ အထက်ပါ အမေးအဖြေများသည် ကြီးစွာသောအထောက်အပံ့တရပ်အမှန်ဖြစ်နေပါလိမ့်မည်။

ကောင်းပြီ၊ ရှုပါစေတော့-

ယခုဘဝမှာ ဒီရုပ် ဒီနာမ်နဲ့ နိဗ္ဗာန်ကို ရနိုင်ပါသတဲ့၊ ရသွားပြီးသူတွေလဲ အများအပြားပါဘဲ-၊

ဒါဖြင့် နိဗ္ဗာန်ကို ဒီရုပ်ဒီနာမ်နဲ့ စတင်မျက်မှောက်ပြုရ ရောက်ရတဲ့သူဟာ သောတာပန်ဖြစ်ပါတယ်တဲ့၊ သောတာ ပတ္တိ မဂ်ဉာဏ် ဖိုလ်ဉာဏ် တည်းဟူသော အရည်အသွေးနဲ့ ပြည့်စုံတဲ့ သောတာပန်စစ်ရင်ဖြင့် လေးပါးအပါယ် လွတ် မြောက်၍ နိဗ္ဗာန်ကို ဒိဋ္ဌမျက်မှောက်ပြုရပါပြီတဲ့။

"နိဗ္ဗာန်လိုချင်ရင် သောတာပန်ဖြစ်ဖို့ အရေးကြီး"

ဒါဖြင့်ရင် နိဗ္ဗာန်ကို ဒီဘဝ ဒီရုပ်နာမ်နဲ့အသက်ရှင်လျက် လိုချင်ရင် သောတာပန်ဖြစ်ဘို့ အရေးကြီးနေပေပြီ၊ သော တာပန်ဖြစ်လျှင် အများဆုံး(၇)ဘဝဘဲ၊ ဒီကြားကာလမှာဘဲ ရဟန္တာဖြစ်၍ လုံးဝဘဝပြတ်ပြီး၊ ရုပ်နာမ်ချုပ်ရာ အသင်္ခတ နိဗ္ဗာန်ကိုရလိမ့်မည်လို့ အရှင်မြတ်ဘုရား ဟောကြားတော်မူ ခဲ့ပြန်ပါတယ်။

အကယ်၍ သောတာပန်မဖြစ်ခဲ့ရင် အပါယ်လေးပါး ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်တို့ကိုကျရ ရောက်ရချိမ့်အုံး မယ် အပါယ်ခန္ဓာတွေ မရေတွက်နိုင်အောင်ရအုံးမယ်၊ကြီးစွာ သော ခန္ဓာ ဒုက္ခ အိုနာသေတွေ ရရချိမ့်အုံးမယ်၊ နောက်ထပ် ဒီလိုနိဗ္ဗာန်ဆိုတဲ့ အသံကို သောတာပန် သကဒါဂါမ် အနာ ဂါမ် ရဟန္တာဆိုတဲ့အသံကို ဘယ်တော့ပြန်ကြားရမယ်ဆိုဒါ ဇမှန်းဆနိုင်တော့ဘူး ဒီအခွင့်အရေးရဘို့ကို ဘယ်လိုတိုက်

ဆိုင်နိုင်မယ်လဲလို့တောင် မတွေးဝံ့စရာ သံသရာမှာ အပါယ် ခန္ဓာတွေနဲ့တွေ့ပြီး သာသနာတော်နဲ့ အလွဲကြီးလွဲ အကွဲ ကြီးကွဲရချိမ့်တော့မယ်၊ ဒီလို ဖြစ်ရခဲ့ပေါင်း ခံရခဲ့ပေါင်းများ ခဲ့ချေပြီ၊ တခါသောဘုရား ပျဉ်ဘိုးနားလည်ဖြစ်ရုံမက၊ အခါခါ သောဘုရား၌ ပျဉ်ဘိုးမမှတ်မိတော့ဘူး ဖြစ်ခဲ့ရသည် မဟုတ်ပါ လော— ရှိစေတော့....။

## "သောတာပန်ဖြစ်ချင်ရင် အယူစင်ကြယ်ရမည်"

ကဲ နိဗ္ဗာန်ကိုစိတ်ဝင်စားလို့ ဒီဘဝနဲ့ ရယူချင်ရင် အနည်း ဆုံး သောတာပန်ဖြစ်ရအောင် ကြိုးစားရပေတော့မည်။

သို့ဆိုလျှင် သောတာပန်ဖြစ်ရင် ( ဒိဋ္ဌိဝိသုဒ္ဓိ ) အယူစင် ကြယ်ရပေမည်၊ ဒါဖြင့် အယူမစင်ကြယ်လို့ တခါမှ သော တာပန်မဖြစ်ခဲ့ကြခြင်းဘဲပေါ့၊ အယူစင်ကြယ်ဘို့လိုပြီ (ဒိဋ္ဌိ) အယူ (ဝိ)–အထူး (သုဒ္ဓိ) - စင်ကြယ်ခြင်း၊ အယူအထူးစင် ကြယ်ပါမှ သောတာပန်ဖြစ်ပါမယ်၊ ဒီတော့ခါ တသံသရာ လုံးကယူလာတဲ့ အယူမစင်ကြယ်ခဲ့လို့ သောတာပန်မဖြစ်ရ နိဗ္ဗာန် မျက်မှောက်မပြုခဲ့ကြရ အပါယ်ခန္ဓာတွေ ဖြစ်ခဲ့ရတယ် ဆိုဒါ ရှင်းနေပေပြီ၊ အယူအထူးစင်ကြယ်ဘို့ အမှန်လိုအပ် နေပြီ၊ အယူအထူးစင်ကြယ်ရအောင် ဘာလုပ်ရမလဲ။

## "အယူစင်ကြယ်ချင်ယင် တရားနာ"

ပြောဟောတရား၊ ကျက်တရားများကို နာရပေမည်၊ ရှင်တော်မြတ်ဘုရား ဟောကြားတော် မူခဲ့ပါသော သုတ်

ဝိနည်း အဘိဓမ္မာ ဓမ္မက္ခန္ဓာများကို ဆရာတော် အရှင်မွန်တို့ အာဂုံဆောင် ဟောကြားသည်ကို နာကြားရပေမည်။

ဆရာတော်အရှင်မွန်တို့ သင်အံပို့ချသော ပရိယတ် စာပေ ဓမ္မက္ခန်တို့ကို ကျက်မှတ်နာခံရပေမည်၊ လိုက်နာရပေမည်။

ဆရာတော်အရှင်မွန်တို့ ပဋိပတ်ဖြင့် ကျင့်ကြံအားထုတ် ကြိုးကုတ်နည်းနာပေးပါ သင်ပြသည်ကို နာခံမှတ်သား လိုက် နာပွားများရပေမည်။

ကောင်းပြီ၊ တရားတော့နာပြီ၊ အလျဉ်းသင့်သည့် နည်း ဖြင့် နာပေပြီ၊ အဘယ်ကဲ့သို့ နှလုံးသွင်းရမလဲ သဘော ထားရမလဲ။

"တရားလိုချင်လျှင် သင့်တင့်စွာ နှလုံးသွင်း"

တရားတော်မြတ်များကို နှုတ်ဖြင့် ဟောကြားသည်ကိုဘဲ ကြားနာရသည်ဖြစ်စေ၊ စာပေဖြင့် သင်ကြားပို့ချသည်ကိုဘဲ ရှုတ်ပွားကျက်မှတ်လိုက်နာ မှတ်သားရသည် ဖြစ်စေ၊ ဒီလို ထိုင် ဒီလိုကျင့် ဒီလိုမှတ် ဒီလိုပွားလို့ ကိုယ်တွေ့ကျင့်ကြံအား ထုတ်နည်းဖြင့် သင်ကြားပေးခြင်းအပေါ် လိုက်နာခါ မှတ် သား ပွားများနေရသည်ဖြစ်စေ (ယောနိသော မနသိကာရ) သင့်တင့်စွာ နှလုံးသွင်းရပါပေမည်။

သင့်တင့်စွာ ဆိုဒါ- မလျှော့မတင်း မငြင်းမဆန်၊မတင်- မကျ၊ မအ-မတင်း၊ မပြင်း-မထန်၊ မကျန်မကြွင်း၊အလင်း

မြင်သိ လိုရင်းကိုကြည့်တတ် မြင်တတ်ရယူတတ်ခြင်းပင် ဖြစ်ပေသည်။

တရားတော့နာပါသည်၊ (၁၂) အချက်နဲ့ပြည့်စုံရပြီး နာကြားမှတ်သားရတဲ့ တရားပေါ်မှာ'ဟာ'ငါ့စောင်းဟောဒါ 'ဟာ'ဒါကဖြင့် ကပ်ဟောတာ၊ ဒါဟာဖြင့် သက်သက်ကို ဟောဒါ စသည်စသည်ဖြင့် အ-ယောနိသော၊ မသင့်မတင့် နှလုံး သွင်းရင်ဖြင့် တရားမရနိုင်၊ ကိုယ်လိုရာကို ဆွဲပြီး တွေးရင်လဲ တရားမှန်မရနိုင်၊ တရားမှန်မရရင် အယူစင်ကြယ်မှု မဖြစ်နိုင်တော့ပါပေ။

တခါတုန်းက ဒီဖြစ်ရပ်မျိုး ပေါ်ပေါက်ခဲ့ဘူးသည်ကို အလျဉ်းသင့်၍ လိုရင်းမျှ ဖော်ပြလိုပေသည်။

## “မုဆိုးကြီးတဦး ဥပမာ”

ရှင်တော်မြတ်ဘုရား သက်တော်ထင်ရှား ရှိနေစဉ်မှာဘဲ မုဆိုးကြီးမိသားစု ရှိခဲ့ဘူးတယ်၊ အဲဒီ မိသားစုပေါင်းမှာ မုဆိုးကြီးဇနီးက သောတာပန် အမျိုးသမီးမြတ် ဖြစ်ခဲ့တယ်၊ စေတနာမပါသော ဝတ္တရားလုပ်ငန်းတွေနဲ့ မုဆိုးကြီး ခင်ပွန်းသည်အား အလုပ်အကျွေးပြုနေရင်းနဲ့၊ ခင်ပွန်းသည် မုဆိုးကြီးကို သူများအသက်မသတ်ဘို့ သူ့ဥစ္စာမခိုးဘို့ စသည်ဖြင့် ကံငါးပါး မကျူးလွန်ဘို့ ပါဏာတိပါတာစတဲ့ ကံငါးပါး လုံအောင်နေ၍ သီလစောင့်ထိန်းဘို့ တရားဟောခဲ့တယ်၊မိမိ

ဇနီးမယားလည်းဖြစ် မိမိဝါသနာကြီးများကို ပိတ်ပင်တဲ့ စကားတွေလဲဖြစ်နေတော့ နားမဝင်ခဲ့နိုင်သော မုဆိုးကြီးဟာ သူ့အလုပ်ကိုဘဲ ဆက်လက်လုပ်ဆောင်ခဲ့ရာ တနေ့ ရှင်တော်မြတ်ဘုရား ရွှေဉာဏ်တော်မှာ ကျွတ်ချိန်တန်ပြီဖြစ်တဲ့ ဒီမုဆိုးကြီးကိုမြင်တော့ ရှင်တော်မြတ်ဘုရားသည် မုဆိုးကြီး ထောင်ထားတဲ့ တောထဲက ပိုက်ကွန် ထောင်ချောက်ထဲမှာ ကြွရောက်ရပ်တည်နေခဲ့ပါတယ်၊ အချိန်ကျ၍ သားကောင် သမင် ဒရယ်စသည်များကို ပိုက်မှာမိနေသလောက် ဖြုတ်ယူဘို့လာခဲ့တဲ့ မုဆိုးကြီးဟာ ရှင်တော်မြတ်ဘုရားကိုဘဲ မြင်ပြီး သားကောင်တွေတကောင်မှ မတွေ့ရတော့ ဒီပုဂ္ဂိုလ်ကြောင့်ဘဲဆိုပြီး စိတ်ဆိုးကာ ရှင်တော်ဘုရားကို လေးနဲ့ပစ်ဘို့ လေးကိုတင်ပြီး မြားနဲ့လွှတ်ဘို့ ကြိုးစားခဲ့တယ်။

သို့သော် ရှင်တော်မြတ်ဘုရားရဲ့ တန်ခိုးတော်နဲ့ လေးတင်လို့သာရပြီး ပစ်လို့မရခဲ့ဘဲ ကျောက်ရုပ်ပမာ ရှိနေခဲ့ရတယ်၊ အချိန်ကြာ၍ ခါတိုင်းအချိန် ပြန်မရောက်တော့ မယားသောတာပန်က ဉာဏ်နဲ့ခန့်မှန်းဆင်ခြင်ပြီး သားကြီးကို လွှတ်လိုက်တယ်၊ သားကြီးဖြစ်သူသည် ဘခင်နှင့် ရှင်တော်ဘုရားတွေ့တော့ ငါ့အဖေရန်သူဟု ယူဆပြီး ရှင်တော်ဘုရားကို လေးနဲ့ပစ်ဘို့ကြိုးစားပြန်ရာ ကျောက်ရုပ်ပမာ ဖြစ်ခဲ့ရပြန်တယ်၊ နောက် သားသတ်သားငယ်အားလုံး (၇) ယောက် လွှတ်တော့ (၇) ယောက်စလုံး ဒီလိုချည်း ဖြစ်နေခဲ့တယ်၊

အပြန်မရှိ၍ ဇနီးမယား သောတာပန်နှင့် သမီးချွေးမ (၇) ယောက်တို့ လိုက်လာကြရပြန်တယ်။

ရှင်တော်ဘုရားနှင့် ခင်ပွန်းသားတို့ကိုမြင်တော့ ဇနီး သောတာပန်သည် ရှင်တော်ဘုရားမှန်း ချက်ခြင်းသိသဖြင့် အလို အဘဘုရားပါလား ဖြစ်မှဖြစ်ကြရပါပေတယ်လို့ အာမေဍိတ်သံ ထွက်လျက် ပြောဆိုမိသံကို မုဆိုးကြီး ကြားသွားရာ—

ဟာ ငါ့မိန်းမရဲ့အဘတဲ့ အို လက်စသော်တော့ ငါ့မိန်းမ အဘဆိုရင် ငါ့ယောက္ခမပေါ့၊ သူ့မိဘလဲ ငါ့မိဘဘဲပေါ့၊ တော်သေးရဲ့ မှားတော့မလို့ ကံသီလို့သာပေါ့လို့ တွေးတောမိပြီး လေးနဲ့မပစ်တော့ဘူးဟု စိတ်ပြောင်းလိုက်တာနဲ့ ကိုယ်လက်တွေ လှုပ်ရှားရသွားတယ်၊ (အဲဒါ- အ,ခြင်း,ဟင်း, ခြင်း,ပေါ့) သား(၇)ယောက်စလုံးကလဲ တို့အမေရဲ့အဘ ဆိုရင် တို့အဘိုးပေါ့ မှားတော့မလို့ တော်သေးတယ်ဟု စိတ်ပြောင်းသွားကြမှ လှုပ်ရှားရကြပြီး မိခင်ရှိခိုးနေသလို လိုက်ရှိခိုးကြတယ်၊ မုဆိုးကြီးကလဲ ဇနီးသယ်လုပ်သလို ရှိခိုး နေတယ်။

### "ဘုရားရှင်တရားကို အလွဲတွေး"

ရှင်တော်မြတ်ဘုရားသည် မုဆိုးကြီးအား၊ ချစ်သား မကောင်းမှုကိုရှောင်ကြဉ် ကောင်းမှုကိုပွားပါ၊ လောကမှာ

ကိုယ်-ကိုယ်တိုင် လက်မခံနိုင်တဲ့ တရားဟာ ကိုယ်ကျင့်ရမဲ့ တရားဘဲလို့ လိုရင်းတရား ဟောကြားတော်မူခဲ့တယ်။

ဒီတရားနာကြားရတော့ မုဆိုးကြီးက ဖျတ်ကနဲ ဝမ်းပန်းတသာနဲ့ သူ့ဇနီးဘက် ပြည့်ပြီး၊ ဒီတရား ငါသိပ်ကြိုက်တယ် အဲဒီတရားမှမှန်ဒါ ငါနဲ့အတော်ဘဲ အလိုက်ဆိုးဘဲ၊ မင်း နေ့တိုင်းဟောနေတဲ့ တရားကို ငါစိတ်မဝင်စားဘူး သဘောမပေါက်ဘူး ခု မင်းအဘဟောတဲ့တရားကို ငါသိပ်သဘောပေါက်တယ် သဘောလဲကျတယ်လို့ ပြာပြာသလဲ ပြောဆိုတော့—

ဇနီးသယ် သောတာပန်က ကဲမုဆိုးကြီး၊ ယခုဘုရားဟောကြားတဲ့ တရားကို ဘယ်လိုသဘောပေါက်ပြီး သဘောတွေ သိပ်ကျနေဒါလဲလို့ မေးလိုက်တယ်။

ဒီတော့ မုဆိုးကြီးက—

ဟာ မင်းမကြားလိုက်ဘူးသား၊ မင်းအဘ ဟောတဲ့ တရားထဲမှာ၊ (ကိုယ်-ကိုယ်တိုင် လက်မခံနိုင်တဲ့) တရားဟာ ကိုယ်ကျင့်ရမဲ့ တရားတဲ့၊ အဲဒါ ငါသိပ်သဘောကျတယ်။

မင်းကငါ့ကို နေ့တိုင်းနေ့တိုင်း သူ့အသက် မသတ်ပါနဲ့ သူ့ဥစ္စာ မခိုးပါနဲ့ စသည်ဖြင့် နေ့တိုင်းပြောဟောနေတယ်၊ အဲဒါငါလက်မခံနိုင်တဲ့တရားတွေပေါ့သတ်ရဖြတ်ရတဲ့ အလုပ်က ငါ့အလုပ်ဘဲ အဲဒါကိုမလုပ်ရဘူးဆိုတော့ ငါ လက်မခံနိုင်

ဘူးပေါ့၊ မင်းပြောတဲ့ မသတ်ရဘူး မခိုးရဘူးစတဲ့ အလုပ်တရားတွေကို ငါ လက်မခံနိုင်ဘူး၊ အဲဒီ မင်းပြောတဲ့ ရှောင်ခိုင်းတဲ့ ဆင်ခြင်ခိုင်းတဲ့ အလုပ်တွေကို ငါလက်မခံနိုင်ဘူးလေ၊ အဲဒီတော့ လက်မခံနိုင်လို့ ယနေ့အထိ ငါ့သားကောင်တွေကို သတ်၊ ဖမ်း၊တုပ်နှောင် လုပ်ဆောင်ခဲ့တယ်၊ အဲဒါ ငါ့တရားပေါ့၊(မသတ် မခိုးရဘူးဆိုဒါ ငါလက်မခံနိုင်ဘူး) အဲဒီတော့ သတ်ရဖြတ်ရတဲ့တရားဟာ ငါ့တရားပေါ့၊ မင်းအဘက ကိုယ်-ကိုယ်တိုင် လက်မခံနိုင်တဲ့တရားက ကိုယ်ကျင့်ရမဲ့တရားဆိုတော့ ငါနဲ့ အဆင်ကိုပြေနေဒါဘဲလို့ ပြန်ပြောရှာတယ်၊ ဒီတော့ သောတာပန် ဇနီးသယ်က—

ဟောတော့ နှလုံးသွင်းမှု မှားနေပါကောလား ဆိုပြီး၊

အနားက လေးနဲ့မြားကို ကောက်ယူလိုက်ပြီး မုဆိုးကြီး နှလုံးသွင်းမှန်စေရန် ကြံရပြန်သည်။

## နှလုံးသွင်းမှန်စေရန်နှင့် သောတာပန်

ကဲ မုဆိုးကြီး၊ မုဆိုးကြီးက ခဏ သမင်လုပ်ပါ၊ ကျမက မုဆိုးကြီးလုပ်မယ်၊ ကဲ ကောင်းပြီ၊ မုဆိုးတို့မည်သည် သားသမင်ကိုမြင်ရင် ဘာလုပ်သလဲလို့ မေးလိုက်တယ်၊ မုဆိုးဆိုဒါ သားသမင်ကိုမြင်ရင် လေး မြားတပ်ပြီး ပစ်တာပေါ့လို့ မုဆိုးကြီက ပြန်ပြောတယ်၊ဒီတော့ ဇနီးလုပ်သူက ကဲ မုဆိုးကြီးသေပေတော့ဆိုပြီး မြားနဲ့ပစ်မယ်လုပ်တယ်၊ မျက်နှာ

ကိုလဲ ခပ်တင်းတင်းထားလိုက်တယ်၊ ဒီတော့ မုဆိုးကြီးက တကယ်ပစ်တော့မယ်ထင်ပြီး နေပါအုံး မင်း တကယ်ပစ် မှာလားလို့မေးတယ်၊ဇနီးသယ်ကလဲ တကယ်ဘဲပစ်မလို့ ရှင့် ကို ပြောစကားနားမထောင်လို့ သတ်ချင်တာ ကြာလှပြီ၊ကဲ သေပေတော့လို့ လေးကို ညှတ်သွားအောင် ဆွဲလိုက်တယ် ဆိုရင်ဘဲ၊ မုဆိုးကြီးမှာ ချွေးတွေဒီးဒီးကျလာပြီး၊ ကဲကွာ တကယ်တော့ မပစ်လိုက်ပါနဲ့မင်းဘာပြောချင်လဲပြောပါလို့ တုန်တုန်ရင်ရင် ပြန်ပြောရှာတယ်၊ဒီတော့ ဇနီးသယ်က မုဆိုး ကြီး မြားစူးမှာ ကြောက်သလားလို့ မေးပြန်တယ်၊ ဟာ ကြောက်တာပေါ့ကွာလို့ မုဆိုးကြီးက ဖြေပြန်တယ်။

မေး။ ဘာဖြစ်လို့မြားစူးမှာ ကြောက်ရဒါလဲ။

ဖြေ။ နာမယ် အဆိပ်တက်မယ် သေမယ် အဲဒါကြောင့် ငါကြောက်တယ်။

မေး။ ဒါဖြင့်ရင် မုဆိုးကြီးမြားစူးမှာ နာမှာ အဆိပ်တက် မှာ သေမှာ လက်ခံနိုင်ပါမလားလို့ မေးပြန်တယ်။

ဖြေ။ ဟာ မြားစူးမှာ နာမှာ အဆိပ်တက်မှာ သေမှာ ငါ ဘယ် လက်ခံပါမလဲလို့ ဖြေတယ်။

မေး။ ကဲ ဒါဖြင့်ရင် မုဆိုးကြီးကိုယ်တိုင် မြားစူးမှာ နာမှာ အဆိပ်တက်မှာ သေမှာ လက်မခံနိုင်ရင်—

နေ့စဉ်မုဆိုးကြီး သတ်ဖြတ်ခြင်းခံနေရတဲ့ သခင်, ဒရယ်, ဂျိယ်, စိုင်,ဆတ်, ဖွတ်, ပဒတ် စသည် သတ္တ

ဝါကလေးတွေကရော သူတို့ကိုယ်ကို မြားစူးဒါ နာဒါ အဆိပ်တက်ဒါ သေရဒါ လက်ခံချင်ပါ့မလား လို့ မေးလိုက်ပြန်တယ်။

ဒီတခါတော့ မုဆိုးကြီး မျက်နှာတွေ ပျက်ပြီး ခေါင်းကြီး အောက်စိုက်ကာ—

ဟာ ဟုတ်ပြီ သူတို့လေးတွေလဲ မြားစူးဒါ နာဒါအဆိပ်တက်တာ ဘယ်မှာ လက်ခံချင်ပါ့မလဲ၊ ဒါကြောင့် ငါ့ကိုတွေ့ရင် ပြေးကြ ရှောင်ကြ ပုန်းကြ ဒါကိုး၊ ဒီတော့ငါက ပုန်းကွယ်ပြီး ချောင်းပစ်ရတယ်၊ သတ်ရတယ်၊ ဟာ ဟုတ်ပြီ၊ ဒီတော့ အတွေး ပေါက်လာသည့်အတိုင်း—

ဖြေ။ အေးကွယ် ငါသဘောပေါက်ပါပြီ၊ သူတို့လေးတွေလဲ ဘယ်မှာ မြားစူးဒါ နာဒါ အဆိပ်တက်ဒါ သေဒါကို လက်ခံနိုင်ပါ့မလဲ။

မေး။ ကဲ ဒါဖြင့်ဘယ့်နဲ့လဲမုဆိုးကြီး သဘောပေါက်ပြီလား။

ဖြေ။ အေး ပေါက်ပါပြီ။

မေး။ ဘယ်လိုပေါက်တာလဲ။

ဖြေ။ ကိုယ့်အသားနာဒါ ကိုယ့်အသက်သေဒါ ကိုယ့်ဥစ္စာသူများခိုးဒါကို ကိုယ့်ကာမဂုဏ် သူများခိုးဒါကို

ကိုယ့် ကိုယ်တိုင်လက်မခံနိုင်ဘူးလို့ သဘောပေါက်ပါပြီ။

မေး။ ဒါဖြင့်ရင် ရှေ့ကိုဘယ်လိုလဲမုဆိုးကြီး။

ဖြေ။ ရှေ့ကို၊ ငါကိုယ်တိုင် လက်မခံနိုင်တဲ့၊ မကောင်းမှု ဒုစရိုက်တွေကို သူတပါးအပေါ်မှာ မလွန်ကျူး မကျင့်ကြံတော့ပါဘူးဆိုတဲ့–

ငါကျင့်ရမယ်၊ ပဥ္စသီငါးပါးသီလတရားကို၊ ငါ ကျင့်ပါတော့မယ်လို့ ဆုံးဖြတ်ချက်အဖြေကိုပေးခဲ့ပါ တယ်။

ထိုအချိန်မှစ၍၊ ပဌမပိုင်းမှာ (အယောနိသော မနသိကာရ)မသင့်မတင့်သော၊ နှလုံးသွင်းမှုရှိခဲ့သော မုဆိုးကြီးသည် နောက်ပိုင်းမှာ (ယောနိသော မန သိကာရ) သင့်တင့်စွာ နှလုံးသွင်းမှု၍ အယူစင် ကြယ်ပြီးသောတာပန်ကြီးဖြစ်ခဲ့လေသည်။

သို့ပါ၍ တရားနာကြားရသော်လည်း ကိုယ်လိုက်နာလို့တွေး ပြီး"အယောနိသော မနသိကာရ"မသင့်မတင့်နှလုံးသွင်းခြင်း မဖြစ်ကြဘို့အရေးကြီးလှပေသည်။

ဒီတော့ "ယောနိသော မနသိကာရ" သင့်တင့်စွာ နှလုံး သွင်းရမည့် အချက်ကြီးသည် သောတာပန်ဖြစ်ကြောင်း၏ အုတ်မြစ်ကြီးပင်ဖြစ်ပါပေတော့သည်။

သို့ဖြစ်ပါ၍ နိဗ္ဗာန်ရယူလို၍၊ ဤဘဝ ဤရုပ်နာမ်ဖြင့် သောတာပန် အရိယာ၊ သကဒါဂါမ် အရိယာ၊ အနာဂါမ် အရိယာ၊ရဟန္တာအရိယာများဖြစ်လိုကြပါလျှင်၊ ဤ(အရိယ ဓမ္မဝိဇ္ဇာ) ကျမ်းစာကို သေချာသေ (ယောနိသောမန သိကာရ) ဖြင့် သင့်တင့်စွာ နှလုံးသွင်း မှတ်ယူကြပါကုန်၊ သူတော်ကောင်းအပေါင်းတို့....။

# အခန်း (၃)

လောကီကောင်းကျိုး စီးပွား၌လည်းကောင်း။

လောကုတ္တရာ ကောင်းကျိုးစီးပွား၌လည်းကောင်း။

လောကီ လောကုတ္တရာ ကောင်းကျိုးစီးပွား၌လည်း ကောင်း။

ကြည့်ရှုအောင်မြင်စေလိုသော ပုဂ္ဂိုလ်သည်၊ ထိုကောင်းကျိုးစီးပွားတိုးတက်ရေးအတွက်၊ အောင်မြင်စေရေးအတွက်ကို၊ မိမိကိုယ်ပိုင်သာလျှင် လုံ့လပြုသင့် ကြိုးစားအားထုတ်သင့်လှပါပေသည်။

ဘာကြောင့်ပါလဲဆိုလျှင် မိမိကိုယ်တိုင် ရှာဖွေပြုလုပ်စုဆောင်းသော အကျိုးစီးပွားသာလျှင် မိမိပိုင်ဆိုင်ခွင့်ရှိနိုင်သောကြောင့်ဖြစ်ပေသည်။

တပါးသူများထံမှ၊ မိမိအတွက်ပြုလုပ်ပေးခြင်းနှင့် စောင်မကူညီခြင်းများသည်၊ယာယီနှင့်ခဏတာ (ဝါ) ယုံစားအားထားစိတ်ချရသော မြဲမြံခြင်းမရှိနိုင်ကြ၍ဖြစ်ပေသည်။

အထူးသဖြင့်၊ တမလွန်ဘဝ နောင်ကာလအတွက်တာများ၌သာ ပင် ကိုယ့်အားကိုယ်ကိုးမှုဖြင့် ပြုလုပ်အားထုတ်သင့်လှပေသည်။

ထိုကဲ့သို့ ကိုယ့်အားကိုယ်ကိုးပြုလုပ်သင့်သည့် အကျိုးစီးပွားကိစ္စအတွက်၊ ကိုယ်တိုင်မပြုလုပ်ပါဘဲ၊နေခဲ့ပြီး၊နောင်မှ ငါ့သား ငါ့သမီး ငါ့ဆွေမျိုးများ ပြုလုပ်ပေးခြင်းအားဖြင့် ငါရနိုင်သည်၊ သူတို့ပြုလုပ်ခြင်းဖြင့်လည်း ငါ့အတွက်ရနိုင်ပြီး

အထောက်အပံ့ဖြစ်နိုင်ပေသည်ဟု ယူဆမိပါက၊ မရေရာသော စိတ်ကူးယဉ်ခြင်းမျိုး၊ မရေရာသော ရွေးချယ်မှုမျိုးသာလျှင် ဖြစ်ပါပေမည်။

သို့မို့ကြောင့် ရှင်တော်ဘုရား သက်တော်အထင်အရှား ရှိတော်မူစဉ်၊ ရှင်တော်ဘုရားကိုယ်တော်တိုင် ဟောကြားခဲ့သော၊ ကိုယ့်အားကိုယ်ကိုးသင့်ကြောင်း အထောက်အထား သာဓက၊ အကြောင်းတခုကို၊ တိုက်ဆိုင်၍၊ လိုရင်းတင်ပြလိုက် ရပေသည်။

## ကိုယ့်အားကိုယ်ကိုး ကိုယ့်အကျိုး၊ ကိုယ်တိုင်ပြုလုပ် သင့်ကြောင်း

အင်္ဂုတ္တိုရ်၊ ဒသကနိပါတ်၊ စတုတ္ထ၊ ပဏ္ဏာသက ဇာဏုဿောဏိဝဂ်၊ ဧကာဒသမသုတ် ဘဝတပါးပြောင်းရွှေ့သွားသူ များအတွက်၊ ရည်စူးအလှူကုသိုလ်အား (ရပိုင်ခွင့်ရှိမရှိ)။

တရံရောအခါ မြတ်စွာဘုရားအား (ဇာဏုဿောဏိ) အမည်ရှိသော ပုဏ္ဏားသည် ချဉ်းကပ်၍ သင့်တင့်လျောက် ပတ်သောနေရာ၌နေလျက်၊

အရှင်မြတ်ဂေါတမ၊ အကျွန်ုပ်တို့ပုဏ္ဏားမျိုးသည်၊ သေ လွန်ကုန်ပြီးသော သူတို့အတွက် ဆွေမျိုးသားချင်း၊ မိတ်ရင်း တကာတို့အတွက်ရည်စူးလျက်၊ အလှူဒါန ကောင်းမှုတို့ကို ပြုလုပ်ကြပါကုန်၏။

အရှင်မြတ်ဂေါတမ အဘယ်သို့ပါနည်း၊ ထိုရည်မှန်း ပြုလုပ်သောအလှူဒါန ကောင်းမှုကုသိုလ်အတွက်ဘာဂကို၊ သေလွန်ပြီးသော ဘဝတပါးမှ၊ ဆွေမျိုးသားချင်း မိတ်ရင်း တကာတို့အား ရစေနိုင်၊ သုံးဆောင်စေနိုင်ပါသလား ထိုသူတို့ထံရောက်စေနိုင်ပါသလား။ ဤကဲ့သို့မေးလျှောက်လေ၏။

ထိုအခါရှင်တော်ဘုရားက -

ဇာဏုသောဏိပုဏ္ဏား။

၁။ အကျိုးပေးခွင့်ရှိသော အရပ်ဌာနနဲ့ဖြစ်မှုရ၏။

၂။ အကျိုးပေးခွင့်မရှိသော အရပ်ဌာနနဲ့ဖြစ်မှု မရောက်ရှိ မရရှိနိုင်ဟု မြွေဆိုတော်မူ၏။

## "ရည်စူးအလှူ၊ ရ၊ မရ ဌာနများ"

ထိုအခါ (ဇာဏုသောဏိ) ပုဏ္ဏားက၊ အရှင်မြတ်ဂေါတမ သို့ဆိုလျှင် (၁) အကျိုးပေးခွင့်ရှိသောအရပ် ဌာန (၂) အကျိုးပေးခွင့်မရှိသောအရပ်ဌာနဟူသည်၊ အဘယ်သိသဘော ရှိပါသနည်း။ အဘယ်သို့ခြားနားပါသနည်းဟု မေးလျှောက်ပြန်၏။

ရှင်တော်မြတ်ဘုရားသည်၊ (ဇာဏုသောဏိ) ပုဏ္ဏားအား ဤသို့မိန့်ကြားသနားတော်မူပြန်ပါသည်။

ချစ်သားဇာဏုသောဏိ ပုဏ္ဏား၊ရည်စူးအလှူဒါနကုသိုလ် အား အကျိုးပေးခွင့်မရှိသော၊ အရပ်ဌာနတို့သည်ကား-

၁။ ငရဲဘုံ
၂။ တိရစ္ဆာန်ဘုံ
၃။ လူဘုံ
၄။ နတ်ဘုံ တို့ဖြစ်သည် ချစ်သား။

ဇာကူသောဟိပ္ပဿား၊ အချို့သော သတ္တဝါတို့သည် ပါဏာတိပါတ အစရှိသော ဒုစရိုက်အကုသိုလ်တရားတို့အား ကျူးလွန်ကြကုန်၏၊ ထိုသူတို့၏ ဘဝတပါးလားရာဂတိသည်၊ ငရဲသို့ ကျရောက်ကြကုန်၏။ ထိုငရဲဘုံသားသတ္တဝါများတို့သည် ငရဲသားသတ္တဝါတို့၏ အာဟာရဖြင့်သာ မျှတ၏၊ တည်နေရ၏။

## ၁။ "ငရဲဘုံ"

ထိုငရဲသို့ကျရောက်တည်နေသော သတ္တဝါသားတို့သည်၊ ရည်စူးလှူဒါန်းသောဒါနကုသိုလ်စသည်တို့ကို၊အကျိုးပေးခွင့် မရကြပေ၊ ဤငရဲဘုံသည် ရည်စူးအလှူဒါနကုသိုလ်အကျိုး ပေးခွင့်မရှိသော အရပ်ဌာနပေတည်း။

အချို့သော သတ္တဝါတို့သည်၊ မကောင်းမှုဒုစရိုက်ဆယ်ပါးအား ယုတ်မာစွာ လွန်ကျူးကြကုန်၏၊ ထိုသူတို့သည်၊ တိရစ္ဆာန်ဘုံဌာနသို့၊ လားရောက်ကြရကုန်၏။

## ၂။ "တိရစ္ဆာန်ဘုံ"

ထိုတိရစ္ဆာန်ဘုံဌာနသို့လားရောက်ကြကုန်သော သတ္တဝါတို့သည်လည်း ရည်စူးပေးလှူအပ်သော အလှူဒါနကုသိုလ်

ကိုအကျိုးပေးခွင့်မရ၊ တိရစ္ဆာန်တို့၏ အာဟာရဖြင့်သာ မျှတရ၏၊ ဤတိရစ္ဆာန်ဘုံဌာနသည်လည်း ရည်စူးအလှူဒါန ကုသိုလ်ကို၊ ခံစားနိုင်ခွင့်နှင့် အကျိုးပေးခွင့်မရှိသော ဌာန ဖြစ်၏။

## ၃။ "လူ့ဘုံ"

ဇာဏုသောဏိပုဏ္ဏား၊ အချို့သော သတ္တဝါတို့သည်၊ ဒုစရိုက်တရား ဆယ်ပါးတို့မှ ကြဉ်ရှောင်၍ ကောင်းမှုကိုပြု ကြကုန်၏၊ ထိုသူတို့သည် သေလွန်ပြီးနောက် လူ့ဘုံသို့လား ရောက်ကြကုန်၏။ ထိုလူ့ဘုံသို့ သွားရောက်ကြကုန်သောသူ တို့သည် လူတို့၌ဖြစ်သော အာဟာရဖြင့် မျှတကြရ၏၊ ရည် စူးအလှူဒါနကုသိုလ်ကိုအကျိုးပေးခွင့် မရှိကြပေ။ ဤ လူ့ဘုံ သည်လည်း ရည်စူးအလှူဒါန အကျိုးပေးခွင့် မရောက်နိုင် မရနိုင်သော ဌာနဖြစ်ပေ၏။

## ၄။ "နတ်ဘုံ"

ချစ်သား(ဇာဏုသောဏိ)အချို့သော သတ္တဝါတို့သည် ဒုစရိုက်တရား အကုသိုလ်မှုတို့မှ ရှောင်ကြဉ်ကြကုန်၏၊ ထို သတ္တဝါတို့သည်၊ နတ်ဘုံသို့ လားရောက်ကြကုန်၏၊ ထို နတ် ဘုံ၌ဖြစ်ကြသော သတ္တဝါတို့သည် နတ်၌ဖြစ်သော အာဟာရ ဖြင့် မျှတတည်ကြရကုန်၏၊ ရည်စူး ဒါနအလှူအား အကျိုး ပေးခွင့်မရနိုင်ကြပေ။

ဤ နတ်ဘုံသည်လည်း ရည်စူး အလှူဒါန မရောက်နိုင် အကျိုးပေးခွင့်မရှိနိုင်သော ဌာန ဖြစ်ပေ၏။

## ၅။ “ပြိတ္တာဘုံ”

ဇာဏုသောဏိပုဏ္ဏား၊ အချို့သော သတ္တဝါတို့သည်၊ ပါဏာတိပါတ စသော အယုတ်တရား (၁၀) ပါးသော အကုသိုလ်တို့ကို ပြုလုပ်ကျူးလွန်လျက် သေလွန်သောကာလ ပြိတ္တာဘုံသို့ လားရောက်ကြရ၏၊ ထို ပြိတ္တာဘုံသားတို့သည်၊ ထိုပြိတ္တာဘုံ၌ဖြစ်သော အာဟာရဖြင့် မျှတရ၏။ ထို့မှတဖန် ရည်စူးလှူဒါန်းသော အလှူဒါနကုသိုလ်ဖြင့်လည်း မျှတသည် နေရ၏။

ဤပြိတ္တာ၌ဖြစ်သော သတ္တဝါတို့သည် ရည်စူးအလှူဒါန၊ ကုသိုလ်အား အကျိုးပေးခွင့်ကို ရကြရ၏။ ရင်းနှီးတော်စပ် ဆွေမျိုးသားချင်းများတို့ ပေးလှူရည်စူးအပ်သော ကောင်းမှုကုသိုလ်တရားကို ထိုပြိတ္တာဘုံသား သတ္တဝါတို့သည် ရရှိခံစားရပေ၏ဟု မိန့်ကြားတော်မူ၏။

## “ပြိတ္တာဘုံမှလွဲသော် အဘယ်သူရနိုင်သနည်း”

ဇာဏုသောဏိပုဏ္ဏားသည်၊ အရှင်မြတ် ဂေါတမ–သို့ဖြစ်လျှင်– ပြိတ္တာဘုံသို့ ကျရောက်ကြကုန်သော သူတို့မှတပါး အခြား အဘယ်သူတို့သည် ထို ရည်စူး အလှူဒါနကုသိုလ်ကို ခံစားနိုင်ပါသနည်းဟု မေးလျှောက်ထားပြန်၏။

ထိုအခါ မြတ်စွာဘုရားရှင်က၊ ချစ်သား ဇာဏုဿောဏိ၊ ပြိတ္တာဘုံသို့ ကျရောက်ကြကုန်သော သတ္တဝါတို့မှတပါး ရည်စူးအလှူကို အခြားခံစားနိုင်ခွင့်ရှိသူသည်ထင်ရှားရှိပေသေး၏၊ ထိုသူတို့ကား အခြားမဟုတ်၊ထိုသို့ ဘဝတပါး ဘုံဌာနသို့ သေလွန်ရောက်ရှိကြကုန်သော ဆွေမျိုး သားချင်းတို့အား ရည်စူးလျက် လှူဒါန်းဒါန ပေးလှူကြကုန်သော ကာယကံရှင် အလှူဒါယကာတို့သည်၊ ထိုကောင်းမှုကုသိုလ်ကို ရကြကုန်သည် ဖြစ်သည်၊ထို့ကြောင့် ရည်စူးအလှူဒါနပြုသူတို့သည် အချည်းအနှီး အကျိုးမဲ့တော့မဖြစ်ကြပေ ဟူ၍ မိန့်ကြားတော်မူ၏။

ထိုမှတဖန် ရှင်တော်မြတ်ဘုရားက ဇာဏုဿောဏိပုဏ္ဏား၊ အမှန်စင်စစ် ဒုစရိုက်ဆယ်ပါး အယုတ်တရား လွန်ကျူး၍-သေလွန်သည်၏ အခြားမဲ့၌ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အစရှိသည့်ဘဝတို့ကို ကျရောက်ကြသော သူတို့သည်၊ လူ့ဘဝ၌ အခွင့်သာခိုက် ကျောင်း, သင်္ကန်း, ဆွမ်း, ဆေး, ထမင်း, ဟင်းလျာ, အဝတ်တန်ဆာတို့ကို လှူဒါန်း၍ ကိုယ်တိုင်ပြုလုပ်ခဲ့သည်ဖြစ်ငြားအံ့၊ ထိုသူတို့သည် လားရာဘဝ ရောက်ရာဌာနအရပ်၌ အဝတ်အစား နေရာ စသည်တို့ကို အလွယ်တကူ ရရှိနိုင်ပေ၏ဟု ဟောတော်မူ၏။

နောက်ထပ်တဖန် ဒုစရိုက်တရား ဆယ်ပါးသော အယုတ်တရားတို့ကို ရှောင်ကြ၍ လူ့ဘဝ နတ်ဘဝသို့ လားရောက်ကြသူတို့သည်လည်း၊ လူ့ဘဝ၌ အခွင့်သာစဉ် ကျောင်း,

သင်္ကန်း, ဆွမ်း, ဆေး, ထမင်း, ဟင်း, စားသောက်ဘွယ်ရာ အဝတ်တန်ဆာတို့ကို လှူဒါန်းခြင်းဖြင့် ကိုယ်တိုင် ဒါနပြုခဲ့သည်ဖြစ်အံ့၊ ထိုသူတို့သည် လားရောက်ရာ လူ့ဘုံ နတ်ဘုံ၌ ကောင်းမြတ်သော အဝတ်တန်ဆာ စားဘွယ်သောက်ဘွယ် နေရာထိုင်ခင်းတို့ကို အလွယ်နှင့် ပေါများစွာ ရရှိအကျိုးပေးကြကုန်၏ဟု ဟောကြားမိန့်ဆိုတော်မူပြန်ပါ၏။

ဇာဏုဿောဏိပုဏ္ဏားသည် ရှင်တော်ဘုရား မိန့်ကြားသည်ကို နာကြားရသည်ရှိသော်-

အို အရှင်မြတ် ဂေါတမ အံ့သြဘွယ်ကောင်းပေစွတကား မကြားနာရစဘူး ထူးဆန်းပါပေစွတကား။ အို အရှင်မြတ်ဘုရား၊ အလှူ့ဒါယကာသည် အချည်းအနှီးမဟုတ် အကျိုးရှိသည်သာဖြစ်ပါ၍ အလှူဒါနကို၊ အလှူဒါနတို့ကို လှူဒါန်းကြဘိုရာ ကောင်းပေစွတကား၊ (မတက-ဘတ်) ခေါ် (ကုတ်ဟီး-ထမင်း)စသည်တို့ကို လှူဒါန်းရန် သင့်လျော်ပါပေစွဘုရားဟု လျှောက်ထားလေ၏။

ဇာဏုဿောဏိပုဏ္ဏား သင်ဆိုသည့်အတိုင်းမှန်ပေ၏၊အလှူရှင်ဒါယကာသည် အကျိုးမဲ့မဟုတ်ချေ၊ အကျိုးရှိသည်သာလျှင်တည်းဟု မိန့်တော်မူ၏။

အရှင်မြတ် ဂေါတမဘုရား၊

အလွန်နှစ်သက် ကြည်ညိုဘွယ်ကောင်းပါ၏ဘုရား၊

အရှင်မြတ် ဂေါတမဘုရား၊

အလွန် နှစ်သက်ကြည်ညိုဘွယ် ကောင်းပါ၏ဘုရား။

အရှင်မြတ် ဂေါတမသည်၊ အကျွန်ုပ်ကို ရတနာသုံးပါး ဆည်းကပ်ကိုးကွယ်သော၊ (ဥပါသကာ) ဟူ၍ မှတ်တော်မူပါ ဘုရား။

ရတနာသုံးပါးကို ဆည်းကပ် ကိုးကွယ်သောသူ ဟူ၍ မှတ်တော်မူပါဘုရား ဟူ၍ မလေးနက်စွာ ရှိခိုးလျှောက်ထား တောင်းပန်လေ၏။

ဤသို့ဆိုလျှင် သတိကြီးစွာ ရှိသင့်လေတော့၏။ မေ့လျော့နေ၍မသင့်၊ သတိတရားဖြင့် အမှန်ကိုစိစစ်လျက် အပြစ်လွတ်သော ကောင်းမှုကုသိုလ်မျိုးကို၊ မိမိကိုယ်တိုင်သာ ပြုအပ်ကြလေသည်။ ကိုယ့်အားကိုယ်ကိုး၊ ကိုယ်အကျိုးကိုကိုယ်တိုင်သာ ပြုလုပ်ခြင်းဖြင့် ဆုံးဖြတ်ရမည်ဖြစ်လေသည်။

"သေချာသည်က မျက်မှောက်ဘဝဒါန"

ယခုဘဝ အရှင်မြတ်ဘုရား အဆို အဆုံးအမ တည်းဟူသော သာသနာတော်ကြီး တည်ရှိနေခိုက် ထိုရှင်တော်ဘုရား အဆို အဆုံးအမများကို တိုက်တိုက်ဆိုင်ဆိုင် နာယူမှတ်သား လိုက်နာခွင့်ရခိုက် အခွင့်အရေးကောင်းကြီး ဆိုက်ဆိုက်မြိုက်မြိုက် ရနေခိုက်မှာ အသိတရား ဗဟုသုတများ ရှာမှီးလျက် အရှိတရား မိမိပိုင် (ဝါ) ကိုယ်ပိုင်ကိုယ်ဆိုင်အပ်သော ကုသိုလ်ကောင်းမှုမျိုးကို အကြောင်းသင့်မြတ်တိုင်း ပြုအပ်လေတော့

သည်၊ သို့မှသာလျှင် ယခု ပစ္စုပ္ပန် နောင်ယမလွန် ဆောင်း ကျိုးချမ်းသာ လောကီ လောကုတ္တရာ နှစ်ဖြာအကျိုး တိုးပွားခြင်းနှင့် မိမိတို့ မြော်မှန်းသော မဂ်. ဖိုလ်. နိဗ္ဗာန်အထိ အဆောက်အအုံ ဖြစ်ရချိမ့်မည်သာသည်း။

“အဘိဏှသုတ်တော်လာ ကံအကြောင်း”

ဤနေရာ၌ ရှင်တော်ဘုရား ဟောကြားတော်မူအပ်သော အဘိဏှသုတ်ပါဠိတော်လာ ကံဆိုင်ရာပုဒ်ကိုလည်း သတိရှိရှိ လောက် ချင့် ကြည့်သင့်ပေရာ။

ရှင်တော်ဘုရားက အဘိဏှသုတ်တော်တွင်—

> ကမ္မဿကောမှိ ကမ္မဒါယာဒေါ ကမ္မယောနိ
> ကမ္မဗန္ဓု ကမ္မပ္ပဋိသရဏော၊ ယံ ကမ္မံ ကရိဿာမိ
> ကလျာဏံ ဝါ ပါပကံ ဝါ၊ တဿ ဒါယာဒေါ
> ဘဝိဿာမီတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။

ဟု ဟောတော်မူခဲ့ပြန်လေသည်။

အဓိပ္ပါယ်က—

အဟံ၊ ငါသည်။ ကမ္မဿကော၊ ကံသာလျှင် မိမိဥစ္စာ ရှိသည်။ ကမ္မ ဒါယာဒေါ၊ ကံသာလျှင် အမွေခံရှိသည်။ ကမ္မယောနိ၊ ကံသာလျှင် အကြောင်းရင်းရှိသည်။ ကမ္မဗန္ဓု၊ ကံသာလျှင် အဆွေအမျိုးရှိသည်။ ကမ္မပ္ပဋိသရဏော၊ ကံသာ

လျှင် ကိုးကွယ် လဲလျောင်းရာရှိသည်။ အမှိ၊ ဖြစ်၏။ လလျာဏံဝါ၊ ကောင်းသည်လည်း ဖြစ်သော။ ပါပကံ-ဝါ၊ မကောင်းသည်လည်းဖြစ်သော။ ယံကမ္မံ၊အကြင်ကံကို။ ကရိဿာမိ၊ ပြုအံ့။ တဿကမ္မဿ၊ ထိုကောင်းမှု မကောင်းမှု ကံ၏။ ဒါယာဒေါ၊ ကောင်းမွေ ဆိုးမွေ ခံသည်။ ဘဝိ-ဿာမိ၊ ဖြစ်ရအံ့။ ဣတိ၊ ဤသို့။ အဘိဏှံ၊ နေ့ညမပြတ်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်အပ်၏– တဲ့။

ဆိုလိုရင်းကား ကံသာလျှင် မိမိဥစ္စာရှိသည်ဆိုရာ၌ ကံ ဆိုဒါ အလုပ်၊ ကမ္မ ဆိုဒါ ပြုလုပ်တာပါဘဲ၊ ကိုယ်လက်အင်္ဂါ တို့ဖြင့် ပြုလုပ်လျှင် ကာယကံ ဟု ဆိုခြင်းပင်၊စကားဖြင့် ပြောဆိုပြုလုပ်လျှင် ဝစီကံပင်ဖြစ်သည်၊ စိတ်ဖြင့် ကြံစည်တွေးတောပြုလုပ်ခြင်းသည်၊ မနောကံပင် ဖြစ်ချေသည်။

ထိုပြုလုပ်ခြင်းတည်းဟူသော ကံသည် ပြုလုပ်သူ၏ ဥစ္စာပင် ဖြစ်သည်(ဝါ)ဥစ္စာအပိုင် ဖြစ်လေသည် ဟု ဆိုလိုခြင်းဖြစ်လေ၏။

ကံသာလျှင် မိမိအမွေဖြစ်သည်ဟု ဆိုထားရာ၌လည်း၊ မိမိပြုလုပ်သော ကံသည်သာ မိမိအမွေဥစ္စာ မည်လေသည်၊ သည်နေရာ၌ ကောင်းမွေ ဆိုးမွေ ခွဲခြားထားရှိသည်ကို ကွဲပြားစွာသိရန် လိုလေသေးသည်ဖြစ်ရာ ကောင်းကံ ဆိုးကံ အမွေခံဟု ခြားနားလေ၏။

ကောင်းကံဟူသည် ကိုယ်ကာယအမူအရာဖြင့် ကောင်းသောလုပ်ဆောင်ခြင်းမျိုးသည် ကောင်းကံ၏ အကျိုးဆက်ကို ခံစားရ၏။

ထို့အတူပင် ကောင်းသော စကားစုဖြင့် တန်ဆာဆင်ပြောဆိုမှုတို့သည်လည်း ကောင်းသောဝစီကံဖြစ်၍ ကောင်းသောအကျိုးဆက်ကို ခံစားရ၏။

သည့်အတူ ကောင်းသော ကြံစည်တွေးတောမှုသည်လည်း၊ ကောင်းသော မနောကံဖြစ်လျက် ကောင်းသောအကျိုးဆက်ကို ခံစားရပေ၏။

မကောင်းကံ စုသည် ပါဏာတိပါတာ၊ သူ့အသက်သတ်ခြင်း။ အဒိန္နာဒါနာ၊ သူ့ဥစ္စာကို ခိုးယူခြင်း။ ကာမေသုမိစ္ဆာစာရ၊ သူပိုင်ကာမဂုဏ်အပေါ် အလွဲကြီးလွန်ခြင်းစသော ကာယကံ မကောင်းမှုတို့ကို ပြုအံ့၊ ထိုမကောင်းမှုကာယဒုစရိုက် (ဝါ) ကာယကံ မကောင်းမှုကြောင့် မကောင်းသောအကျိုးဆက်ကို ခံစားရ၏။

ဤအတူပင်၊ ဖရုသဝါစာ၊ ရုန့်ရင်း ကြမ်းတမ်းသောစကား၊ ပိသုနဝါစာ၊ ချစ်ခြင်းမေတ္တာပျက်စေသည့် ကုံးချောကုံးပစ်စကား၊ သမ္ဖပ္ပလာပါစာ၊ သိမ်ဖျင်းသော အကျိုးမဲ့စကား။ မုသာဝါဒါ၊ လိမ်လည်ကောက်ကျစ်သောစကား။ စသော ဝစီကံ မကောင်းမှုကိုပြုအံ့၊ ဝစီကံ မကောင်းမှုအကျိုးဆက်ကိုခံစားရ၏။

အဘိဇ္ဈာ၊ သူတပါးပေါ် မကောင်းဖြစ်စေလိုသည့်စိတ်။ ဗျာပါဒ၊ သူတပါး ကောင်းစားမည့်အရေးကိုတွေး၍ ပူပန်စိတ်။ ဣဿာမစ္ဆရိယ၊ သူတပါးပေါ် ဝန်တိုမလိုသောစိတ် စသော မကောင်းမှု မနောကံကို လွန်ကြူးအံ့။ မနောကံ အကျိုးဆက်ကို ခံစားရ၏။

ထိုသို့ မိမိပြုသော ကောင်းကံဆိုးကံတို့သည် မိမိအား ကောင်းကျိုး ဆိုးကျိုးတို့ကို ပြုလုပ်သည့်အတိုင်းအတာအလို ပေး၏။ ဤသည်ပင်လျှင် မိမိပြုသမျှကံအမွေကို မိမိခံစားရ ခြင်းမည်လေ၏။

ကံသာလျှင် အကြောင်းရင်းဖြစ်သည် ကံပြုသမျှခံရသည် ဆိုရာ၌လည်း၊

မိမိက ကောင်းမှုကံကိုပြုလုပ် (ဝါ) ကုသိုလ်တရား ဒါန သီလ အစရှိသော ကုသိုလ်တို့ကိုပြု၍ မိမိပြုသောကံကုသိုလ်မှ ကာမဆယ့်တစ်ဘုံမှာ နေရာကောင်းကိုပေး၏။ လူထံ နတ်ထံ ၌ရ၏။ လူချမ်းသာ နတ်ချမ်းသာကို ဖြစ်စေ၏။

ဈာန်ကုသိုလ် တည်းဟူသော သမထဘာဝနာကုသိုလ်ကို ပြုသော် ဈာန်ကုသိုလ်ကြောင့် ဗြဟ္မာဘုံသို့လားရ၏။ ဗြဟ္မာ ချမ်းသာ ခံစားရ၏။

ဉာဏ်ကုသိုလ်ဘည်း ဟူသော ဝိပဿနာ ပညာပါသော မဂ်ကုသိုလ်ကိုပြုသော အရိယာများဖြစ်၍ဖိုလ်နိဗ္ဗာန် နိရောဓ သစ္စာကို မျက်မှောက်ပြုနိုင်ရနိုင်ပေ၏။

ဤသို့လျှင်မိမိကံအလိုက် မိမိအား အကျိုးပေး၏။ ဒါကို ပင်လျှင် ကမ္မယောနိ-ကံ ပြုပြင်သမျှရခြင်းပင်ဖြစ်၏။

ကမ္မဗန္ဓု-ကံသာလျှင် ဆွေမျိုးဖြစ်သည်ဆိုရာ၌လည်း မိမိ ပြုသောကံသာလျှင် မိမိနောက်သို့ အစဉ်လိုက်သဖြင့် ကံသာ ဆွေမျိုးရှိသည်ဟု ဆိုခြင်းပင်ဖြစ်သည်။

မှန်ပေသည်-မည်သို့လောက်ချစ်ခင်သော လောကီဆွေ မျိုးသားချင်း မိဘ ညီအစ်ကို မောင်နှမ များဖြစ်စေ မိမိ နောက်သို့ အစဉ်မလိုက်နိုင်ကြပေ။

ဥပမာ သေလွန်သောသူ၏ မိဘဆွေမျိုးတို့သည် ငါ့ပါ ခေါ်ပါ သေမင်းရဲ့၊ ငါ့သားလေး၊ သမီးလေး၊ ဇနီးလေး၊ စသည်တို့ဖြင့် အတူသေပါရစေ စသည်ဖြင့် ငိုကြွေးလျက် ပြောဆို ပူဆွေးမြည်တမ်းကြ၏။ ဖက်ခါငိုကြွေးကြ၏။ နမ်းရှုံ့ကြ၏။ ချစ်ခင်လို့ မဝနိုင်အောင်ရှိကြ၏။

သို့သော် သေလွန်ပြီး နှစ်ရက်ကြာလျှင် အနားသို့သိပ်မ ကပ်တော့၊ သုံးရက်ကြာလျှင် အိမ်ရှေ့မြေ၌ ချထားကြ၏။ ငိုသံလည်းကြဲလာ၏၊ တခါတခါ ရိလျက်ဖြစ်လာကြ၏၊ ထုံးစံ အတိုင်း ဖဲဝိုင်း၌ အကောက်ကောက်ရန် အာရုံပြုနေကြ၍ ငိုမိကြ မေ့နေကြပြီ။

ငါးရက်ထားက ငါးရက်ကြာ အသုဘချသင်္ဂြိုဟ်ခါနီးမှ ကမန်းကတန်းထ၍ငိုကြ၏။ ငါ့ပါခေါ်သွားပါ အတူလိုက် မယ်သေမင်းရယ်၊ အတူခေါ်ပါဟူ၍ ငိုပြန်၏။

ဒီလောက်ဖြစ်တဲ့သူ ကလိုက်သွားဟု လွှတ်ပေးလိုက်သော် ကျင်းထဲသို့ မည်သူမှ လိုက်မသွားသလို မီးသင်္ဂြိုဟ်ကလည်း မည်သူမှ မီးပုံထဲမှာအဟုလိုက်၍ မသွားကြပေ။ အတူလိုက်သူက မိမိပြုခဲ့ရသမျှ ကောင်းမှုကံ မကောင်းမှုကံများသာ လိုက်ကြပေ၏။ ကံဆွေမျိုးသာလိုက်ကြ၏။ ကံသာဆွေမျိုးစဉ်ဆက်ဖြစ်၏။

ကမ္မပ္ပဋိသရဏော-ကံသာလျှင် ကိုးကွယ်လည်းလျောင်းစရာဖြစ်သည်ဆိုရာ၌ မိမိပြုသမျှကံကသာ မိမိအားတို့ပြန်၍ အကျိုးပြုနိုင်သောကြောင့် မိမိပြုသောကံသာလျှင် မိမိ၏ အားထားစရာ မှီခိုစရာ လည်းလျောင်းစရာဖြစ်၏ဟု ဆိုလိုခြင်းပင်ဖြစ်ပေသည်။

ကလျာဏံဝါ ပါပကံဝါ- ကောင်းသည်လည်းဖြစ်သော မကောင်းသည်လည်းဖြစ်သော၊ ယံကမ္မံ- အကြင်ကံကို၊ ကရိဿာမိ-ပြုအံ့၊ တဿကမ္မဿ- ထိုကောင်းမှု မကောင်းမှုကံ၏၊ ဒါယာဒေါ-ကောင်းမွေ ဆိုးမွေခံသည်၊ ဘဝိဿာမိ- ဖြစ်ရအံ့၊ မိမိပြုသောကုသိုလ် အကုသိုလ်ကံတရားတို့သည် မိမိကိုသာပြုပြင်စီရင်လေသည်။ မိမိပြုသောကံ၏ အကျိုးဆက်သည်ပြုလုပ်သူထံကိုသာ ရောင်ပြန်ဟတ်ထင် အကျိုးပေးစီရင်လေသောကြောင့် ကံပြုသူသာ ကံအကျိုးဆက် ခံစားရကြောင်း မှာ ထင်ရှားနေပေသည်။

သို့ဖြစ်လျှင် သူတပါးမှမိမိအတွက်မည်သို့ ကောင်းသည်ကိုပြုပေးစေကာမူ မကောင်းမှုတွေရှိ၍ မိမိအား မကောင်းကျိုးဆက်ပေးနေပါမူ မိမိရောက်ရာဘဝမှ မိမိအားရည်စူးကုသိုလ်ပေးပို့သည်ကို ခံစားနိုင်ပိုင်ခွင့် ရပိုင်ခွင့်ရှိနိုင်မည် မဟုတ်ပါပေ။

သေချာသည်က မိမိပြုသောကောင်းမှုကံဖြင့် မိမိအားကောင်းကျိုးချမ်းသာကို ဖြစ်စေခြင်းသည်သာ သေချာပေသည်။ (၀၁) ကိုယ့်အားကိုယ်ကိုးခြင်းသည်သာလျှင် မှန်ကန်ကောင်းမွန်သော ရွေးချယ်တတ်မှုဖြစ်ပေမည်။

ရည်စူး အလှူ သေလွန်သူ
ရရှိသည်က နည်းပါ၏၊
ကိုယ့်အား ကိုယ်ကိုး ကိုယ့်ကံမျိုး
ကိုယ်ကျိုး အတွက် ရကြ၏။
ပစ္စုပ္ပန်ပါ သံသရာ
မှန်စွာ မှတ်သင့်၏။

ထိုကဲ့သို့ ဒါနကုသိုလ်စသည်ကိုပင် ကိုယ့်တိုင်ကျင့်မှကိုယ်ပိုင်ရတို့ သေချာသည်ဆိုလျှင် နိဗ္ဗာန်ရောက်ကြောင်း တရားသည် ဘယ်သို့ရှိပါမည်နည်း။

ကိုယ်တိုင်သာ ကျင့်ရမည်ဖြစ်ပါသည်။ ထိုကဲ့သို့ကျင့်ကြံအားထုတ်ရာ၌လည်း ကိုယ်နှင့်လိုက်လျောသော ကမ္မဋ္ဌာန်း

တရားကို ဆရာကောင်းနှင့်တကွ အားထုတ်ရမည် ဖြစ်လေသည်။

ဒါမှသာ မိမိတို့လိုရာ နိဗ္ဗာန်ချမ်းသာကို မင်္ဂဉာဏ်ဖိုလ်ဉာဏ်ဖြင့် ရယူနိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ရှင်တော်ဘုရား လက်ထက်တော် အခါက ဆရာကောင်းရလျက် ကျင့်နည်းမှန်၍ ထွက်ရပ်နိဗ္ဗာန်သို့ကူးဝင် အောင်မြင်သွားပါသော (အရိယာဓမ္မဝိဇ္ဇာ) အရှင်မြတ်တပါးအကြောင်းကို ထင်ရှားစွာ တင်ပြလိုက်ရပေတော့သည်။

# အခန်း (၄)

## အရိယမဂ္ဂဝိဇ္ဇာ အရှင်မြတ်တပါးအကြောင်း

## "ရွှေပန်းတိမ်သည်သားလုလင်"

လူတကာတို့ထက်မြတ်၍ နတ်တကာတို့ထက်၊ သာလွန်ပြီး ဗြဟ္မာတကာတွေ ရှိခိုးဦးခိုက်ပူဇော်ရပါသော သုံးလောက ထွဋ်ထား မြတ်စွာဘုရားသခင်အရှင်မြတ်ကြီး သက်တော် အထင်အရှားရှိတော်မူစဉ်–

သာဝတ္ထိပြည် မှန်သာဝတ္ထိမြို့တော်၌ သိတင်းသုံးနေတော် မူခိုက် ရှင်တော်မြတ်ဘုရားသခင်၏သားတော်ကြီး ဖြစ်ပါ သော ပညာအရာ တေဒဂ်ရ ရှင်သာရိပုတ္တရာ အရှင်မြတ်ကြီး သည်လဲ ရှင်တော်မြတ်ဘုရားသခင်နှင့် သာသနာတော်မြတ် ကြီးအား အလုပ်အကျွေးပြုလျက်ရှိနေခဲ့ပေ၏။

တနေ့သောအခါသာဝတ္ထိမြို့သားရွှေပန်းထိမ်သည်၏သား လူရွယ်တယောက်သည် ထိုအရှင်သာရိပုတ္တရာအရှင်မြတ်ထံသို့ လာရောက်၍ ရိုသေစွာရှိခိုးတည်နေလျက်မှ–

အရှင်သာရိပုတ္တရာအရှင်မြတ်ဘုရား၊ တပည့်တော်သည် သံသရာဝဋ်ဆင်းရဲဒုက္ခအပေါင်းမှ၊ လွတ်မြောက်လိုပါ၍ ရှင် တော်မြတ်ဘုရားသခင်၏ အသုံးအမဘော်သာသနာအတွင်း၌ ရဟန်းပြုခွင့်ပေးသနားတော်မူပါ၊ တပည့်တော်အား ရဟန်း ပြုပေးတော်မူပါအရှင်ဘုရားဟု ရိုသေစွာလျှောက်လား ပန် ကြားတောင်းပန်ခဲ့လေသည်။

ထိုအခါ၊ အရှင်သာရိပုတ္တရာအရှင်မြတ်ကြီးသည်၊ တောင်ပန်လာသောလူရွယ်အား မေးမြန်းစုံစမ်းစိစစ်ပြီး ရဟန်းပြုပေးရန်သင့်လျော်သဖြင့် ရဟန်းပြုခွင့်ပေးကာ ရဟန်းပြုပေးလျက် သာသနာအတွင်းသို့ ချီးမြှင့်တော်မူလိုက်ပေသည်။

ရွှေပန်းထိမ်သည်၏သားရဟန်းငယ်သည်၊ ဥပဇ္ဈာယ်ဆရာဖြစ်တော်မူသော အရှင်သာရိပုတ္တရာအရှင်မြတ်ထံ၌ နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်သော အကျင့်တရားကို ရိုသေလေးမြတ်စွာတောင်းပန်လာ၏။

## "ဆရာမြတ်မှ အသုဘ ကမ္မဋ္ဌာန်းပေးခြင်း

အရှင်သာရိပုတ္တရာအရှင်မြတ်သည်၊ တပည့် ရဟန်းငယ်အားတချက်ကြည့်လိုက်ပြီး၊ ငယ်ရွယ်နုပျိုသောရဟန်းအားကာမဂုဏ်တရားများ၊ ခေါင်းပါးလွယ်စေသော အကျင့်တရားကမ္မဋ္ဌာန်းကိုပေးမှ၊ သင့်ပေမည်ဟု ယူဆလျက် အသုဘကမ္မဋ္ဌာန်းတရားကို ပေးသနားရ၍ ကျင့်ကြံအားထုတ်စေခဲ့ပေသည်။

ရဟန်းငယ်သည်လည်း ဆရာအရှင်မြတ်ပေးသနားတော်မူအပ်သောကမ္မဋ္ဌာန်းတရားကို ကောင်းစွာမှတ်သားပြီး သင့်လျော်လျောက်ပတ်သော တောအရပ်ကိုချဉ်းကပ်၍ နေထိုင်သီတင်းသုံးလျက် ကျင့်ကြံကြိုးကုတ် အားထုတ်ခြင်းဖြင့် ကမ္မဋ္ဌာန်းတရားကို၊ ပွားများနေခဲ့ပေသည်။

အသုဘ = ရှုချင်စဖွယ်မရှိသောအသွင်
ကမ္မ = ပြုလုပ်ခြင်း။
ဌာန = တည်နေရာ။

အသုဘ+ကမ္မဋ္ဌာန်း= ရှုချင်စဖွယ်မရှိသောအသွင်၌ စိတ်ကို တည်စေလျက် နေခြင်းအလုပ်(ဝါ) အကျင့်တရား။

ရှင်ရဟာန်းသည် အသုဘကမ္မဋ္ဌာန်းတရားကို ကြိုးစားကျင့်၏၊ မိမိသိတင်းသုံးရာ အနီး၌ရှိသော သုသာန်သို့ ရောက်လာ ပစ်ထားကြကုန်သော လူသေကောင်တို့၏ ခေါင်းရင်း၌ ထိုင်လျက် ရပ်လျက်ဖြင့် အသေကောင် (ရှုချင့်စဖွယ်မရှိသော) အသုဘများကို အကြိမ်ကြိမ်အဖန်ဖန် ရှုကြည့်ပွားများ၏၊ ပြီးတော့ မိမိကိုယ်သို့လည်း အသေကောင်အလားနှလုံးသွင်းလျက် ပွားများအားထုတ်ပေ၏။

## "ကမ္မဋ္ဌာန်း၌ စိတ်မတည်"

သို့သော် ရှင်ရဟာန်းစိတ်တို့သည် အသုဘကမ္မဋ္ဌာန်းအာရုံ၌ မတည်ငြိမ်ဘဲ လွန်စွာပြန့်လွင့်ခဲ့ပေသည်။

အခြားအာရုံများ၌သာ စိတ်တို့သည် ပြန့်လွင့် နေခဲ့ပေသည်။

အသုဘကမ္မဋ္ဌာန်းအာရုံ၌ စိတ်၏တည်ကြည်မှုကို ရရှိရန် အတန်တန်ကြိုးစား အားထုတ်ပါသော်လည်း စိတ်တို့သည် မတည်ကြည်ခဲ့ပါပေ။

ထိုကာလ၌ဖြင့် သီတင်း ဝါလကျွတ်သည့်အခါ၊ ဆရာမြတ်ဖြစ်သော အရှင်သာရိပုတ္တရာ အရှင်မြတ်အား ဖူးမြော်ကန်တော့ရန် ရှင်ရဟန်းငယ် ကြွရောက်သွားလေ၏။

ဆရာဖြစ်တော်မူသော အရှင်သာရိပုတ္တရာ အရှင်မြတ်သည် တပည့်ရဟန်းငယ်အား ကောင်းစွာ မှတ်မိပေသည်၊ သို့မို့ကြောင့်—

ငါ့ရှင် အားထုတ်ပွားများသော ကမ္မဋ္ဌာန်းအာရုံ၌ စိတ်တို့သည် တည်ပါ၏လောဟု မေးမြန်းတော်မူလေ၏။

ရဟန်းငယ်သည်လည်း အရှင်ဆရာမြတ် ကမ္မဋ္ဌာန်းအာရုံ၌ တပည့်တော်၏ စိတ်တို့သည် မတည်ကြည်ခဲ့ပါ ဘုရားဟု အမှန်အရှိအတိုင်း ရိုသေစွာ လျှောက်ထားပေ၏။

ဆရာအရှင်မြတ်က ငါ့ရှင် ကောင်းစွာ လုံ့လထား၍ ကျင့်ပါ၏လောဟု မေးမြန်း၏။

ဆရာအရှင်မြတ်ဘုရား ကောင်းစွာ လုံ့လထားလျက် ကျင့်ပါ၏ဟု လေးမြတ်စွာ လျှောက်ထားလေရာ။

ဒါဖြင့်ရင် နည်းလမ်းတကျဖြစ်အောင် ဂရုတစိုက်နဲ့ ထပ်မံတလဲလဲ ရှုမှတ်ပွားများအားထုတ် ပေးလေဦးဟု လိုအပ်သော အချက်အလက်များကို ဖြည့်စွက်၊ သင်ကြားပြသလျက် တဖန်ပြန်၍ ကျင့်စေခဲ့လေသည်။

ရှင်ရဟန်းငယ်သည် ရိုသေမြတ်နိုးစွာ ဆရာအရှင်မြတ်အား ရှိခိုး၍ ဆရာမြတ် မိန့်ကြားသနားတော်မူပါသော

အချက်အလက်တို့ကို အရေးတကြီး တရိုတသေမှတ်သားပြီး မိမိ နေထိုင်သီတင်းသုံးရာ အရပ်ဌာနသို့ ပြန်ကြခဲ့ပေသည်။

မိမိနေထိုင် သီတင်းသုံးရာဌာနသို့ ရောက်သည့်အခါ၊ ရှင်ရဟန်းငယ်သည် ဆရာအရှင်မြတ် ပြသသွန်သင် ညွှန်ကြား တော်မူသည့်အတိုင်းသာလျှင် ဂရုတစိုက် အသုဘကမ္မဋ္ဌာန်း တရားကို စနစ်တကျ ပွားများကျင့်ကြံ အားထုတ်နေလေ သည်။

သို့သော် စိတ်တို့သည် ပြန့်လွင့်မြဲ ပြန့်လွင့်နေလေသည်။ အကြိမ်ကြိမ်အားထုတ်ပွားများသည်၊ အဖန်ဖန်ရှု ဆင်ခြင် သည်၊ ဒါပေမဲ့မရ၊ စိတ်တွေ ...ယ်လိုဖြစ်မှန်းမသိ ပြန့်လွင့် မြဲ ပြန့်လွင့်နေခဲ့၏။ ပြန့်လွင့်ဆဲ ပြန့်လွင့်နေပြန်၏၊ ဒီလိုနှင့် ရက်တွေ အတန်ကြာမြင့်လာခဲ့ပေရာမှ—

တနေ့သောအခါ ရှင်ရဟန်းသည် အကျိုးအကြောင်း ရှင်းပြလျှောက်ထားရန် ဆရာအရှင်မြတ်ဖြစ်သော အရှင်သာ ရိပုတ္တရာထံတော်သို့ ကြွရောက်သွားခါ—

ဆရာအရှင်မြတ်ဘုရား၊ ဘုရားတပည့်တော်၏စိတ်တို့သည် ကမ္မဋ္ဌာန်းအာရုံ၌ မတည်ကြည်နိုင်ပါဘဲ လွန်စွာ ပြန့်လွင့်၍ နေပါ၏ဘုရားဟု လျှောက်ထားလေ၏။

ဆရာမြတ်ဖြစ်သော အရှင်သာရိပုတ္တရာ အရှင်မြတ်သည်၊ လျှောက်ထားလာသော ရဟန်းငယ်အား စူးစမ်းမေးမြန်း

လျက်၊ ဤရဟန်းငယ်သည် အဘယ်သို့နည်း တကယ်ပင် လုံ့လပြုလျက် ပွားများ အားထုတ်ပါ၏လော၊ အဘယ် အကြောင်းကြောင့်စိတ်တို့သည် ပြန့်လွင့်လျက် မတည်မကြည် ဖြစ်နေရဘိသနည်း ဟု ဉာဏ်တော်နှင့် ဆင်ခြင်ကြည့်လိုက် သည်။

“ဆရာမြတ် အရှင်သာရိပုတ္တရာ၏ဉာဏ်တော်”

ရှင်ရဟန်းငယ်သည် ကမ္မဋ္ဌာန်း တရားကို ကောင်းစွာ လုံ့လပြုလျက် အားထုတ်ကြောင်းကို တွေ့သိရ၏၊ ဟဆက် တည်းမှာပင် ရှင်ရဟန်းငယ်သည် အသုဘကမ္မဋ္ဌာန်းကို ပွား များနေရင်း မှဲ့မှဲ့ ရှုံ့ရှုံ့ ရှုံ့ရှုံ့ရှာရှာနှင့် တခါတခါ ခေါင်း၌ တခါတခါပြုလျက် ဆောက်တည်ရာမရသလို ဖြစ်နေသည် ကိုလည်း မြင်သိရလေရာ မေးထားသောမျက်စိကို အသာ ပြန်ဖွင့်ရင်း ဆုံးဖြတ်ချက်တခုတို့ ချလိုက်ပေသည်၊ ဆုံး ဖြတ်ချက်ကား—အင်း....။

ဒီအတိုင်းဆိုရင်ဖြင့် ဒီအရာသည် ငါ၏အရာမဟုတ်တော့ ပြီ၊ ရှင်တော်မြတ်ဘုရား၏ အရာသာဖြစ်ချေမည်။

အာသယပနုသယဉာဏ် သခင်ဖြစ်တော်မူသော အရှင် မြတ်ဘုရားသခင်၏ အရာသာ ဖြစ်ချိမ့်မည်။

(အာသယာ+အနုသယ+ဉာဏ်)— အလိုကိုရင်း ကိန်း အောင်းသောအနုသယကိုလည်းကောင်း သိသောဉာဏ်တော် မြတ်ဖြစ်ပေသည်။

သိန်းသန်းကုဋေ များ ဝေနေတို့၏ထွေထွေဆန္ဒအဇ္ဈာသယ တွေကို ဣန္ဒြေနုရင့် ခွဲဝေချင့်၍၊ အသင့်ပိုင်ပိုင် သိမြင်နိုင်ငြား ရှင်တော်မြတ်ဘုရားသခင်၏ဘာရသာဖြစ်ပေမည်ဟု လုံးဝဆုံး ဖြတ်လိုက်၍။

ကောင်းပြီ၊ ဤရဟန်းငယ်အား ရှင်တော်မြတ်ဘုရား အထံသို့ ငါခေါ်ဆောင်သွားချေမည်ဟု ရှင်ရဟန်းငယ်အား တချက်လှမ်းကြည့်လိုက်ပြီး။

ငါ့ရှင်ရဟန်းငယ် ငါတို့၏ဆရာရှင်တော်မြတ်ဘုရားသခင် အထံတော်သို့ ယခုပင်သွားကြရမည်၊ လိုက်ခဲ့ပေတော့ဟု တဆက်တည်းမိန့်တော်မူခါ

ရှင်တော်မြတ်ဘုရား ရှိတော်မူသော၊ ရွှေကျောင်းတော် ကြီးသို့ ဦးဆောင်၍ကြွသွားတော်မူပေသည်။

ရှင်ရဟန်းငယ်လည်းဆရာမြတ်ဖြစ်သောအရှင်သာပုတ္တရာ အရှင်မြတ်၏နောက်နားမှကပ်၍၊ လိုက်ပါကြွသွားလေသည်။

## “ရှင်တော်မြတ်ဘုရား အထံတော်သို့”

လောကသုံးပါး၌ အတုမရှိ မြတ်လှဘိသည့် အရှင်မြတ် ဘုရားအထံသို့ရောက်သည့်အခါ၊အရှင်သာရိပုတ္တရာအရှင်မြတ် သည် ရိုရိုသေသေ မြတ်မြတ်နိုးနိုး ကျိုးကျိုးနွံနွံ အမူအရာ မျိုးနှင့် ရှင်တော်မြတ်ဘုရားအား ရှိခိုးဦးခိုက်လျက်ဖြင့်၊

မှန်လှပါ သုံးလောကထွဋ်ထား အရှင်မြတ်ကြီးဘုရား၊ ယခု ဘုရားတပည့်တော်နှင့် အတူပါလာသော ဤရဟန်းငယ်သည် ဘုရားတပည့်တော်အား၊ ဥပဇ္ဈာယ်ယူလျက် ရှင်တော်မြတ်ဘုရားသာသနာတော်တွင်းသို့ သက်ဆင်းရောက်လာခဲ့ရသော ရဟန်းတပါးဖြစ်ပြီး။

ဤရဟန်းငယ်အား အသုဘ ကမ္မဋ္ဌာန်းတရားကိုပေး၍ ကျင့်ကြံအားထုတ်စေခဲ့ရာ၊ ကမ္မဋ္ဌာန်းအာရုံ၌ စိတ်တို့သည် မတည်ကြည်နိုင်ပါဘဲ၊ လွန်စွာမှ ပြန့်လွင့် နေပါသဖြင့် မြတ်သောတရားတို့ကို မရနိုင်ဖြစ်နေရပါ၍ ဤအရာသည် ရှင်တော်မြတ်ဘုရား၏ အရာသာဖြစ်ရပေမည်၊ ယုံကြည်လျက် ဤရဟန်းငယ်အား အရှင်ဘုရားအထံတော်သို့ ခေါ်ဆောင်ခဲ့ရခြင်းဖြစ်ပါသည်၊ အရှင်မြတ်ဘုရားမှ ရွှေဉာဏ်တော်ဖြင့် သနားတော်မူသဖြင့် ချီးမြှင့်ပေးတော်မူပါကုန် အရှင်မြတ်ဘုရား ဟူ၍၊ အစဉ်သဖြင့် အစမှသည် အဆုံးတိုင်အောင် အကျိုးအကြောင်း အစုံအလင်ကို ဦးဆောင်ကာ လျှောက်ထားပေးလေသည်။

ထိုအခါ ရှင်တော်မြတ်ဘုရားသည်၊ ရှင်ရဟန်းငယ်၏ မျိုးရိုးစဉ်ဆက်ကို ဉာဏ်တော်ဖြင့် ဆင်ခြင်ကြည့်တော်မူရာ-

ထို ရှင်ရဟန်းငယ်သည်ကား ရွှေပန်းထိမ်မျိုးမှ ရွှေပန်းထိမ်သည်တဦး၏ သားဖြစ်ကြောင်း သိတော်မူလေသည်။

ရွှေပန်းထိမ်သည်အမျိုးမှဖြစ်သော ရဟန်းငယ်သည် ယခုဘဝ၌သာ ရွှေပန်းထိမ်သည်အမျိုး၌ ဖြစ်သလော၊ ယခင်အတိတ်ဘဝ ခန္ဓာရစဉ်များကရော အဘယ်အမျိုး၌ ဖြစ်ခဲ့သေးလဲ စသည်ဖြင့် ရွှေဉာဏ်တော်နှင့် ကြည့်တော်မူလေရာ-

"ရှင်တော်မြတ်ဘုရား၏ အနန္တဉာဏ်တော်"

ဤဘဝ ခန္ဓာမှပြန်၍ ရေတွက်သော် ဘဝအစဉ်အားဖြင့် (၅၀၀) တိုင်တိုင် ရွှေပန်းထိမ်မျိုး၌သာ ဖြစ်ခဲ့ကြောင်းကို ရွှေဉာဏ်တော်ဖြင့် သိတော်မူလေသည်၊ ဒါကြောင့် အသုဘကမ္မဋ္ဌာန်း၌ စိတ်တို့သည် တည်ကြည်မှုမရခဲ့ခြင်း ဖြစ်ရပေသည်။ ရွှေပန်းထိမ်သည်ဆိုသည်မှာ ရွှေနှင့် ငွေနှင့် ကျောက်သံပတ္တမြားနှင့် ပန်းစသော နူးညံ့သော လှပတင့်တယ်သော အသွင်၌သာ ရင်းနှီးခဲ့ရသည် အလေ့အလာ များခဲ့ရသည် ဖြစ်ရကား အဘယ်မှာလျှင် အသုဘကမ္မဋ္ဌာန်းဖြင့် စိတ်တည်ကြည်နိုင်ပါအံ့နည်း၊ ဤရဟန်းငယ်အတွက် အသုဘကမ္မဋ္ဌာန်းသည် မလျောက်ပတ် မသင့်မြတ်ပေ။

တဖန်-

သင့်လျောက်ပတ်သော ကမ္မဋ္ဌာန်းတရားကို ပေးပါက အရဟတ္တမဂ် အရဟတ္တဖိုလ်ကို တည်နိုင်သော ပါရမီရှင် ဖြစ်ကြောင်းကိုပါ ရွှေဉာဏ်တော်ဖြင့် မြင်သိတော်မူရာ-

ရှင်သာရိပုတ္တရာသို့ ရည်ညွှန်း၍ ချစ်သား သာရိပုတ္တရာ၊ ချစ်သား တပည့်ရဟန်းအား ယနေ့ ဆွမ်းစားပြီး နေစောင်း ချိန်အခါ၌သာလျှင် တရားပေါက်မြောက် အရဟတ္တဖိုလ်သို့ ကူးရောက်ရစေမည့် ချစ်သားပြန်ချေလော့ ဟု ရှင်သာရိ ပုတ္တရာအား ပြန်လွှတ်တော်မူလိုက်ပေသည်။

ရှင်သာရိပုတ္တရာသည်လည်း ရိုသေစွာရှိခိုး၍ ပြန်ကြွသွား ပေသည်။

"ရှင်တော်မြတ်ဘုရား၏ အနန္တတန်ခိုးတော်"

ရှင်သာရိပုတ္တရာ ပြန်ကြွသောအခါ ရှင်တော်မြတ်ဘုရား သည် လက်ျာလက်တော်ကို လှုပ်ရှားလိုက်သည်၊ ရှင်တော် မြတ်ဘုရား ရှေ့လက်တော်သို့ လည်းဘီးပမာဏရှိသော ကြာ နီပန်းပွင့်ကြီးသည် စွေ့ကနဲ ရောက်လာခဲ့ပေသည်၊ အရိုးမှ ရေတို့သည် တစက်စက် ကျလျက်ပင် ရှိနေသည်။

ဣဒ္ဓိ ဣဒ္ဓိဝိလာသဂ္ဂ! ဣဒ္ဓိ စိန္တေယျ သံယုတ္တံ။

ပကတိသော တန်ခိုးတော် အလွန်တင့်တယ်သော တန် ခိုးတော် မတုပနိုင်သော တန်ခိုးတော်အပေါင်းနှင့် ပြည့်စုံ တော်မူ၍ အစိန္တေယျ တည်းဟူသောဂုဏ်တော်နှင့် မြတ် ဘုရားသခင်၏ အလိုတော်မြတ်အတိုင်းသာလျှင် ကြာနီပန်း ပွင့်ကြီး ရှင်တော်မြတ်ဘုရား လက်တော်သို့ ရောက်တော်မူ လာရခြင်း ဖြစ်ပေသည်။

ကြာနီပန်းပွင့်ကြီး ရောက်လာပြီးသည်နှင့် ရှင်တော်မြတ်ဘုရား၏ ရွှေနှုတ်တော်မှာ လှုပ်ရှားလျက် မိန့်ကြားတော်မူသံ ပေါ်ထွက်လာပေသည်။

ချစ်သားရဟန်းငယ် ဒီမှာ ကြည့်ရှုလိုက်စမ်းပါ၊ ဒီကြာပန်းနီပွင့်ကြီးကို သင်ချစ်သား စိတ်ဝင်စားပါလိမ့်မည်။

ဒီကြာပန်းပွင့်ကြီးကို သင်ချစ်သား ယူလိုမို့ ကျောင်းအစွန်ဘက်ကို သွားပါချေ၊ အဲဒီကျောင်းအစွန်ဘက်မှာ သဲတွေရှိနေတယ်၊ အဲဒီသဲတွေကို စုလိုပုံလိုက်ပါ၊ပြီးတော့ အဲဒီသဲပုံရဲ့ထိပ်မှာ ဒီကြာပန်းပွင့်ကြီးကို အရိုးဘက်မှ စိုက်ထူလိုက်ပါ။

စိုက်ပြုပြီးလျှင် ကြာပန်းပွင့် မျက်နှာချင်းဆိုင် အနေအထားမျိုးမှ ချစ်သားနေ၍မို့ မဟာပလ္လင်ခွေထိုင်လိုက်ပြီး ကြာနီပန်းပွင့်ကြီးကိုစူးစူးစိုက်စိုက်ကြည့်လို့မို့ လောဟိတကံ လောဟိတကံ ဟု စိတ်မှ သညာပြုလျက် (လောဟိတ) ကသိုဏ်း ကမ္မဋ္ဌာန်းကို ပွားများကျင့်ကြံအားထုတ်ပေတော့ ချစ်သားဟု မိန့်ကြားတော်မူလေသည်။

ရှင်တော်မြတ်ဘုရား မိန့်ကြားတော်မူသော အသံတော်အဆုံး၌–

ရှင်ရဟန်းငယ်သည် ရှင်တော်မြတ်ဘုရားအား မေ်ဖူးလိုက်သည်။

ရှင်တော်မြတ်ဘုရား၏ မျှော်မျက်နှာတော်ကိုရင်း၊ ရှင်တော်မြတ်ဘုရား၏ လက်တော်မှာရှိနေတဲ့ ကြာနီပန်းကြီးကိုရင်း အံ့ဩစွာ တွေ့လိုက်ရလေသည်။

ရှင်ရဟန်း၏မျက်စိနှင့် စိတ်အာရုံတို့သည် ကြာနီပန်းပွင့်ကြီး၌ ခွါမရအောင် ကျရောက်နေပေသည်၊ ရှင်ရဟန်း၏မျက်စိဝန်းထဲတွင် မျက်ရည်ကြည်ကလေးများ ပြည့်သွားသည်။

ရှင်ရဟန်း၏ စေတသိက်တို့သည် ကြာနီပန်းပွင့်ကြီး၌ နစ်မြုပ်နေလျက် ဝမ်းသာခြင်းနှင့် ရောပြွမ်းနေသည်၊ ဝမ်းမြောက်လွန်း၍ မျက်ရည်များပင် လည်နေခြင်း ဖြစ်ပေသည်။

## "ဆိန့်ရေပမာ ကိုယ်ကြိုက်ရာ"

ရှင်ရဟန်း၏မျက်နှာသည် အရောင်ထွက်မတတ် ကြည်လင်နေသည်။

ဟုတ်ပြီ၊ အားရမိသည်၊ ကြည့်ချင်ဒါကဒါမျိုး၊ မြင်ချင်သည်က ဒီအသွင်၊ ရှုချင်သည်က ဒီအသွေးဖြစ်သည်။

တရေးရေးနှင့်လွန်ခဲ့သောလေးလတာရယ်ပေါင်း (၁၂၀) လောက်ကထဲကပြီး၊ မသာ, အသုဘ, ရှိစရာ, မရှုချင်စဖွယ် အသွင်တွေကိုသာ တွေ့မြင်ခဲ့ရတယ်။

ချမြင်ရတဲ့ ကြာနီပန်းအသွင်နဲ့ဆိုရင် ဆီနဲ့ရေလောက် ကွာခြားသလိုပါဘဲ၊ စသည်စသည် အစီအရီ အတွေးတွေနှင့် ရှင်ရဟန်းသည်—

ဒူးနှစ်ဘက်ကို အသာထောက်သည်၊ လက်နှစ်ဘက်ကို ရှေ့သို့ ဆန့်ထုတ်ယှက်ပူးလျက် ရိုရိုသေသေ လေးလေးမြတ်မြတ် မြတ်မြတ်နိုးနိုး အမူအရာမျိုးနှင့်၊

ရှင်တော်မြတ်ဘုရား ပေးသနားတော်မူသော ကြာနီပန်းကြီးကို လှမ်းယူလိုက်သည်။

ရှင်တော်မြတ်ဘုရားအား ကြည်ညိုမြတ်နိုး လက်စုံမိုး၍ ကျေးဇူးတော်ကို နှလုံးသွင်း၍ ရှိခိုးလိုက်သည်။

ပြီးတော့ ရှင်တော်မြတ်ဘုရား၏ မိန့်တော်မူသည့်သြဝါဒတော်အတိုင်း မဆိုင်းမတွလိုက်နာရန် အသာထလိုက်သည်၊ နောက်ဆုတ် နောက်ဆုတ်လှမ်း၍ သွားသည်။

အတော်အတန် လျော်ကန်သင့်မြတ်ရာ အရပ်လောက်ရောက်မှ ကိုယ်ကိုလှည့်လိုက်သည်။ ကျောင်းအပြင်ဘက်ကို အသာမှန်မှန်လှမ်းထွက်ကြွသွားသည်။

ကျောင်းအစွန်နားရောက်တော့၊ ရှင်တော်မြတ်ဘုရားမိန့်တော်မူသည့်အတိုင်း သဲပြင်ကိုတွေ့ရသည်။

"လောဟိတ-ကမ္ဗောန်း"

ကျောင်းအစွန်သို့ရောက်၍ ရှင်တော်မြတ်ဘုရားညွှန်ကြားတော်မူသည့်အတိုင်း သဲပြင်ကိုအသင့်တွေ့ရသဖြင့် သဲတိုကို

လက်တဘက်ဖြင့်စုံပုံ၍ လက်တဘက်မှ ကြာနီပန်းပွင့်ကြီးကို မချရက်နိုင်သလို ကိုင်ထားပေသည်။

သဲများစုပုံပြီးချိန်ကျမှ ရှင်တော်မြတ်ဘုရား၏ ညွှန်ကြားမှုအတိုင်း သဲပုံ၏အလယ်တည့်တည့်ထိပ်မှ စိုက်ထူလိုက်ပေသည်၊ ခိုင်မခိုင်ကြည့်လျက် စိတ်ချရသည့်အနေမျိုးကျမှ ကြာနီပန်းပွင့်ကြီးအနားမှ အသာခွါလိုက်သည်။

ပြီးတော့ကြာနီပန်းပွင့်ကြီးနှင့် မျက်နှာချင်းဆိုင်အနေအထားမျိုးလောက် နေရာယူလိုက်သည်၊ လေးတောင်လောက်အကွာအဝေးမှာ မဟာပလ္လင်ခွေထိုင်လိုက်သည်။

နိသီဒတိ ပလ္လင်္ကံ အာဘုဇိတွာ ဥဇုံ ကာယံ ပဏိဓာယ သည့်အတိုင်း မဟာပလ္လင်ခွေ ထိုင်လိုက်သည်၊ ဝဲဘက်ခြေထောက် အောက်ကထား ယာဘက်ခြေထောက် အပေါ်က တင်လျက် တင်ပလ္လင်ခွေထိုင်လိုက်ခါ ဦးခေါင်းကိုမငုံ့လွန်းမမော့လွန်း တည့်တည့်ထားလိုက်ပြီး ခါးအထက်ကိုယ်ကို ဖြောင့်ဖြောင့် ထားလိုက်သည်၊ ပြီးတော့တဖန် ကြာနီပန်းပွင့်ကြီးကိုကြည့်၍ စိတ်မှ လောဟိတကံ-လောဟိတကံ ဟုသညာပြု၍ ကမ္မဋ္ဌာန်းတရားကို အားထုတ်လေတော့သည်။

လောဟိတကံ-နီသောအဆင်း၊

လောဟိတကမ္မဋ္ဌာန်း- နီသောအဆင်း၌ စိတ်ကိုတည်စေလျက် ရှုပွားသော အလုပ်ပင်ဖြစ်ပေသည်။

လောဟိတကံ–နီတဲ့အဆင်းပါတကား။

လောဟိတကံ–နီတဲ့အဆင်းပါတကား၊ ဟု နှလုံးသွင်း၍ ကမ္မဋ္ဌာန်းတရားကို ထပ်ဖန်တလဲလဲ ပွားများ၍ နေလေတော့သည်။

"ဝိတက်ပိုင်း"

ရှင်ရဟန်း၏ စိတ်တို့သည် ရှင်တော်မြတ်ဘုရား၏ အထံတော်၌ ကြာနီပန်းပွင့်ကြီးကို ယူစဉ်ကပင်လျှင် တည်ငြိမ်မှုကို ရခဲ့ပြီးဖြစ်ရာ၊

ယခု ကြာနီပန်းပွင့်ကြီးကိုကြည့်၍ (လောဟိတ) ကမ္မဋ္ဌာန်းကို ရှုပွားနေရသောအခါမှာ စိတ်တို့သည်ပို၍ပို၍ လျင်စွာ တည်ကြည်လာနေတော့သည်၊ တဖြေးဖြေးနှင့် ရှင်ရဟန်းစိတ်တက်စဉ် အရှိန်တို့သည် အားကောင်းလာနေသည့် အားလျော်စွာ၊

ရှင်ရဟန်းစိတ်တို့သည် ရှင်ရဟန်းကိုယ်မှာလော၊ ကြာနီပန်းပွင့်ကြီးထဲမှာလော၊ ခွဲခြား၍မရနိုင်လောက်အောင် ရှင်ရဟန်း၏ စိတ်အစဉ်သည် ကြာနီပန်းကြီး၌ တဖန်တလဲလဲအဆက်မပြတ်စွဲကပ် ကျရောက်နေပေတော့သည်။

ရှင်ရဟန်းစိတ်တို့သည် ကမ္မဋ္ဌာန်းအာရုံ၌သာတည်၍ နေပေတော့တည်။

ဒါကြောင့် (နိပကော) - မိမိကျင့်ကြံ ကြိုးကုတ်အားထုတ်သော ကမ္မဋ္ဌာန်း၌ ကောင်းစွာသိ၍ ပညာရှိရမည် ဟု ရှင်တော်မြတ်ဘုရား မိန့်ကြားတော်မူခဲ့ခြင်းဖြစ်ပေသည်။

မိမိနှင့် သင့်လျော်လျောက်ပတ်သော ကမ္မဋ္ဌာန်းတရားကို အားထုတ်ရသော် စိတ်ဝင်စားသဖြင့် စိတ်တည်ကြည်မှု မြန်ပေသည်။

"ဝိစာရပိုင်း"

ရှင်ရဟန်း၏ စိတ်အစဉ်တို့သည် အထူးတည်ငြိမ်လာသည့်အပြင် ပြန့်လွင့်စိတ်ဟူသည် မရှိသလောက် တည်နေတော့သည်။

တခါတခါ ကြာနီပန်းပွင့်ကြီးက ရှင်ရဟန်းနှင့်နီးလာသလို ရှင်ရဟန်းကိုယ်က ကြာနီပန်းကြီးနှင့်နီးသွားသလို၊ ကြာနီပန်းကြီးကနီးလာပြီး ကြီးသွားသလို ဝေးသွားပြီးသေးသွားသလို ကြာနီပန်းပွင့်ကြီး၏ ပတ်လည်မှ ပြာလဲ့လဲ့အရောင်များ ရံနေသလို စက်ဝန်းသဏ္ဌာန်လိုလဲတွေ့ရ နေရပြန်သည်။

"ဒုတိယဝိတိ"

ရှင်ရဟန်း၏ စိတ်တွေဘယ်ဆိုဘယ်မှ မပြန့်တော့ပါပေ၊ ကြာပန်းကြီး၌သာ ကျရောက်တည်နေသည်၊ ကြာပန်းကြီး နီးလာသလို ဝေးသွားသလို အတော်ကို စိတ်ဝင်စားလျက် ကြည့်လိုလဲ ကောင်းနေတော့သည်။

ကြည့်နေရင်း လောဟိတကံ-လောဟိတကံ ဟုမှတ်နေရင်း စိတ်တည်ကြည်မှု အဟုန်ပိုကောင်းလာပြီး ရှင်ရဟန်းကိုယ်မှ ကြက်သီးတဖြန်းဖြန်းထသွားသည် အဖုသေးလေးတွေလဲအနှံ့အပြားမှာ အပြင်လိုက် ပေါ်လာတော့သည်။

ရှင်ရဟန်းကိုယ်ကြီးမှာ မြင့်သွားသလို နိမ့်သွားသလို ငြိမ့်ငြိမ့်နှင့် တမျိုးကြီး ခံစားနေရလေသည်။

ရှုရင်းလဲဘဲ ပျော်ရွှင်သလို၊
ပွားရင်းလဲဘဲ ပျော်ရွှင်သလို၊
နည်းမှန်ကျလို့ တွေ့ရထိုထို၊
မြင်လိုက ပွားကြများပျိုအို။

"ခဏိကာပီတိ"

ရှင်ရဟန်းကိုယ်မှ ကြက်သီးတွေတဖျန်းဖျန်း ထလျက်မှ၊ ကြာနိပန်းကြီးဆိက လျှပ်စီးရောင်များ ထွက်နေသလို အရောင်တန်းလေးတွေ ထွက်လာကာ မိမိထံလာနေသလို ရှင်ရဟန်းကိုယ်မှလဲ လျှပ်စီးရောင်တန်းများ ဖြတ်ဖြတ်ထွက်သွားသလို ဖျတ်ခနဲဖျတ်ခနဲ ဝင်းကနဲလက်ကနဲနဲ့ ကြက်သီးတွေကလဲ တဖျန်းဖျန်းထလျက်နဲ့၊ တမျိုးကြီးဖြစ်လို့ နေတော့သည်။

"ဩက္ကန္တိကာပီတိ"

ရှင်ရဟန်း၏ စိတ်တွေမှာ အဆင့်မြင့်သထက် မြင့်လာနေသည်၊ စိတ်စွမ်းအင်အားတွေမှာ ကောင်းသထက် ကောင်းလာနေသည်။

သို့အလျောက်လဲ ပြောင်းလဲမှုတွေကတမျိုးတမျိုးတိုးလာနေပြန်သည်၊ တခုနှင့်တခု ကူးဆက်နေသလို စိတ်ဖြစ်စဉ်တွေမှာရော ရုပ်ဘရား ကိုယ်ခန္ဓာမှာရော ဆက်စပ်ဖြစ်ပေါ်နေလေသည်၊ ဖျန်းကနဲဆို ရေလှိုင်းများ ကမ်းစပ်သို့ရိုက်ခတ်သလို တဖျန်းဖျန်းခံစားလိုက်ရပြန်သည် လှိုင်းကြီးသော ရေပြင်ပေါ် လှေကိုစီးနေသလိုမျိုးကဲ့သို့ ရှင်ရဟန်းကိုယ်မှာလှုပ်ရှားနေသည် ရှေ့မှနောက်သို့ ဟိုဘေးမှသည်ဘက် သည်ဘက်မှ ဟိုဘေးသို့-

စသည်စသည်ဖြင့် မြင့်တိုနိမ့်တိုဖြင့် အမျိုးမျိုးခံစားနေရပြန်ပေသည်။

"ဥဗ္ဗေဂါပီတိ"

ရှင်ရဟန်း၏ စိတ်အစဉ်သည် တသွင်သွင်စီးဆင်းနေသော ရေအလျင်ကဲ့သို ကမ္မဋ္ဌာန်းအာရုံ၌ အားကောင်းစွာကျရောက်နေသည်။

စိတ်စွမ်းအင်အားများသည် အားဖြည့်ပေးနေသည့်အလား အားကောင်းလာကာ မှိုင်းပြည့်လာသော မီးပုံးပျံကြီးကောင်းကင်သို့ရိုးတက်ရန် လှုပ်ရမ်းနေသကဲ့သို့-

ရှင်ရဟန်း၏ကိုယ်မှာလဲ မြောက်တက်တော့မလိုလို လှုပ်ရှားနေသည်၊စုန်းနှက်များ ပူးနေသော သူများကဲ့သို့ လှုပ်ရမ်း

နေပြီး၊ ဟိုမှသည် သည်မှဟို ယိမ်းထိုးသလိုလဲ တခါတခါဖြင့် သွားလျက်ဖြင့် ထူးခြားသော ဖြစ်ရပ်များဖြစ်ပေါ်လာခဲ့ပေ သည်။

"ဖရဏာပီတိ"

ရှင်ရဟန်းသည် သတိယားလျက် ဆက်လက်ပြီး ကမ္မဋ္ဌာန်း တရားတို့ကို ပွားများနေလေသည်၊ စိတ်ကိုလည်းငြိမ်အောင် အတတ်နိုင်ဆုံး ကြိုးစားထားလိုက်လည်။

ထိုကဲ့သို့ စိတ်တို့ကို တည်ငြိမ်အောင်ထားရာမှ စိတ်တို့သည် တမျိုးကြီးဖြစ်လာကာ၊ ခံစားရမှုမှာလဲ ရက်ရှည်အဖျားရော ဂါနှိပ်စက်ထားသူသည် အဖျားရောဂါပျောက်ကင်းသွားပြီး နာလံထလာကာစ ခံတွင်းလိုက်၍ စားကောင်းသော အာဟာ ရ စားသောက်ဘွယ်ရာများကို လက်မလွှတ်ချင်အောင် တွဲတွဲ လန်းလန်းဖြစ်နေသကဲ့သို့--

ရှင်ရဟန်းသည် ကဒိုကရင်ဖြင့် တခါမှ မခံစားရ မတွေ့ ကြုံရဘူးသေးသော ခံစားရမှု စိတ်အာရုံ လက်မလွှတ်ချင် အောင် သဘောကျနေသည်၊ မြိန်မြိန်ရှက်ရှက်ရှိနေသည်၊ မိမိ တွေ့ထိခံစားကောင်းနေသော စိတ်အစဉ်၌ တအိအိနှင့် အာ လိုက်သင့် နေလိုက်မိသည်။

အမှန်တော့ ရှင်ရဟန်းပီတိငါးပါး စိတ်စွမ်းပကားတို့ဖြင့် တဆင့်ပြီးတဆင့် ကူးပြောက်တက်လှမ်း ကျော်ဖြတ်နေခြင်း ပင်ဖြစ်ပေတော့သည်။

## "သုခသဘော"

ရှင်ရဟန်း၏ စိတ်အစဉ်နှင့် စိတ်စွမ်းအင်များမှာ ကျစ်လစ်လာသည့် စုစည်း၍လဲလာနေပြီ အစဉ်သဖြင့်လဲ ဆက်စပ်နေသည်။

တအောင့်ကြာသောအခါ ဖျတ်ခနဲဆို၊ ရှိန်းခနဲဖြစ်သွားခံစားရပြီး၊ တမျိုးမှတမျိုးဘဲ၊ ခံစားမှုမှာ တမျိုးဆန်းလာသည်။

ဖျတ်ခနဲဆို ငြိမ့်ကနဲဖြစ်သွားပြီး၊ တမျိုးပင်နေလို့ကောင်းသွားသည်၊ ခံစားရမှုမှာလဲ တမျိုးဘဲ။

ဒီလိုခံစားရမှုမျိုး ရှင်ရဟန်း တခါမှ မကြုံခဲ့ရဘူးပေ၊ ဘယ်တုန်းက အစားအစာရဲ့ကောင်းမှု အတွေ့အထိရဲ့ကောင်းမှုမျိုးမှ ယခုခံစားရတဲ့ ခံစားမှုတွေကိုမမှီ၊ဒီလောကမကောင်းခဲ့မချမ်းသာခဲ့ပေ။ ဒါကြောင့်လဲ ခံစားရမှုပြေး ချမ်းသာနေတဲ့ စိတ်အစဉ်မှာ နှစ်ထားလိုက်မိသည်။

## "ကေဂ္ဂတာစိတ်"

ရှင်ရဟန်းစိတ်တို့သည် မြေကြည်လင်ခနဲပေသည်၊ သန့်ရှင်းနေသည်၊ အငြိမ့်သားနိုင်လှသော အနေအထားမျိုးတမျိုးပင် သစ်ဆန်းနေသည်မို့ အပြောရခက်လှသော အဖြစ်မျိုး ဟန်ကျနေသည့်အနေမျိုးရှိနေရာမှ စိတ်မှာ ဘာမှမရှိတော့သလို။

တခြားစိတ်တွေနှင့်လည်းဆက်စပ်မှုမရှိကော့သလို တခြား အာရုံလဲ မရှိတော့၊ လူ့ပြည်မှာလဲ မဟုတ်သလို၊ နတ်ပြည် ၌ စွဲတာမျိုးလဲ မရှိ၊ ထိုင်နေသည် ထိနေသည်ကိုပင် မစွဲမိ၊ တမျိုးပင်လျှင် ဖြစ်နေသည်၊ ဟာလာဟင်းလင်းကြီး ဖြစ်ပြီး၊ လွတ်နေသလို၊ အပြောရခက်လှသည့် တခုတည်းသော စိတ် အစဉ်၌ ကျရောက်နေပေတော့သည်။

## “စိတ်စွမ်းအင်ဖြင့် ပဌမစျာန်သို့”

ရှင်ရဟန်း၏ စိတ်အစဉ်သည် ကြည်လင်လွန်းနေပေသည်၊ သောက်ရှူးကြယ်ကဲ့သို့ လင်းနေသည်၊ အမှောင် မရှိသော ပတ်ဝန်းကျင်ကို ပိုင်ဆိုင်ထားသလို ဖြစ်နေသည်။

မီးပူ နေပူ အရောင်မျိုးလဲ မဟုတ်ပါပေ၊ ဒါကြောင့်လဲ ငြိမ်း ကြည်လင်နေခြင်းမျိုး ဖြစ်ပေါ်နေခြင်း ဖြစ်ပေသည်၊ ပြီးတော့ ကြည်လင်နေသည်။

ရှင်ရဟန်းစိတ်တို့ ငြိမ်း ကြည်လင်နေသည်၊ ကာမဂုဏ် အာရုံကြောင့်ဖြစ်သော သောကအပူမျိုးလဲမရှိပေ (ကာမစ္ဆန္ဒ နီဝရဏ)ကွာသွားခြင်း သဘောပင်ဖြစ်ပေသည်။

ဟိုဟိုဒီဒီ စိတ်မျိုးနှင့် ပျားပန်းခတ်သော တွေးတောပူ ပန်မှုမျိုးလည်း မပေါ်တော့ မရှိတော့(ဗျာပါဒ နီဝရဏ) ကွာခြင်းသဘောပါပေ။

မှေ့မှေ့လျော့လျော့ ပေါ့ပေါ့ဆဆ တွေတွေဝေဝေ ငိုက်ငိုက်မျည်းမျည်းသဘောစိတ်မျိုးလည်း မရှိတော့ပေ(ထိနမိဒ္ဓ နီဝရဏ ကွာသွားသည့် သဘောပင်။

ထိတ်ထိတ်ပြာပြာ လန့်လန့်ဖြန့်ဖြန့် ပြန့်ပြန့်လွင့်လွင့်အနေမျိုးနှင့်နှမြောတသ သဘောမျိုးလဲ မရှိတော့ပေ(ဥဒ္ဓစ္စကုက္ကုစ္စ နီဝရဏ) ကွာသွားသည့် သဘောမျိုးပင်။

ဟိုဟိုဒီဒီ သို့လောသို့လော စိတ်တို့သည်လဲ ကင်းနေသည်၊ ဟိုအတွက်ဒီအတွက် ငွဲ့ကွက် လိုက်လျောသော စိတ်မျိုးလဲ ကင်းနေသည်(ဝိစိကိစ္ဆာ နီဝရဏ) ကွာသွားသည့်သဘောပင် ဖြစ်သည်။

ရှင်ရဟန်း စိတ်အစဉ်သည်၊ ဟိတ်တွေဝင်လိုမို့ တည်ကြည်မှု အားကောင်းလျက်၊ ကြည်လင်ပြတ်သားပြီး ဥပစာရ ဈာန်ငယ်သို့ ဥပစာ သမာဓိဖြင့် ကျရောက်ခါ နီဝရဏ တရားများ ကွာလျက် စိတ်စွမ်းအင် အားကောင်းစွာဖြင့် ပဌမဈာန် ဇောသို့ သက်ဆင်းခါ—

ရှင်ရဟန်း ပဌမဈာန်ရသွားပေတော့သည်၊ ရှင်ရဟန်း ပဌမဈာန်ရသည်အထိ စိတ်စွမ်းအင်အား အောင်မြင်မှု ရရှိခဲ့ပါချေပြီ။

### “စိတ်စွမ်းအင်ဖြင့် ဒုတိယဈာန်သို့”

ရှင်ရဟန်း စိတ်စွမ်းအင်များ စုစည်းလာသည် သိပ်သည်းလာသည် ကျစ်လစ်လာသည့် အားလျော်စွာ ထွင်းဖေါက်

အားလည်း ကောင်းလာလေသည်။ မိမိ၏ စွမ်းအင်စိတ်ကို အသုံးချလျက် စိတ်တက်စဉ်ကို ပြန်ကြည့်လိုက်ပြန်သည်၊ အစမှသည်အဆုံး၊ သည်အဆုံး အရှိနေရာမှ ဟိုအစ အပြန် အလှန် ကြည့်လိုက်သည်၊ ပြီးတော့ သုံးသပ်လိုက်သည်။

အမှန်တော့ ကမ္မဋ္ဌာန်းအစ ဝိတက်ဝိစာရသို့ ပြန်၍ ရှုနေရခြင်းသည်၊ နောက်သို့ ပြန်နေသည်နှင့်တူပြီး ရှေ့တက်စဉ် အတွက်လေးတွဲ့တွဲ့အမူသာလျှင် ဖြစ်နေသည် ဟု—

ရှင်ရဟန်း သုံးသပ်မိသည် ဆင်ခြင်မိသည်၊ ဒါကြောင့် ဂရုဂုဏ်ဖြင့် လေးတွဲ့တွဲ့သဘောရှိသော ဝိတက် ဝိစာရကို ငါဖြုတ်ချရမယ်၊ ဒါမှ ရှေ့တက်စဉ်သို့ လျင်မြန်မယ် ဟု ဆုံးဖြတ်လိုက်သည်။

ဆုံးဖြတ်ချက်နှင့်အတူ ဝိတက်ဝိစာရအစဉ်ကို ဖြုတ်လိုက်ခါ ပီတိ သုခ ဧကဂ္ဂတာနှင့်ယှဉ်သော စိတ်စွမ်းအင်ကို တက်လှမ်းလိုက်လေသည်။

ထိုသို့ တက်လှမ်းလိုက်သည်နှင့် စိတ် စွမ်းအားများမှာ ပိုမိုသွက်လက်လာလျက် (ဒုတိယစျာန်)သို့ ရောက်ရှိသွားပေတော့သည်၊ ရှင်ရဟန်း (ဒုတိယစျာန်) ရသွား အောင်မြင်သွားပြန်ပေသည်။

"စိတ်စွမ်းအင်ဖြင့် ဒုတိယစျာန်သို့"

ရှင်ရဟန်း၏စိတ်တက်စဉ်မှာ မှန်မှန် တိုးတက်နေသည်။

ထို့အတူပင် လုပ်ငန်းခွင်၌ မပျင်းမရိသော လုပ်သားကောင်းသည် မိမိ၏လုပ်ငန်းကို တစတစကျွမ်းကျင်လာသလိုယခု—

ရှင်ရဟန်းသည်လည်း စိတ်နှင့်ပတ်သက်သော အလုပ်ကိုကျွမ်းကျင်လာနေသည်။

လုပ်ငန်းခွင်၌ စိတ်ဝင်စားလျက် လုပ်ရက်မှန်ကန်သော လုပ်သားကောင်းသည်၊ လုပ်ငန်းကို တိုးတက်အောင်မြင်ခြင်းနှင့်တကွ တီထွင်နိုင်စွမ်းလာဘိသကဲ့သို့ ယခု—

ရှင်ရဟန်းသည်လည်း မိမိစိတ်ဝင်စားသော စိတ်စွမ်းအင် လုပ်ငန်းခွင်၌ ရှေ့သို့တဖန် ထိုးဖေါက် တီတွင်လာပြန်သည့်၊ တီထွင်ကြံဆ နည်းလမ်းရသည်ဆိုသည့်အတိုင်းပင်။

ရှင်ရဟန်းသည် ဝိတက်ဝိစာရကို၊ ဖြုတ်ချရစ်၍ ပီတိသုခ ကေဂ္ဂတာဖြင့် စိတ်စွမ်းအားကို လျင်မြန်ပေါ့ပါးသွက်လက်လာစေလျှင်၊

ပီတိ၊ စိတ်ကိုပါ လျှော့ချ ဖြုတ်ပြစ်လိုက်မှ ပို၍ စွမ်းအင်ကောင်းလာရမည်ဟု စိတ်တွက် တွက်လိုက်မိသည်။ ထို့အတူပင် ဆုံးဖြတ်ချက်နှင့်အတူ သဘောကျလျက် နေတတ်တဲ့ ပီတိစိတ်ကို ဖြုတ်ချပြစ်လိုက်သည်။

ကျွမ်းကျင်မှုနှင့် တစတစ အကျင့်ရပြီးဖြစ်နေသော ရှင်ရဟန်းအဘို့ ပီတိကို အလွယ်နှင့်ပင် ဖြုတ်ချလိုက်နိုင်ခဲ့ပြီး၊

အလေးစိတ်တွေ ရော့သွားသလို ပေါ့ပါးသွက်လက်စွာ သုခ ဧကဂ္ဂတာနှင့်ယှဉ်လျှင် (တတိယစျာန်) သို့ တက်လှမ်းဝင် ရောက် ပေါက်မြောက်အောင်မြင်မှု ရသွားပြန်ပါသည်။

ရှင်ရဟန်း(တတိယစျာန်)ရသည်အထိအောင်မြင်ခဲ့ချေပြီ ဖြစ်ပေသည်။

"စိတ်စွမ်းအင်ဖြင့် တတိယစျာန်သို့"

ရှင်ရဟန်းသည် ဝိတက် ဝိစာရ ပီတိတို့ကို ဖြုတ်လျက် သုခ ဧကဂ္ဂတာနှင့် တတိယစျာန်၌ ဝင်စားခါ နေရင်းမှ သုခ ကိုပင် လေးတွဲသည်ဟု ထင်လာပြန်သည်၊ မြင်လာပြန်သည်။

စိတ်စွမ်းရည် အရည်အသွေး ဝင်းလက်နေသော ရှင် ရဟန်းသည် စူးရှထက်မြက်သော သိပ်သည်းမှုရှိသော မိမိ ပိုင်ဆိုင်ထားပြီးသည့် စိတ်စွမ်းအားဖြင့် ထိုးဖေါက် စူးစမ်း ရင်းမှ(သုခ)စိတ်အစဉ်ကို ဖြုတ်ချချန်ရစ်လျက်(ဧကဂ္ဂတာ) တည်းဟူသော တခုတည်းသောစိတ်အစဉ်ကို ဥပေက္ခာ စိတ် နှင့်ယှဉ်လျက် ရှုပွားရင်း စတုတ္ထစျာန်သို့ ကူးမြောက် တက် လှမ်းခဲ့ပြန်ပါသည်။

ရှင်ရဟန်း စတုတ္ထစျာန် ရသွားခြင်းပင် ဖြစ်သည်၊စတုတ္ထ စျာန် ရသည်အထိ ရှင်ရဟန်း အောင်မြင်မှု ရခဲ့ပေပြီ။

"စိတ်စွမ်းအင်စျာန်တန်ခိုးတော်နှင့် မြေလျှိုးမိုးပျံ"

ရှင်ရဟန်းစိတ်တို့သည် အင်အားကောင်းလျက် ဝန်ပေါ့ သောယာဉ်ကဲ့သို့ သွက်လက်ပေါ့ပါး နေပေသည်။

စိတ်သွားတိုင်း ကိုယ်ပါမည့်အဆင့်သို့လည်း ရောက်ပြီး ဖြစ်နေတော့သည်။

ရှင်ရဟန်းမျက်စိတို့သည် အပ္ပနာ သမာဓိနှင့်အတူ ဖမ်းမိုတ်ထားသည်။

သို့ဖြင့် ရှင်ရဟန်းစိတ်သည် ကောင်းကင်ပြင်သို့ ညွတ်လိုက်သည် တိမ်ယဉ်တို့သည် ပြာလဲ့လဲ့ကောင်းကင်ပြင်၌ စီးသူလိုက်ပါသူမရှိဘဲ ရွေ့လျားနေကြသည်ကို ရှင်ရဟန်း အထင်းသား မြင်နေရသည်၊ သည်တော့ စီးလျက်လိုက်ပါသူ ကင်းသော မိုးတိမ်ယဉ်သို့ ရှင်ရဟန်းစိတ်များက ရောက်လိုမှုနှင့် ညွတ်လိုက်သည်။

ကောင်းကင်ပြင်သို့ ရှင်ရဟန်းရောက်သွားခဲ့လေသည်၊ သို့သော် စိတ်ကူးယဉ်ရောက်ခြင်းမျိုး မဟုတ်ပေ။

တကယ်ပင်လျှင် စိတ်ရောကိုယ်ပါ ရောက်ခြင်းမျိုး ဖြစ်ပါပေသည်။

တဖန် အောက်သို့ ရောက်လိုမှုနှင့် စိတ်ကိုညွတ်ကြည့်လိုက်သည် တပယ်ပင် ရောက်ခဲ့ပြန်ပေသည်။

မြေတွင်းသို့ အာရုံပြုစိတ်ညွတ်လိုက်သည် မြေတွင်းသို့လဲ ထိုးဖေါက်နိုင်စွမ်းခဲ့ပေသည်။

ဒီလိုနှင့်ပင် ဒီနေရာမှဟိုနေရာသို့ ဟိုနေရာမှပျောက်လိုက် ဒီနေရာမှာပေါ်လိုက် ဒီနေရာမှာပျောက်လိုက် ဟို ကောင်း

ကင်ထက်မှာ ရောက်လိုက် ဒီတောမှ ဟိုတောင် ဟိုတောင်မှ ဒီတော စသည်ဖြင့် တက်လိုက်ဆင်းလိုက် အမျိုးမျိုးကြွ မြန်းပြီး—

အံ့မခန်းနိုင်လောက်သောစျာန် အဘိညာဏ်တန်ခိုးများနှင့် မွေ့လျော်နေပေသည်။

စတုတ္ထစျာန် လွန်လျင်မြန်

ကောန်တန်ခိုး ရခြင်းမျိုး

မြေလျှိုးလို မိုးသို့ပြန်

အမျိုးမျိုးဖန်ဆင်းနိုင်သော—

စျာန်အဘိညာဏ် စျာန်သမာပတ်တို့ကို ရှင်ရဟန်းကိုယ် တိုင် ပိုင်ဆိုင်ခဲ့ပေပြီ၊ အောင်နိုင်ခဲ့ပေပြီ၊ စျာန်ကစားလျက် စျာန်၌ ပျော်မွေ့လျက် စျာန်၌ တင်းတိမ်လျက် စျာန်၌သာ ယာလျက် စျာန်ချမ်းသာကို ခံစားနေမိလေတော့သည်။

လောက၌ အဘယ်သူသည် ကောင်းမြတ်သောချမ်းသာ ကို မခံစာချင်ဘဲ နေကြပါမလဲ၊ လောကအာရုံ ရှိသူတိုင်း လောကီချမ်းသာကို ခံစားကြမြဲ ဓမ္မတာပေတည်း။

## "ရှင်တော်မြတ်ဘုရား သိပြီ"

ရှင်ရဟန်းသည် လောကီချမ်းသာ အဘိညာဏ် စျာန် တန်ခိုးဖြင့် အဖန်ဖန်အမျိုးမျိုး စိတ်ဝင်စားလျက် ပျော်မွေ့ နေခိုက်။

သုံးလောက အမြတ်သခင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် ဂန္ဓကုဋီ ရွှေတိုက်တော်မှ နေတော်မူလျက်က သိမြင်တော်မူပေ၏။

ငါ၏ချစ်သားရဟန်းသည် လောကီစျာန် အဘိညာဏ်တန်ခိုးနှင့် ပျော်မွေ့လျက် စတုတ္ထစျာန်ယဉ်၌ အောင်မြင်စွာ ဟက်ကူးခါ ချမ်းသာထူးကို ခံစားနေရှာပေသည်။

သို့သော်ငြားလဲ ထိုစျာန်ချမ်းသာထူးသည် မရေတွက်နိုင်သော ဘဝသံသရာမှာ ခန္ဓာတွေအမျိုးမျိုး ရခဲ့ဘူးသူများမို့ စျာန်တန်ခိုးများလဲ ရခဲ့ဘူးကြသည်ကသာ များကြလေရာကား၊ ယခုဘဝမှသာ မရခဲ့သေးဘူးသဖြင့် အသစ်အထူးမှတ်ထင်နေခြင်းမျိုး ဖြစ်ပေသည်။

သည်အတိုင်းသာကြည့်နေရင် အကျိုးထူးအမှန် မများနိုင်ပေဘူး။

စျာန်သက်သက် ဉာဏ်မဖက်လျှင်—သံသရာဘက်လည်ဘို့မို့ ဆင်းရဲဒုက္ခ ခန္ဓာတွေရပေလိမ့်ဦးမည်၊ ခုနေ စျာန်ဇောနဲ့စုတိပြတ်ကျွေ မရဏပြည်သို့ ကူးမြောက်ခဲ့ပါလျှင် သုံးဆယ်တစ်ဘုံမှာ ဗြဟ္မာ၏ဘဝခန္ဓာရလျက် အို,နာ,သေမကင်း ဆင်းရဲခြင်းနှင့် တဖန် ကြင်လည်ရပေဦးမည်ဖြစ်သည်။

“ဆင်သေကောင်မက်သော ကျီးမိုက်လိုဖြစ်မှာစိုး”

ဆင်သေကောင်အား ရေ၌မျောလာသည်ကို မြင်ရသော ကျီးသတ္တဝါသည်—

ငါ၏အစာတော့ ရလေပြီ၊ ဘယ်တော့မှ မကုန်နိုင်သော အစာအာဟာရကို ရချေပြီ၊ ဟန်ကျပေတော့သည်ဟု နှလုံးသွင်းလျက် ဆင်သေကောင်ကိုယ်ကြီးပေါ်သို့ ပျံတက်နားလျက် လောဘတကြီး တစားထဲစားကာ လောဘအာရုံနှင့် မေ့မေ့ရော့ရော့ ဆင်သေကောင် ရေ၌မျောသွားသည့်အတိုင်း လိုက်ပါသွားရင်းဖြင့် မြစ်မှ ပင်လယ် ပင်လယ်ရေလယ်ခေါင်အထိ တစတစမျောရင်း–

ဆင်သေကောင်မှာ တစတစ ပုပ်ပွပျက်စီး၍ အရေတွေ စုတ်ကျ၊ အသားတွေ ဆွေးမွလျက် အောက်မှ ငါးများကလဲ ဖဲ့ယူကိုက်စားကြသဖြင့်၊ အသားတွေ ပဲ့ကုန်လျက်၊ အရိုးတွေကလည်း ရေအောက်သို့မြုပ်ခါကျတော့ကာမှ၊ လောဘသည် ကျီးခမြာ နားရာမရ ဖြစ်ရသည့်အခါမှ ဟိုဟိုဒီဒီကြည့်တော့ ကမ်းမမြင် လမ်းမမြင် နားစရာလဲမမြင်သဖြင့် အသိနောက်ကျစွာ အတောင်အားကိုးဖြင့် ပျံသန်းရင်းအတောင်ညောင်း၍ ပင်လယ်တွင်ကျပြီး၊ ဇာတ်သိမ်းရသလို–

ဈာန်ယဉ်သက်သက် ဉာဏ်ယှဉ်လိုမဘက်လျှင်ဖြင့် ရှည်ကြာသော ပြဟ္မာဘုံမှာ ခန္ဓာရ တဖန်ပြန်ကျရင် ခန္ဓာအစုံအစုံနဲ့ အိုနာသေဘုံတွေ ရောက်ချေဦးတော့မည်။

ဒါကြောင့် ငါဘုရားရှင် ကယ်တင်မှဖြစ်ချေမည်။

ငါ၏ချစ်သား ရဟန်းသည်၊ သူ့အလိုအလျောက်တော့ဖြင့် ဈာန်ယာဉ်ကို ဉာဏ်ယှဉ်၍ ကူးတက်နိုင်မည် မဟုတ်ပေ။

ငါဘုရားကိုယ်တော်တိုင် တန်ခိုးတော်နှင့် စေလွှတ်လျက် ချစ်သား၏ ဈာန်အားကို တွင်းဖေါက်လျက် တရားဟောချေမှတော်ပေမည်ဟု မဟာကရုဏာတော် သခင် အရှင်မြတ်ဘုရားသည်။

ထင်ရှားစွာ တန်ခိုးတော်ဖြင့် ကြာပန်းကြီး ညှိုးသွားရန် အဓိဋ္ဌာန်တော်မူလိုက်သည်။

"ကြာပန်းသခင်ါရ ဘယ်လိုလဲ"

ရှင်ရဟန်း ကြာပန်းကြီးကိုလှန်းပြီးကြည့်လိုက်သည်၊ အံ့အားသင့်သွားမိသည်။

ရှင်ရဟန်း ကမ္မဋ္ဌာန်းအာရုံယူခဲ့သော ကြာနီပန်းကြီးကား ပျက်စီးခဲ့လေပြီ။

ဘယ်အချိန်က ပျက်စီးခဲ့လေသည်မသိ။
နီသောအဆင်းသည် ဖျော့တော့လျက်။
စွတ်စိုသောအသွေးသည် ခြောက်ခန်းလျက်။
လမ်းဆန်းသောအသွင်သည် ညှိုးမှိန်လျက်။
လဘ်ဆတ်သောသဏ္ဌာန်သည် တွန့်လိပ်လျက်။
ခိုင်မာသောအမြင်သည် ပျက်စီးလျက်။
တချို့တလေ ဝက်ဖတ်တွေတောင်–

ဘယ်သို့ လွင့်ပျောက်သွားလေသည်မသိ၊ ရုပ်ပျက် ဆင်းပျက်ဖြစ်နေလေတော့သည်။

ဒီတော့မှ စောစောက ဈာန်ဝင်စားနေစဉ် ဒီကြာနီပန်းကြီးကို မေ့နေခဲ့ပြီး ဈာန်ယာဉ်စီးလျက် ကြာပန်းကြီးကို ဆက်မရှုမိခဲ့ကြောင်း သတိရမိလေသည်။

## "ခန္ဓာသင်္ခါရ ဘယ်သို့နည်း"

ရှင်ရဟန်းသည် ကြာပန်းကြီး၏ သင်္ခါရတရားကိုကို နှလုံးသွင်း ဆင်ခြင်နေရာမှာ-

ရှင်တော်မြတ်ဘုရားသည်၊ ဤကြာပန်းနှင့် ငါ၏ခန္ဓာသည် တူသည်ဟု ဟောကြားတော်မူခဲ့ပေသည်။

ကြာပန်း၏ ဖေါက်ပြန်ပျက်စီးတတ်သော သင်္ခါရတရားကိုတော့ဖြင့် ရချေပြီ၊ ငါ၏ ခန္ဓာကရော ဘယ်သို့ရှိသနည်း။

ရှင်ရဟန်းသည် ခန္ဓာသို့ပြန်ကြည့်လိုက်မိသည်။

သို့သော် ဗဟိဒ္ဓသဏ္ဌာန်မှ ကြာပန်းပျက်တာ မြင်လွယ်ပေမဲ့ အဇ္ဈတ္တသဏ္ဌာန်ဖြစ်တဲ့ ခန္ဓာပျက်တာကို အလွယ်နှင့်မမြင်ရပေ။

ဒါပေမင့် ရှင်တော်မြတ်ဘုရားက ဈာန်ယာဉ်ကို ဉာဏ်ယှဉ်ပြီးကြည့်လော့ဟု မိန့်တော်မူသည်ကို သတိရလျက် ရှင်တော်မြတ်ဘုရားညွှန်ကြားတော်မူသည့်အတိုင်း-

စျာန်သည် သမာဓိ၏အကျိုးဆက်ဖြစ်သည်၊ သည်တော့ ခါ သတိဦးစီးသော တည်ကြည်မှု သမာဓိဖြင့် ခန္ဓာကိုစူးစူး စိုက်စိုက် ရှုကြည့်ရမည့် သဘောဘဲဟု အတွေးရောက်လျက်၊ သတိနှင့် ရှုကြည့်နေလိုက်သည်။

သိပ်မကြာလှပါ၊ သမာဓိအားကောင်းပြီး ဖြစ်တဲ့ ရှင်ရဟန်းသည် ခန္ဓာ၏ဖြစ်ပျက်အကြောင်းတို့ကို တစတစသိ၍ သိ၍လာပါတော့သည်။

"အတုမဲ့တန်ခိုးတော်"

ယခုအချိန်၌ ရှင်ရဟန်းအား ကမ္မဋ္ဌာန်းတရား ထင်ရှား စွာဖြစ်ပေါ်နေပြီကို သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင် ကောင်း စွာသိတော်မူလေသည်။

ထို့ကြောင့် ဂန္ဓကုဋီတိုက်မှပင် ရှင်ရဟန်းထံသို့ ရောင် ခြည်တော်ကို ဖောက်လွှတ်တော်မူလိုက်သည်။

ထိုအခိုက် ရှင်ရဟန်း၏ မျက်နှာသို့ အားကောင်းသော လျှပ်စီးရောင်တန်းများက တဖျတ်ဖျတ် ရိုက်ခတ်လိုက်သလို ခံစားလိုက်ရသည်။

နေအလင်းရောင် လအလင်းရောင် မီးအလင်းရောင် လျှပ်စီးလျှပ်နွယ် အလင်းရောင်တို့ကို ရှင်ရဟန်း စျာန်တန် ခိုးဖြင့် အံတုနိုင်သည်၊ ဥပေက္ခာရှု၍ မသိချင် ဟန်ဆောင်နေ နိုင်ပေသည် ဖြစ်သော်လည်း—

အတုမရှိသော တန်ခိုးတော်ရှင် မြတ်ဘုရားသခင်၏ ရောင်ခြည်တော်များကိုဖြင့် တားဆီးနိုင်စွမ်းမရှိခဲ့ပါပေ။

ဒါကြောင့်မို့လည်း ပိတ်ထားသော ဈာန်အစေးဖြင့် ကပ်နေတဲ့ မျက်စိများကို အလျင်အမြန် ဖွင့်ကြည့်လိုက်မိသည်။

မြေပြင်၌ ကြည့်လိုက်သည် ဘာမှမထူးခြားလှ၊ သို့သော် အလင်းရောင်တန်းသည် စက်ဝန်းသဏ္ဍာန် တဖျတ်ဖျတ် လာနေသည်မို့ မော်ကြည့်လိုက်သည်။

ရှင်ရဟန်းတွေ့ရပေပြီ၊ ကောင်းကင်ပြင်မှသည် အရောင်တော်အလင်းတွေဖြင့် ရှင်တော်မြတ်ဘုရား၊ ရောင်ခြည်တော်တွေ လွှတ်လျက် ကြွလာရပ်တည်တော်မူသည်ဟု မြင်လိုက်ရသည်။

ရှင်ရဟန်းသည် လက်နှစ်ဖက်ကို ယှက်ကာယှက်ကာ ပူး၍ ရှင်တော်မြတ်ဘုရားသခင်အား ရိုသေစွာရှိခိုးဖူးမျှော်၍ ကန်တော့လိုက်ပေသည်။

ရှင်ရဟန်းစိတ်ထဲ၌ တမျိုးပင် ကြည်နူးနေခဲ့မိပေသည်။

ရှင်တော်မြတ်ဘုရားအား ကိုယ်တိုင် ဖူးမြင်ရသူများအဘို့ ပါရမီ ထူးကြပါပေစွတကား။

## "အတုမဲ့သော ရွှေညာဏ်တော်"

ရှင်ရဟန်း ရှိခိုးဦးခိုက်နေစဉ် ရှင်တော်မြတ်ဘုရားသခင်၏ အသံတော်မြတ်သည် ပေါ်ထွက်လာပေသည်။

ဝါစာ ဝါစာ ဝိလာသဂ္ဂ ဝါစာစိန္တေယျ သံယုတ္တံ။

ပကာသိတော စကားတော် အလွန် တင့်တယ်တော်မူသော စကားတော် မတုပနိုင်သော စကားတော်အပေါင်းနှင့် ပြည့်စုံတော်မူသော အစိန္တေယျဂုဏ်တော်အရှင် ဘုရားသခင်၏ အသံတော်သည်။

ရှင်ရဟန်းအားစတင်ကြားရစဉ်ထဲကဦးခေါင်းညွတ်လျှိုးကျိုးနွံစေပြီး အမြတ်တနိုးရှိစေခဲ့ပေသည်။

ချစ်သား သတိထားလော့ ချစ်သား ချစ်သားသည် ဈာန်ယဉ်၌သာ အချိန်အကုန်ခံ မနေသင့်ပေဘူး။

ချစ်သားသည် ဈာန်ယဉ်၌သာ ပျော်မွေ့လျက် မေ့လျော့မနေသင့်ပေဘူး။

ရှင်တော်မြတ်ဘုရား၏ အသံတော်နှင့် မိန့်တော်မူသော စကားစုတိုင်း၌ လေးနက်နေသည် ကြည်လင်ပြတ်သား တိကျနေသည်၊ သြဇာဓာတ်လဲ အပြည့်ပါဝင်နေသည်။ ဘာများငါမေ့နေမိလို့ပါလဲ ရှင်ရဟန်း ကြာကြာမတွေးနိုင်ပါပေ။ ရှင်တော်မြတ်ဘုရား အသံတော်က ဆက်လက်ပေါ်ထွက်မိန့်တော်မူလျက် ရှိနေသည်ကို အာရုံပြုထားလိုက်မိပြန်သည်။

ချစ်သား ဈာန်ယဉ်သက်သက်နဲ့တော့ လောကီသုံးဆယ့်တစ်ဘုံမှ လွတ်မြောက်အောင် ထွက်ကူးနိုင်မယ် မဟုတ်ပေဘူး။

သုံးဆယ့်တစ်ဘုံက မလွတ်မြောက်နိုင်ရင်လဲ ဘဝခန္ဓာ တဖန်ပြန်၍ ရပေလိမ့်မည်၊ ဘဝခန္ဓာရရင် အို နာ သေ ဆင်း ရဲ ဒုက္ခတွေ ပြန်ရလိမ့်ဦးမည် ချစ်သား။

ဒါကြောင့် သင်ချစ်သားသည်၊ အို နာ သေရေး ဒုက္ခ ဘေးတွေကင်းတဲ့ နိဗ္ဗာန်ချမ်းသာကို ရယူဘို့။

သံသာရ ဝဋ္ဋဒုက္ခတော မောစနတ္ထာယ၊

သံသာရာ ဝဋ်ဆင်းရဲဒုက္ခအပေါင်းမှ ထွက်မြောက်ပါရ စေခြင်းငှါ ရည်မှန်း၍ ရဟန်းပြုလျက် တရားအားထုတ် နေခြင်းမို့—

သံသာရာ ခန္ဓာအပေါင်းမှ လွတ်မြောက်လိုလျှင် ယခုပင် ဈာန်ယဉ်ကို ဉာဏ်ယှဉ်၍ ခန္ဓာအစဉ်ကို သတိကပ်လျက် ရှု ကြည့်ပေတော့ ချစ်သား။

သင်ချစ်သားအား ငါဘုရား တရားဟောလျက် ကယ် တော်မူမည် ချစ်သား၊ ကောင်းစွာနာကြားမှတ်ယူ လိုက်နာ ကျင့်ကြံပေတော့ ချစ်သား။

"ရှင်တော်မြတ်ဘုရား တရားဟောပြီ"

ဥစ္ဆိန္ဒ သိနေဟ မတ္တနော၊
ကုမုဒံ သာရဒိကံဝ ပါဏိနာ။
သန္တိမဂ္ဂ မေဝ ဗြူဟယ၊
နိဗ္ဗာနံ သုဂတေန ဒေသိတံ။

သာရဒိကံ၊ တန်ဆောင်မုန်းလ သာရဒ ကာလ၌ဖြစ်သော ။ ကုမုဒံ၊ ကုမုဒြာကြာပန်းကို။ ပါဏိနာ၊ လက်ဖြင့်။ ဆိန္ဒတိ ဣဝ၊ ဖြတ်ယူသကဲ့သို့။ အတ္တနော၊ မိမိ၏။ သိနေဟံ၊ ချစ်ခင်ခြင်း တဏှာကို။ ဥစ္ဆိန္ဒ၊ အရဟတ္တမဂ်ဉာဏ်ဖြင့် ဖြတ်လော့။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ သုဂတေန၊ မြတ်စွာဘုရားသည်။ ဒေသိတံ၊ ဟောကြားတော်မူအပ်၏။ သန္တိမဂ္ဂမေဝ၊ နိဗ္ဗာန်ရောက်ကြောင်းဖြစ်သော မဂ္ဂင်ရှင်ပါး မြတ်တရားကိုသာ ။ ဗြူဟယ၊ တိုးပွားပါစေလော့။

## “ကြာပန်းဥပမာ”

“ချစ်သားရဟန်း”

သင်ချစ်သား သတိထားလျက် နာကြားမှတ်ယူ လိုက်နာကျင့်ကြံပါလော့။

တန်ဆောင်မုန်းလ သာရဒကာလ၌ ဖြစ်သော (သီတင်းကျွတ်လပြည့်ကျော် တရက်မှ တန်ဆောင်မုန်း လပြည့်နေ့အထိ) မှာ သာရဒကာလဟု ခေါ်ပေသည်။

ထိုအချိန် အတွင်း၌ ဖြစ်ပွင့်သော ကုမုဒြာ ကြာပန်းသည် ရေ၌ တင့်ဆန်းလန်းလျက် ပွင့်တယ် ချစ်သား၊ ရေကိုသောက်စုတ်ပြီး သြဇာဓာတ်ရဲ့ ထောက်ခံအားပေးမှုနဲ့ ပွင့်လန်း ကြီထွားရတဲ့၊ အဲဒီကြာပန်းပွင့်ကို လက်နဲ့ဖြတ်တောက်ခူးယူလိုက်ပါက။

ရေနှင့်ကင်းကွာပြီး ဩဇာဓာတ် ကင်းပြတ်သွားတဲ့ အဲဒီ ကြာပန်းပွင့်ဟာ မကြာမြင့်မီအချိန်မှာဘဲ သွေ့ခြောက်တွန့် လိမ် ကြွေပျက်ကုန်ဆုံးသွားရတော့တယ် ချစ်သား။

ထို့တူ မခြား သင်ချစ်သား၏ ခန္ဓာသည်လဲ ကြာပန်း ပွင့်နဲ့တူလေတယ် ချစ်သား။

ဘဝကို တပ်နှစ်သက်မှု ခန္ဓာကိုတပ်နှစ်သက်မှု စသည်တပ် နှစ်သက်မှုများကို (တဏှာ) ခေါ်တယ် ချစ်သား၊ အဲဒီ တပ် နှစ်သက်မှုတဏှာဟာ ရေနှင့်တူတယ် ချစ်သား။

တဘဝပြီး တဘဝ တခန္ဓာပြီးတခန္ဓာ စသည်ဖြင့် ထပ် ဖန်တလဲလဲ ဖြစ်ချင်နေမှုက (ဥပါဒါန်) ခေါ်တယ်ချစ်သား၊ အဲဒီ ဖြစ်ချင်မှုနဲ့ စွဲလမ်းတဲ့ (ဥပါဒါန်) တရားက ကြာရိုးနဲ့ တူတယ် ချစ်သား။

ဥပါဒါန် တရားက ကြာရိုးနဲ့တူတယ် ချစ်သား။

ဥပါဒါန်ကို အမှီပြုပြီး နောက်ပိုင်းမှ ကြိုးကိုင်ဩဇာ ပေးနေဒါက၊ ညွှန်ပျောင်းနဲ့တူတဲ့ အဝိဇ္ဇာဖြစ်တယ် ချစ်သား။

## "ပန်းပွင့်ခန္ဓာ"

အမှန်တော့ သင်ချစ်သားရဲ့ ခန္ဓာ ပန်းပွင့်ကြီးဟာ (အဝိဇ္ဇာ) ညွှန်ပျောင်း ဩဇာဓာတ်နှင့် (သမုဒယ) သွယ်

တန်းမှ ဆက်စပ်မှုဖြင့် စွဲလမ်းခြင်း(ဥပါဒါန်) အရိုး အရှည် ကြိုးရဲ့ထိပ်မှာ တပ်နှစ်သက်မှု တည်းဟူသော (တဏှာ) ရေ (ဝါ) ကိလေသာရေပြင်မှာ ပွင့်လမ်းနေရတယ် ချစ်သား။

ကြာပန်းသည် ဝတ်ဖတ်တွေ ကြွေရသည်၊ ဝတ်မှုံတွေ ကြွေရသည်၊ ပျက်စီးရသည်၊ ယိုယွင်းရသည် ပျက်စီးရသည် သာ အဆုံးရှိသည် ချစ်သား။

ယို့အတူ သင်ချစ်သား၏ ခန္ဓာသည်လဲ ဇာတိ၊ ဇရာ ဗျာဓိမရဏဆိုတဲ့ နူ ရင့် ဖျား နာ သေဆုံးရခြင်းသာ အဆုံး ရှိသည် ချစ်သား။

ကြာပန်းဝတ်မှုံနှင့် မျိုးစေ့သည် ဩဇာညွန်ပျောင်းမှာ ကျရောက်ခဲ့လျှင် ရေပြင်မှာတဖန် မျိုးဆက်ပြန့်ပွား တပွင့် ပြီးတပွင့် ပေါ်ပေါက်လျက် ဆက်ကာဆက်ကာ ပျက်ကြွေ ရပေအုံးမည်။

ရေအယဉ်မှ လက်နှင့်ဖြတ်တောက်ခူးယူလိုက်သော ကြာ ပန်းပွင့်အဖို့မှာတော့ဖြင့် မျိုးဆက် ပြတ်လျက် ပျက်ရတော့ တယ်ချစ်သား။

ချစ်သား သဘောပေါက်ကဲ့လား။

သင်ချစ်သားရဲ့ ခန္ဓာကိုယ် လူနတ်ပြဟ္မာ သတ္တဝါအဖြစ် ၎င်း အဖန်ဖန်တလဲလဲ ကြည်လင်ရဒါဖြင့် အဝိဇ္ဇာ တဏှာ

ဥပါဒါန် ကံ စသည်တို့ထဲမှာ ဒီလိုနဲ့နေ ဒီလိုနဲ့သေရတဲ့ ခန္ဓာမျိုးဆက်တွေကို မဖြတ်တောက်ခဲ့လို့ ဖြစ်တယ် ချစ်သား။

## "သံသရာပျာခန္ဓာကိုဖြတ်"

ဒါကြောင့် ကြာပန်းကို လက်နဲ့ ဖြတ်ယူလိုက်သကဲ့သို့—

သင်ချစ်သား၏ ဘဝခန္ဓာပန်းကို အဝိဇ္ဇာ တဏှာ ဥပါဒါန်တရားတို့မှ ဖြတ်လော့ (ဝါ) ချစ်ခင်ခြင်းဆိုတဲ့တဏှာမှ၊ အရဟတ္တမဂ်ဉာဏ်ဖြင့် ဖြတ်လော့ ချစ်သား။

အဲဒီလိုဖြတ်နိုင်ရင် ခန္ဓာမျိုးဆက်နဲ့ အိုနာ သေတွေ ပြတ်တဲ့ နိဗ္ဗာန်အလိုငှာ ဖြစ်တယ် ချစ်သား။

ဒီတော့ကာ နိဗ္ဗာန်သို့ရောက်ကြောင်း အမှန်ဖြစ်တဲ့ မဂ္ဂင်ရှစ်ပါး မြတ်တရားကိုသာ သင်ချစ်သား ပွားများအားထုတ်နေပါလော့ ချစ်သား။

ရှင်ရဟန်းသည် ရှင်တော်မြတ်ဘုရား ဟောကြားတော်မူအပ်သော တရားတော်မြတ်ကို၊ စိတ်ပါဝင်စားစွာ နာကြားမှတ်ယူနေသည်။

ရှင်တော်မြတ်ဘုရားက ရေမှ ဖြတ်ယူလိုက်သောကြာပန်းသည်မျိုးဆက်ပြတ်ကာ သေ့ခြောက် ပျက်စီးရသည်လို့ဟောတော်မူသည်။

## "အာနာပါန-သတိမှုအစ"

ရှင်ရဟန်းသည် ခန္ဓာကို သတိနှင့်ရှုကြည့်ရင်း ထွက်လေ ဝင်လေကို မှန်မှန်ရှုလျက် အလိုက်သင့် သဘာဝအတိုင်းရှိ စေခါ—

စိတ်စွမ်းရည်ဖြင့် စူးစိုက်ကြည့်နေလိုက်သည်။

နှာသီးဖျားမှ ထွက်လေဝင်လေတို့သည် လှုပ်ရှားမှုအသံ နှင့်တကွ ထိလျက်ဝင်လာသည် ထိလျက်ပြန်ထွက်သွားသည်။

တဖန် နှာသီးဖျားကို ထိခိုက်လျက်ဝင်လာပြီး ထိခိုက် လျက်ပြန်ထွက်သွားသည်။

ဒီလိုနှင့် ကြိမ်ဖန်များစွာ ထင်ရှားတဲ့သဘောကို ရှုကြည့် နေလိုက်သည်။

## "သတိပဋ္ဌာန်တရားများသို့"

ရှင်ရဟန်းသည် အာနာပါန-သတိဖြင့်ထွက်လေဝင်လေကို စောင့်ကြည့်နေရင်းမှ အတွင်းကိုယ်ကာယ အကြည် နှာသီးဝ ရုပ်တရားကို၊ အပြင်မှ လှုပ်ရှားမှုရုပ်တရား လေသည် ထိဝင် ထိထွက်နှင့် ရုပ်နှစ်ခုကို လှုပ်၍ ထိတွေ့သည်ကို အစဉ်သဖြင့် ရှုကြည့်နေခြင်းဖြင့်၊

ကာယ - ကိုယ်အကြည်ပေါ်မှာ
အနု - အစဉ်သဖြင့်
ပဿတိ - ရှုကြည့်၏

ကိုယ်ကာယပေါ်မှာ တွေ့ထိလာရမှုရုပ်အစုကို အစဉ်သဖြင့် သတိနှင့်ရှုကြည့်သည်၊ (ကာယာနုပဿနာ သတိပဋ္ဌာန်) တရားကို ပွားများနေလျက်မိသား ဖြစ်လာရပေတော့သည်။

ရှင်ရဟန်းသည် ကာယပသာဒ–ဟူသော ကိုယ်အကြည်ရုပ်ပေါ်မှာ လှုပ်ရှားမှုလေအစု၏ ထိတွေ့လာမှုကို အစဉ်သဖြင့် သတိနှင့် ယှဉ်ကြည့်ရင်းဖြင့်–

နှာသီးဝသို့ ဝင်လာသောလေသည် တိုးဝင်လာလျက် အေးနဲ့ ခံစားလိုက်ရသည်၊ ထိုမှတဖန် ထွက်လေသည် နှာသီးဝသို့ တွန်းထွက်သွားလျက် ပူနွေးလျက်ခံစားလိုက်ရသည်ကို သတိထားလိုက်မိပေသည်။

ဒါကြောင့်ပင်လျှင် စောစောက ထိုသိကာယာနုပဿနာ သတိပဋ္ဌာန်မှ ယခုထိသိခံစားရမှုအပေါ် သတိဖြင့်ရှုကြည့်လျက် တဖန်ကူးဆက်ကြည့်နေမိပြန်သည်။

ရှင်ရဟန်းသည် နှာသီးဖျားသို့ ထွက်လေဝင်လေတို့သည် ထိလျက်ဝင်သွားရာ၌ အေးမှုကိုခံစားရပြီး ထိုပြီးပြန်ထွက်ရာ၌ နွေးမှုကိုခံစားရမှုကို ခံစားရမှုအမျှ သတိနှင့် ရှုကြည့်နေရင်းဖြင့်၊

ဝေဒနာ – ခံစားရမှု
အနု – အစဉ်သဖြင့်
ပဿတိ – ရှုကြည့်၏။

ထွက်လေဝင်လေတို့ နှာသီးဖျား၌ ထိဝင်ထိထွက်လျက် ဓမ္မ နေ့မှုတို့ကို ခံစားရမှုအပေါ် အစဉ်သဖြင့် သတိနှင့်ရှု ကြည့်သည့် (ဝေဒနာနုပဿနာ-သတိပဋ္ဌာန်) တရားကိုရှုပွား ဆင်ခြင်မိလေသည်။

ဒီလိုနှင့် ရှင်ရဟန်း၏ စိတ်အစဉ်သည် တခြားသို့မရောက် မပြန့်ဘဲ နှာသီးဖျား၌ လေတို့တိုးဝင် ထိ-သိ-ဧ-သတိ တွန်း ထွက် ထိ-သိ-သတိတို့ဖြင့် ရှုမှတ်ပွားများနေခြင်းဖြင့်၊

စိတ္တ - သိမှတ်မှု

အနု - အစဉ်သဖြင့်

ပဿတိ - ရှုကြည့်၏။

နှာသီးဖျားဝသို့ လေတို့ တိုးဝင် တွန်းထွက်သည်များအ ပေါ် သတိမလစ်ရအောင် ရှုကြည့်မှတ်သားနေသည် (စိတ္တာ နုပဿနာ- သတိပဋ္ဌာန်) တရားကို ရှုပွားဆင်ခြင်မိပြန်ပေ သည်။

သို့ကလိုဖြင့် ရှင်ရဟန်းသည် ရှုကြည့်ပွားများရ ပွားများ နေရာမှ၊

## "ဖြစ်ပျက်နှင့်-ဓမ္မာနုပဿနာ"

ရှင်ရဟန်းသည် အာနာပါနသတိဖြင့်(ထိသိခံစား သတိ ထား) နည်းဖြင့် ရှုပွားဆင်ခြင်နေရင်းမှ၊

နာသီးဖျားသို့ တိုးဝင်မှု ခံစားခြင်းသဘောအစုကိုငင်း၊ နာသီးဖျားသို့ တွန်းထွက်နွေးမှု ခံစားရခြင်း သဘော အစုကိုငင်း။

အပြန်ပြန်သုံးသပ်ဆင်ခြင် ခြင်းဖြင့်—

နာသီးဝသို့ ဝင်လာသောလေသည်ငင်း၊ ခံစားရမှု သော့ သဘောသည်ငင်း၊ တည်တန့်နေခြင်း သဘောမရှိပါဘဲ ဖြစ်လိုက်ပျက်လိုက်သဘောမျှသာ ရှိပါကလား။

နာသီးဝသို့ တွန်းထွက်လာသော လေသည်ငင်း၊ ခံစားရသည့်ပူနွေးမှုသည့်ငင်း၊ တည်တန့်နေခြင်းငှာ မရှိပါဘဲဖြစ်ပြီး ပျက်နေပါကလား။

အမှန်တော့ ထွက်လေဝင်လေကိုသည် ဝင်ဖြစ်ပျက် ထွက်ဖြစ်ပျက်မျှသာ ရှိပါကလား။

ဒါဖြင့် ငါ၏ခန္ဓာကိုယ်ကြီး၏ အနှံ့အပြားမှာရောဘယ်လိုလဲ ဟု ရှင်ရဟန်းသည် ခန္ဓာကိုယ်ပေါ်လာသည့် ဉာဏ်ဘာရားဖြင့် သတိထားလျက် စိုက်ကြည့်လိုက်သည်။

ခန္ဓာကိုယ်ကြီးတခုလုံးမှာ ရှိန်ရှိန်လှုပ်လှုပ် သုတ်သုတ် ဂဠုခဏမဂ် တဖွဖွနှင့်ဖြစ်မှုပျက်မှုတွေကို တွေ့မြင်လာရသဖြင့် -

ဓမ္မာ — ဖြစ်မှုပျက်မှုသဘော
အနု — အစဉ်သဖြင့်
ပဿတိ — ရှုပွားဆင်ခြင်၏၊

ခန္ဓာ၌ ဖြစ်မှု ပျက်မှု သဘောအစုံအပေါ် အစဉ်သဖြင့် သတိနှင့် ယှဉ်လျက် ရှုပွားဆင်ခြင် (ဓမ္မာနုပဿနာသတိပဋ္ဌာန်)တရားကို နှလုံးသွင်း ပွားများနေမိပြန်သည်။

## "ရုပ်တရား နာမ်တရား"

ရှင်ရဟန်းသည် **အာနာပါနသတိမှသည်** ဓမ္မာနုပဿနာ သတိပဋ္ဌာန်တိုင်အောင် ရှုမြင်ပွားများရာမှ ဖြစ်ပျက်မှုတရား **အစုတို့ကို** သိလာရပေသည်။

သို့သော် ဖြစ်ပျက်မှုတို့၌ အဘယ်သို့သော သဘောတရားတို့သည်၊ ပေါင်းစုပါဝင်နေလေသနည်း ဟု ရှုပွားဆင်ခြင် နှလုံးသွင်းကြည့်ပြန်ရာ—

ထွက်လေ ဝင်လေသည် ရွေ့လျားပေါက်ပြန်တတ်သည့် (ရုပ်)သဘောအစုပါလား။

ဒီရွေ့လျား ပေါက်ပြန်မှုသဘောအစုပေါ်မှာ လိုက်သိနေဒါက သိမှတ်နေမှု (နာမ်) သဘောအစုပါလား။

ဒါဖြင့်—မြင်မှုတရားက ရုပ်အစု

သိမှုတရားက နာမ်အစု

ကြားမှုတရားက ရုပ်အစု

သိမှုတရားက နာမ်အစု

နံ့·မှုတရားက ရုပ်အစု

သိမှုတရားက နာမ်အစု
စားမှုတရားက ရုပ်အစု
သိမှုတရားက နာမ်အစု
ထိမှုတရားက ရုပ်အစု
သိမှုတရားက နာမ်အစု
တွေ့ပါလား စသည်ဖြင့်ရှင်း—

တဖန် —

ပူမှုအေးမှု ရုပ်အစု
သိမှုတရားက နာမ်
မာမှုပျော့မှု ရုပ်အစု
သိမှုတရားက နာမ်
လှုပ်ရှားတွန်းကန်မှုက ရုပ်အစု
သိမှုတရားက နာမ်
ယိုစီးဖွဲ့စည်းမှုက ရုပ်အစု
သိမှုတရားက နာမ်—

စသည်ဖြင့်ရှင်း၊

ရှင်ရဟန်းသည် သတိပဋ္ဌာန်တရားတို့ကို ရှုပွားရင်းမှ သိတန်သမျှတရားတို့ကို သိ၍ လာရပြန်ပေသည်။

"ရုပ်လဲမမြဲ နာမ်လဲမမြဲ"

ရှင်ရဟန်းသည် ခန္ဓာကိုယ်ကို ဉာဏ်စိုက်၍ ရှုပွားဆင်ခြင်နေရင်းမှ—

အမှန်တော့ မြင်, ကြား, နံ, စား,သိ,ထိ,ပူ,ေ,မာ,ပျော့, လှုပ်ရှား ထောက်ကန်, ယိုစီး, ဖွဲ့စည်းမှု ရုပ်နာမ်တရားတို့သည် မမြဲကြောင်း ဖေါက်ပြန်တတ်တဲ့သဘောမျှသာ ရှိပါကလား။

ထိုရုပ်တရားအစုတို့၏ ဖေါက်ပြန်မှုသဘောကို လိုက်၍သိနေမှုသဘော နာမ်တရားသည်လည်း မမြဲပါကလား။

တဖွဲဖွဲ တဖျောက်ဖျောက် ရွေ့လျား ဖေါက်ပြန်မှုတို့အပေါ်—

ဣတိရူပံ ဤသည်ကား ရုပ်ပါလား။

ဣတိရူပဿသမုဒယော– ဤရုပ်တရားစုအပေါ်မှာ တွယ်တာနေတဲ့သဘောပါလား။

ဣတိရူပဿအတ္တင်္ဂမော–ဤရုပ်တရားစုဟာ ပြီးတော့ချုပ်ပျောက်သွားပါလား။

ရုပ်လဲမမြဲ ဖြစ်ပျက်ဘဲ၊

နာမ်လဲမမြဲ ဖြစ်ပျက်ဘဲ ဟု တွေးဘော ဆင်ခြင်နေရာမှ—

တဖန်၊ နှာသီးဖျားမှ ဝင်လေ ထွက်လေ တို့သည်ရင်း၊ ခန္ဓာကိုယ်အနှံ့အပြား၌ တွေ့ထိရသမျှ ရွေ့လျားဖေါက်ပြန်နေမှု သဘောအစုတို့သည် (ရုပ်တရား)ဘဲ။

ထိုရုပ်တရားတို့၏ ဖေါက်ပြန်မှုအချင်းချင်း ထိတွေ့မှုအာ ပေါ်မှာ၊ သေည် ပူသည် ကြားသည် စသည်တို့ကို ခံစားရဒါ (ဝေဒနာ)ဘဲ။

ရုပ်တရားအချင်းချင်း ထိတွေ့မှုကို ခံစားရခြင်းဖြင့် ဖြူ သည် မဲသည် ကောင်းသည် မကောင်းသည်များကို အစဉ် သဖြင့် မှတ်သားတတ်တဲ့သဘောသည် (သညာ)ပါလား။

ရုပ်တရားအချင်းချင်း ထိတွေ့တိုက်ဆိုင် စေ့ဆော်မှုသ ဘောအစုသည် (သင်္ခါရ) တရားပါလား။

ရုပ်တရားအစုကို ထိတွေ့တိုက်ဆိုင် ပြုပြင်ပြောင်းလဲနေ သည့်အပေါ် အစဉ်သိမှုသဘော တရားသည် (ဝိညာဏ်) ပါ လား။

ဒါဖြင့်ရင် မြင်သမျှ တွေ့သမျှ ကြားသမျှ ထိသမျှ ပူသမျှ သေမျှ စသည့် ထိတွေ့မှု ဖေါက်ပြန်မှု တခါပေါ်တိုင်း၊ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ဆိုတဲ့ အချက် (၅) ချက် အစဉ်သဖြင့် ပေါ်လာလျက် အစဉ်သဖြင့် ပြန်ပျောက်သွား ပါကလား။

"ခန္ဓာငါးပါး ဖြစ်ပျက်တရား"

ရှင်ရဟန်းသည် ဉာဏ်နှင့်ဆင်ခြင် နှလုံးသွင်းရေးရင်း ခန္ဓာ ငါးပါးကိုမြင်လာရပြန်သည်။

တဖန်၊ ခန္ဓာငါးပါးတွင်လည်း၊
ထိတွေ့ဖေါက်ပြန်မှုက ရုပ်အစု

ခံစား မှု၊ မှတ်သားမှု၊ စေ့ဆော်မှုများကနာမ်အစု စသည် အားဖြင့်ရှင်း၊

ခန္ဓာ ၅-ပါးသည်၊
ရုပ်ခန္ဓာက ၁-ပါး၊
နာမ်ခန္ဓာက ၄-ပါးပါကလား ဟုသိမြင်လာပြန်ပြီး။
မြင်မှုတခါပေါ်ပါက ခန္ဓာ ၅-ပါးဖြစ်၊
မြင်မှုတခါပျောက်ပါက ခန္ဓာ ၅-ပါးပျက်၊
မြင်ဒါက-ရုပ်
မြင်ခံစားဒါက-ဝေဒနာ
မြင်မှတ်သားဒါက-သညာ
မြင်စေ့ဆော်မှုက -သင်္ခါရ
မြင်သိမှုက-ဝိညာဏ်

စသည်ဖြင့် ဗဟိဒ္ဓမြင်-ကြား-နံ-စား-ထိ-သိ အာရုံ (၆) ပါး အပေါ်ခန္ဓာ (၅) ပါးဖြစ်၊ ခန္ဓာပါးပျက်မှုသာရှိတဲ့ သဘော တရားပါလား ဟု မြင်လာလျက် ထိုမှတဖန်၊

အတွင်း အဇ္ဈတ္တကိုယ်တွင်းသဏ္ဌာန်ရှိလဲ ပူ-ဧ-မှု မာ-ပျော့ မှု လှုပ်ရှားထောက်ကန်မှု ယိုစီးဖွဲ့စည်းမှု စသည်များ၌လည်း ထိုအတူသာ ပူမှုဧမှု တွန်းကန်လှုပ်ရှားမှု မာမှုပျော့မှု ယိုစီးဖွဲ့ စည်းမှုများက ရုပ်အစု။

ခံစားရမှုက-ဝေဒနာ
မှတ်သားမှုက-သညာ

စွေဆော်မှုက-သင်္ခါရ
သိမှုက–ဝိညာဏ်

အဇ္ဈတ္တ- အတွင်းသန္တာန်မှာရှိနေတဲ့ ရုပ်နာမ်အစုတွေက လည်း ခန္ဓာငါးပါးသာလျှင်ဖြစ်၍၊ ခန္ဓာငါးပါးသာလျှင် ပျက်နေပါကလား။

"ဖြစ်ပျက်သင်္ခါရ တားမရ"

ရှင်ရဟန်းသည်အစဉ်သဖြင့် နှလုံးသွင်းဆင်ခြင်နေရင်းမှ- ခန္ဓာ(၅)ပါး ရုပ်နာမ်တရားတို့အား မပျက်စီးရန် ရည် သန်ကြည့်သော်လည်း ဘယ်သို့သောနည်းနှင့်မျှ ရုပ်တရား နာမ်တရားတို့အား မပျက်မစီးအောင် တားဆီးပိတ်ပင်၍ မရ ကြောင်းကိုလဲ တွေ့ထိမြင်ရ လသည်။

စောစောက မြင်တွေ့သိခဲ့ရသော ရုပ်နာမ်တရားတို့သည် လဲ ပြုပြင်ပြောင်းလဲ မမြဲကောန် ဖေါက်ပြန်ပြုပြင်တတ်သော သဘောသင်္ခါရတရားတွေ ဖြစ်ခဲ့သလို။

ယခုဖြစ်ဆဲ တိုက်ဆိုင်ဆဲ ရုပ်တရား နာမ်တရားအစုတို့ သည်လဲ ဖြစ်ပြီးပျက်နေတဲ့ သင်္ခါရတရားအစုတို့သာ ဖြစ်၍ နောက် ပေါ်ပေါက်တိုက်ဆိုင်လာအုံးမဲ့ ရုပ် နာမ် အစုတို့ သည်လဲ ဖြစ်ပြီးဘဖန်ပျက်ကြဦးမည့် သင်္ခါရသဘောအစုတို့ သာဖြစ်ကြ၍ အကြောင်းသင့်ခါ ဖြစ်လျက်၊ အကြောင်း

ယွင်းက ပျက်သွားကြသည်သာ ဖြစ်သော သင်္ခါရတရားတွေ ပါလား။

ပစ္စုပ္ပန္နာ အတီတာ နာဂတပစ္စုပ္ပန္နာ
အနိစ္စံ ခယဋ္ဌေန ဒုက္ခာ ဘယဋ္ဌေန
အနတ္တာ အသာရကဋ္ဌေန

အတီနာဂတ ပစ္စုပ္ပန္နာ၊ အတိတ်,အနာဂတ်,ပစ္စုပ္ပန် ကာလ သုံးပါးတို့၌ ဖြစ်ကုန်သော။

ပစ္စုပ္ပန္နာ၊ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ,ဝိညာဏ်တည်း ဟူသော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်။

အနိစ္စံခယဋ္ဌေန၊ မမြဲကုန် ပျောက်ပျက်ကုန်ခန်းတတ်သည့် အနက်သဘောကြောင့် အနိစ္စ)တရားပါလား။

ဒုက္ခာဘယဋ္ဌေန၊ ဖြစ်ပြီးပျက်တတ်တဲ့ မနှစ်သက်စရာ သဘောအစုတွေနဲ့ နှိပ်စက်နေတဲ့ ဘေးဟူသော အနက် သဘောသာရှိသောကြောင့်(ဒုက္ခ) တရားပါကလား။

အနတ္တာအသာရကဋ္ဌေန၊မဖြစ်မပျက်ပါနဲ့လို့ တားဆီးလို့လဲ မရ၊ ဖြစ်ပျက်ခဲ့သမျှမှာလဲ အနှစ်သာရ ဘာတခုမှရှာမရ ဘဲတဲ့ပြင် မိမိအလိုသို့လဲ မလိုက်တတ်သော အစိုးမရသည့် (အနတ္တ)တရားသာပါကလား။

## "ယထာဘူတနှင့်သမ္မသန"

ဤသို့ဖြင့် ရှင်ရဟန်းသည် မိမိခန္ဓာကို ညဏ်နှင့်ရှုပွား ဆင်ခြင်ရင်းမှ။

လောကီ သမာဓိမှ လောကုတ္တရာ အနိုးဥပစာရသမာဓိ သို့ပင်း။

လောကီစျာန်မှ လောကုတ္တရာအနိုး-ဥပစာရညဏ်သို့ရင်း။

တဆင့်ကူးတက်လျက် သမထတရားမှ ဝိပဿနာသို့သက် ဆင်းဝင်ရောက် ထွန်းတောက်လာပေတော့သည်၊ ရှုအားသန် လျက် မြင်အားကောင်း၍ အရှိန်ရလာသော ရှင်ရဟန်း သည်။

ရုပ်တရားတို့၏ သဘောသဘာဝကို ပိုင်းခြားသိသော (ရူပပရိစ္ဆေဒညဏ်)။

နာမ်ရုပ်တို့၏ သဘောသဘာဝကို၊ ပိုင်းခြားသိသော (နာမရူပပရိစ္ဆေဒညဏ်)တို့ကိုရင်း။

ငါကောင် သတ္တဝါကောင်ကားမရှိ ရုပ်သဘောတရား နာမ်သဘောတရားမျှသာ ရှိပါတကားဟု ဟုတ်တိုင်းမှန်စွာ သိမြင် သဘောတူသော (ယထာဘူတညဏ်) ကိုရင်း။

ရုပ် နာမ် တရားတို့သည်၊ ဖြစ်ပြီးပျက်နေ၍ မမြဲခြင်း (အနိစ္စ) ဆင်းရဲခြင်း၊ (ဒုက္ခ) အစိုးမရခြင်း၊ (အနတ္တ) တရားတို့ကို ဟုတ်တိုင်းမှန်စွာ သိလာရသည့် ယထာဘူတ

ဉာဏ်၊ အမှန်အရှိကို အရှိအတိုင်း အမှန်ဘက်မှ သိလာရသည့် (သမ္မသနဉာဏ်)ကိုရင်း။

ရုပ်တရား နာမ်တရားအစုတို့သည် တည်မြဲမှုမရှိပါဘဲ ဖြစ်ပြီး ပျက်နေတဲ့သဘောစုသက်သက်မျှသာပါလားဟု(ဥဒယဗ္ဗယဉာဏ်)ကိုရင်း။

တဖန်၊ ရုပ်တရား နာမ်တရားများသည် ဖြစ်သည်ထက် ပျက်သည်ကသာ ပို၍ထင်ရှားလာရကာ၊ အပျက်တရားကို အားကောင်းစွာ ထင်ရှားမြင်လာရသော (ဘင်္ဂဉာဏ်) ကိုရင်း။

"ဉာဏ်စဉ်အဆင့်ဆင့်သို့"

ရှင်ရဟန်းသည် ရှုမှတ်ပွားများဆင်ခြင်နေရင်းမှ တဆင့်တဆင့် ရှုအားသန်လေ မြင်အားကောင်းလေ ရှုအားကောင်းလေ မြင်အားသန်လေဖြင့်–

ရုပ်နာမ်တရားတို့သည် ဖြစ်ပြီး ပျက်နေခြင်းဖြင့်၊ ပူဖြစ်ပျက်ပျောက်၊ ၔ-ဖြစ်ပျက်ရောက်၊ နာဖြစ်ပျက်ပျောက်၊ ကျင်ဖြစ်ပျက်ရောက်နှင့် တစတစ အိုဖြစ်ပျက်၊ နာဖြစ်ပျက်၊ သေဖြစ်ပျက်သို့ ဦးတည်နိုပ်စက်နေသော ဘေးဟူသော အနက်သဘောမျှသာ အိုဘေး နာဘေး သေဘေးသို့သာ ပို့ဆောင်နေသဖြင့် ကြောက်စရာတရားတွေပါလားဟု သိမြင်သော (ဘယဉာဏ်)ကိုရင်း။

ထိုမှတပန်—

ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်၊ အို, နာ, သေ,ရေး ဖြစ်ပျက်ဒုက္ခဘေးတွေနှင့်သာ ပြည့်နှက်တဲ့သဘောအစုမျှသာ ဖြစ်လေသည်မို့၊ ငါ၏ ငါးပါးသောအစုအဝေး ခန္ဓာ၊ ခန္ဓာကြီးသည်၊ ချစ်ခင်ဘွယ် တွယ်တာနှစ်သက်ဘွယ် မဟုတ်ပါဘဲ၊ အို, နာ, သေ, ဖြစ်ပျက်တွေနဲ့ မနှစ်သက်စရာ အပြစ်သက်သက်သာပါကလားဟု (အာဒီနဝဉာဏ်) ကိုရင်း။

တပန်–

ခန္ဓာငါးပါး ရုပ်နာမ်တရားသာရှိလျက် ဖြစ်ပျက်တို့ဖြင့် နှိပ်စက်ခြင်းခံနေရပါသောငါ၏ခန္ဓာကြီးသည် တကယ်တော့ ငြီးငွေ့စရာသက်သက်ပါကလားဟု (နိဗ္ဗိဒါဉာဏ်) ကိုရင်း။

တပန်—

ခန္ဓာငါးပါး ရုပ်နာမ်တရားတို့နှင့်သာ ဖွဲ့အပ်ကုန်သော လူခန္ဓာ နတ်ခန္ဓာ ဗြဟ္မာခန္ဓာ သတ္တဝါခန္ဓာများကို ကြောက်စရာထင်လျက် အပြစ်မြင်ပြီး ငြီးငွေ့နေသော ပုဂ္ဂိုလ်အားထိုသင်္ခါရတရားတို့မှ လွတ်မြောက်လို ထိုသင်္ခါရတရားတို့ကို စွန့်လွှတ်လိုသော (မုစ္စိတုကမျတာဉာဏ်) ကိုရင်း။

ထိုမှတပန်

ခန္ဓာငါးဝ ရုပ်နာမ်ဓမ္မသင်္ခါရတရားအစုကို စွန့်လွှတ်လိုသဖြင့် ထိုသင်္ခါရတရားတို့ကို အပြီးတိုင် စွန့်လွှတ်နိုင်ရန် ထို

သင်္ခါရတို့၌ တဖန်ပြန်၍ အနိစ္စ, ဒုက္ခ, အနတ္တဟု နိုင်နင်းစွာ ရှုမြင်သော (ပဋိသင်္ခါဉာဏ်) ကိုရင်း။

တဖန်-

ခန္ဓာငါးပါး ဤ ရုပ်နာမ်တရားတို့ကို သာယာနှစ်သက်ခြင်းလည်းမရှိ၊ ကြောက်မက်ဘွယ်ဟူ၍လည်း ဂရုမစိုက်ဘဲ လျစ်လျူရှုကာ အနိစ္စ, ဒုက္ခ, အနတ္တဟု ဆင်ခြင်နေသော (သင်္ခါရုပေက္ခာဉာဏ်) ကိုရင်း။

ထိုမှတဖန်—

ရှင်ရဟန်းသည် ရှေး၌ အစဉ်မြင်ခဲ့ရ သိခဲ့ရသော ဉာဏ်စဉ်မှစ၍ အဆင့်ဆင့်မြင်လာခဲ့ရသော ဉာဏ်စဉ်များအပေါ် အစဉ်သဖြင့် ရှုမြင်ဆင်ခြင်သုံးသပ် ပွားများသော (အနုလောမဉာဏ်) ကိုရင်း။ တဆင့်တဆင့်တိုးတက်ရှုမြင်လျက်မှ=

ဤခန္ဓာငါးဝ ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့ကို မလွတ်မြောက်နိုင်သမျှ ဖြစ်ပျက်ရ ခန္ဓာသံသရာမှာ ကြီးစွာသော ဆင်းရဲကို ရချိမ့်တော့မည်၊ တရားမရခင်မှာ (ဝါ) မလွတ်မြောက်ခင်မှာ ဒီလိုနဲ့နေ ဒီလိုနဲ့သေရမှု ခန္ဓာသင်္ခါရဆင်းရဲ ဒုက္ခဖြစ်ပျက်တွေ ရချေတော့မည်။

## "ပုထုဇဉ်အနွယ်ဖြတ်ခြင်း"

ရှင်ရဟန်းသည်၊ ဖြစ်ပျက်သင်္ခါရတရားတို့ကိုသာ မြင်လာရကား — အသစ်တဖန် ဘာခန္ဓာရလျှင် ဖြစ်ပျက်သင်္ခါရတရား

တို့၏ ခြယ်လှယ်ပြုလုပ်သမျှ ခံရချေဦးမည်၊ ဒါကြောင့်— သံသရာလည်၍ ဘဝခန္ဓာများကို အတောမသတ်ရစေတတ်သည့် ပုထုဇဉ်အနွယ်ကိုတော့ဖြင့် ငါပြန်အလိုမရှိချေပြီ။

အရိယအဖြစ်ကိုသာ ငါတက်လှမ်းတော့မည်ဟု သဒ္ဓါတရား အခိုင်အမာဖြင့် ပုထုဇဉ် အနွယ်ကို ဖြတ်တတ်သော (ဂေါတြဘူ) ဉာဏ်သို့ ကူးမြောက်လျက်—

ဖြစ်ပျက်သမျှ သင်္ခါရအာရုံတို့ကို ထပ်ဖန်ကာလဲလဲ ရှုပွား ဆင်ခြင် နှလုံးသွင်းများနေရင်ဖြင့်—

ဖြစ်ပျက်သင်္ခါရတရားတို့သည် တစုံတယောက် တဘဝ၌သာ ခြယ်လှယ်ပြုပြင် နှိပ်စက်ဖိစီးနေသည် မဟုတ်ပါဘဲ ဘဝသံသရာ ခန္ဓာရသူအပေါင်းကို နှိပ်စက်တတ်တဲ့သဘော ရှိပါကလား။

သဗ္ဗေ သင်္ခါရာ အနိစ္စာ
သဗ္ဗေ သင်္ခါရာ ဒုက္ခာ
သဗ္ဗေ ဓမ္မာ အနတ္တာ

သဗ္ဗေ၊ အလုံးစုံသော ပုပုရွရွ မြင်ကြားရသမျှ သင်္ခါရ သဘောတရားတို့သည်။ အနိစ္စာ၊ အမြဲမရှိသည်သာတည်း။

သဗ္ဗေ၊ အလုံးစုံကုန်သော ပုပုရွရွမြင်ကြားရသမျှ သင်္ခါရ သဘောတရားတို့သည်။ ဒုက္ခာ၊ ဆင်းရဲသည်သာတည်း။

သဗ္ဗေ၊ အလုံးစုံကုန်သော။ ဓမ္မာ၊ ဖြစ်ပျက်တရားအစုတို့သည်။ အနတ္တာ၊ အလိုသို့မလိုက် အကြိုက်သို့လည်းမပါ အနှစ်သာရမရှိသော (အနတ္တ) သာတည်း။

## "ဒုက္ခသစ္စာ ပိုင်းခြားသိခြင်း"

ရှင်ရဟန်းသည် ဖြစ်ပျက်သခါရ တရားတို့ကို နှလုံးသွင်း ဆင်ခြင်ရှုပွားလျက်—

မြင်သမျှ ဖြစ်ပျက်
ကြားသမျှ ဖြစ်ပျက်
နံသမျှ ဖြစ်ပျက်
စားသမျှ ဖြစ်ပျက်
ထိသမျှ ဖြစ်ပျက်
သိသမျှ ဖြစ်ပျက်

ဟုမှု ဓမ္မ မာမှု ပျော့မှု ထောက်ခံ လှုပ်ရှားမှုများ ယိုစီး ဖွဲ့စည်းမှုများလဲ ဖြစ်ပျက်တွေနှင့် နာမှု ကျင်မှု ကိုက်မှု ခဲမှု ဖြစ်ပျက်တွေဟု အဖန်ဖန် ဆင်ခြင်မိသဖြင့်—

ဖြစ်ပြီးပျက် ဖြစ်ပျက်နဲ့ နှိပ်စက်ခံနေရတဲ့ ဆင်းရဲသက်သက် (ဒုက္ခ) သာ ရှိပါကလား။

တခါတလေမှ တည်တန့်လျက် ချမ်းသာဘက်ကို မပါဘဲ အမြဲတစေဖြစ်ပျက်တွေနဲ့ နှိပ်စက်နေပါကလား။

မဖေါက်မပြန် တကယ်အရှိသဘောက ဖြစ်ပျက် တရားသာ အမှန်ရှိတဲ့(သစ္စာ)။

အမြဲတစေ ဖြစ်ပျက်နေ၍ ဆင်းရဲနေရတဲ့ သဘောက (ဒုက္ခ)။

ဒါဖြင့် အမြဲတစေ ဖြစ်ပျက်နေဒါ(ဒုက္ခသစ္စာ)။

ငါ၏ခန္ဓာသည်(ဒုက္ခသစ္စာ) တရားပါလားဟု ပိုင်းခြား၍ သိမြင်လာပါတော့သည်။

ရှင်ရဟန်းသည် မိမိရှုမြင်သိရသော(ဒုက္ခသစ္စာ)တရားကို သုံးသပ်ဆင်ခြင်လျက်ရှိရာမှ တဖန်—

ဤဖြစ်ပျက်သခါရ ဒုက္ခသံသရာခန္ဓာကိုဖြင့် ငါမလိုချင်တော့ပြီ။

"သမုဒယသစ္စာ"

(မြန်မာလို-သမုယသဘောတရား)

ရှင်ရဟန်းသည် ဒုက္ခသစ္စာကို ပိုင်းခြားသိလာရပြီ ဖြစ်ရကား။

ဒုက္ခသစ္စာ ဤခန္ဓာကြီးကို မလိုချင်တော့ပါပေ။

သို့သော်ငြားလဲ မတွေ့ချင်မှ မြင်ရက်သား။

မယူချင်ပေမဲ့ ရရက်သား ဖြစ်နေရကား။

ဘာကြောင့်များ ဒီခန္ဓာကြီးကို ရလာရပါသလဲဟု ဉာဏ်နှင့် ဆင်ခြင်ပြန်လေသည်။

ဆင်းရဲဒုက္ခရဒါ ဒိဋ္ဌိခန္ဓာရလို့ဘဲ။
ခန္ဓာ ဘာကြောင့်ရပါလိမ့်။
ဘဝရလို့ ခန္ဓာရဒါပေါ့။
ဘဝဘာကြောင့်ရပါလိမ့်။
ကံလုပ်လို့ ဘဝရဒါပေါ့။
ကံ ဘာဖြစ်လို့ လုပ်ရပါလိမ့်။
ရယူချင်လို့ လုပ်တာပေါ့။
ဘာဖြစ်လို့ ရယူချင်ရပါလိမ့်။
စွဲလန်းလို့ ရယူချင်ဒါပေါ့။
ဘာဖြစ်လို့များ စွဲလမ်းရပါလိမ့်။
တပ်နှင်သက်လို့ပေါ့။
ဘာဖြစ်လို့ တပ်နှစ်သက်ပါလိမ့်။
ခံစားမိလို့ပေါ့။
ဘာဖြစ်လို့ ခံစားမိပါလိမ့်။
တွေ့ထိမိလို့ပေါ့။
ဘာဖြစ်လို့ တွေ့ထိမိပါလိမ့်။
အကြည်ဓာတ်ကြောင့်ပေါ့။
အကြည်ဓာတ် ဘာကြောင့်ရပါလိမ့်။
ထိသိနာမ်ရုပ် ရလို့ပေါ့။
ထိသိနာမ်ရုပ် ဘာကြောင့်ဖြစ်ရပါလိမ့်။
ဝိညာဏ်ဖြစ်လို့ ရတာပေါ့။

ဝိညာဏ် ဘာကြောင့် ဖြစ်ပါလိမ့်။
ပြုပြင်မှု သင်္ခါရကြောင့်ပေါ့။
ပြုပြင်မှုသင်္ခါရသဘော ဘာကြောင့် လုပ်ရပါလိမ့်။
အမှန်မသိရလို့ပေါ့။
အမှန်ဘာကြောင့် မသိရပါလိမ့်။
အလိုကျမှုမကျမှု တွေဝေမှုကြောင့်ပေါ့။
အလိုကျမှုမကျမှု တွေဝေမှုဘာကြောင့်ဖြစ်ရပါလိမ့်။
တွယ်တာမှုကြောင့်ပေါ့။
တွယ်တာမှု ဘာကြောင့်ဖြစ်ရပါလိမ့်။
အမှန် အမှန်အတိုင်း မမြင်စွမ်းနိုင်လို့ပေါ့။
ရှင်းပေပြီ၊ ရှင်ရဟန်း လုံးလုံးရားရားသိရပေပြီ။
အမှန် အမှန်အတိုင်းမသိဒါ (အဝိဇ္ဇာ)
ရုပ်နာမ်မသိဒါ (အဝိဇ္ဇာ)
အကြောင်းအကျိုးမသိဒါ (အဝိဇ္ဇာ)
ဖြစ်ပျက်(အဝိဇ္ဇာ)
ကံ ကံ၏အကျိုးကိုမသိဒါ(အဝိဇ္ဇာ)

အဝိဇ္ဇာငါးချက် သံကွန်ရက်ကြီး အုပ်စီးခံနေရ၍ အမှန်မသိ ညာဏ်မရှိ ဖြစ်ခဲ့ရသည်။

ဒါကြောင့် ခန္ဓာရကြောင်းဘွဲ့ကို အစီအရီ လုပ်ခဲ့မိပြီး ခန္ဓာရသည်။

မသိမိုက်မဲ မလိမ်မာသည့် (အဝိဇ္ဇာ)လျှင် အစရှိခဲ့သည့် (သမုဒယ)အဆုံး အတွယ်အတာဘေး ရစ်ဖုံးချီနှောင်ခဲ့လို့ အမှောင်ခွဲပြီး သံသရာမှာ ခန္ဓာတွေရလျက် ကံတွေနဲ့ကြွေး ဆပ်ပေမဲ့မကြေခဲ့ပါဘဲ အတိုးတွေသာ ထပ်ထပ်သည့်သဘော မျိုးနဲ့ ဘဝအမျိုးမျိုး ကျင်လည်ခဲ့ရပေသည်။

"သမုဒယဖြတ်မှ ခန္ဓာရပ်မယ်"

အဝိဇ္ဇာပစ္စယာ သင်္ခါရာ။
သင်္ခါရ ပစ္စယာ ဝိညာဏံ။
ဝိညာဏ ပစ္စယာ နာမရူပံ။
နာမရူပ ပစ္စယာ သဠာယတနံ။
သဠာယတန ပစ္စယာ ဖဿော။
ဖဿပစ္စယာ ဝေဒနာ။
ဝေဒနာပစ္စယာ တဏှာ။
တဏှာပစ္စယာ ဥပါဒါနံ။
ဥပါဒါနပစ္စယာ ဘဝေါ။
ဘဝပစ္စယာ ဇာတိ။
ဇာတိပစ္စယာ ဇရာ မရဏ သောက
ပရိဒေဝ ဒုက္ခဒေါမနဿုပါယာသာ
သမ္ဘဝန္တိ ဝေမေတဿ ကေဝလဿ
ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

အဝိဇ္ဇာလျှင် အစရှိ၍ သမုဒယလျှင် အဆုံးရှိသောအကြောင်းရင်းကြောင့် ဆင်းရဲမှုခန္ဓာဒုက္ခကို ရခြင်းပါလား ဟု၊

မသိဒါက အဝိဇ္ဇာ၊ တွယ်တာဒါက သမုဒယ။

ဒါဖြင့်ရင် မသိလို့တွယ်တာမိတဲ့ သမုဒယ သည်ပင်လျှင် ဆင်းရဲခြင်း၏အကြောင်း အမှန်စင်စစ်ဖြစ်ပေသည်။

မဖေါက်မပြန် တည့်တည့် မှန်သည်က (သစ္စာ)

တွယ်တာသည်က (သမုဒယ)

(သမုဒယသစ္စာ) ဆင်းရဲဖြစ်ကြောင်းအမှန် အကြောင်းတရားကြောင့်၊

သည်ဆင်းရဲခြင်းအမှန် ဒုက္ခသစ္စာကို ဖြစ်ရ ရရပါကလားဟု ရှင်ရဟန်းမြင်ပြန်လေသည်။

အမှန်တရားများကို ထိုးထွင်း၍ သိမြင်လာသော ရှင်ရဟန်းသည်—

ဒီအဝိဇ္ဇာ တဏှာ သမုဒယ တွေကြောင့် လူခန္ဓာ အိုနာ-သေ၊ နတ်ခန္ဓာ အို-နာ-သေ၊ ဗြဟ္မာခန္ဓာ အို-နာ-သေတွေ ရလျက် ဆင်းရဲဒုက္ခကို ရနေရခြင်းပါကလား။

အမှန်တော့ အဝိဇ္ဇာအစရှိသော သမုဒယ အစုအဝေးတို့သည် (ခန္ဓာ) ပေါင်းစုံ ထုတ်လုပ်သည့် သံသရာစက် အစက်ပါလား။

ဒီတော့ကာ ခန္ဓာရကြောင်း၊ သမုဒယကိုဖြတ်မှခန္ဓာရပ်မယ်။

ကောင်းပြီဒီလိုဆိုရင် သမုဒယကိုဘယ်ပုံဖြတ်ရမည်နည်း။

သမုဒယဆိုဒါ တွယ်မိရင် ဖြတ်ဘို့လွယ်ဒါမဟုတ်ဘူး။ ရွက်ကျပင်ပေါက်အမျိုးလိုဘဲ အရွက်မှလည်း အမြစ်ထွက်ရင်ထွက် အရိုးမှလည်းအမြစ်တွယ်လျှင် တွယ်တတ်သလိုဘဲ၊သမုဒယကလဲ တွယ်မိရင် အကြောင်းအမျိုးမျိုးနဲ့ တွယ်တတ်လေတော။

သမုဒယကို သတ်ရာဖြတ်ရာမှာ ပေါ့ပေါ့သဘောထား၍မရ အလေးအနက် သဘောထားရမည်ဖြစ်သည်။

## "သမုဒယကို ဝိုင်းပယ်သတ်ရ"

ဒီတော့ကာ သမုဒယကို အဆက်အသွယ်ဖြတ်ခြင်း မျိုးနှင့် မျက်နှာသာမပေးတန်း ခပ်ပြတ်ပြတ် သားသား အနေထားမျိုးနဲ့ သတိကြီးစွာထားပြီး သမုဒယအတွက် ခြေကုတ်မရအောင် အရာရာမှာ ကင်းကင်းရှင်းရှင်း နေခြင်းမျိုးနှင့်(၀ါ) ဝိုင်းပယ်သည့် သဘောမျိုးနှင့် ပတ်သက်၍ ဖြတ်သင့်တယ်လို့ရှင်ရဟန်းသုံးသပ်ဆင်ခြင်မိသဖြင့်။

သမုဒယကို သုံးစွဲမိလျှင် ဒုက္ခဆင်းရဲကို အကျိုးပေးလိမ့်မယ်။

သည်တော့ကာ ရှင်တော်မြတ်ဘုရားက မဂ္ဂင်ရှစ်ပါးကို ပွားများပါ၊ မဂ္ဂင်ရှစ်ပါးသာလျှင် နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းဖြစ်သည်ဟု မိန့်ကြားတော်မူသည်။

"မဂ္ဂသစ္စာ–မဂ္ဂင်ရှစ်ပါးအစားထိုး၍"

အရာရာမှာဖြစ်ပျက်လို့ရှုဒါ ဝိပဿနာ ကာကယ်ပင်ဖြစ်ပြီး ပျက်ပြီးနေဒါမြင်ရဒါ ဝိပဿနာဉာဏ်။

ဖြစ်ပျက်သာအမှန်ပါလားလို့ ပြင်သန်လာဒါ (သမ္မာဒိဋ္ဌိ မဂ္ဂင်) အတိတ်ကမြင်တွေ့ထိခဲ့ရတဲ့ သဘောဖြစ်မှုတွေလဲ ပျက်ခဲ့ရသာလို။

တိုက်ဆိုင်ဆဲ ရုပ်နာမ်အစုတို့သည်လဲ ဖြစ်ပျက်နေတယ်။

နောက်တိုက်ဆိုင် ပေါ်ပေါက်လာအုံးမဲ့ ရုပ်နာမ်တရား တွေကလဲ ဖြစ်ပြီးပျက်အုံးမှာဘဲ။

အတိတ် အနာဂတ် ပစ္စုပ္ပန် ရုပ်နာမ်တရားများအပေါ် ဖြစ်ပျက်တရားသာလျှင် အမှန်ရှိကြောင်းကောင်းစွာကြံစည် တွေးတောခြင်း(သမ္မာသင်္ကပ္ပမဂ္ဂင်)တည်း ဟူသော၊

ပညာမဂ္ဂင်နှစ်ပါးဖြင့် ဦးဆောင်လျက် ရှုပွားဆင်ခြင်မိ သည့်အားလျော်စွာ

ရှင်ရဟန်းသည် မြင်သမျှ တွေ့သမျှ ကြားသမျှ နံသမျှ စားသမျှ ထိသမျှစသည့်တို့သည် ဖြစ်ပြီးပျက်နေပါကလားဟု

ထိတွေ့တိုက်ဆိုင်တိုင်း ရုပ်နာမ်ပေါ်မှာ လုံ့လပြုလျက်ပွား များခြင်းဖြင့် (သမ္မာဝါယာမမဂ္ဂင်)ကို ပြည့်စုံစေ၍ရင်း။

အသင်စက်စက်တိုက်ဆိုင်မှု ရုပ်နာမ်တရားအစုသည် ဖြစ်ပျက်မှုသာရှိသည်ဟု အမှန်တရားကောင်း စိတ်၌ တည်နေမှု (သမ္မာသတိမဂ္ဂင်)ကိုရင်း။

ဖြစ်ပျက်သမှုသခ်ါရ အစုရုပ်နာမ်အမှုတို့သည် ဖြစ်ပျက်မှုတပါးအခြားသဘောမရှိပေဘူးဟု ရုပ်နာမ်အပေါ်ဖြစ်ပျက်တရားကိုသာ စွဲစွဲမြဲမြဲရှုကြည့်တည်နေမှု (သမ္မာသမာဓိမဂ္ဂင်) ကိုရင်း။

ရုပ်နာမ်ဖြစ်ပျက် သခ်ါရစနက် အကျိုးဆက်ဖြစ်သော ယိုယွင်းဖေါက်ပြန် လောကဓံ၌ ခန္ဓာရကြောင်း မကောင်းသောပြောဆိုမှု ကံအပြုကိုမပြုမှု၍ကောင်းသောမှန်ကန်သော စကားကိုသာ ပြောဆိုမည်ဟု (သမ္မာဝါစာမဂ္ဂင်)ကိုရင်း။

ယွင်းမှားဖေါက်ပြန်လောကဓံ၌ သခ်ါရစနက် ရုပ်နာမ်ဆက်သည် အသစ်ခန္ဓာရသည့်အလုပ်ကံ အတွက်ကို မပြုလုပ်ပါဘဲကောင်းသောပြုလုပ်မှုမှန်ကန်သောပြုလုပ်မှုသာ ပြုလုပ်မည်ဟု (သမ္မာကမ္မန္တမဂ္ဂင်)ကိုရင်း။

ယွင်းမှားဖေါက်ပြန် လောကဓံ၌ ရုပ်နာမ်နှစ်ဝ သခ်ါရတို့ဖြင့် ဆင်းရဲစုံဆောင်းရကြောင်း ဖြစ်ရေးမကောင်းသော အသက်မွေးမှုကို ကြဉ်ရှောင်မည်ဟု ကောင်းမွန် မှန်ကန်သော (သမ္မာအာဇီဝမဂ္ဂင်)ကိုရင်း။

"ပဋ္ဌမအာရိယဝံဝိဇ္ဇာသို့"

ရှင်ရဟန်းသည် မဂ္ဂင်ရှစ်ပါးမြတ်တရားကို အစဉ်အတိုင်း သုံးသပ်ဆင်ခြင်ကြည့်၍ရင်း အပြန်ပြန်ဆင်ခြင်ကြည့်၍ရင်း။

သမုဒယအကြောင်းကြောင့်၊
ဒုက္ခ ဆင်းရဲကို ဖြစ်စေသည်ဆိုလျှင်၊
မဂ္ဂ အကြောင်းဖြင့် အစားထိုး၍၊
သုခ နိရောဓအကျိုးကို ရစေနိုင်မည်ဟု ယုံကြည်စွာ ဆုံးဖြတ်လိုက်ပြီး။

မဂ္ဂ နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်း။

သစ္စာ မဖေါက်မပြန်သောအမှန်။

နိဗ္ဗာန်ရောက်ကြောင်း မဖေါက်ပြန်သော အမှန်ကောင်း မြတ်သောလမ်း(ဂါ) အကျင့်ဟာမဂ္ဂင် (၈) ပါး အကျင့်ဘဲ ဟု အလေးအနက်ယုံကြည်လျက် သဒ္ဓါတက်၍။

ခန္ဓာကို ညာဏ်စိုက်ပြီး ဖြစ်ပျက်တရားတို့ကို သတိနှင့်ချပ်လျက် ကပ်လျက် ပွားများရင်းမှ—

ဖြစ်ပျက်ကိုဖြင့် မလိုချင်၊

မလိုချင်တဲ့မဂ်တရားကို၊ ဘာဝိတာ–ပွား၊ဗဟုလီကတာ၊ ကြိမ်ဖန်များစွာ ပွားများရင်း မဂ် ဇောမှဖိုလ်သို့ ကူးပြောက် အလင်းရောက်သဖြင့်—

သောတာပတ္တိမဂ် သောတာပတ္တိဖိုလ်သို့ တည်လျက် သောတာပန် အရိယာစင်စစ် ဖြစ်ရပါလေတော့သည်။

ရှင်ရဟန်းသည် ပဌမမဂ် ပဌမဖိုလ်တို့ဖြင့် နိရောဓသစ္စာ ဒုက္ခငြိမ်းချမ်းရာ အမှန်မြတ်နိဗ္ဗာန်ကို ဧကန်မျက်မှောက်ပြု ရောက်ရပေတော့သည်။

## "အထက်မဂ်ဖိုလ်များသို့"

ရှင်ရဟန်းသည် တမဂ်တဖိုလ်ရပြီး အရိယာပုဂ္ဂိုလ်မြတ်ဖြစ် လျက်မှ—

ပစ္စဝေက္ခဏာဉာဏ်ဖြင့် ခန္ဓာအစဉ် သမ္ပဇဉ်ဉာဏ်ယှဉ်ပြီး ကြိမ်ဖန်များစွာ ဆင်ခြင်ရှုပွား အားထုတ်ပြန်ရာ—

ဒုတိယမဂ် ဒုတိယဖိုလ်သို့ ကူးရောက်ခါ နိဗ္ဗာန်သို့ နှစ် ကြိမ်မြောက် မျက်မှောက်ပြုလျက် ကူးရောက်ခါ (သကဒါဂါမ်)အရိယာပုဂ္ဂိုလ်ထူးကြီးအဖြစ် ရောက်ရှိ အောင်မြင်ခဲ့ရ ပြန်ခါ။

ထပ်ဖန်တလဲလဲ ဖြစ်ပျက်သင်္ခါရတရားတို့ကိုပင် ဆင်ခြင် သုံးသပ်လျက် မဂ်ဉာဏ်ဖြင့် ဖြတ်သဖြင့် တတိယမဂ် တတိယ ဖိုလ်သို့ ကူးဝင်ရောက်ရှိ (အနာဂါမိမဂ် အနာဂါမိဖိုလ်) သို့ ကူးဝင်ရောက်ခါ၊ (အနာဂါမ်) အရိယာပုဂ္ဂိုလ်ထူးကြီး စင်စစ်ဧကန် ဖြစ်ခဲ့ရပြန်ပါသည်။

ထိုမှတဖန် ဖြစ်ပျက်သမျှ သင်္ခါရတရားတို့ကိုပင် ထပ်ဖန် တလဲလဲ ပွားများလျက် တဏှာ သမုဒယ ကိလေသာတရား တို့ကို မဂ်ဉာဏ်ဖြင့် ဖြုတ်အပ်သည်ရှိသော်-

စတုတ္ထမဂ် စတုတ္ထဖိုလ်သို့ ကူးဝင်ရောက်လျက် အရဟတ္တ မဂ် အရဟတ္တဖိုလ်သို့ ကူးဝင်ရောက်ပြီး၊ (အရဟန္တ ရဟန္တာ) အရိယာပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီး ဖြစ်ခဲ့ရပါပေတော့သည်။

"အရိယမဂ္ဂဝိဇ္ဇာ"

ပဋိသမ္ဘိဒါ လေးပါးနှင့်အတူ။

ရှင်ရဟန်းသည် သစ္စာ (၄) ပါး မြတ်တရားကို ကျင့်ခဏ်း ဆုံးပေါက်အရဟတ္တဖိုလ်သို့ရောက်ခါ (၃၁) ဘုံဝဋ္ဋဒုက္ခသံသရာ စက်ကို အကုန်လိုက်ဖြတ်လျက် ခွဲထွက်ပေါက်ခါ။

အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော မဂ်လမ်းခရီးမှ-

အရိယော = ဖြူစင်မြင့်မြတ်သော

မဂ္ဂေါ = သစ္စာလေးပါးမြတ်တရားကို

ဝိဇ္ဇာ = အတတ်အသိ အလိမ္မာတရား

တို့ဖြင့် ကျွမ်းကျင်စွာ သိနိုင်ပိုင်ဆိုင်ပြီးသော၊ (အရိယ မဂ္ဂဝိဇ္ဇာ) ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီး ကေန်စင်စစ်ဖြစ်ခဲ့ရ အောင်မြင်ခဲ့ရပါပေတော့သတည်း။

## "ကောင်းကင်ခရီးမှ ရှင်တော်မြတ်ဘုရားထံသို့"

ရှင်ရဟန်းသည် ဈာန်ရ အရိယဓမ္မဝိဇ္ဇာ ရဟန္တာပုဂ္ဂိုလ် မြတ်ကြီးဖြစ်သည့်အားလျော်စွာ။

တခဏမျှ ဆင်ခြင်သုံးသပ်၍ ပြုဘွယ်ရာမရှိ လောက၏ အဆုံး သံသရာ၏အဆုံး ဘုံဘဝခန္ဓာတို့၏အဆုံးသို့ ရောက်ပြီး။

ကျင့်ခဏ်းဆုံးပေါက် ထွက်ရပ်နိဗ္ဗာန်သို့ ရောက်ပြီး ကြောင်းသိရသဖြင့်–

ဈာန်အဘိညာဏ်တန်ခိုးတော်ဖြင့် ကောင်းကင်သို့ ပျံတက် ကာ။

အလွန်တင့်တယ် သပ္ပါယ်သော အဆင်းတော်တို့နှင့်–

သုံးဆယ့်တစ်ဘုံ ဝဋ္ဋဒုက္ခသံသရာမှ လွတ်မြောက်အောင် မြင်ပြီးဖြစ်ကြောင်း၊ အောင်တံခွန် ဖန်ရည်စွန်းသော သင်္ကန်း တော်ကို ကောင်းကင်ယံ အာကာသအတွင်း၌ လေနှင့်အတူ ပြန့်လွင့်ထူလျက် တလူလူဖြင့်ကြည်ညိုဘွယ်ရာ ကြွမြန်းလျက်။

အရိယာအပေါင်းတို့၏အချုပ် လူအရိယာ နတ်အရိယာ ရသေ့အရိယာ ရဟန်းအရိယာတို့၏ အချုပ်အမှူးကြီး ဖြစ် တော်မူ၍ သစ္စာလေးဝ မြတ်ဓမ္မအရှင် ဝိဇ္ဇာစရဏသမ္ပန္နဂုဏ် သာခင်–

(အရိယဓမ္မဝိဇ္ဇာ)တို့၏ ဘခင်ကြီးဖြစ်သော မြတ်စွာဘုရားသခင် အရှင်မြတ်ကြီး ရှိရာသို့ ကြွရောက်တော်မူလျက်။

လေးပါးသောမဂ် လေးရပ်သောဖိုလ်တို့ဖြင့် တည်လျက် လပြည့်နေ့ည လပြည့်ဝန်းကြီးအား ကြယ်တာရာဝန်းရံခဲ့သလို ပဏ္ဍာရစွာ ရှိခိုး၍ တည်နေပါလေတော့သတည်း။

လေးပါးသစ္စာ ရပြီးဒါ အရိယဓမ္မဝိဇ္ဇာမည်။
အရိယဓမ္မဝိဇ္ဇာ ဖြစ်ကြပါစေ။
များဝေနေတို့ဟု ဆန္ဒ ပြုလိုက်ရပေတော့သည်။

# အခန်း (၅)

## "ဒေသနာတော်၏ အကျိုးကိုဆင်ခြင်သုံးသပ်ချက်"

ဤဒေသနာအစဉ်ကို ဆင်ခြင်သုံးသပ် ကြည့်လတ်သည်ရှိသော်-

ရွှေပန်းထိမ်သည်၏သား ရဟန်းသည် အရိယမဂ္ဂဝိဇ္ဇာ ချာန်ရ ရဟန္တာဖြစ်ခဲ့သည့်အကြောင်းကို ထင်ရှားစွာသိမြင်ရပေသည်။

သို့သော် ထိုအရှင်မြတ်သည် ပဌမ အသုဘကမ္မဋ္ဌာန်းနှင့် တရားမရခဲ့ကြောင်းလဲ ထင်ရှားစွာသိရပေသည်။

ဘာကြောင့် ပါရမီအရှင်ကောင်းဖြစ်ပါလျက် ပဌမ ကမ္မဋ္ဌာန်းနှင့် တရားထူးမရခဲ့ပါသလဲ စဉ်းစားစရာရှိပေသည်။

လိုရင်းမှာ ရှင်းနေပါသည်၊ မိမိနှင့်လိုက်လျောမှု မရှိသော ကမ္မဋ္ဌာန်းကို အားထုတ်ရ၍ စိတ်၏တည်ကြည်မှုမရခဲ့သဖြင့် ချာန် မဂ် ဖိုလ်တရားတော်များကို မရခဲ့ခြင်းဖြစ်လေသည်။

ထိုနောက်မှတဖန် ရှင်တော်မြတ်ဘုရား ထံတော်ရောက်လျက် လိုက်လျောညီသော ကမ္မဋ္ဌာန်းတရားကို ပေးသဖြင့် (လောဟိတ)ကသိုဏ်း ကမ္မဋ္ဌာန်းမှ စိတ်၏တည်ကြည်မှုရလျက် သမထနှင့် ချာန်တရားကိုလည်းကောင်း၊ ဝိပဿနာဖြင့် မဂ်ဖိုလ်နိဗ္ဗာန် တရားတို့ကိုလည်းကောင်း၊ ရရှိတော်မူခဲ့ခြင်းဖြစ်ပေသည်။

ဤကဲ့သို့အဆင့်ဆင့်အောင်မြင်ခဲ့ရခြင်းသည်ဆရာကောင်း ဖြစ်သော အရှင်သာရိပုတ္တရာအရှင်မြတ်ကြီး၏ ကျေးဇူးတော် တို့သည် မေ့မရကောင်းသော အရေးကြီးကဏ္ဍ၌ ထင်ရှား သောအပြုသဘောနှင့် အမြော်အမြင်ကြီးမားခြင်း၊ သဘော ထားကြီးမားခြင်း လိုရာသို့ မဆိုင်းမတွ ပို့ပေးလျက် အောင် မြင်စေခြင်းစသည်တို့မှာ ဆရာကောင်းဆရာမြတ်၏ စွမ်းရည် ထူးများဖြစ်ကြောင်း ပေါ်လွင်ခဲ့ပေသည်။

## "ဆရာကောင်းရခြင်းအကျိုးများ"

အရှင်သာရိပုတ္တရာဟည်းဟူသော ဆရာကောင်းအရှင် မြတ်ကို ချဉ်းကပ်ကိုးကွယ်ရသဖြင့်၊

၁။ အရှင်သာရိပုတ္တရာအရှင်မြတ်ကို ဆရာ ဥပဇ္ဈာယ်ပြု လျက် သာသနာ့ဘောင်သို့ ရောက်ခဲ့ရခြင်း။

၂။ ဆရာကောင်းအရှင်မြတ်မှ အသုဘကမ္မဋ္ဌာန်းကို ပေး ၍ ကျင့်ဆောင်စေခဲ့ခြင်း။

၃။ ထိုကမ္မဋ္ဌာန်း၌ စိတ်ကို မတည်ကြည်သည်၏ အဖြစ်ကို အကျိုးအကြောင်းဆင်ခြင်လျက် ဂရုတစိုက်အရေး တယူ သုံးသပ်ဝေဘန်ပေးခြင်း။

၄။ ဆင်ခြင်သုံးသပ်၍ ဖြစ်နိုင်ရာကို စူးစမ်းလျက် တပည့် ၏တိုးတက်မှု တရားထူးများရရှိရေး ကောင်းကျိုးကို

အရေးတယူသဘောထားလျက် သင့်တော်သောဌာန (ရှင်တော်ဘုရား)ထံသို့ ဦးဆောင်ပို့ပေးခဲ့ခြင်း။

၅။ ရှင်တော်မြတ်ဘုရားအထံ၌ အကျိုးအကြောင်းတို့ကို စေ့စေ့စပ်စပ် လင်စွာ အကြောင်းရင်းကို မထိမ်ဝှက် တိုးတက်မှု အပြုသဘောသက်သက်ဖြင့် သဘောထားကြီးမြတ်စွာ လျှောက်ထားခါ မိမိ၏တပည့်သားဖြစ်ကြောင်းကိုပါ သိကြားစေတော်မူလျက် အရေးတယူ စေတနာဖြူဖြင့် ဦးဆောင်လျှောက်ထား အပ်နှံပေးခြင်း ၊

ဤသို့သောအောင်မြင်မှု (ဝါ) အရဟတ္တမဂ်ဖိုလ်နိဗ္ဗာန်ရကြောင်း၏ အစိတ်အပိုင်း အထောက်အပံ့များဖြစ်ပေသည်။ ဤကဲ့သို့သော အကြောင်းတရားများ ဆက်စပ်မှုများ သာမရရှိခဲ့ရင် ရှင်တော်ဘုရားထံရောက်၍ အောင်မြင်မှု အရဟတ္တဖိုလ်ကို ဆွတ်ယူနိုင်မှုအတွက် ပြည့်စုံနိုင်မည် မဟုတ်ပါပေ။

သို့မို့ကြောင့် အမြော်အမြင်ကြီးမားလျက် ဆင်ခြင်တုံတရားနှင့် သဘောထားကြီးမား ပညာအသိတရားနှင့် ပြည့်စုံသော ဆရာကောင်းကို ရဖို့လည်းအရေးကြီးလှပေသည်။

တခါတုန်းက ညီတော်အာနန္ဒာက ရှင်တော်မြတ်ဘုရား- လောကမှာ ဆရာကောင်းကို ရခြင်းချဉ်းကပ်ရခြင်းသည် မိမိ၏ အောင်မြင်လိုမှုကိစ္စအတွက် ဟက်သောအတိုင်းအတာ

ဖြင့် အောင်မြင်ခဲ့ပြီး ဖြစ်ပါတယ်ဘုရားဟု လျှောက်ထားခဲ့ဘူးပေသည်။

ထိုအခါ ရှင်တော်မြတ်ဘုရားက ချစ်သားအာနန္ဒာ၊ဆရာကောင်းဆရာမြတ်ကိုရခြင်းသည် ကိစ္စအားလုံးပြီးစီးခြင်းမည်တယ် ချစ်သားဟု ဖြည့်စွက် မိန့်ကြားတော်မူခဲ့ဘူးပေသည်။

ဤသည်ကို ကြည့်ခြင်းအားဖြင့်လဲ ဆရာကောင်းသည် အရေးကြီးသော ကဏ္ဍမှာ ထင်ရှားပါဝင် ပေါ်လွင်နေပါသည်။

## "ရှင်တော်မြတ်ဘုရား ကျေးဇူးဂုဏ်များ"

တဖန် အရှင်သာရိပုတ္တရာမှ-

ရှင်တော်မြတ်ဘုရားတည်းဟူသော ကျေးဇူးတော်အနန္တမဟာအတုလ မှုိထွဋ်ဖူးအရှင်မှန် အရှင်မြတ်ကြီးထံရောက်၍-

ကျေးဇူးတော်ရှင် မြတ်စွာဘုရားသခင်အရှင်မြတ်ကြီးအား ဆရာအဖြစ်ရခဲ့ပြန်ရကား။

၁။ ရှင်တော်မြတ်ဘုရားမှ ရှင်ရဟန်းအား အမျိုးအမည်ကိုမေးခြင်း။

၂။ ရှေ့ပန်းထိမ်သည်သားမှ ရဟန်းဖြစ်လာရကြောင်းကြားသိတော်မူပြန်လျှင် နောက်အတိတ်ဘဝ စသည်တို့ကရော ဘယ်လိုအမျိုး၌ ဖြစ်ခဲ့ရဘူးသေးသလဲဟု ရွှေဉာဏ်တော်ဖြင့်စူးစမ်းဆင်ခြင်ကြည့်မြင်ပေးခြင်း။

၃။ ဤဘဝမှ နောက်အတိတ်ခန္ဓာ (ဘဝခန္ဓာ ၅၀၀) တိုင်တိုင် ရွှေပန်းထိမ်သည်အမျိုး၌သာ ဖြစ်ခဲ့ကြောင်းကို မြင်သိတော်မူသဖြင့် မည်သည့်ကမ္မဋ္ဌာန်းကို ပေးရမည်ကို စူးစမ်းဆင်ခြင်ပေးခြင်း။

၄။ စူးစမ်းဆင်ခြင်မှုများ၏ အဆုံးအဖြတ်ဖြင့် သင့်တော်သော (လောဟိတ) ကမ္မဋ္ဌာန်းကို၊ ပေးသနားတော်မူခြင်း၊ ဤနေရာ၌ တန်ခိုးတော်ရော ဉာဏ်တော်အရာကိုပါ အရေးတယူ ထည့်သွင်းသုံးစွဲတော်မူခြင်း။

၅။ ကမ္မဋ္ဌာန်းကိုရော၊ ကမ္မဋ္ဌာန်းပရိကံ ကြာနီပန်းကြီးကိုပါ စီစဉ်ပေပြီး၊ လိုအပ်သည်များကို ညွှန်ကြားပြသ သင်ကြားပေးတော်မူခြင်း။

၆။ သင်ကြားပေးပြီးနောက် ပြီးပြီးရောသဘောမျိုး လုံးဝမရှိခဲ့ဘဲ၊ တပည့်သား၏ တိုးတက်မှုအခြေအနေကို သတိထား စောင့်ရှောက်ကြည့်ရှုပေးခြင်း၊ လိုအပ်သလို တည့်မတ်ပေးခြင်း၊ (ဝါ) တန်ခိုးတော် ဉာဏ်တော်တို့ဖြင့် ထိန်းသိမ်းပေးခြင်း။

၇။ ဈာန်ရသည့်အဆင့် ရောက်လာပြန်သောအခါ၊ဈာန်အကြောင်းကို (သမထ၏ အကျိုးဆက်)ကို ပေးသိစေပြီး။

ထိုသမထ၏ အကျိုးတရားသည် သုံးဆယ့်တစ်ဘုံမှာသာ အထွဋ်ဖြစ်လျက်၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့နှင့်သာ ရောက်နိုင်သောနိဗ္ဗာန်အလို့ငှါ အကျွမ်းမဝင်ကြောင်း။

၈။ စျာန်ယဉ်သည် ပြဟ္မာဘုံကိုသာ သယ်ဆောင်နိုင် ပို့ပေးနိုင်ကြောင်း— နိဗ္ဗာန်သို့ပို့မပေးနိုင်ကြောင်း။

၉။ စျာန်ယဉ်ကို ဉာဏ်ယှဉ်ပြီး၊ ဝိပဿနာ သတိပဋ္ဌာန်တရားများနှင့် ပေါင်းစေလျက် သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ- စသည် ပညာမဂ္ဂင်တရား၏ ဦးဆောင်မှုကို ခံယူလျက်၊ စျာန်နှင့်ဉာဏ် စုပေါင်းအားဖြင့် သိပ်သည်းမှု ကျစ်လစ်မှုဖြစ်စေလျက် ဒုက္ခသစ္စာကို ထွင်းပေါက်မြင်စေခြင်း။

၁၀။ ဒုက္ခသစ္စာ၏၊ အကြောင်းရင်းကို အမြစ်မှ ဖေါ်ပြလျက်- သတ်ရဖြတ်ရမည့် နေရာနှင့် အကြောင်းကို အကျိုးကို၊ လိုရင်းရောက်၍ သဘောပေါက်အောင် ညွှန်ကြားပြသ ဟောကြားတော်မူခြင်း။

စသည်ဖြင့် ဆရာကောင်း ဆရာကြီးကို မှီဝဲဆည်းကပ်ရခြင်းကြောင့် နိဗ္ဗာန်သို့ဘုတ်ချောက် အရောက်အောင်မြင်ခြင်းအကြောင်း အသောက်အပံ့တို့ကို ကြီးစွာရရှိခဲ့ရပေသည်။

သို့မို့ကြောင့်လည်း နိဗ္ဗာန်အလို့ငှါ ဆရာကောင်းသည် လွန်စွာမှ အရေးကြီးကြောင်း ထင်ရှားလှပါပေသည်။

## "တပည့်ကောင်း"

ဆိုအပ်ခဲ့သည့် ဖော်ပြချက် သုံးသပ်ချက်များသည် ဆရာကောင်း၏ အားကိုးတိုက်တွန်းမှုနှင့် အားကိုးရမှု အကူအညီရမှုများသာ ဖြစ်လေသည်။ (ဝါ)ဦးဆောင်သည့် ဆရာကောင်းရမှု၏ အကျိုးဆက်များ အကျိုးတရားအတွက် အထောက်အပံ့ ကျေးဇူးများပုံသာ ဖြစ်ပေသည်။

## "မိမိ (ဝါ) တပည့်ကလျာမှ လိုက်နာရန်အချက်များ"

ဤဒေသနာတော်မှာပင် တပည့်ဖြစ်သူ ရှင်ရဟာန်း၏ကလျာကိုကြည့်ပါ။

လိုရင်းဆိုကြပါစို့

ရှင်ရဟာန်းသည်—

၁။ နိဗ္ဗာန်ရောက်လိုမှု (ဝါ) ဒုက္ခစက်မှ လွတ်မြောက်လိုမှု ရည်ရွယ်ချက်ရှိနေသည်။

၂။ ဒုက္ခစက်၏ လွတ်မြောက်ရာ နိဗ္ဗာန်တည်းဟူသော ရည်ရွယ်ချက်ကို ရောက်ရှိရေးအတွက်—

ဒုက္ခစက် အို, နာ, သေ၊ သံသရာဝဋ်မှသည် ဒုက္ခလွတ်မြောက်ရာ နိဗ္ဗာန်သို့ဟု ဦးတည်ချက်ကို ဦးလည်မသုန် ရှိနေသည်။

၃။ သည့်အတွက် ဆောင်ရွက်ပြုလုပ်ရမည့် အကျင့်စရဏ စသည်တို့ကို လိုအပ်သလို ခရီးပြီးဆုံးသည် အထိ (ဂ) ရည်ရွယ်ချက်အောင်မြင်မှု အတိုင်းအတာ အထိ လုပ်ဆောင်ခဲ့ပေသည်။

ရည်ရွယ်ချက်၏လုပ်ငန်း

ဤနေရာ၌ သတိထားကြည့်ရမည်မှာ ရည်ရွယ်ချက်သည် တင်ကြိုပန်းတိုင်မျှသာ ဖြစ်ပေသည်၊ ဖြစ်လိုသည့်ဆန္ဒသာဖြစ် သည်မို့ ဆန္ဒပြုထားလိုက် ဆုတောင်းထားလိုက်ရုံသာ ရှိ သည်။

ဦးတည်ချက်၏လုပ်ငန်း

နောက်ဦးတည်ချက်သည်- လုပ်ငန်းတခုလုံးက ပဲ့ကိုင် ပေးထိန်းသိမ်းပေးနေရမှု လိုအပ်သည့်ပန်းတိုင် ရည်ရွယ်ချက် အရောက် တည့်မတ်စွာ ဦးတည်မသွန် ဘာမဆိုထွင်းဖေါက် လျက် အရောက်သွားနိုင်ဘို့အတွက် အရာခပ်သိမ်း အသင့် အနေအထားနှင့် မျက်နှာမူထားခြင်း ဖြစ်ပေသည်။

လုပ်ဆောင်ချက်၏လုပ်ငန်း

နောက်လုပ်ဆောင်ချက်မှာ ရည်ရွယ်ချက်အတွက် လိုအပ် သလို အတိုင်းအတာ အာလုံးဖြင့် အချက်အလက်အားလုံး ဖြင့် လိုအပ်သည့် လှုပ်ရှားမှုအားလုံးကို လုပ်ဆောင်ရမည် ဖြစ်ပေသည်။

ဒါကြောင့်—

ရှင်ရဟန်းသည် လုပ်ဆောင်ချက်များကို လိုက်နာသော အားဖြင့်—

(က) ပဌမဆရာမြတ် အရှင်သာရိပုတ္တရာ ပေးသနားတော်မူသော အသုဘကမ္မဋ္ဌာန်းကို မငြင်းမဆန် ဆရာညွှန်ကြားသည့်အတိုင်း လိုက်နာအားထုတ်ခဲ့ခြင်း။

(ခ) အားထုတ်ရာ၌ လိုအပ်သည့်နေရာ ဒေသ ဌာန အာဝါသ အာဟာရ ဂေါစရဂါမ်စသည့် လျောက်ပတ်သော နေရာအရိပ်၊ စားသောက်ဖွယ်ရာ ပတ်ဝန်းကျင်နယ်မြေတို့ကိုပါ ရွေးချယ်မှု လုံ့လပြုခြင်း။

(ဂ) သင့်တင့်လျောက်ပတ်သောအရပ်၌ ချဉ်းကပ်လျက် ဇွဲလုံ့လဖြင့် ကျင့်ကြံအားထုတ်ခြင်း၊ သို့လော သို့လော အယူမမှား စိတ်မပြားဘဲ ဆရာသမားညွှန်ကြားသည့်အတိုင်း အားထုတ်လုပ်ဆောင်ခဲ့ခြင်း။

(ဃ) ကမ္မဋ္ဌာန်းအာရုံ၌ စိတ်မဘည်ငြားသော်လဲ ဆရာသမားက ထပ်မံ ပြုလုပ်အားထုတ်ခိုင်းသည်ကို မငြင်းမဆန် မငြီးမငြူ လုပ်ဆောင်ခဲ့ခြင်း။

(င) နောက်ထပ်တဖန် ဆရာသမားက သင့်တင့်ရာသို့ ပို့ဆောင်သည့်ကာလ ဒီတော့ မလိုက်ချင်ဘူး ဟိုတော့မသွား

ချင်ဘူးဆိုဒါ မရှိပါဘဲ၊ ဆရာသမား၏ သင့်တင့်စွာစီမံမှု၌ လိုက်နာဆောင်ရွက်ခြင်း။

(၈) နောက်ထပ်တဖန် အားထုတ်ခိုင်းသော လောဟိတ ကမ္မဋ္ဌာန်းတွင် စိတ်ဝင်စားစွာ အားထုတ်လုပ်ဆောင်ပြန်ခြင်း။

(၉) ညွှန်ကြားချက်အတိုင်းနှင့် စိတ်ရော ကိုယ်ပါ ဆောင်ရွက်မှုကြောင့် အောင်မြင်မှုများရ၍ ဈာန်သမာပတ် ရရှိသည်အထိ တိုးတက်မှုနှင့်အတူ လုပ်ဆောင်မှုတို့ကို တိုးမြှင့် လုပ်ဆောင်ခဲ့ခြင်း။

(၁၀) နောက်ဈာန်မှ ဉာဏ်ယှဉ်ကပ်ရှုလျက် သမထမှ ဝိပဿနာသို့ကူးခါ မဂ်ဖိုလ်ရကြောင်း (၇)ပါးမဂ္ဂင်နှင့် အတူ ပွားများကျင့်ကြံအားထုတ်ဖို့ ညွှန်ကြားမှုတရားတော်ကို နာယူခါ ငြင်းဆန်မှုမရှိ ပကတိလိုက်နာဆောင်ရွက်ခဲ့ခြင်း။

စသည့် လုပ်ဆောင်မှု အစိတ်အပိုင်းများကို ကောင်းစဉ် လုပ်ဆောင်ချက် အသေးစိပ် လုပ်ဆောင်ချက် တွဲဘက်လုပ် ဆောင်ချက် တခုချင်းလုပ်ဆောင်ချက်စသည်တို့ကို လိုအပ် သလို ဇွဲလုံ့လ ဝီရိယတို့ဖြင့် လုပ်ဆောင်ချက်ကို အစမှသည် အဆုံးတိုင် အောင်မြင်မှုရသည်အထိ ရည်ရွယ်ချက် ပန်းတိုင် အရောက် လုပ်ဆောင်ခဲ့ခြင်းများကို သတိရှိစွာမှတ်သား လျက် စံနမူနာ ယူရမည်ဖြစ်ပေသည်။

လုပ်ငန်းတခုသည် အချက်အလက်အကြောင်းတရားများကို ပြည့်စုံမီးနိုင်မှုပေါ် တည်၍ အောင်မြင်မှုအကျိုးသဘောသည် ဘက်ရောက်ရမြဲ ဖြစ်လေသည်။

"ရောက်ဖူးသူကို ဆရာတင်က မမှားနိုင်"

ဒါကြောင့်ရှေ့က အရိယာသူတော်ကောင်းတို့ အားထုတ်သွားသော သမထ ဝိပဿနာ ရှုနည်း ပွားနည်း ကျင့်ကြံနည်း တက်စဉ်များကို ရောက်ဖူးသူတို့နောက်မှ ရောက်ဖူးသူတို့သည် ဆရာတင်လျက်၊ စံနမူနာတင်ပြီး အားထုတ်သင့်လှပေသကို ဖြစ်ရာ—

ပရိယတ်ကို အခြေခံထားပါ။
ပဋိပတ်ကို အနေမှန်ပွားပါ။
အသိအတတ်ကို ဝေဘန်ပိုင်းခြားပါ။
အရှိအမှတ်ကို စေတမန်ထားပါ။
သတိချပ်က ကေန်မမှားပါ။

သမထ ဝိပဿနာ ဘာဝနာတရားကို သတိနှင့်ယှဉ်ပြီး ပွားများအားထုတ်နိုင်ကြပါစေ ကျင့်ကြံပွားများ အားထုတ်နိုင်ကြပြီး ထွက်ရပ်နိဗ္ဗာန်သို့ လျင်မြန်စွာ ကူးမြောက်နိုင်ကြပါစေဟု စေတနာဖြူနှင့် ဆန္ဒပြုရပါပေတော့သတည်း။

# အခန်း (၆)

## ကျင့်စဉ်

ကျင့်စဉ်မှာ သမထဝိပဿနာ (ဝိပဿနာ) ကျင့်စဉ် ဖြစ်ပေသည်။ (ဝါ) သမထမှ ဝိပဿနာသို့ ကူးသက်ကျင့်ပွား အားထုတ်ခြင်း။

## ကမ္မဋ္ဌာန်းပိုင်း

ကမ္မဋ္ဌာန်းမှာ အာနာပါန ကမ္မဋ္ဌာန်း စီးဖြန်းခြင်းဖြစ်ပေသည်။ (ဝါ) ထွက်သက်ဝင်သက်လေကို သတိထား အာရုံပြုလျက် စိတ်၏ကြည်ကြည်ရာ ပြုလုပ်အားထုတ်ခြင်း။

## ပရိကံ (ဝါ) ပုဗ္ဗကိစ္စ (၇) မျိုး

ကမ္မဋ္ဌာန်းတရား ကျင့်ပွားအားထုတ်ရန် ရှေ့ပြေးလုပ်ငန်းများ။

အခြေခံစည်းကမ်းတကျ တရားအားယူဘ်နည်း။ ပုဗ္ဗကိစ္စ (၇) မျိုး (ဝါ) ရှေးဦးစွာ အလုပ် (၇) မျိုး။

### "ဘုရားရှိခိုးပူဇော်ရခြင်း"

၁။ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာ အနန္တကျေးဇူးရှင်များ၏ ဂုဏ်ကျေးဇူးတော်များကို ရည်မှန်း၍ ရှင်လန်းစွာ သဒ္ဓါတရားနှင့် ပဏာမအားဖြင့်ရှိခိုးခြင်း။

အဇ္ဇတဂ္ဂေ ပါဏုပေတံ ဗုဒ္ဓံ ပူဇေမိ၊
အဇ္ဇတဂ္ဂေ ပါဏုပေတံ ဓမ္မံ ပူဇေမိ၊
အဇ္ဇတဂ္ဂေ ပါဏုပေတံ သံဃံ ပူဇေမိ၊
အဇ္ဇတဂ္ဂေ ပါဏုပေတံ မာတာပိတုဂုဏံ ပူဇေမိ၊
အဇ္ဇတဂ္ဂေ ပါဏုပေတံ အာစရိယဂုဏံ ပူဇေမိ၊

နှင့်(မိမိရသော ဘုရားရှိခိုးနှင့် ရှိခိုးပါ)

မြန်မာလို

ယနေ့မှစ၍ အသက်ထက်ဆုံးဘုရားရှင်အား ရှိခိုးပူဇော်ပါ၏။

ယနေ့မှစ၍ အသက်ထက်ဆုံး တရားတော်မြတ်အား ရှိခိုးပူဇော်ပါ၏။

ယနေ့မှစ၍ အသက်ထက်ဆုံး သံဃာတော်များကို ရှိခိုးပူဇော်ပါ၏။

ယနေ့မှစ၍ အသက်ထက်ဆုံး မိဘကျေးဇူးဂုဏ်တော်ထူးကို ရှိခိုးပူဇော်ပါ၏။

ယနေ့မှစ၍ အသက်ထက်ဆုံး ဆရာ့ကျေးဇူးဂုဏ်တော်ထူးကို ရှိခိုးပူဇော်ပါ၏။

(နောက်တခါ မိမိရရှိထားလိုသောဘုရားရှိခိုးဖြင့် ရှိခိုးရန်)

## "သီလဆောက်တည်ရန်"

၂။ ရှစ်ပါး ကိုးပါး ဆယ်ပါး သီလတော်မြတ်ကို ဆောက်တည်စောင့်ထိန်းရခြင်း။ (ကြိုက်ရာသီလကိုဆောက် တည်ပါ) (ယောဂီများ ဆရာနှင့်အတူ အားထုတ်သူများ (၈)ပါးသီလ ဆောက်တည်ရပါသည်) နေ့စဉ်အိမ်မှာ အိမ် ထောင်သည် စသည်တို့(၅)ပါးသီလဆောက်တည်ပါ။

## "ဝန်ချရန်"

၃။ ဘဝများစွာ သံသရာမှ ယနေ့တိုင် မိမိကာယံပါး သော(ကာယ၊ ဝစီ၊ မနော) (၃)ပါးသောကံဖြင့် ပြစ်မှား လွန်ကျူးမိသူများအား ဝန်ချတောင်းပန် ကန်တော့ရခြင်း။ မြန်မာလို

ဘဝများစွာ သံသရာမှ ယနေ့ထက်တိုင်အောင် မပြစ်မှား သင့် မပြစ်မှားထိုက်သော သူများအပေါ်၌ ပြစ်မှားမိခဲ့သော အပြစ်တို့သည် ရှိတန်ရာ၏၊ အကယ်၍များ ရှိငြားက ထိုအပြစ် တို့မှ ခွင့်လွှတ်သည်းခံတော်မူကြပါရန် ရှိသေစွာ ရှိခိုး ကန် တော့ တောင်းပန်ဝန်ချကန်တော့ပါ၏ဟု ဆို၍(၃)ကြိမ်ရည် မှန်းကန်တော့ရပါမည်။

## "ခွင့်လွှတ်ရန်"

၄။ မိမိအပေါ်၌ ဘဝများစွာ ယနေ့တိုင် လွန်ကျူးပြစ် မှား မိခဲ့ကြသောသူချားအား အပြစ်တို့မှ သည်းခံခွင့်လွှတ် ရခြင်း။

မြန်မာလို

ဘဝများစွာ သံသရာမှ ယနေ့တိုင်အောင် ကျွန်ုပ်၏ အပေါ်၌ (၃)ပါးသောကံတို့ဖြင့် ပြစ်မှားကြူးလွန်မိခဲ့သော သူသည် ရှိတန်ရာ၏၊ အကယ်၍များ ရှိခဲ့ငြားက ထိုအပြစ်တို့မှ အကျွန်ုပ်က ခွင့်လွှတ်ပါ၏ သည်းခံပါ၏ ကျေပပါ၏။

"ခန္ဓာကိုယ်ဘုရားလှူခြင်း"

၅။ မိမိခန္ဓာအား အနန္တငါးပါးလှူဒါန်းခြင်း။

မြန်မာလို

ဘုရားတပည့်တော်၏ ခန္ဓာ(၅)ပါး ရုပ်နာမ်တရားတို့ကို ဤတရား အားထုတ်ချိန်၌ ဘုရားအမှူးပြုသော အနန္တငါးပါး ကျေးဇူးရှင်များအား လှူဒါန်းပါ၏ဘုရား။

"အမျှဝေမေတ္တာပေးပို့ခြင်း"

၆။ မိမိပြုရသမျှ ကောင်းမှုအပေါင်းတို့အား လူ, နတ်, ဗြဟ္မာ သတ္တဝါတို့အားအမျှပေးဝေရခြင်း။ (မေတ္တာပို့ခြင်း)။

မြန်မာလို

ကျွန်ုပ်ပြုသမျှသော ဒါန သီလ ဘာဝနာ ကောင်းမှုကုသိုလ် အဘို့ဘာဂ အားလုံးကိုလူသတ္တဝါ နတ်ဗြဟ္မာအပေါင်း

တို့အား ထပ်တူညီမျှ ရကြပါစေဟု အမျှ အမျှ အမျှ ပေးဝေကြပါ၏။ (အမျှ အမျှ အမျှ) ယူတော်မူကြပါ ကုန်လော့၊ သာဓု သာဓု သာဓု ခေါ်ယူနိုင်ကြပါ၍ လောကီ လောကုတ္တရာနှစ်ဖြာအကျိုး ပွားတိုးပြီး ကျန်းမာချမ်းသာကြပါစေဟု မေတ္တာပို့ပေးပါ၏။

"တိုင်တည်ရခြင်း"

၇။ တိုင်တည်ရခြင်း။

မြန်မာလို

ကျွန်ုပ်သည် ယခုအချိန်မှစ၍ ဘုရားရှင်၏ ပရားတော်ကို လိုက်နာကျင့်ကြံ အားထုတ်တော့မည်ဖြစ်ရာ ကျွန်ုပ်၏ ခန္ဓာသည် ရှင်တော်ဘုရား၏ ဘဏ္ဍာဖြစ်ကြောင်း သိစေအပ်ပါသည်၊ သာသနာတော်စောင့်နှင့် သူတော်ကောင်းအပေါင်းတို့။

မှတ်ချက်။ ။ထိုကဲ့သို့ဆိုပြီး တရားအားထုတ်နေရာ၌ ပာသံကြားကြား မစိုးရိမ်ရ ရွှေပေါ်သော စိတ် ပြန်တွယ်တာသော စိတ်များ မထားရပါ၊ လက်ရှိ ကမ္မဋ္ဌာန်းအာရုံ၌သာထားရပါမည်။

"ရဟန်းရှင်လူ အမျိုးသားများ တရားယိုင်ရန်"

၁။ က

ရဟန်းရှင်လူ စသော ယောဂီ အမျိုးသားများသည်။ (မဟာပလ္လင်ခွေ ထိုင်ရပါမည်) ဝဲဘက်ခြေယောက် အောက်

ကထား ယာဘက်ခြေထောက်အပေါ်မှ ထားလျက် တင်ပလ္လင်ခွေထိုင်ခြင်းမျိုး ထိုင်ရပါမည်။

**အထောက်အထား**

(နိသီဒတိ ပလ္လင်္ကံ အာဘုဇိတွာ ဥဇုံ ကာယံ ပဏိဓါယ) ဟု မဟာသတိပဋ္ဌာန သုတ်တော်၌ ဟောတော်မူသည်။

**မြန်မာလို**

အဓိပ္ပါယ် (နိသီဒတိ ပလ္လင်္ကံ အာဘုဇိတွာ ဥဇုံ ကာယံ ပဏိဓာယ)

ပလ္လင်္ကံ၊ ထက်ဝယ်ပလ္လင်ကို။
အာဘုဇိတွာ၊ ဖွဲ့ခွေပြီး၍။
ဥဇုံ၊ ဖြောင့်မတ်စွာ။
ကာယံ၊ ဥပရိကာယခေါ်ဆိုရသည့် ခါးအထက်ပိုင်းကိုယ်ကို။
ပဏိဒါယ၊ ဖြောင့်စွာထား၍။
နိသီဒတိ၊ မလှုပ်မရှား ငြိမ်စွာထားလျက် ဖွဲ့ထားကောင်းစွာ ထိုင်နေရာ၏။

မှတ်ချက်။ ။ဗောဓိပလ္လင်မှာ ဘုရားထိုင်နည်း ဖြစ်သည်၊ ခြေဖဝါး(၂)ဘက်ကို အပေါ်ထားထိုင်ခြင်းမျိုး ဖြစ်သည်။ ကိုယ်နှင့်တန်ရာ မဟာပလ္လင်သာ ထိုင်ရပါမည်။

"သီလရှင်နှင့် အမျိုးသမီးယောဂီများ"

၂။ က

(အစုပလ္လင်ထိုင်ရပါမည်) အစုပလ္လင်မှာ တင်ပလ္လင်ခွေ တဝက်ထိုင်ခြင်းမျိုး ဖြစ်သည်။ (ခြေဖဝါးနှစ်ဖက် တဖက်သို့ စုထားထိုင်ခြင်းမျိုး ဖြစ်ပေသည်။ (ကျုံ့ကျုံ့ထိုင်ခြင်းမျိုး ပင်)။

အထောက်အထား

(အနုဇာနာမိ ဘိက္ခဝေ ဘိက္ခုနိယာ အစုပလ္လင်္ကံ)

အဓိပ္ပါယ်။ ။ဘိက္ခဝေ- ချစ်သားချစ်သမီးတို့၊ ဘိက္ခုနိယာ- ရဟန်းမိန်းမအား၊ အစုပလ္လင်္ကံ - ထက်ဝက်ခွေခြင်း ကို၊ အနုဇာနာမိ- ငါဘုရားခွင့်ပြုတော်မူ၏၊ ဤတိုင် ကျသိပညတ်တော်မူ၏။ (စူဠဝဂ္ဂပါဠိတော်)

၃။ က- ကိုယ်အနေအထား

ယောကျ်ားမိန်းမ ယောဂီအားလုံးအတွက် ကိုယ်အနေ အထားမှာ ခါးအထက်ကိုဖြောင့်ဖြောင့်ထား၍ထိုင်ရပါမည်။

၄။ က-ဦးခေါင်းပိုင်း

ဦးခေါင်းကို မငုံ့လွန်း မမော့လွန်းဘဲ တည့်တည့်ထား ရပါမည်။

၅။ က- မျက်စိ

မျက်စိကို မျက်လွှာချလျက် မှေးထားရပါမည်။

၆။ က-လက်ထားရန်

လက်ထားရန်မှာ လက်နှစ်ဖက်ကို ဘင်ပလ္လင်ခွေအပေါ် တင်ထားရပါမည်။ ဝဲဘက်လက်ကိုဖြန့်၍ အောက်ကထား ပါ။ ယာဘက်လက်ကိုဖြန့်၍ အပေါ်မှာတင်လျက် ဖြန့်ထား ပါ။ လက်မထိပ်ချင်းထိထားပါ။

၇။ က-ကမ္မဋ္ဌာန်းပိုင်း

ကမ္မဋ္ဌာန်းမှာ အများနဲ့လိုက်လျောတဲ့ (အာနာပါန) ကမ္မဋ္ဌာန်းကို အားထုတ်ရပါမည်။

(ကမ္မ- ပြုလုပ်ထာ၊ ဌာန- တည်နေရာ)

ကမ္မဋ္ဌာန်း- စိတ်အာရုံတည်ရာ အလုပ်လုပ်ခြင်းဖြစ်သည်။

(အာနာပါန)ကမ္မဋ္ဌာန်း- ထွက်လေဝင်လေကို သတိကပ် လျက် စိတ်ကိုတည်အောင် ပြုလုပ်နေခြင်းပင်ဖြစ်သည်။

၈။ က- စိတ်ပိုင်း- စိတ်ထားရန်

စိတ်အာရုံကို မိမိနှာခေါင်းဖျား နှာသီးဝ၌ လေနှင့်တွေ့ ထိသော ထင်ရှားသည့် နှာသီးဖျားတွင် ထားရပါမည်။

၉။ က- သတိပိုင်း

ဆိုကဲ့သို့ရှိစေပြီး ထွက်လေ ထွက်တိုင်းသတိဖြင့် သိနေရ မှတ်နေရပါမည်။ ဝင်လေဝင်တိုင်းသတိဖြင့် မှတ်နေရပါမည်

ကြာလျှင် ထွက်လေထွက်သိ ဝင်လေဝင်သိ အလျင်ရသွားပါ လိမ့်မည်။

## ၁၀။ အထူးမှတ်ချက်

တရားအားထုတ်နေစဉ် ဘာကြားကြား ဘာမြင်မြင် ကြားရာနောက် မြင်ရာအာရုံသို့မလိုက်ရှုရပါ၊ မိမိကမ္မဋ္ဌာန်း အာရုံမှာဘဲ စိတ်အာရုံမှာဘဲ စိတ်အာရုံညွတ်ထားရပါမည်။

ချွတ်ချွတ်သံကြားလည်း ငါ့မျှား ဘာလုပ်မလို့ပါလဲ စသည်ဖြင့် ပြန့်လွင့်စိတ်မရှိရ တွေ့လိုမြင်လိုစိတ် တောင့်တစိတ် လဲ မထားရပါ၊ ကြောင့်ကြစိတ်လဲ မထားရပါ။

ငါ၏ ခန္ဓာသည် ဘုရားနှင့် အနန္တငါးပါးအား လှူထား ပြီး၍၊ အနန္တငါးပါး၏ ဘဏ္ဍာတော်ဖြစ်နေပြီ၊ ငါ၏ခန္ဓာ မဟုတ်တော့ပြီ။ ဒါကြောင့်- ယေသည်ရှင်သည်များသည် ငါ၏အလုပ်မဟုတ်တော့ပြီ၊ ကမ္မဋ္ဌာန်းသာလျှင် ငါ၏အလုပ် ပါလားဟု သဘောထားလျက် သတ်မှတ်ချိန်အတိုင်း အား ထုတ်ပါ။ မိမိ၏ စွမ်းနိုင်သမျှပေါ်တည်၍ တတ်အားသမျှ ထိုင်ပါ။ သူများတွေက တင်းတယ်လို့ပြောလဲ မယုံနဲ့ လုပ် တောင်မလုပ်ရသေးဘဲ တင်းတယ်ဆိုရင် ဘာမှဖြစ်မှာမဟုတ် ဘူးမှတ်ပါ။

## "မြတ်စွာဘုရားသခင် တရားအားထုတ်တော်မူပုံ"

န တာဝါဟံ ဣမံ ပလင်္ကံ ဘိန္ဒိဿာမိ၊
ယာဝ မေ နာနုပါဒါယ အာသဝေဟိ
စိတ္တံ ဝိမုစ္စိဿတီတိ။

[မူလပဏ္ဏာသပါဠိတော် ဂေါသိင်္ဂသုတ် နှာ-၂၁၈]

**အဓိပ္ပါယ်ကား။** ။ငါသည် အကြင်မျှလောက်သော ကာလပတ်လုံး တစုံတခုသော ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ကိုမျှ၊ ငါဟာ ငါ့ကိုယ်ဟု တဏှာ မာန ဒိဋ္ဌိအားဖြင့်မစွဲလမ်း မယူမူ၍ အာသဝေါတရားတို့မှ ငါ၏စိတ်သည် မလွတ်မြောက်နိုင်သေးလတံ့၊ ထိုမျှလောက် ကာလပတ်လုံး ဤထက်ဝယ်ဖွဲ့ခွေခြင်း၊ ဗောဓိ တင်ပလ္လင်ခွေထိုင်နေခြင်းမှ မဖျက်တော့အံ့။

ဆိုလိုသည်က ငါသည် အာသဝေါကင်းကွာ၍ ဘုရားမဖြစ်လျှင် မဖြစ်မချင်း မထတော့ဟု ဖြစ်သည်။ (ဒါကို တင်းတယ်ပြောလို့ မရပါ) ဘုရားသည် ဘုရားနဲ့တန်ဒါလုပ်ရသည် မိမိသည် မိမိနှင့်တန်ဒါလုပ်ရပါမည်။

**တနည်း** (မဟာမိတ္တထေရ် တရားအားထုတ်ပုံ)

အရဟတ္တံ အပါပုဏိတွာ န နိက္ခမိဿာမီတိ ဝီရိယံ အဓိဋ္ဌဟိတွာ နိသီဒိ။

[သာရတ္ထသင်္ဂဟအဋ္ဌကထာ နှာ-၅၈]

**အဓိပ္ပါယ်ကား။** ။သီဟိုဠ်ကျွန်း ကဿပလိုဏ်ဂူ၌နေသော မဟာမိတ္တမထေရ်သည်၊ ငါသည် အရဟတ္တဖိုလ်သို့ မရောက်မချင်း ကာလပတ်လုံး ဤလိုဏ်ဂူမှ မထွက်တော့အံ့ဟု အင်္ဂါလေးပါးရှိသော ဝီရိယကို ပြု၍ တရားအလုပ် အားထုတ်ရာ နေ့ဆွမ်းမစားမီမှာပင် အရဟတ္တဖိုလ်သို့ တည်၍၊ ရဟန္တာဖြစ်ခဲ့၍ ရဟန္တာဖြစ်မှ လိုဏ်ဂူတွင်းမှ ထွက်သည်။

**မှတ်ချက်။** ။(ဤအဖြစ်မျိုး ပြုနိုင်ခဲဘိ၏)

မိမိ ပျင်းရိတိုင်း သူတပါး အကျင့်တင်းသည်ဟု ပြောခြင်းမျိုးကို သတိထားပါ။

အလုပ်လုပ်သူ၏ သဘောမှာ အရှင်သဘော မှတ်ရပါမည်၊ တဆယ်သားနိုင်သူသည် တပိဿာထပ်းသူကို တင်းသည် မပြောသင့်၊ တပိဿာထမ်းသူသည် တပိဿာနိုင်၍ သူ့အား နှင့်သူမို့ နိုင်လျှင် တင်းရာ မရောက်ပါပေ။

တဆယ်သား နိုင်သူသာ တပိဿာမထမ်းသင့်ခြင်း ဖြစ်သည်။ (သို့သော် တသက်လုံးရေသာခို၍) တိုးတက်သော ဝန်ကို မထမ်းလိုမှုကား ဆင်ခြေကောင်း ဇာတ်သိမ်းမလှ ဖြစ်ကြောင်းလဲ သတိထားသင့်ပေသည်။

### "ဘုရားရှင်ပေးသည့်နည်း"

ဤကဲ့သို့ ဘုရားရှင်ပေးသည့်နည်းအတိုင်း ၈-မဂ္ဂင်နှံး တရားကို အားထုတ်ရပါမည်။

## "လုပ်ငန်းစဉ်သဘော"

၁။ နိဗ္ဗာန်လိုလား အများယောဂီ။
တရားအလုပ် အားမထုတ်မီ။
ငါးပါး ရှစ်ပါး ကိုးပါးအလီလီ။
မြတ်သီလ ယူကြစုံအညီ။

၂။ သိက္ခာပုဒ်လဲ မသွေမမီ။
ကြိတ်ခါကုတ်ခဲ ရှာဖွေအဆီ။
စိတ်တလုံးပ တက်ကြွပင့်ချီ။
ပြေ ဆောက်တည်က မြောက်ရဝိသုဒ္ဓိ။

နိဗ္ဗာန်လိုလားသော ရောက်လိုသောသူများအဖို့ ရှင်တော်မြတ်ဘုရား ပြသသွန်သင်သော နည်းလမ်းမှအပ အခြားမရှိတော့ပြီ။

**သီလ။** ။ငါးပါး ရှစ်ပါး ကိုးပါး မိမိစွမ်းနိုင်သမျှသော၊ ဝိရတီသီလ၌ ကျိုးပေါက် ပျောက်ကျား မရှိကြားရလေအောင် တည်ထားဆောက်တည်ပြီး၍ စိတ္တံ၊ သမထနှင့်ယှဉ်သော စိတ်ကို စင်ကြယ်လာအောင် စိတ်စွမ်းရည်တွေ အားကောင်းလာအောင် ပြန့်လွင့်စိတ်တွေ ကင်းအောင် ပဌမကဏ္ဍာဘရာ ထိုင်လျက် ထွက်လေဝင်လေကို သတိနှင့် စောင့်ကြည့်ပြီး ထွက်သိ ဝင်သိ ထိသိ သတိဖြင့်တမည့်မည့်ကြည့်၍ ရှုပွားမှတ်နေရပါသည်။

"စိတ်ရိုင်းသည် နွားရိုင်းနှင့်တူ"

ထိုကဲ့သို့ ရှုမှတ်နေရင်းမှ စိတ်တို့သည် ငယ်စဉ်က ကစားခဲ့သည့်နေရာ နေဘူးခဲ့သည့်ကျောင်း ဖြစ်ခဲ့ဘူးသည့် ကိစ္စအဝဝတို့ ပြန့်လွင့်လျက် တွေးတောငေးမော ငိုက်မျည်းလာတတ်ပေသည်။ ထိုစိတ်ရိုင်းသည် သံသရာပတ်လုံး ပြန့်လွင့်လေ့ရှိသဖြင့် အားကောင်းလှ၏၊ သူ့ကိုနိုင်အောင် သတိဝီရိယဖြင့် ကမ္မဋ္ဌာန်းအာရုံ၌ ကပ်၍ရှုမှတ်၍ ရှုရပါမည်။

"စိတ်ရိုင်းကို ပြုပြင်ပါ"

အလွန်ရိုင်းတဲ့ နွားရိုင်းကိုကွယ်။
ကြိုးနှင့်ဖမ်း၍ ချည်ငြားတိုင်လယ်။
ယဉ်ေသာကာလ ခိုင်းကြသွယ်သွယ်။
ဧြသာ် ထိုနည်းလား မခြားပုံ ့ ့နှယ်။

ငါသည် ဤစိတ်ရိုင်းကို မထိန်းသိမ်းနိုင်ခဲ့လို့ သံသရာမှာ ခန္ဓာစုံ ဒုက္ခသဘောတွေနဲ့ မြုပ် ပေါ် မျော၊ မျောခဲ့ပေါင်းများလှချေပြီ၊ ယခု စိတ်ရိုင်းကို ငါနိုင်အောင် ဆုံးမချေအံ့-

"စိတ်ရိုင်းကို ဆုံးမပါ"

စိတ်ရိုင်းကိုလည်း မပြေးထွက်ဖွယ်။
စိတ်မိုင်းကိုလည်း မဧထွးရှက်ဖွယ်။
သတိကြိုးပမ်း လုပ်ငန်းတိုင်ငယ်။
ဧြသာ် ဖွဲ့ချည်သာ ဆုံးမကြရမယ်။

စိတ်ရိုင်းသည် ခလေးမိုက်နဲ့တူလှပေသည်၊ သူသွားချင် တိုင်း ပြန့်လွင့်သွားနေရရင်၊ ဖြူးလို့ ဖြောင့်လို့ သူ့ကို ချုပ် တည်းလိုက်လျှင် အိပ်ချင်လာ၏။ ငိုက်ချင်လာ၏။ ခလေး ငယ်သည် ဆော့နေရရင် ကောင်း၏၊ မဆော့ရဘူး ချုပ်ချယ် ရင် အိပ်ရာထဲ၌ ထိုးအိပ်တော့သည်၊ တွန့်လိမ်နေတော့သည်။

"စိတ်ပြန့်လွင့်ဖြင့် ကိလေသာဖြစ်ပုံ"

အပြင်အာရုံ

ထို့အတူမခြား စိတ် တရားသည်၊ တရားထိုင်နေရင်းမှ ဟိုဟိုဒီဒီ သွားနေ၏၊ တခါတလေ ငယ်စဉ်က ရန်ဖြစ်ဘူးရာ ကိုလဲ သွားတွေ့နေတတ်သေး၏။ ဒီစိတ်ကို သိမ်းဆည်းရပါ မည်။

အဲဒီလို စိတ်ပြန့်ပြီး လျှောက်တွေးနေခြင်းဖြင့် အလိုကျ ဒါတွေးမိတော့ စိတ်ကူးယဉ်ပြီး လောဘကိလေသာ ဖြစ် တော့သည်၊ အလိုမကျဒါ တွေးမိတော့ ဒေါသကိလေသာ ဖြစ်တော့သည်။

အလိုကျဒါ မကျဒါ ကူးပြီးတွေးတောနေတော့ အမှန် အရှိတရားများကို သိခွင့်မရတော့ဘဲ တွေဝေလျက် ပြုမိရာပြု ပြောမိရာပြော ကြံမိရာကြံသည့် မောဟ အဝိဇ္ဇာဖုံးသဖြင့် ဝိဇ္ဇာဉာဏ်မပေါ်နိုင်တော့ပေ။

ဝိသုဒ္ဓိ ကိလေသာတဏှာတို့မှစင်ကြယ်ရာဖြစ်သော နိဗ္ဗာန် ဘယ်လိုမှ မရောက်နိုင်တော့ပေ။

ဒါကြောင့် နိဗ္ဗာန် ရောက်ချင်သူသည် ဒိပြန့်လွင့်စိတ် ကြောင့် ဖြစ်ပေါ်လာရသော ကိလေသာ လောဘ ဒေါသ မောဟ တရားတို့ မလွှမ်းမိုးနိုင်ရန် ပြန့်လွင့်စိတ်ကို ပြန်ဆွဲ လျက် သတိနှင့်ကပ်လျက် ကမ္မဋ္ဌာန်းအာရုံ၌ တချပ်တည်း သောစက္ကူကို ခွါမရသလို၊ ထပ်ရှုထားရပါမည်။

ပြန့်လွင့်စိတ်ကြောင့် ကိလေသာ။
ဝင်လို့လာတတ်တာ ဓမ္မတာ။
သတိနှင့်သာ ရှုမှတ်ပေး
ကိလေသာတွက်လို့ပြေး၊ ဘုရားပေးတဲ့ဆေး။

"ကိုယ်အတွင်း အာရုံပျံ့လွင့်၍လည်း ကိလေသာဖြစ်"

အပြင်အာရုံပြန့်လွင့်၍ ပြန့်လွင့်စိတ်၌ အလိုကျသည် မကျ သည် တွေ့ဝေသည် စသည်တို့ဖြင့် ကိလေသာများ ဖြစ်ပွား တတ်သည်ကို သိလာရကား အပြင်ပြန့်လွင့်စိတ်များကို ကျိုး စားလေ ထိတွေ့ရာ ကမ္မဋ္ဌာန်းအာရုံ၌သာ ပြန်၍တည်ထားရ ပါမည်၊ ကြာလျှင် စိတ်သည် မပြန့်လွင့်တော့ဘဲ တစတစ တည်လာပါသည်။

ထိုသို့ အပြင်စိတ်တို့သည် တည်ငြိမ်လာပြီး၊ စိတ်သည် အပြင်ကို မပြန့်ရသည့်အခါအတွင်းမှာ သွားလာ လှုပ်ရှားမှု ပြုလာပြန်တတ်ပေသည်။

ခလေးငယ်သည် အပြင်၌ အပေါင်းအသင်းတို့ဖြင့် ထွက်သွားပါများသော် မိဘများက မသွားမလာရဟု တင်းကျပ်တားမြစ်လိုက်သော် မိဘကြောက်၍သာ နေရသည်၊ ဟိုက ထွက်ချင် ဒီကထွက်ချင်နှင့် ထွက်ပေါက်ကို ကြည့်၍ရင်း၊ ဆောင့်၍ အောင့်၍ စူ၍ ငို၍ရင်း ပြုသလိုပင်—

စိတ်သည်လည်း ခလေးမိုက်နှင့်တူတော့သည်၊ အပြင်ကို ထွက်နေရရင် ကောင်းသည်၊ မသွားရသော် ငိုက်ချင်သည် အိပ်ချင်သည်။

ဥပမာ။ စကားထိုင်ပြော၍နေရရင် ည ၁၂–နာရီ ထိ မိမိခံစားလိုသော အာရုံနှင့်နေရသော် မိုးလင်းနေနိုင်သည်၊ ဒီစိတ်တွေကို ထိန်းချုပ်၍ တရားထိုင် ပုတီးစိပ် ဘုရားရှိခိုးသော် နာရီဝက်တောင် မခံသာသလို အိပ်ချင်လာသည် သန်းလာသည် ပျင်းလာသည်။

[စိတ္တေန နီယျတေ လောကော]

ဒီစိတ်ကြောင့်ဘဲခက်နေကြရသည်၊ ရှိစေတော့၊ ဒီစိတ်ကို ထိန်းပါများသော် တည်သာရ၏။

သို့သော် ကြည့်တော့ မကြည့်သေးပေ။

ဘာကြောင့်တုန်း၊ အပြင်ကို မပြန့်ရန် ထိန်းချုပ်ပါများသော စိတ်သည် အပြင်မပြန့်တော့ပေမဲ့ (စောစောက ဥပမာကလေးလို အပြင်မသွားရတော့ အိမ်ထဲမှ ထွက်ပေါက်ကိုကြည့်ပြီး စိတ်ဆိုး စိတ်ကောက်နေသလိုပင်) မိမိစိတ်သည်လဲ အပြင်မထွက်ရသောအခါ—

ကိုယ်တွင်း၌ ဒူးခေါင်းကြီးက ညောင်းလာသလို ခြေဖဝါးကကျင်လာသလို၊ ကျောကတောင့်လာသလို တင်ပဆုံကနာလာသလို ပေါင်ကြီးက ကြီးလာ အောင့်လာသလို ဦးခေါင်းက ကိုက်သာသလို၊ ဒီလိုနဲ့ ရွှေလျားပြီး တခါပရုပ်ဆီလူးရှာ သွေးဆေးရှာ စကားပြောနဲ့ဖြစ်အောင် စိတ်ထွက်ပေါက်ရှာနေသည်၊ ဖြားယောင်းသွေးဆောင်၍ အားနဲ့သူ ဇွဲလျှော့သူတို့အား လှည့်စားလာသည် ဆွပေးလာသည်။

ဒီတော့ နာလို့ကျင်လို့ တယ်ဒီဒူးခေါင်းက တရားထိုင်ခါမှဖြစ်ရမလားလို့ အလိုမကျမှုဖြစ်ပြန်ရင် ဒေါသကိလေသာ၊ အလိုကျက လောဘကိလေသာ၊ တွေဝေနေက မောဟ အဝိဇ္ဇာဖြစ်လာပေသည်။ (မခံသာလို့ထသွားတော့) လုံးလုံး အလုပ်-ဖြစ်တော့ ဒီလိုနဲ့နေ ဒီလိုနဲ့သေရော။

ခက်ပါသည်ဟု မလုပ်ဘဲထားက ဘယ်တော့မှ ဒီအခက်ထဲက မထွက်နိုင်တော့ပေ။

ပုစ္ဆာခက်လို့ မတွက်တဲ့ မလေ့လာတဲ့ ဇွဲမကြီးတဲ့ အကြံမထုတ်တဲ့ပစ်ထား စာမေးပွဲကြတော့ ကျကရော။

ဒီအတိုင်းဘဲ မဂ်ဉာဏ် ဖိုလ်ဉာဏ်အောင်ချင်ပြီး နိဗ္ဗာန်သုတ္တူးရချင်ရင် အခက်အခဲတွေကို နည်းလမ်းရှာလျက် ဖြတ်ကျော်ရမည်၊ ဒါဟာကိုယ့်အားကိုယ်ကိုးသူတို့ရဲ့ ဝါဒဘဲ ဘုရားသာဝကတို့ရဲ့ ရှိသင့်တဲ့အယူဘဲ။

ဒါကြောင့် ကိုယ်တွင်းမှာ မကြည်မလင်ဖြစ်သော စိတ်တို့သည်၊ ကိုယ်တွင်းဖေါက်ပြန်မှုတို့နှင့် အထူးပူးပေါင်း၍ မဂ်ဉာဏ် ဖိုလ်ဉာဏ်ပေါ်ခွင့်မရအောင် လုပ်ကြံလာတတ်ကြသည်ကို သတိဝီရိယဖြင့် ကြိုးစားလျက်၊ နှာသီးဖျားက ကမ္မဋ္ဌာန်းအာရုံမှာပြန်၍ သတိနှင့်ကပ်ထားပါ (တခြားကမ္မဋ္ဌာန်းပွားလျှင်လဲ ထိုအတူပင် မိမိတို့ပွားရာ ကမ္မဋ္ဌာန်းအာရုံကို) ပြန်ဆွဲရပါမည်၊ သဘောချင်းတူကြပါသည်။

ပြန်ဆွဲပါများသော်၊ စိတ်တို့သည် တည်ကြည်လာတော့သည်။

## "ကြည့်တော့မြင်သည် ကြည့်သည်"

စိတ်တို့သည် ကိုယ်ပြင်မှာလဲ တွေးတောစိတ်ဖြင့် မပြန့်ရတော့ ကိုယ်တွင်းမှာလဲ ယားနာကျင်စိတ်နှင့် မပြန့်ရတော့ဘဲ သတိဝီရိယဖြင့် ထိန်းသိမ်းမှုကို ခံယူလိုက်ရသည်ရှိသော်—

(စောစောက ခလေးဥပမာလို ခလေးသည်၊ အပြင်လဲ မသွားရတော့၊ အိမ်တွင်းမှာ ကောက်ဆောင့်ဆူနေရာ မိဘာဘ ဒီလိုဆူဆောင့်မနေရဘူးဟု ဆုံးမများလာသော် နားဝင်ပြီး ငြိမ်သွား၏၊ ငြိမ်နေ၍ မိဘက အသာကြည့်လိုက်သော်-- ခလေးသည်၊ ဂျိုးရုပ်နှင့် အိုးဘုတ်နှင့် တဲအိမ်ကလေးစသည် စသည်တို့နှင့် ပြုလုပ်ဆော့နေသည်၊ ဒါကြောင့် သူငြိမ်နေ တော့သလို။)

စိတ်ဆိုမှ စိတ်သည်လည်း၊ အပြင်ပြန့်လွင့်စိတ်နဲ့လဲ ကိလေ သာမဖြစ်ပွားရ-

အတွင်း၌ ပြန့်လွင့်စိတ်နဲ့ယဲ ကိလေသာ မဖြစ်မပွားရသ ဖြင့် အထူးငြိမ်ချက်သားကောင်းလာတော့သည်၊ ကြည်လင် သာတော့သည်၊ စိတ်တည်၍ စိတ်ကြည်လာတော့သည်။

သို့သော် စိတ်ငြိမ်ချက်သားကောင်း၍ သတိထားလျက် ရှုဆင်ခြင်လိုက်ရာ။

ပြာလဲ့လဲ့ မြင်ရသောအာရုံရှင်း၊ ဝင်းကနဲ လက်ကနဲ အာ ရုံ၌ရှင်း၊ မိုးတိမ်လို တောလို တောင်လို နတ်သမီး နတ်သား ဥစ္စာစောင့်အမျိုးသမီးသဏ္ဍာန်တွေလို ရွှေတွေ ငွေတွေ တိုက် ကြီး အိမ်ကြီး မြစ်ကြီး ဘုရားကြွလာပုံ ရထားပျံလာပုံစသည် တို့ကို မြင်လာရ တွေ့လာရသည်များကို ရှောက်ကြည့်လျက် သာယာနေတတ်သည်။

## "စိတ်ကူးယဉ်တတ်သည်"

တချို့ ဤနေရာ၌ စိတ်ကူးယဉ်တတ်သည်၊ တကယ်ဖြစ်သည်မှတ်ပြီး။

နတ်သမီးဥစ္စာစောင့်မကလေးချောချောခေါ်လဲ နောက်မှစားမယ်၊ အဲအဲ ရေချိုးရန် အိပ်ရန်ပြောလဲ နောက်မှ ချိုးမယ် အိပ်မယ်၊ မထချင်သေးဘူးနဲ့ ဖေါက်လာပြီ။

သူများတွေက တရားရနေပြီထင်သည်၊ သူက သူရချင်ဒါရနေရော့နဲ့။

ဒီလိုနဲ့ အိပ်ချိန်မအိပ်၊ စားချိန်မစား၊ လျှောက်ချိန်မလျှောက်၊ လှဲချိန်မလှဲတော့ ဣရိယာပုထ်ပျက်၍ မမျှတဘဲ သည်းခြေပျက် ဗဒ္ဓသည်းခြေ အဗဒ္ဓသည်းခြေများပျက်လျက် နှလုံးလေရိုက်၍ စိတ်ပေါ်နောက်လာတတ်သည်။

ဖအေက သွားခေါ်လဲ ခုမှ ငါ့နတ်သမီးလေး လာပြီဟု ပြောလိုပြောနှင့် ပေါက်သွားတတ်၏၊ ထွက်ရပ်ပေါက်တာတော့မဟုတ် အရူးထောင်ဘက်ပေါက်ခြင်းမျိုးဖြစ်၍ တချို့လဲ စကြာမင်းဟု အထင်ကြီးသွားတတ်၏၊ တချို့လဲ မိဖုရားတချို့လဲ ဟိုဘဝက ဇနီး-ခင်ပွန်းနဲ့ အို- ရှုပ်ကုန်ပြီသာမှတ်ပေတော့၊ ဒီနေရာမှာ နှောက်တော့ဒါဘဲ သတိထားရမည် (နှောက်တော့ တရားထိုင်လို့ရူးသည်ဟု တွင်သည်) အမှန်

တော့ တရားဆီကိုမရောက်သေးပေ၊ ဒီနေရာမှာ ဆရာကောင်း အရေးကြီး ပါပေသည်၊ ပြုပြင်တည့်မတ်ပေးရမည် ဖြစ်သည်၊ ဖျောင်းဖျပေးရမည်၊ သတိပေးရမည်၊ တက်စဉ်ကို ပြပေးရမည်။

## "အာရုံစိတ်၌ ကိလေသာဖြစ်ခြင်း"

ဤကဲ့သို့ စိတ်တို့သည် အပြင်လဲမပြန့် အတွင်းလဲမပြန့်ရဘဲ တည်လာသော် စိတ်တည်ကာစ စိတ်မကြည်ခင် မျိုးစုံမြင်လာ တွေ့လာတတ်သည်၊ မြင်ဘူးသည်များလဲပါသည်၊ မမြင်ရသေးသည်လဲပါသည်၊ ဤကဲ့သို့ မြင်တွေ့နေကြသည်များမှ ပညတ်အာရုံများသာ ဖြစ်သည်၊ နိမိတ်ပညတ်များသာ ဖြစ်သည်။

ဒီလိုမြင်ရ၍ အလိုကျသည်များက သဘောကျနေသော လောဘကိလေသာ။

အလိုမကျသည်များကို တွေ့၍ မနှစ်သက်ဘဲ အလိုမကျစိတ် ပေါ်လာက ဒေါသကိလေသာဖြစ်သည်။

အလိုကျသည် မကျသည်တို့၌ စိတ်သည် ကူးလူးလျက် တွေဝေမိန်းမောနေက မောဟဝိအဝိဇ္ဇာဖြစ်ရလေသည်။

ဒီတော့ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဆီမရောက်ဘဲ သမာဓိပျက်ရလေတော့သည်။

## ရှင်သာရိပုတ္တရာအရှင်မြတ်ကြီးက သတိပေးဘူးသည်

နိမိတ္တံ အာဝဇ္ဇန္တဿ စိတ္တံ
ဝိကမ္ပတိ သမာဓိ ပရိပန္ထော။

**အဓိပ္ပါယ်ကား။** ။နိမိတ္တံ၊ နိမိတ်တည်းဟူသော ပုံပန်းသဏ္ဌာန်တို့ကို။ အာဝဇ္ဇန္တဿ၊ ရှုကြည့်လေ့ရှိသောသူ၏ (ယောဂီ၏။) စိတ္တံ၊ စိတ်သည်။ ဝိကမ္ပတိ၊ တုန်လှုပ်၏ (စိတ်တုန်လှုပ်လာ၏။) သမာဓိ ပရိပန္ထော၊ သမာဓိ၏အန္တရာယ်မည်၏။

ဤသို့လျှင် အရှင်သာရိပုတ္တရာ (ပညာအရာတေဒဂ်) ရတော်မူသော အရှင်မြတ်ကြီးက မိန့်ကြားဆုံးမတော်မူခဲ့ပေသည်။

အမှန်တော့ အာရုံ၌ အမြင်ပေါင်းစုံကို စည်းမရှိ ကမ်းမရှိ ဗရမ်းဗဒါမြင်နေရခြင်းသည်၊ သမာဓိ့လည်းမဟုတ် ဈာန်လဲမဟုတ်ပါဘဲ၊ ပညတ်အာရုံ နိမိတ်များသာဖြစ်ပေသည်။

ရေသည် ကြည်လင်ရန်အတွက် အနယ်များ အောက်သို့ တစတစကျလာ၍ နေသကဲ့သို့နှယ် တူ၏။

စိတ်သည်လဲ တည်ကြည်အမှန် သမာဓိဖြစ်လာရန်အတွက် နှောက်ကြသော စေတသိက်အာရုံ နိမိတ် အနယ်ဖတ်များ အထိုင်ကျလာခြင်းပင် ဖြစ်ပေသည်။

ဒါကို သည်းခံ၍ မိမိကမ္မဋ္ဌာန်းအာရုံ၌သာ စိတ်ကိုဆွဲလျက် သတိနှင့်ကပ်ထားပါက ကြာလျှင် သမာဓိ အကြည်ဓာတ်အမှန်ကိုရတော့မည် မလွဲပါပေ။

ဒီနေရာ၌ တခါမှ မမြင်ဘူးဒါကို အာရုံနိမိတ်နှင့် တိုက်ဆိုင်မြင်လာသောအခါ သမာဓိအားကောင်းလို့ မြင်လာသည်ဟု ယူဆတတ်သည်။ (တချို့ အဲဒီနေရာမှာ ဆရာလုပ်စားတတ်သည်) အာရုံခံတတ်သည် အကြားအမြင်ဟု အထင်ကြီးသွားတတ်သည်၊ နောက်ပျောက်သွားသည်၊ ပေါက်သွားသည်၊ နောက် ဘာမှမဟုတ်တော့၊ ခဏသာ တိုက်ဆိုင်မှုဖြစ်သည်။

ဒါကြောင့် သတိထားရမည်၊ ဒါဟာ တကဲ့သမာဓိရဘို့အတွက်ကို အနှောက်အယှက်ပါဘဲ၊ ဒါမျိုးမြင်ရင် မလိုက်လျောနဲ့ ကမ္မဋ္ဌာန်းအာရုံ၌ စိတ်ကိုပြန်စွဲပါ၊ သတိနှင့်ကပ်ရှုမှတ်နေပါ။

"မလိမ့်တပတ် ရွှေအိုး"

တခါက စာပြုသူသည်၊ တရားထိုင်နေ၏၊ ဒီလိုနဲ့ စိတ်ကိုဖမ်းနေရင်း ဖျတ်ဆို အမျိုးသမီးနှစ်ယောက် ပေါ်လာသည်၊ အိုးကြီးတလုံးကို နှုတ်ခမ်းက ကဘက်စီကိုင်မလာသည်၊ ရှိပြသည်၊ ဘဝဟောင်းက ပစ္စည်းတွေပါ၊ ရွှေတွေပါလက်ခံယူ

ပြီး၊ သာသနာပြုပါ၊ နောက်လဲ လာပို့ပါအုံးမယ်ဟု ပြော သည်။

မိမိကဘာမှပြန်မပြော မိမိကမ္ဗဋ္ဌာန်း၌သာ အာရုံယူထား လိုက်သည်၊ ဒီတော့ စိတ်ဆိုးမာန်ဆိုးဖြစ်သလို လာလဲပေးရ သေးတယ်၊ ကတဲဟုပြောကာ အနားမှာချထားပြီး၊ ထွက် သွားကြသည်။

အတော်ကြာတော့ မဲမဲဝဝလူကြီးတယောက်နှင့် အဖော် တသိုက်ပေါ်လာသည်၊ သူတို့ ရွှေအိုးပျောက်လို့ဟု ဆိုပြီး၊ လာရှာသည်၊ ပြီးတော့ ဒီမှာတွေ့ပြီ ဘာလို့ယူရသလဲ ခိုးရ သလဲဟု ပြောဆိုကာ အမျိုးမျိုးချောက်လှန့်သည်။

မိမိ၏ ကမ္ဗဋ္ဌာန်း၌သာ အာရုံပြုထားသည်၊ တဦးသော သူက ခါးတောင်းကျိုက်လိုက်သည် လှန်အရှည်ကြီးနှင့်အ ဝေးကိုပြေးသွားသည်၊ နောက် မိမိအားရွယ်ပြီး ပြေးလာ သည်၊ အနားကျတော့ တယ်ထိုးလိုက်ရဟုပြော၍ ထွက်သွား ကြသည် (ဒီနေရာမှ အတွေ့အကြုံနဲ့ပါက ထပြေးမိကြမည် ဖြစ်သည်။)

သူတို့ပြန်သွားသောအခါ စိတ်ဆိုးဆိုးနှင့် အိုးကြီးကိုဆွဲ ယူသွားရာ ရွှေမန်ကျည်းတောင့်များသည် မိမိအနီးနှင့် လမ်း တလျှောက်လုံး ပြန့်ကျဲကြသွားသည်၊ အမှန်တော့ ဘာမှမ ဟုတ်။

တရားထိုင်ရာမှ အချိန်စေ့၍ ထလိုက်သည်၊ အညောင်းဖြေရင်းနဲ့ စောစောရွှေအိုးထဲမှ ဖိတ်ကျသည့်နေရာကို လှမ်းကြည့်လိုက်မိသည်၊ ဘာမှမရှိပေ၊ (အော်-ဒါတောင်မှ မဟုတ်မှန်းသိပေမဲ့ ကြည့်ချင်သေးတဲ့စိတ်ပါလားနော်။)

## အပြင်စိတ် အတွင်းစိတ် နိမိတ်စိတ်များ ကျော်ဖြတ်၍

အပြင်သို့ပြန့်လွင့်စိတ် အတွင်းသို့ပြန်လွင့်စိတ်တို့နှင့် နိမိတ်ပညတ်အာရုံ စိတ်တို့ကို ကိလေသာဖြစ်ခွင့်မပေးမူ၍၊ ကမ္မဋ္ဌာန်းအာရုံ၌ စိတ်ကို တည်ကြည်စွာ သတိနှင့်ယှဉ်လျက် ထားပါများ ရှုကပ်ပွားပါများသော် စိတ်သည် အကယ်ပင် တည်ကြည်လျက် နှာသီးဖျားမှာ လေနှင့်ထိတွေ့ရာ၌သာတည်ကြည်လာပါတော့သည်။

တည်လာတော့ ဘာဖြစ်လာသလဲ တည်လာတော့ ကြည်လာသည်။

ကြည်လာတော့ နောက်ကြုခြင်း မရှိတော့ မြင်လာရသည်။

ဘာမြင်လာရသလဲ အရှိကိုပကတိ အရှိအတိုင်း မြင်လာရသည်၊ (ဝါ) အမှန်အတိုင်း မြင်လာရသည်။

ဒိနေရာ၌ ပဌမပိုင်းမှာ လောကီအမြင်များကို အမှန်အတိုင်း မြင်လာရပေသည်။ (သမုတိသစ္စာ)များ။

သို့သော်- ရှေ့က အရှင်မြတ်ကြီးတို့ အလိုကျ အတိုင်းနှင့် နိဗ္ဗာန်အလို့ငှာ လောကုတ္တရာ အမြင်သို့သာ ပေါ်ပြရန်ဖြစ်ပေရာ—။

နှာသီးဖျားမှာ ထွက်လေဝင်လေတို့ထိ၍ ဝင်သွားသည် အေးကနဲထိ၍ ထွက်လာသည် နွေးကနဲ နဲ့—

ထိသိ သတိရှုပွားနေရင်းမိမိ၏ကိုယ်ကာယပေါ် ရုပ်တရားကြီးရဲ့ အစိတ်အပိုင်း နှာသီးဖျားရုပ် (ကာယ) ကိုယ်အပြင်နှင့် အပြင်မှ ထွက်လေဝင်လေတည်းဟူသော (ဝါယော)လေရုပ်သည် ထိလျက်ဝင်သွားသည်၊ ထိလျက် ထွက်လာသည်။

## "ကာယာနုပဿနာ သတိပဋ္ဌာန်"

အမှန်တော့ မိမိ၏ ကာယ-နှာဝ ရုပ်အကြည်ကို၊ ဝါယော လေရုပ်သည် ထိဝင်ထိထွက်နေဒါပါသားလို့ သဘောပေါက်လာလျက် ဆက်လက်ရှုပွားနေရ၏။ ဒီလိုရုပ်ကာယကို- ဝါယော ထွက်လေ ဝင်လေ၏ ထိမှုသဘောကို သတိဖြင့် စောင့်ကြည့်နေခြင်းသည်။

ကာယ — ကိုယ်ရုပ်ပေါ်၌

အနု — အစဉ်သဖြင့် (ထိ)မှုကို

ပဿတိ-ရှုကြည့်နေခြင်းပင်လျှင် ကာယာနုပဿနာ သတိပဋ္ဌာန်တရား မည်ပါပေသည်။

ဤကဲ့သို့ ထွက်လေ ဝင်လေတို့ကို သတိနှင့်ကပ်လျက် ပြန့်လွင့်စိတ်များ မရှိစေဘဲ၊ ဆက်လက်ပွားများ ရှုအားကောင်းစွာ အားထုတ်ရပါသည်။

## "ဝေဒနာနုပဿနာ သတိပဋ္ဌာန်"

ဤလို ရှုပွားအားထုတ်နေရင်းမှ ကာယခေါ်ကြ ကိုယ်အကြည် နှာဝ ရုပ်အစုကို ဝါယောခေါ်ကြ ထွက်လေ ဝင်လေများ ထိတွေ့ပါများသော်-

ဝင်လေသည် အေးကနဲ ထွက်လေသည် နွေးကနဲ နဲ့၊ခံစားလာရသည်၊ (ဝါ) ထိသိ သတိဖြင့် ဝင်လေ ရုပ်နှင့် နှာဝအကြည်ရုပ်တို့ ထိတွေ့မှုသည် အေးကနဲ နေသည်ကို ခံစားရသည်။

ထွက်လေ ရုပ်နှင့် ကိုယ်အကြည် နှာဝရုပ်တို့ ထိတွေ့မှုသည် နွေးကနဲ ခံစားရသည်။

ဤကဲ့သို့ ဝင်လေအထိ အေးသတိနှင့် ပွားများနေရင်းပင် ကာယနှာဝဖြင့် ထွက်လေဝင်လေတို့ ထိမှုအပေါ် အေးမှုနွေးမှု ခံစားရမှုကို သတိပြုမိရကား။

ဝေဒနာ — ထိ-ခံစားရမှုပေါ်
အနု — အစဉ်သဖြင့်
ပဿတိ — ရှုမြင်ပွား၏။

ဝေဒနာနုပဿနာ သတိပဋ္ဌာန်တရားမည်ပါပေသည်။

ဤကဲ့သို့ ကာယ ရုပ်နှင့် ဝါယော ထွက်ဝင်လေတို့ ထိတွေ့ ခံစားရမှုပေါ် သတိနှင့် ရှုပွားလျက် အားထုတ်နေရပါသည်။

## "စိတ္တာနုပဿနာသတိပဋ္ဌာန်"

ဤကဲ့သို့ ပွားများရင်း အတွင်းကာယ ပသာဒနာဝရုပ် အကြည်နှင့် အပြင် ဝါယော (လေ) ရုပ်တရားတို့ ထိတွေ့ခံ စားရမှုအပေါ် သတိနှင့် စောင့်ကြည့်ရှုပွားနေရင်းမှ-

စိတ္တ — ထိ(သိ)မှုသဘောကို
အနု — အစဉ်သဖြင့်
ပဿတိ— ရှုမြင်ကြည့်၏။

(စိတ္တာနုပဿနာ သတိပဋ္ဌာန်) ထိ (သိ)မှုအပေါ် သတိ ဖြင့်ရှုကြည့်ပွားများနေခြင်း။

ဤကဲ့သို့ပင် ထပ်ခါထပ်ခါ ထွက်လေဝင်လေကို နှာသီး ဖျားဝ ထိတွေ့ခံစားရမှုအပေါ် အစဉ်သဖြင့် သိမှုကို သတိ နှင့်ယှဉ်လျက် ပွားများ၍သာ ကျင့်နေရပါသည်။

"စိတ္တာနု ပဿနာမှသည် ဈာန်ညာဏ်သို့"

ထိုကဲ့သို့ အာနာပါန သတိဖြင့်ပွားလျက် အားကောင်းလာပြီး လောကီ သမာဓိတရားများ အားကောင်းလာလျက် ဥပစာရ သမာဓိအဆင့်အထိ အားကောင်းလာ၍ အိပ်မက်ထူးများနှင့် ရှေ့ဖြစ်ရမည့်ကိစ္စရပ်များကို တင်ကြိုသိနေခြင်းများ မိမိကထင်လိုက်ရင် ဖြစ်လာတိုက်ဆိုင်တတ်မှုများနှင့် လူချစ်ခင် နှတ်ချစ်ခင်မှုများ လေးစားကြည်ညိုသူများ ပေါလာ၍ လာဘ်များရှင်လန်းခြင်းများ ဘုန်းကြီး ကံကြီးခြင်းများကို သမာဓိတန်ခိုးကြောင့် ဖြစ်ပွားလာတတ်ရာ သတိဖြင့် ထိန်းလျက် ကောင်းသောသတိကို လက်မလွှတ်စေဘဲ ကျင့်ရ၏။ ဈာန်အဆင့်ဆင့် ကူးလိုသော် ဤနေရာမှာပင် (ဝိတက်) (ဝိစာရ) (ပီတိ) (သုခ) (ဧကဂ္ဂတာ) (ဥပေက္ခာ) စသည်တရားတို့ကို အဆင့်ဆင့် ထိန်းချုပ်၍ ဈာန်လမ်းသို့ တက်ယူရလေသည်။

ဤနေရာ၌ မဂ်ဖိုလ်ကို ဦးတည်ထားပါ၍ လောကီအာရုံတို့၌ သာယာမှုကို လစ်လျူရှုလျက် လောကုတ္တရာအာရုံဖြင့် ရှုမှတ်ပွားများရင်းဖြင့် ရှေ့သို့တဆင့်တက်ယူရလေမည် ဖြစ်ပါသည်။

"သမာဓိနှင့်အမှန်တရား"

နှာသီးဖျားမှ ထွက်လေဝင်လေတို့ကို ထိသိ သတိနှင့်ရှုမှတ်ပွားများနေရင်းမှ စိတ်တို့သည် အလွန် တည်ကြည်လာကြကုန်၏။

ရေအိုင်တခု၌ ရေပြင်တို့သည် တည်ငြိမ်လျက်။

အနုသယ အညစ်အကြေးတို့သည်၊ အောက်သို့ ထိုင်လျက် ရှိက—

ရေပြင်သည် ကြည်လင်လာရ၏။ ကြည်လင်သောရေပြင်၌ မိမိ၏ရုပ်ပုံကိုကြည့်က မှန်သားလိုပင် မြင်လာရ၏။ မြင်ရလျှင်လဲ ညာ၍မရသောအမြင်မျိုး ဖြစ်သည်။

ဆိုလိုသည်က မဲသူသည် အမဲအတိုင်းမြင်ရ၏၊ ထို့အတူ ကြည်လင်သော တည်ကြည်သော သမာဓိတရားသည် အမှန်ကို ဖေါ်ထုတ်ပေးလေသည်။

တနည်းအားဖြင့် စိတ်၏တည်ကြည်မှု သမာဓိတရားသည် အမှန်ကို ဆောင်ပြန်ထင်ဟပ်ပေးလေသည်။

ဒီတော့ ရှုမှတ်ပွားနေရင်း ထွက်လေဝင်လေတို့သည် နှာသီးဝ၌ ဝင်ထိသိ ဖြစ်ပျက်အမှန်၊ထွက်ထိသိ ဖြစ်ပျက်အမှန်ကို တွေ့မြင်လာရသည်၊ ဒါထက်ပို၍ (ခိုင်ခန့်မှု) မရှိပေ။

အမှန်တော့ ထွက်လေဝင်လေတို့သည် ဖြစ်ပျက်သာလျက် အစဥ်ဆုံးရှိသည်ဟု အမှန်ကိုအမှန်အတိုင်းအရှိကိုအရှိအတိုင်း သိလာရခြင်းသည်၊ အမှန်သည် တရား၊ တရားသည်ဓမ္မ ဖြစ်သည်။သို့မို့ကြောင့်၊ ဝင်လေဖြစ်ပျက်၊ ထွက်လေဖြစ်ပျက်ဟု ရှုပွားလျက်—

"ဓမ္မာနုပဿနာ သတိပဋ္ဌာန်"

ဓမ္မာ = အမှန်တရား (ဖြစ်ပျက်) ကို
အနု = အစဉ်သဖြင့်
ပဿတိ= ရှုကြည့်ပွား၏။

ထွက်လေဖြစ်ပျက်ဝင်လေဖြစ်ပျက်ပါလားဟု အမှန်တရား ဓမ္မကို အနု၊ အစဉ်သဖြင့် သတိနှင့်ကပ်လျက်။ ပဿတိ၊ ရှုပွားဆင်ခြင်အားထုတ်ခြင်းဖြင့် (ဓမ္မာနုပဿနာသတိပဋ္ဌာန်) တရား ဖြစ်ပေါ်လာပေ၏။

သမာဓိံ ဘိက္ခဝေ ဘာဝေထ သမာဟိတော ယထာဘူတံ ပဇာနာတိ။

ဘိက္ခဝေ၊ ချစ်သားချစ်သမီးများတို့။ သမာဓိံ၊ သမာဓိ တရားကို။ ဘာဝေထ၊ ပွားများကြ။ သမာဟိတော၊ သမာ ဓိတရားကို ပွားများသောသူအား။ ယထာဘူတံ၊ ဟုတ်တိုင်း မှန်လျှာ ဘ ဝကို။ ပဇာနာတိ၊ သိ၍ လာရ၏ဟု ရှင်တော် မြတ်ဘုရား ဟော းတော်မူသည့် အတိုင်းသာလျှင် သမာဓိ တရားသည် အားကောင်းလာသည်ရှိသော်—

အမှန်ကိုအမှန်အတိုင်း သိရှိလာရ၏။

လောကီသမာဓိသည် လောကီအမှန်ကို သိ၏။

လောကုတ္တရာ သမာဓိသည် လောကုတ္တရာအမှန်ကို သိလာရမှုဖြစ်၏။

ထိုသို့ ဖြစ်ပျက်မှုတရားအစုကို စာနဲ့တွေ့သိမှုသည် ပရိယတ်တရား၊ ကိုယ်တိုင် တရားအားထုတ်၍ သိရမှုသည် ပဋိပတ်တရား ခေါ်ပေသည်။

တရားကို ညာ၍ မရပေ။

"ဓမ္မာနုပဿနာ သတိပဋ္ဌာန်နှင့် ရုပ် နာမ် သင်္ခါရ"

ဤကဲ့သို့ ထပ်ဖန်တလဲလဲ နှာသီးဝမှ ထွက်လေဝင်လေတို့ကို သတိဖြင့် ရှုပွားဆင်ခြင်နေရင်းမှ—

နှာသီးဝနှင့် ထွက်လေဝင်လေသည် ရုပ်တရား၊ သိဒါသည် နာမ်တရား။

အေား ပူ နွေး ဒါသည် ရုပ်တရား။
သိမှုသည် နာမ်တရား၊
ထိမှုသည် ရုပ်တရား
သိမှုသည် နာမ်တရား။

အမှန်ကား ထွက်လေဝင်လေတို့သည် နှာသီးဖျား၌ ထိလျက်ဝင် ထိလျက်ထွက်နေခြင်းသည် ရုပ်တရားများသာဖြစ်၍ ထွက်လေဝင်လေကို အေးကနဲ ဝင်လာ ပူနွေးစွာထွက်သွားသည်ကို သိဒါကနာမ်တရား၊ ထိမှုသိမှုကို စောင့်ကြည့်နေ့ဒါက သတိတရား။

ဒါဖြင့် သတိနဲ့စောင့်ကြည့်နေမှုကြောင့် ရုပ်တရား၊ နာမ်တရား သဘောတရားကိုသိလာရသည်။

နှာသီးဝန်းနှင့် ထွက်လေဝင်လေ ထိတွေ့မှု၊ အေးမှု ပူမှုသဘောအစုသည် ရုပ်တရား။

သိမှုသဘောသည်နာမ်–

ရုပ်နှင့်နာမ်ပါလားဟူ၍ရှုရင်း။

ဝင်လေသည်ရုပ် – သိမှုသည်နာမ်။

ထွက်လေသည်ရုပ် – သိမှုသည်နာမ်။

ထိမှုသည်ရုပ် – သိမှုသည်နာမ်။

အေးမှုသည်ရုပ် – သိမှုသည်နာမ်။

ပူမှုသည်ရုပ် – သိမှုသည်နာမ်။

ဟူ၍ရှုရင်း– ရုပ်နာမ်တရားတို့ကိုမြင်သိလာခါ။

ဝင်လေရုပ်တရားသည် ဝင်ပြီးပျောက်ပျက် ကုန်ခန်းသွားသည်။

ထွက်လေရုပ်တရားလဲ ထွက်ပြီး ပျောက်ပျက်ကုန်ခန်းသွားသည်။

ရုပ်တရားလဲ မမြဲပါလား။

ဝင်လေတုံးက တေယ်လို့သိမှု နာမ်တရားသည် ထွက်လေကျတော့ နွေးတယ်လို့ ပြောင်းသိလာရသည်။

နာမ်တရားသည်လဲ မမြဲပါတကားဟု သိလာရပြန်သည်။

## "ခန္ဓာငါးပါး"

နာသီးဝ ကာယပသာဒအကြည် ထွက်လေဝင်လေနှင့် ထိတွေ့မှုတို့သည် ရုပ်ခန္ဓာ။ (ရူပက္ခန္ဓာ)

အတွင်းရုပ် နှာ ခေါင်း အကြည်နှင့် အပြင်ရုပ် ထွက်လေဝင်လေတို့ ထိတွေ့မှုဖြင့် ခံစားရခြင်းသည်။ (ဝေဒနက္ခန္ဓာ)

ဝင်လေနှင့်ထိတွေ့သော်၍ ထွက်လေနှင့်ထိတွေ့သော် ဂုဏ်နေ့းသည်ဟု မှတ်ထားခြင်းသည်။ (သညာက္ခန္ဓာ)

နှာသီးဖျားနှင့် ထွက်လေဝင်လေတို့ တိုက်ဆိုင်ထိတွေ့မှုဖြင့် စေ့ဆော်မှုတရား။ (သင်္ခါရက္ခန္ဓာ)

ထိုသို့နှာသီးဖျားနှင့် ထွက်လေဝင်လေတို့ ထိတွေ့မှုတို့ကို သိနေမှု ဝိညာဏ် (ဝိညာဏက္ခန္ဓာ)

နှာသီးဖျားနှင့် ထွက်လေဝင်လေတို့ ထိတွေ့မှုအပေါ် သတိနှင့် စောင့်ကြည့်ရင်း။

ရုပ်နာမ်တရား ခန္ဓာငါးပါး

ခန္ဓာငါးပါး ရုပ်နာမ်တရားကို-

တွေ့သည်မြင်လာရာ၏။

တဖန် ထိတွေ့မှုရုပ်တရားလဲမြဲ ခံစားမှု မှတ်သားမှု စေ့ဆော်မှုသိမှု နာမ်တရားများလဲမြဲ။

ပဋ္ဌမတကြိမ်ထွက်လေဝင်လေမှာလဲ ခန္ဓာ ၅-ပါး၊ ရုပ်နာမ် တရားများမမြဲသလို-

နောက်အကြိမ် နောက်အကြိမ်များစွာမှာလဲ ထိ သိ ပျောက်နှင့် မမြဲခဲ့လေ။

စောစောက ထွက်လေဝင်လေလဲမမြဲ၊ ယခုရှုဆဲထွက်လေဝင်လေလဲမမြဲ၊ နောက်ရှုရအုံးမဲ့ထွက်လေဝင်လေသည်လဲ မြဲအုံးမည်မဟုတ်၊ ကုန်ခန်း ပျောက်ကွယ်ရပေအုံးမည်သာ- မမြဲသည်က အနိစ္စသဘောဖြစ်သည်။

မမြဲသည်ကိုသိလျက် ရှုနေရရိုက်နေရ အောက်ထား၍လည်းမရ၊ ဝင်လေဖြစ်ပျက် ထွက်လေဖြစ်ပျက်နှင့် ဖြစ်သမျှပျက်သမျှကို ရှုထုတ်ပြီး တနုတ်နုတ်ခံနေရဒါ နှိပ်စက်နေသည့်သဘောအစု(ဒုက္ခ)ပင်ဖြစ်သည်။

ထွက်လေဝင်လေသဘောအစုရုပ်နာမ်တရားတို့သည် မဖြစ်မပျက်ပါစေနဲ့ဟု တားထား၍လည်းမရ ပျက်ပါပျက်ပါဟု တောင်းပန်ငြားလဲအကြောင်းတိုက်ဆိုင်ကာဖြစ်၍အကြောင်းတိုက်ဆိုင်ကာ ပျက်ပြားရပေတော့သည်။

သို့မို့ကြောင့် မိမိအလိုကိုလဲမလိုက် အကြိုက်သို့မပါ သူ့သဘောနှင့်သူ အကြောင်းသင့်ဖြစ်၍ အကြောင်းမသင့်ဘဲ

ပျက်နေလျက် အစိုးမရသည့်(အနတ္တ) သဘောသာလျှင် ရှိပေသည်။

ပဉ္စက္ခန္ဓာ အတီတာနာဂတပစ္စုပ္ပန္နာ
အနိစ္စံ ခယဋ္ဌေန ဒုက္ခံဘယဋ္ဌေန အနတ္တာ
အသာရကဋ္ဌေန။

အတီတာနာဂတပစ္စုပ္ပန္နာ- အတိတ် အနာဂတ် ပစ္စုပ္ပန်-ကာလသုံးပါးတို့၌ ဖြစ်ကုန်သော။

ပဉ္စက္ခန္ဓာ-ရုပ်,ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ်, တည်းဟူသော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်။

ခယဋ္ဌေန- ဖြစ်ပြီးမှန်စွာ ပျက်တတ်သော သဘောအစု (ဝါ) ကုန်ခန်းတတ်သော သဘောအရ-အနိစ္စံ-အမြဲမရှိ။

ဘယဋ္ဌေန- ဖြစ်ပျက်နေမှုသဘောအစုသည်- နှိပ်စက်နေသည့်ဘေးဟူသော သဘောကြောင့်-ဒုက္ခံ- ဆင်းရဲ၏။

အသာရကဋ္ဌေန- ဖြစ်ပျက်နေမှုအစုသည် မဖြစ်မပျက်ရန် တောင်းပန်လို့မရ အကြိုက်သို့လဲမပါ။အနှစ်သာရအားဖြင့်လဲ ခိုင်မာမှုမရှိတဲ့သဘောမို့- အနတ္တာ- အစိုးမရ စသည်ဖြင့်။

နှာသီးဝ၌ ထွက်လေဝင်လေကို ရှုမှတ်ပွားရင်း၊ ထွက်လေဝင်လေ ထိသိဖြစ်ပျက်—

အနိစ္စ ဒုက္ခ အနတ္တ တရားတို့ကို၊ ပဋိပတ်ကျင့်စဉ်တရားတို့ဖြင့် သိမြင်လာရပေသည်။

## "သတိကပ်လျက် ရှုကွက်ပြောင်း"

ထိုကဲ့သို့ အာနာပါန ကမ္မဋ္ဌာန်းကို ရှုပွားလျက် တစ တစ အားကောင်းလာသောအခါ—

ထွက်လေဝင်လေသာ ဖြစ်ပျက်သလား မြင်မှု ကြားမှု တွေ့မှု နံမှု စားမှု ထိမှု တွေးတောမှုသဘောတွေလည်း ရောဘယ် လိုလဲဟု သမထစျာန်ကစားသလို ဝိပဿနာဉာဏ်ကစား၍ ရှုကွက်ပြောင်း ပြောင်းရှုကြည့်မိသည်။

မြင်မှုလည်း ဖြစ်ပြီးပျက်တာ သိလာရသည်။

မြင်ဒါက ရုပ် မြင်သိဒါက နာမ်၊ အဖြူမြင်ရာမှ အမဲ အမြင်ရောက်သွားလျှင် အဖြူအမြင်ပျက် အမဲမြင်ရောက်–

ဒါဖြင့်ရင် မြင်ဖြစ်ပျက်၊ ကြားဖြစ်ပျက်၊ နံဖြစ်ပျက်၊ စားဖြစ်ပျက်၊ ထိဖြစ်ပျက်တို့ကို တစ တစ မြင်သိလာရမည် ဖြစ်သည်၊ တခါမြင် တခါကြားတိုင်းလဲ ခန္ဓာငါးပါးဖြစ် ခန္ဓာငါးပါပျက်ကြသည်သာ ဟု သိလာရသည်၊ ရုပ် နာမ် ဖြစ် ရုပ်နာမ်ပျက်သည်သာဟု သိလာရပေသည်။

ဥပမာ။ ။မြင်မှုကိုကြည့်သည်။

အမြင်ခံ– အဆင်းအရောင်သည် (ရုပ်) မြင်စေ တတ်သည့် မျက်စိအကြည်သည် (ရုပ်)။

အဆင်းသည်အပြင်ရုပ်

မျက်စိသည် အတွင်းရုပ်

နှစ်ခုထိတွေ့မှုသဘော(ဖဿ) ကြောင့် မြင်မှုခံစားခြင်း (ဝေဒနာ)သည် ပေါ်လာရသည်၊ ခံစားမှု(ဝေဒနာ) ပေါ် လာ၍(ဖြူသည် နီသည်)စသည်ဖြင့် မှတ်သားမှုသညာ ပေါ် လာရသည်၊ မှတ်သားမှုသညာမှ စေ့ဆော်မှုသဘော သင်္ခါရ သဘော ပေါ်လာရသည်၊ထိုမှတဖန် သိမှုဝိညာဏ် ပေါ်လာ သည်။

တူရာပေါင်းလျက် ရှုသော်...

မြင်ဒါက ရုပ်
မြင်ခံစားဒါ ဝေဒနာ
မြင်မှတ်သားဒါ သညာ
မြင်စေ့ဆော်မှု သင်္ခါရ
မြင်သိဒါက ဝိညာဏ်

တခါမြင်လျှင် တခါငါးပါး ဖြစ်၍ တဖန်—

မြင်မှုရုပ်မှ ကြားမှုရုပ်ပေါ်လာက မြင်ရုပ်အဆင်း ပျက် လျက်—

ကြားမှုရုပ်အသံ ဖြစ်ပေါ်လာသည်။

ဒါကြောင့် ရုပ်တရားလဲ မမြဲဖြစ်ပျက်ပဲ။

ခံစားမှုဝေဒနာမှာလဲ ထို့အတူပင် အဆင်းခံစားရာမှာ—

အသံခံစားမှုပေါ်လာလျှင် အဆင်းခံစားရာမှအသံခံစား မှုသို့ ပြောင်းလွဲသွားသဖြင့်။

ခံစားမှု(ဝေဒနာလဲ)မမြဲ ဖြစ်ပျက်ပဲ။

ထို့အတူ အဆင်းမြင်ခံစားတုန်းက ဖြူသည် နီသည်ဟု စသည် မှတ်သားမှုသညာသည် ကြားမှုပေါ်လာပါက အသံကို ခံစားရင်း အသံကျယ်သည်၊ အသံတိုးသည် စူးသည် စသည်ဖြင့် ပြောင်းလဲမှတ်သားရသည်မို့။

မှတ်သားမှု သညာလဲ မမြဲ ဖြစ်ပျက်ပဲ။

ထို့အတူသာလျှင် မြင်မှုတုန်းက အဆင်းခံစား အဆင်းမှတ်သားရာမှ—

မျက်စိအကြည်ရယ်

အဆင်းရယ်

အလင်းရောင်ရယ်

နှလုံးသွင်းမှုရယ် အကြောင်းတရားများ စေ့ဆော်မှု သင်္ခါရသည်—

ကြားမှု ပေါ်လာသည့်အခါ—

နားခေါင်း နား အကြည် အသံ နှလုံးစသည့် အကြောင်းတရား စေ့ဆော်မှုသင်္ခါရသည် ပြောင်းလဲရလေသည်မို့—

သင်္ခါရလဲမမြဲ ဖြစ်ပျက်ပဲ။

တဖန် မြင်တို့က မြင်မှုကိုသိ၊သောတဝိညာဏ်သည် ကြားလာတော့ ကြားမှုပြောင်းသိရပါသည်မို့—

ဝိညာဏ်လဲမမြဲ ဖြစ်ပျက်ပဲ။

## "ခန္ဓာငါးပါးအဆင့်ဆင့်ဖြစ်ပျက်ခြင်း"

မြင်မှု ကြားမှု နံမှု စားမှု ထိမှု တွေးတောမှု စသည်တို့သည်– မြင်မှုမှ ကြားမှုပြောင်းတိုင်း ကြားမှုမှ နံမှုပြောင်းတိုင်း စသည်ဖြင့် ပျက်နေသလို။

မြင်မှုသဘောခန္ဓာ (၅)ပါးမှာပင်လျှင် အဆင့်ဆင့် ဖြစ်ပျက်နေလေသည်။

**ဥပမာ။** ။အနိဋ္ဌမြင်သည်။

မြင်ခြင်းသည် ရုပ်ဖြစ်၍ မြင်မှု၌ ခံစားခြင်းဝေဒနာ ပေါ်ဖြစ်လာသော် မြင်မှုရုပ် ပျက်ခဲ့လေပြီ၊ မြင်မှုရုပ်၌ ခံစားပြီး၍ အနိဋ္ဌဘဲဟု မှတ်သားမှုသညာ ပေါ်လာသော် ခံစားမှုဝေဒနာ ပျက်ခဲ့ချေပြီ၊ မှတ်သားမှုသညာမှ စေ့ဆော်မှုသင်္ခါရပေါ်လာသော် သညာပျက်ခဲ့ချေပြီ၊ စေ့ဆော်မှုသင်္ခါရ ပျက်ခဲ့ချေပြီဖြစ်သည်။

> မြင်မှု ရုပ်တရားဖြစ်ပျက်မှသည် မြင်ခံစား ဝေဒနာပေါ်၊ ခံစားမှုဝေဒနာ၊ ဖြစ်ပျက်မှသည် မှတ်သားမှုသညာပေါ်၊ မှတ်သားမှုသညာ ဖြစ်ပျက်မှသည် စေ့ဆော်မှုသင်္ခါရပေါ်၊စေ့ဆော်မှုသင်္ခါရ ဖြစ်ပျက်မှသည် သိမှုဝိညာဏ်ပေါ်၊မြင်သိမှုဝိညာဏ်ဖြစ်ပျက်မှသည် ကြားသိမှုဝိညာဏ်ပေါ်–

စသည်ဖြင့် မြင်သမျှ ကြားသမျှ ခန္ဓာငါးပါးတို့သည် ဖြစ်ပြီး ပျက်နေသည်သာ။

ထိုမှတဖန် ခန္ဓာကိုယ်ကြီးသို့ စူးစိုက်ကြည့်ပြန်ကလဲ--

ယားသည် ရုပ်
ယားမှုခံစား ဝေဒနာ
ယားသည် မှတ်သား သညာ
ယားခြင်းစေ့ဆော် သင်္ခါရ
ယားသိဒါက ဝိညာဏ်

တခါယားတခါ ခန္ဓာငါးပါးဖြစ်ပျက် စသည်ဖြင့် ပူမှု မှုနာမှု ကျင့်မှုတို့ဖြင့်—

ရှိန်ရှိန်လှုပ်လှုပ် သုတ်သုတ်ရှဲရှဲ ခဏမစဲ ခန္ဓာထဲမှာ ဖြစ်ပျက်ပွဲတွေ ဆင်နွှဲပေသည်။

အပြင်က မြင် ကြား နံ စား ထိ သိ လဲဖြစ် ပျက်။

အတွင်းက ပူ ဧ မာ ပျော့ ယို ဖွဲ့ ထောက်ခံ လှုပ်ရှား စသည့် မာတ်သဘောများလည်း ဖြစ်ပျက်။

ဖြစ်ပျက်သမျှကို အနှစ်သာရ ရှာကြည့်သော်လဲ အဆိုင် အမာမရှိ၊ သဘောမျှသာ (ပရမတ်)ရုပ်တရား နာမ်တရား ပညတ်တရား ပရမတ်တရား။

ရုပ်ဒုက္ခ နာမ်ဒုက္ခ

မျက်စိမြင်ရ ရုပ်ဒုက္ခ
မြင်သိဒါက နာမ်ဒုက္ခ
နားမှကြားရ ရုပ်ဒုက္ခ
ကြားသိဒါက နာမ်ဒုက္ခ
နှာခေါင်းနံ့ရ ရုပ်ဒုက္ခ
နံ့သိဒါက နာမ်ဒုက္ခ
လျှာမှ စားရ ရုပ်ဒုက္ခ
စားသိဒါက နာမ်ဒုက္ခ
ကိုယ်နှင့်ထိရ ရုပ်ဒုက္ခ
ထိသိဒါက နာမ်ဒုက္ခ
နှလုံး သိရ ရုပ်ဒုက္ခ
သိရ ဒါက နာမ်ဒုက္ခ။
ရုပ်နာမ်နှစ်ဖြာ ဟုတ်မှန်ရှာဒါ-
ဒုက္ခာ သံသရာသာ တွေ့ရပေသည်။

"ဒုက္ခမှ ဒုက္ခ"

အားလုံးသည် ဖြစ်ပြီး ပျက်နေကြကြောင်း ကောင်းကောင်းသိလာရလေသည်။

အဲဒီတော့—

ကြားဖြစ်ပျက်တာ မချမ်းသာ ဆင်းရဲဒုက္ခသာ—

မြင်ဖြစ်ပျက်တာ မချမ်းသာ ဆင်းရဲဒုက္ခသာ
နံဖြစ်ပျက်တာ မချမ်းသာ ဆင်းရဲဒုက္ခသာ
စားဖြစ်ပျက်တာ မချမ်းသာ ဆင်းရဲဒုက္ခသာ
ထိဖြစ်ပျက်တာ မချမ်းသာ ဆင်းရဲဒုက္ခသာ။

အမြဲတစေ ကာလစပ်ဖြစ်ပျက်တွေသာ တန်ဆာဆင်ထားသလို၊ ဒီခန္ဓာကြီးသည် တည်ငြိမ်မှု တခါတလေ ရှာမရသဖြင့်၊ အမြဲတန်းဖြစ်ပျက်နေ၍ အမြဲတန်း ဆင်းရဲနေရသည်။

ဒါကြောင့် ပေါက်ပြန်ပြီး ဖြစ်ပျက်ခဲ့လျက် တည်မှုဖြင့် ချမ်းသာတခု ရှာမရဘဲ အမြဲတစေ ဖြစ်ပျက်မှုနဲ့ ဆင်းရဲနေ၍ မပေါက်မပြန် အမှန်ရှိနေဒါသာ ဆင်းရဲဒါရှိနေသဖြင့် -

မပေါက်မပြန် မှန်ကန်ဒါက သစ္စာ-
ဆင်းရဲမှုသဘောက ဒုက္ခ-

ဪ-ဒုက္ခသစ္စာ-ပါတကားဟု ရှင်တော်ဘုရား ဟောကြားတော်မူသည့်အတိုင်းသာ။

## "ဒုက္ခဖြစ်ကြောင်းသမုဒယအညစ်"

ခန္ဓာကြီးနှင့် ပတ်သက်တာဟူသရွေ့- မြင်, တွေ့, နံ, စား, ထိ, သိ, နဲ့ဘဲပတ်သက်တာဟူသရွေ့ - ပူ, င, မာ, ပျော့၊ ထောက်ခံ လှုပ်ရှား၊ ယိုစီး ဖွဲ့စည်းနဲ့ဘဲ

ပတ်သက်တာ ဟူသရွေ့ ချမ်းသာမန္နော ဆင်းရဲသ
ဘောသက်သက်သာ ဖြစ်နေတော့သည်။
ရုပ်ဖြစ်ပျက်နှင့် နှိပ်စက်နေသည့်(ဒုက္ခ)
နာမ်ဖြစ်ပျက်နှင့်နှိ ပ်စက်နေသည့်(ဒုက္ခ)
ဒါဘဲတွေ့ရသည် မြင်ရသည် ဒါဘဲရှိနေသည်။

တဖန် မကြေနပ်၍ ခန္ဓာကြီးပြန်ကြည့်ပါ၏။

နာကျင်နေတဲ့သဘော
ညစ်ပေနေတဲ့သဘော
တဝေါဝေါနဲ့အနံ့ထွက်နေတဲ့သဘော
တစိမ့်စိမ့်ယိုထွက်နေတဲ့သဘောသာ–

အတုရံ။ ။အမြဲတစေနာကျင်နေတယ်၊
ခေါင်းကမနာ ခြေကနာ၊ ခြေကမနာ လက်က
နာ၊ လက်ကမနာ ဗိုက်ကနာ စသည်ဖြင့် အမြဲ
တန်းနာကျင်နေတယ်။

အသုစိံ။ ။မစင်ကြယ်ဘူး မစင်ကြယ်လို့ ဆေးကြောတိုက်
ချွတ်နေရဒါပေါ့ ရေချိုးရဒါပေါ့။

ပုတိံ ။ ။ပုပ်နေတယ်· ပုပ်နေလို့ ဆေးကြောပေးရတယ်
အိပ်ရာကနိုးလာရင် ပလုပ်ကျင်းရတယ်၊ ကိုယ့်
ကိုယ်က ပုပ်စော်နံမထွက်အောင်ဆိုပြီး ရေမွှေး
ပေါင်ဒါ သနပ်ခါး စသည် လိမ်းထားရတယ်။

ဒါပေမဲ့ ကိုယ်ကမွေးဒါလား
ပေါင်ဒါကမွေးဒါလား
ကိုယ်ကမွေးဒါလား
ရေမွေးကမွေးဒါလား
ကိုယ်ကမွေးဒါလား
အောင်ဒီကလုန်းကမွေးဒါလား
ကိုယ်ကမွေးဒါလား
မဋ္ဌူရေမွေးကမွေးဒါလား

ကိုယ်ကမမွေး၍သာ အငှားအမွေးတွေနဲ့ အများငေး အောင် အသားပေးပြီးနေရပေမဲ့ တော်တော်ကြာ အမွေးနံ့ ပျက်ပျယ်က ပုပ်မြဲပုပ်နေသည်သာ။

ဥဂ္ဂဟရန္တိ။ ။အထက်ကို လှန်တက်အန်ထွက်တဲ့ အဘောရှိထ
သော – ဝေါ့ဝေါ့နှင့် အန်ထွက်နေတယ်။

ပဋိက္ကူလရန္တိ။ ။ကိုးပေါက်သောဒွါရအမောဝတ္ထုမှ တသွေ့သွေ့ယိုစီး
နေတဲ့ သဘောရှိတဲ့ခန္ဓာကိုယ်။

ပြည်-သွေး သလိပ်-နှပ်-ချွဲ-တံတွေး– ကျင်ကြီး–ကျင်ငယ် စသည်များအမြဲ တခုမဟုတ်တခု ယိုစီးနေတဲ့ ခန္ဓာကိုယ်၊

ဗာလာနံ၊ မသိမလိမ်မာသူတွေက။ အဘိပတ္ထိတံ၊ အလွန် တပ်နှစ်သက်ထသော။ သမုဿယံ၊ ရုပ်နာမ်စုဆောင်းငါးပါး

အပေါင်းသာဖြစ်တယ်ဟု ရှင်တော်မြတ်ဘုရား ဟောတော်မူသည့်အတိုင်းသာပေတည်း။

“မဂ္ဂသစ္စာ နိရောဓာ ဆက်စပ်ကြည့်ပါ”

ပုတ်ချက်။ ။ရှေ့ ဒေသနာတော်မှာလဲ ပြည့်စုံထားပြီမို့
လိုရင်းမျှသာ ဖေါ်ပြရုံဖြင့် သိသာနိုင်ပေပြီ။

ဖြစ်ပျက်ခန္ဓာ ရဒါ ဒုက္ခသစ္စာ။

ခန္ဓာကို လိုချင်တွယ်တာလို့ ရကြောင်းပြုလုပ်တာ သမုဒယသစ္စာ။

ယခုခန္ဓာသည် ဖြစ်ပျက် ဒုက္ခဟု သိတော့ မလိုချင်စရာဟု သိဒါ မဂ်ဉာဏ်ပေါ်ဒါ မဂ္ဂလမ်း၊ သစ္စာအမှန် (မဂ္ဂသစ္စာ-နိဗ္ဗာန်ရကြောင်းလမ်းမှန်။)

သမုဒယအလုပ်တွေ ရှောင်ရှားလျက်—

မဂ္ဂင်ရှစ်ပါး (တရားကိုယ်ထားလျက်) အပြင် မြင်သမျှ တွေ့သမျှ ကြားသမျှ စသည်တို့နှင့်–

အတွင်း နာကျင်ကိုက်ခဲ ဖေါက်ပြန်သမျှတွေကို ထပ်ဖန်တလဲလဲ ရှုပွားဆင်ခြင်၍–

ဖြစ်ပျက်တွေကိုသာ မြင်လျက် (ဒုက္ခသစ္စာ) ကို ပိုင်းခြားသိ၍–

ဖြစ်ပျက်ကိုမြင် မလိုချင်စရာဟု သိတဲ့ မဂ်သစ္စာကို(မဂ္ဂင်ရှစ်ပါးနှင့်) တန်ဆာဆင်လျက်—

လိုချင်တွယ်တာ နှစ်သက်မှု သမုဒယသစ္စာကို ပယ်သတ်ပြီး၊ ဒုက္ခချုပ်ငြိမ်းရာ နိရောဓသစ္စာကို မျက်မှောက်ပြုလျက် နိဗ္ဗာန်ချမ်းသာသို့ ရစေရောက်စေကြောင်း။

ရှေ့ ဒေသနာစဉ်က ဖော်ပြခဲ့သော စျာန်ရ– ရဟန္တာ (အရိယမဂ္ဂဝိဇ္ဇာ) အရှင်မြတ်တို့ ကျင့်သွားရာ အကျင့်လမ်းကို ကြိုးစားကျင့်ကြံအားထုတ်နေရလေတော့သတည်း။

# အခန်း (၇)

## "ပြုစုသူပုဂ္ဂိုလ်၏ အများအတွက်ဆန္ဒ"

ဤမျှနှင့် အဆုံးသတ်လျှင် စာရေးသူ၏ (ဝါ) ပြုစုသူ၏ ဆန္ဒအရတော့ ပြည့်စုံပါပေပြီ။

သို့သော်ငြားလည်း စာရှုသူအများအနေနဲ့တော့ ဆန္ဒ ပြည့်စုံသေးမည် မဟုတ်ဟု ယူဆမိပေသည်။

ဘာကြောင့်ဘာလဲ (ရှင်အရိယဓမ္မသိဒ္ဓိ)ပြုစုသူ၏ စာပေ ကိုရှုဖတ်လိုသူများ၏ မူလဆန္ဒကပင်—

၁။ ရှင်တော်ဘုရား၏ အလိုကျ တရားတော်မြတ်ကို- အနှစ်သာရ ကြားနာရှုပွားလိုမှု၊

၂။ သမထ ဝိပဿနာရှုပွား ကျင့်ကြံ အားထုတ်နိုင် ရန် လွယ်ကူ ဖြောင့်မှန်လိုရင်းကို အရောက်မြန် သော ကျင့်စဉ်များကို သိရှိလေ့လာလိုမှု၊

၃။ ပြုစုသူ၏ ကိုယ်တိုင်ကျင့်ကြံ ပွားများသည့် အ ကျင့်တရားဆိုင်ရာ (လောကအပြော လက်တွေ့ ကျင့်ကြံမှုများ)ကို သိရှိလိုမှု—

စသည့် မူလကပင် ရှိခဲ့ကြရာ ရှင်တော်ဘုရားရဲ့ ဒေသနာ ပိုင်းကဏ္ဍကိုဖြင့် ဘတ်ရှုနားလည်၍ စိတ်အားငယ်စရာမရှိ ထိထိမိမိ ကျင့်ကြံမှုရှိက ပေါက်မြောက်နိုင်ကြောင်း သိကြ ရပြီး ဖြစ်ကြပေပြီ။

စာပြုသူ၏ အကျင့်စခန်း (ဝါ) လက်တွေ့ကျင့်စဉ်ကို သင်လိုကြသည့် အာသီသကို ဖြည့်စွက်ဖော်ပြရန်ကို—

၁။ အများဆန္ဒ ပြည့်ဝပါစေခြင်း အလို့ငှာရင်း။

၂။ ပါရမီရှင်များအားကူညီ ပါရမီဖြည့်သောအားဖြင့်ရင်း၊

၃။ ကျေးဇူးတော်ရှင်အပေါင်းနှင့် ပညာရှင်သူတော်ကောင်းတို့အား၊ ပူဇော် အလုပ်အကျွေးပြုခြင်းအားဖြင့်ရင်း။

လိုရင်းကို ဖြည့်စွက်ဖော်ပြရမည်သာ ဖြစ်ပါသည်။

## "ဆန္ဒသဘောထား"

စာရေးသူသည် ထွက်ရပ်လမ်းကို ဝါသနာပါသူဖြစ်၏၊ သို့သော် သံသရာ ဝဋ်ဆင်းရဲအပေါင်းမှ ထွက်မြောက်လိုခြင်းဖြစ်လေ၏။

စာပြုသူ၏ ထာဝစဉ်မြတ်နိုးစွာ သိမ်းဆည်းထားခဲ့သောဆန္ဒသဘောထားများကို ဦးစွာ အသိပေးလိုပါပေသည်။

၁။ မိမိရှေ့မှသွားနေသူ ပုဂ္ဂိုလ်စုံကို(ဝါ)နိဗ္ဗာန်ရည်သန်း ထွက်ရပ်လမ်း အားထုတ်နေသူ မိမိထက်သာလွန်နေသူများကို နောက်သို့မပြန် မဆုတ်ရန်နှင့် ဟုတ်ပုန်သည့်တိုင်း ကျင့်ကြံနိုင်ပေ—

အောင်ပါစေရန် နောက်မှနေ၍ တွန်းထား အားပေး အလုပ်အကျွေးပြုလျက် ပါရမီဖြည့် ပေးလို၍ ကျင့်ခြင်း။

၂။ မိမိနှင့်တန်းတူ အရည်အသွေးဖြင့်ရှိ၍ ကျင့်သုံးကြံ သူ အားထုတ်သူ ပုဂ္ဂိုလ်စုံကို၊ (ဝါ) နိဗ္ဗာန်ရည် မှန်း ထွက်ရပ်လမ်းကျင့်သူ မိမိနှင့်တန်းတူအနေ အထားမှ ရှိနေသူများ အား မဆုတ် မပြန် နောက်မကျန်အောင် ဟုတ်မှန်သည့်တိုင်း၊ သည် တိုင်းကျင့်ကြံနိုင်စေ အောင်ပါစေရန် လက်တွဲ ယှဉ်လျက် အလုပ်အကျွေးပြုရင်း ကူညီရင်းဖြင့် ထိန်းဖေးကူကာ ပါရမီဖြင့် ဖြည့်လိုမှုကျင့်ခြင်း။

၃။ မိမိ၏ နောက်မှလာသူ ပုဂ္ဂိုလ်စုံကို (ဝါ) နိဗ္ဗာန် ရည်မှန်း အကျင့်စခန်း အားထုတ်လာသူ အ ပေါင်းအား မဆုတ် မပြန် ဟုတ်မှန်ရာ ကောင်း မြတ်သောလမ်းမှ ကျင့်နိုင်ပါစေ အောင်ပါ စေဟု လာဆွဲခေါ်ယူ ညီမျှတူရာ၊ ကိုယ်ရှေ့သို့ ပို့လို လုပ်ကျွေးပြုလုပ်ပေး၍ ကူဖေးမကာ– ပါရမီဖြည့်လိုမှုဖြင့် ကျင့်ခြင်း။

စသည့် အခြေခံသဘောထားကို အုဋ်မြစ်ပြုလျက် ကျမ်း ဦးအစ ပဏာမက ဖေါ်ပြခဲ့သလို ရည်ရွယ်ချက် ဦးတည်

ချက် လုပ်ဆောင်ချက် အချက်ကြီး (၃) ချက်ဖြင့် လိုအပ်သည့်အချက် တခုစီ၏ အစိတ်အပိုင်းကို ဖြည့်စွက် ကျင့်ကြံအားထုတ်ခဲ့ခြင်းပင် ဖြစ်ပါပေသည်။

၁။ ရည်ရွယ်ချက်မှာ

သံသာရ ဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ။

သံသရာဝဋ်ဆင်းရဲအပေါင်းမှ လွတ်မြောက်၍ ဉာဏ်ရုပ်နာမ်ဖြင့် အမှန်ထွက်ရပ် နိဗ္ဗာန်ရောက်လိုမှုသည် ရည်ရွယ်ချက်ဖြစ်ခဲ့ပါပေသည်။

၂။ ဦးတည်ချက်မှာ

ဉာဏ်ဘဝ ဒီရပ် ဒီနာမ်နှင့် နိဗ္ဗာန်မျက်မှောက် အပြီးရောက်ရေးအတွက် ဝိသုဒ္ဓိ ကိလေသာတဏှာတို့မှ စင်ကြယ်ကင်းလွတ်ရာမှန် အရဟတ္တဖိုလ်ညာဏ်သို့ ဦးတည်ခဲ့ပါပေသည်။

၃။ လုပ်ဆောင်ချက်

ထိုသို့ရည်မှန်း နိဗ္ဗာန်နန်းကို ရောက်ရေးအတွက် မျက်ရှုဦးတည်လျက်မှ ရည်မှန်းရာရောက် ထွက်ရပ်ပေါက်ကျင့်စဉ်သမထဝိပဿနာ ကျင့်လမ်းမဟာကို ရွေးချယ်လျက် စွယ်စုံပါရမီဖြည့်ဆည်းခြင်းဖြင့် ကျင့်ကြံအားထုတ်မှု တည်းဟူသောလုပ်ဆောင်ချက်ကို လုပ်ဆောင်ရန် ဆုံးဖြတ်လိုက်နာခဲ့ပေသည်။

## "ငယ်စဉ်မှ သည်အရွယ်"

ငယ်စဉ် (၁၄) နှစ်သားမှ သည်အသက်တိုင်အောင် ဆေးအတတ်၊ အင်းအတတ်၊ ဂါထာအတတ်၊ မန္တန်အတတ်၊ ဓာတ်အတတ်၊ ဓာတ်ကူး ဓာတ်ဆက်၊ ဓာတ်ရိုက် ဓာတ်ဆင်၊ လက္ခဏာ၊ ဗေဒင်၊ ယတြာနှင့် နတ်ဆင်၊ နတ်ပူး၊ ဓာတ်စီး၊ ဓာတ်နင်း အကြမ်းအနု နှင့် ကိုယ်ခံပညာ စသည်များကို လေ့လာစူးစမ်း ပြုလုပ်စမ်းခဲ့ဘူးပေသည်။

ထိုလောကီအတတ်ပညာတို့သည် သူ့နေရာနှင့် သူတော့ အတိုင်းအတာနှင့် တိုက်ဆိုင်မှုပေါ်မူတည်၍ ကောင်းခဲ့ကြပါပေသည်။

သို့သော် မိမိလိုလားသော ရောက်လိုသော ထွက်ရပ်အမှန် မြတ်နိဗ္ဗာန်ကိုတော့ဖြင့် မပို့ပေးနိုင်ခဲ့ကြပါပေ။ လောကီပညာသည် သောကီဠသာ အသုံးကျသည် ကောင်းပါသည်။

မိမိရောက်လိုသည့် နိဗ္ဗာန်သည် လောကုတ္တရာပညာပါမှ ဖြစ်မည်မို့ လိုင်းပြောင်းကျင့်ရန် ဆုံးဖြတ်ခဲ့လေသည်။

ဈာယထ ဘိက္ခဝေ မာ ပမာဒတ္ထ မာ ပစ္ဆာ ဝိပ္ပဋိသာရိနော အဟုဝတ္ထ၊ အယံ နော အမှာကံ အနုသာသနီ။

ဘိက္ခဝေ၊ နိဗ္ဗာန်လိုလား ချစ်သား ချစ်သမီးများတို့။ ဈာယထ၊ တစိမ့်စိမ့်ကြည့်ရှု ဆင်ခြင်ကြပါကုန်လော့။ မာ ပမာဒတ္ထ၊ အိပ်ခါစားခါ ပျော်ပါးခါနှင့် ပေါ့ပေါ့ဆဆ ပျင်း၍လို့မနေကြနှင့်။ ပစ္ဆာ၊ သက်ရှယ်ကြီးရင့် မကျင့်နိုင် လောက် သေချိန်ရောက်ထ နောက်ကာလမှ။ ဝိပ္ပဋိသာရိနော၊ ဒါနကိုမပြုခဲ့လေရတကား။ သီလကို မဆောက်တည်ခဲ့ရလေ တကား။ သမထဝိပဿနာ ဘာဝနာတို့ကိုမှ မပွားများမိခဲ့ရ လေတကားဟု နှလုံးမသာယာခြင်းသည်။ မာ အဟုဝတ္ထ၊ ပူလောင်ဇောကြွ ဒေါမာနဿနှင့် သောကရစ်ပြွမ် သေခါနီးမှ နောင်အခါ နောင်တရ မဖြစ်ကြစေနှင့်။ အယံ၊ ဤသို့ ကြောင့်ကြ ရှေးမဆွ ဆုံးမစကားအပေါင်းသည်။ အမှာ အံ၊ ဂင်္ဂါဝါဠု သဲစုမက ပွင့်ပြီးကုန်သော ဘုရားရှင်အပေါင်း တို့နှင့် ငါဘုရားရှင် ကိုယ်တော်မြတ်ကြီး၏။ အနုသာသနီ၊ အစဉ်ထာဝရ ဆုံးမတရားပေါ်ကြားတော်မူမြွက်ခြင်းပေတည်း။

ရှင်တော်မြတ်ဘုရား၏ ထိုအနုသာသနီ တရားတော်ကို နှလုံးသွင်း၍ရင်း၊ အချိန်မနှောင်းခင်မှာ ကောင်းမြတ်သော တရားတော်များကို လိုက်နာကျင့်ကြံရန် ယက်သန်သော စေ တနာသဒ္ဓါတရားတို့ဖြင့် ဆုံးဖြတ်ခဲ့လေသည်။

ထိုသို့ နှလုံးသွင်းသည့် ညမှာပင်လျှင် ညဉ့်သန်းခေါင် ကျော် ၂-နာရီခန့်တွင် အစဉ်သဖြင့် ကောင်းရာကိုညွှန်ကြား

လျက် ဦးဆောင်စောင့်ရှောက်ခဲ့သော အဝတ်ဖြူစင်ကြယ်ဝတ် သူတော်စင် အဘဆရာကြီးသည် ရောက်လာလျက် ပါရမီ စခန်းများကို တစတစ တက်လှမ်းအားထုတ်ပါရန်နှင့်–

"ဆရာကြီးမှ ပုတီးစိပ်ခိုင်းခဲ့"

ငယ်စဉ်က ဝိဇ္ဇာဖြစ်လိုခဲ့သော ဆန္ဒစွဲရှိလျက် တန်ခိုး ဣဒ္ဓိပါဒ်နှင့် သာသနာပြုလိုသော မိမိအား ပုတီးစိပ်လျက် သမထလမ်းမှ စတင်ဆောင်ရွက်ရန် ပုတီးစိပ်နည်းနှင့် တကွ သမထကျင့်စဉ်ကို ချီးမြှင့်တော်မူခဲ့ပေသည်။

သို့ဖြင့် ပုတီးစိပ် သမထနည်းကို ကြိုးစားလျက် ပွားများခြင်း အားထုတ်ခြင်းကို ပြုလုပ်ခဲ့ရာ လမ်းသွားရင်းပင် လွယ်အိပ်လွယ်၍ လွယ်အိပ်ထဲ၌ ပုတီးထည့်လျက်စိပ်ခြင်း အိပ်ရာဝင်လျှင်လဲ ခြင်ထောင်ထဲနှင့် စောင်ခေါင်းမြီးခြုံထဲပါမကျန် စိပ်ခဲ့သည်၊ ဘုရားများ သစ်ပင်အောက်များ စသည်စသည် တို့၌ စိပ်ခဲ့လေသည်။

"ဆရာတော်မှ သမထတရားထိုင်ရန် မိန့်ဆိုခဲ့"

ဤကဲ့သို့ ပုတီးစိပ်ခဲ့ရာမှ ၄–နှစ်တာကာလအတွင်း ဆရာသမားနှင့် အဆန်းတကြယ်တွေ့ဆုံရခြင်း လိုက်သွားရခြင်း များကို တိုက်ဆိုင်ခဲ့ပြီး။

တနေ့သော အရုဏ်တက်နံနက်စောစောအချိန်တွင် ဆရာကြီးနှင့် ရသေ့ဆရာတော်တပါး ကြွရောက်လာခါ ခဏလိုက်

ခဲ့ရန် နှိုးခေါ်သဖြင့် လိုက်သွားခါ ဆရာတော်များ၏ ညွှန်ပြ ရာနေရာဌာနမှာပင် အဓိဋ္ဌာန်စခန်း ဝင်ရောက် အားထုတ်ခဲ့ ရပြီး။

ပြီးမြောက်သောကာလ ဆရာကြီးမှလိုက်ပို့လျက်၊ ရသေ့ ဆရာတော်ကြီး၏ အဆုံးအမ ညွှန်ကြားမှုအတိုင်း မီးတိုင်ကို ထွန်းညှိ၍ အလုံဂူအမှောင်ခန်းများ၌ တေဇောကသိုဏ်း ရှုပွားခြင်းနှင့် တရားထိုင်သမထကျင့်နည်းများကို တိုးတက် အားထုတ် ပွားများလာခါ၊ ကျင့်ဆောင်ကြိုးကုတ် အား ထုတ်ခြင်းနှင့် နေရင်းမှ ဆရာကြီးမှ ဝိပဿနာကျောင်းကို သွားရန် ညွှန်ကြားသဖြင့် မိဘများတရားအားထုတ်ရာ မော် ကျွန်းမြို့ မဟာဝတ္တုကံကျောင်း ဝိပဿနာ ကျောင်းတိုက်၌ အတူလိုက်လျက် ဝိပဿနာတရားကျင့်မှု အားထုတ်မှုကို စနစ် တကျ ခံယူလိုက်နာလျက် လေ့လာအားထုတ်ခဲ့ရင်း။

"မဟာဝတ္တုကံဆရာတော်ဘုရားကြီးထံ၌"

တနေ့သောနံနက် သွားကိုက်ရောဂါဖြစ်ပွား၍ ဆေးထည့် လိမ်းရာ မပျောက်နိုင်သဖြင့် ဘုရားစင်ရှေ့၌ တရားအားထုတ် ရန် အစီအစဉ်ပြုလုပ်လျက် ပရိကံကိစ္စပြီးသဖြင့် မဟာပလ္လင် ခွေထိုင်ခါ ကိုက်သောသွားကို အလိုက်သင့်အာရုံပြုလျက် ဝေဒနာကို သည်းခံပြီး အပုတ်နှင့် ရှုပွားနည်းဖြင့် ရှုပွားနေ ရင်း သွားကိုက်ဝေဒနာမှာ သက်သာလျက် ပျောက်ကင်း သွားပြီး—

ကျေးဇူးတော်ရှင် မဟာဝတ္ထုကံဆရာတော်ဘုရားကြီး ကြွလာသဖြင့် ရိုသေစွာရှိခိုးလျက် ဝတ်ပြုလိုက်ရာ ဆရာတော်ဘုရားကြီးမှ တရားကို ကြိုးစားအားထုတ်ရန်နှင့် သမထ ဝိပဿနာသဘောတရား သင်္ခါရတရားတို့၏ ဖြစ်တတ်ပျက်တတ်မှုတရားများကို ဟောကြားလျက် ဝိပဿနာအကြောင်းကို ကောင်းစွာ ဟောကြားချီးမြှင့်တော်မူနေပါသည်၊ ထိုသို့ အဆုံးအမ ခံယူနေခိုက် ဆရာတော်ဘုရားကြီး နေရာမှ ကြွသွားခိုက် ခေါ်လိုက်ရ ကောင်းမလား လက်တို့လိုက်ရ ကောင်းမလား ဘာဖြစ်တာလဲမသိဘူးစသည့်တီးတိုးစကားများ ကြားလာရ၍ ဘုရားရှိခိုးဦးချခါ လှည့်လိုက်သည့် အချိန်တွင် ဘခင်ကြီးနှင့် ဝိပဿနာယောဂီအချို့ကို တွေ့ရပြီး။

၎င်းတို့မှ ပြောပြချက်အရ နံနက် (၈) နာရီမှသည် ညနေ ၆-နာရီထိတိုင်လျက် ခေါင်းငြိမ့်ငြိမ့်လုပ်နေသဖြင့် စိုးရိမ်သဖြင့် ဘာများဖြစ်သလဲဟု ခေါ်ကြည့်မလို လုပ်နေကြောင်း သိရခါ–

သည်တော့ စောစောက ဆရာတော်ဘုရားကြီးသည် အာရုံ၌ ကြွရောက်လျက် သနားတော်မူ၍ တရားဟောသည်ဟု ယူဆမိပေတော့သည်။

သည်လိုနှင့် အဓိဋ္ဌာန်ရက်ပြည့်ခဲ့သည့်နေ့မှာ ညွှန်ကြားချက်တခုနှင့် ဘုရားတဆူ၌ တရားအားထုတ်ခဲ့ရခါ–

မြန်မာပြည်အရပ်ရပ်သို့ ဆရာ ယောဂီ ရသေ့ စသည်ဘဝ အမျိုးမျိုးဖြင့် အခါအားလျော်စွာ တရားအလုပ်နှင့် ဒါန သီလ ဘာဝနာကျင့်စဉ်ကို အားထုတ်ခဲ့ရပေသည်။ စေတီ ပုထိုး သိမ် ကျောင်း ကံလမ်း စသည်တို့ကို ပြုလုပ်လှူဒါန်း လျက်—

ထိုသို့အားထုတ်ရာမှ ကျိုက်ထိုမြို့နယ် မရမ်းကုန်းဘုရား တောင် (ခေါ်) ဝေပုလ္လတောင်သို့ရင်း အောင်သပြေတောင် သို့ရင်း ရောက်ရှိ အဓိဋ္ဌာန်ဝင်တရားအားထုတ်လျက်(၁၀၈) ရက်စခန်း ကျင့်စဉ်များကို ပွားများအားထုတ်ခဲ့ပေသည်။

'ဝေပုလ္လနှင့်သပြေခံ အောင်သပြေတောင်"

အောင်သပြေတောင်(သပြေခံတောင်) ဝေပုလ္လ (ဆရာ တော်ကြီး ဦးကောသလ္လ သီတင်းသုံးသွား) တော်မူရာတို့၌ (၁၀၈) ရက်စခန်းဝင်ရာမှ တနေ့သောနံနက် အခါ ဆရာ တော်ကြီး(၄)ပါး ရဟန်းဆရာတော်ကြီး (၄) ပါး ကြွလာ တော်မူလျက် တရားတော်များ ဟောကြားတော်မူခါကေ လာသတောင်တော်တွင် အဓိဋ္ဌာန်ဆက်ဝင်ရန်နှင့် လိုအပ် သောဆု ပြည့်လိုပါက သမထဝိပဿနာကျင့်စဉ်ကို ဂရုတစိုက် ကျင့်ရန်၊ ရသေ့ဝတ်နှင့်ပင် ဆက်လက် အားထုတ်သွားရန် အချိန်ကျတော့ ရဟန်းပြုရန် ညွှန်ကြားမိန့်သနားလျက် ကြွ မြန်းသွားတော်မူကြရာ—

ဆရာတော်များဘယ်ကကြွလာပါသလဲဘုရား၊ ယခု ဘယ်ကို ပြန်ကြွတော်မူကြပါမလဲဟု ရိုသေစွာ လျှောက်ထားရာ ရာဇဂြိုဟ်သားတွေဆိုတော့ရာဇဂြိုဟ်ကိုပြန်ကြွရမယ်ပေါ့ကွယ် လို့ မိန့်တော်မူသွားလေသည်(စိတ်ထဲတော့ဖြင့်အော်ရာဇဂြိုဟ်ပုဂ္ဂိုလ်ကြီးလေးဦး)ပါလားဟု မှတ်ချက်ချမိရင်း—

ဆရာတော်ကြီးများ၏ ကြည်ညိုဘွယ်ရာ အသွင်တော်ကို ရည်စူးဦးတင်လိုက်ရပေသည်။

သည်လိုနှင့် ကေလာသတောင်သို့ ရောက်ခဲ့ရသည်။

## "ဆံတော်ရှင် ကိန်းဝပ်တော်မူရာ ကေလာသတောင်တော်"

ဆံတော်ရှင်မြတ် ကိန်းဝပ်တော်မူရာ ဆံတော်ရှင်စေတီတော်မြတ်ကြီးတည်ရှိရာ ကေလာသတောင်တော်သည် ဘီးလင်းမြို့နယ်တွင်းတွင် တည်ရှိနေပေသည်။

ရှင်တော်မြတ်ဘုရား သက်တော်ထင်ရှားရှိတော်မူနေစဉ် ကြွလာတော်မူသော ကေလာသ။

ရှင်တော်မြတ်ဘုရားထံ ရသေ့ပုံတူဆုတူးပန်၍ နောင်အခါကိုးကွယ်ရန် တောင်းပန်လျှောက်ထားသဖြင့် ဆံတော်ရှင်မြတ်များ ပေးသနားတော်မူရာဌာန ကေလာသ။

ဆံတော်ရှင်မြတ်တည်ရာဌာန ကေလာသ။

နောက်ထပ်တဖန် အရှင်အနုရုဒ္ဓါ အရှင်မြတ်နှင့်ရဟန္တာ ပေါင်း(၆)ပါးကြွတော်မူ၍ ဆံတော်(၇)ဆူ ဘုရား(၆)ဆူ တည်ရာ၌ ပစ္စုန္နနတ်သားတခါ ထပ်မံပြု၍ဆံတော်တဆူထပ်မံ တည်သည့် ကေလာသ။

အရှင်ဥတ္တရထေရ်နှင့် သောဏထေရ် ရဟန္တာမြတ်ကြီးတို့ ကြွတော်မူရာ ကေလာသ။

မနုသီဟပေါ် ထွန်းတင်ရာ ကေလာသ။

စသည်ဖြင့် ကေလာသတောင်သည် အကျင့်ဖြူစဉ် နိဗ္ဗာန် ဝင်ချင်သူများအတွက် ကောင်းခြင်းအဖြာဖြာ မင်္ဂလာနှင့် ပြည့်စုံသော အောင်မြေအစစ်ဖြစ်ခဲ့ပေသည်။

## "ကေလာသ ရောက်ခဲ့ခြင်း"

ကေလာသကို ရောက်ခဲ့သည်၊ တောကြီးကထူထပ်သော်လည်း စိမ်းစိုသောသစ်ပင်တို့၏ ရှုချင်စဖွယ်ဖြင့် ဆင်ယင်ထားရကား ကြည်နူးစရာကောင်းလှပေသည်။

သည်ကေလာသတောင်နှင့် ဆံတော်ရှင်မြတ်ဘုရားစေတီကို ဟိုသပြေ(သပြေခံ)တောင် ဝေဠုလ္လိုတောင်များမှာ ရှိစဉ်ကလဲက လှမ်းမျှော်ဖူးခဲ့ရသည်၊ သည်ထဲက ကြည်နူးမိခဲ့ပေသည်။

(ရှိစေတော့ ကေလာသနှင့် အရိယာဂမ္ဘ)

အကြောင်းကို အလျင်းသင့်သော နောက်တက်ပည့်စာအုပ်၌ ရေးသားဖေါ်ပြရန် ဆန္ဒရှိပါသည်။

ယခုမှုလိုရင်းသို့ ရှေးရှုရေးသားပြုစုရန်သာ ဖြစ်သည်မို့ ကောလာသရဲ့ ထူးခြားပုံတွေကို နောက်မှဆက်ရှုလေ့လာကြပါလို့-

ကောလာသတောင်တော်သို့ ရောက်ရှိလျက် အားထုတ်ရမည့်ကျင့်စဉ်စခန်းကို (၁၀၈)ရက် အဓိဋ္ဌာန်ဖြင့်စခဲ့သည်၊ သီတင်းကျွတ်လပြည့်နေ့တွင် အပြီးအဆုံးသတ် (အောင်)ရက်ထားခါ ဝါခေါင်လပြည့်ကျော် ရက်များမှစတင်ခဲ့ရသည့် တပည့်များလည်း ပါဝင်သည်၊ အတူတကွ ပါရမီဖြည့်ကူညီ အားထုတ်ခဲ့ကြလေသည်။

ရသေ့ဝတ်နှင့်အားထုတ်ခဲ့၍ (ကောလာသတောင် အောင်ဝရသိဒ္ဓိအောင်)ရှင်ရသေ့ဟုတွင်ခဲ့သည်။ ကျင့်စဉ်များကို ဆရာတော်များ၏ အခါအားလျော်စွာ ကြွလာလျက် သင်ကြားပြသ ညွှန်ကြားတော်မူသည့်အတိုင်း အားထုတ်ခဲ့ရသည်။

အဓိဋ္ဌာန်ရက်(၁၀၈)ရက်အတွင်းအားလုံးယောဂီ အမျိုးသားအမျိုးသမီးများပါ ကြီးငယ်အားလုံး မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းစေလျက် (၁၁၈)ရက်သက်သတ်လွတ်စားကြရန် ညွှန်ကြားလျက် မိမိကိုယ်တိုင်ကတော့ဖြင့် ပါကုပေတ်—အသက်လွတ်စားသောအကျင့်မှာ ကြာမြင့်ခဲ့ပြီးမို့ အခက်အခဲမရှိခဲ့သော်လည်း တပည့်များကို အားပေးရသည်။

အဓိဋ္ဌာန်မှာ–နေ့စဉ် ပဋ္ဌာန်း နံနက် ညရွက်ပွားခြင်း၊
ပရိတ်တော်များရွတ်ပွားခြင်း၊

တနေ့(၃)ကြိမ်အာနာပါန-ကမ္မဋ္ဌာန်းစီးဖြန်းရခြင်း၊ ထိုင်ရခြင်း၊ အားလုံး(၉)ပါးသိလဌ် တည်စေခြင်းဖြစ်သည်။

"သံသရာဝဋ်လွတ်လိုသော ဆရာတော်ဘုရားများ"

သည်လိုနှင့် အဓိဋ္ဌာန်ရက်(၄၀)မြောက်သောည ၁၂-နာရီအချိန်တွင် ကျေးဇူးတော်ရှင် ငယ်စဉ်က ပညာသင်ပေးခဲ့သော ဓါတ်ပညာစသည်ကိုပါ သင်ကြားပေးခဲ့သော ဆရာတော်ဦးနိပုဏသည် ကြွရောက်လာလျက် ကောင်းစွာအားထုတ်ပါဟု မိန့်ကြားရင်း နောက်ထပ်ဆရာတော်ကြီး(၂)ပါး ကပါအတူကြွရောက်ပါလာပြီး ရှင်ရသေ့နိဗ္ဗာန်ရောက်ချင်ပြီလား ဟု မေးတော်မူရာ ရောက်ချင်လှပြီဖြစ်ကြောင်း ဖြေကြားလျှောက်ထားလိုက်ရာ၌

ဒါဖြင့်ရင် ဘုရားရှင်သည်လည်း အာနာပါန–ကမ္မဋ္ဌာန်း အဿာသပဿာသ- ဘာဝနာတော်များဖြင့် အထွဋ်အထိပ်သို့ရောက်တော်မူခဲ့ရတယ် အဲဒီတော့ ဒို့လဲဒီကမ္မဋ္ဌာန်း အားထုတ်တယ် ရှင်ရသေ့လဲစွဲမြဲစွာအားထုတ်ပါ၊ အချိန်ကျတော့ ကိစ္စဆိုဒါပြုလုပ်ရင်ပြီးတန်းပါဘဲ။

အဲနိဗ္ဗာန်ကိုလဲဝင်ရောက်ချင်တယ် ဝိဇ္ဇာလဲဖြစ်ချင်ရင်တော့။ အရိယမဂ္ဂဝိဇ္ဇာ–အကျင့်ကိုကျင့်ပါ အဲဒီ

> တော့ အရိယာသစ္စာဝိပဿနာကိုရှုပွားပြီး သမထယာနိက အကျင့်ကိုကျင့်ပေတော့ပေါ့ဟု မိန့်ကြားသနား ချီးမြှင့်ခဲ့ရာ—

တနေ့သောအခါ အိပ်မက်၌ဒေသနာတော်တွေကို ဟော ကြားသော ဓမ္မကထိက ဆရာတော်ကြီးတပါး၏တရားတော် များကို နာကြားရလျက်။

နိုးလာသည့်အချိန်မှစ၍ ကောင်းမြတ်သော ဒေသနာ တော်တရားများကိုလေ့လာ ပွားများလျက်—

ဘုရားဟော ဒေသနာနှင့်အတူ ပရိယတ် ပဋိပတ်တရား တို့ကို စွယ်စုံလေ့လာအားထုတ်ခဲ့ရပေသည်။

## ရဟန်းဘဝ ချီးမြှောက်တော်မူကြမည့် ကျေးဇူးဟောင်ရှင်များနှင့်တွေ့ခြင်း

သည်လိုနှင့် ကေလာသတောင်တွင် အဓိဋ္ဌာန်ဝင်ရောက် အားထုတ်ခဲ့သည်မှာ ပြီးမြောက်ခဲ့သည်၊ တရားသဘောဝိသေ သနှင့် အောင်မြင်မှုတရားတို့သည် သဘာဝအတိုင်းသာ အ ကြောင်းပြည့်စုံသည် အကျိုးတရားကို ရရှိခြင်း၌သာ တည် ခဲ့ပေသည်။

နောက်တနှစ်၊ ဤကေလာသမှာပင် တရားအားထုတ်ခဲ့ သည်။

မိမိအတွက်၊ ကျင့်စဉ်က သီးသန့်စီစဉ်ထားသည့် အား လျော်စွာ စေတီတော်ရင်ပြင်၌၊ တနင်္ဂနွေဒေါင့်မှာ တရား အားထုတ်နေခဲ့ရသည်။

ခြေသံများ နားထဲကြားခဲ့ရသည့် တချက်တချက် ဟာ— အတော်ကြာ အအေးပတ်ပြီး ဒုက္ခရောက်နေပါအုံးမယ် သူ ထိုင်နေဒါ ဘယ်လောက်ကြာပြီလဲ။

မိုးတွေက တဖွဲဖွဲနှင့် ညနေထဲက ထိုင်နေဒါပါ။

ဟာ—ခုည ၉-နာရီထိုးနေပြီဘဲ မထသေးဘူးလား။

မနက် ၇-နာရီလောက်မှ ထပါလိမ့်မယ်ဘုရား။

အသုံးအနှုန်းကြောင့် စိတ်ထဲ ရဟန်းသံဃာများနှင့် လူ ပုဂ္ဂိုလ်များ ပြောဆိုသံပင် ဖြစ်မည်ဟု ခန့်မှန်းရသည်။

ဒို့လဲ မနက်ကျမှဘဲ ဆက်လုပ်ဘိုဘဲဟု ပြောဆိုလျက်- ရွေ့လျားသွားသံများ ပျောက်သွားသည်။

ပတ်ဝင်းကျင်မှာ ဂျက်လေသာဥပုံသံလို ပဇင်းရင်ကွဲ အော်သံမှအပ တိတ်ဆိတ်နေတော့သည်။

တောင်အောက်ပုံ နာဂုံမောင်းခေါက်သံက တချက်တ ချက်တော့ ဝင်လာသည်၊ ဘယ်လောက်မှန်းတော့ မသိ တဝီဝီ နှင့် လေပြင်းသံနှင့်အတူ တဝေါဝေါ ရွာချလိုက်သော မိုး သည်းထန်လှသည်၊ တညလုံး လေရောမိုးရော မညှာမတာ သွေးတိုးစမ်းသလို ရွာခဲ့သည်။

အမိဋ္ဌာန်နှင့် ထိုင်နေ၍သာ တော်သေး၏၊ အမိဋ္ဌာန်မပါခဲ့လျှင် မိုးတဖျောက်နှစ်ဖျောက်လောက်ကထဲက ထမိမှာ သေချာသလောက် အကောဖေါက်လာပေသည်။

နံနက် အုန်းမောင်းခေါက်သံက ကေလာသတောင်မြောက်ဘက်ရှိ ဝင်းကန္ဒာ ပေါ်တော်မူ ကျောင်းလောက်က ပြန့်လွင့်ခဲ့ပါသည်၊ နောက် တိတ်သွားသည်၊ မိုးကားကောင်းနေတော့ တခါတခါ လုံးဝမကြားရပေ။

နံနက်လင်းရောင်က မှိတ်ထားသော မျက်စိကို ဟပ်လာသည်။

ဆရာတော်ကြီး တပါးသည် ဦးခေါင်းပေါ်၌ လာရပ်သည် ဟုဘက်သည်ဘက်ကြည့်လိုက်သည်၊ မိုးများလေများ ရုတ်ခြည်း တိတ်သွားသည်။

ကြိုးစားလေဟုသာ မိန့်ကြားသွားသည်။

တီးတိုးစကားများ ကြားရပြီး၊ ကဲ ၇–နာရီလဲကျော်ပါပြီကွာ အအေးပတ်နေပါအုံးမယ်ဟု ပြောသံ ကြားပြီး၊

ဆရာရှင်ရသေ့ဘုရား၊ အချိန်စေ့ပြီးပါပြီဟု တပည့်ကြီး တဦး၏ အသံပေါ်လာသည်။

တအောင့် မေတ္တာပို့ အမျှပေးဝေ၍ နောက်ထပ်နာရီဝက်ခန့် ကြာမှထလိုက်သည်။

လှည့်ကြည့်လိုက်သည်။

"ဆရာတော်ကြီးသုံးပါး"

ဆရာတော်ကြီး(၃)ပါး ကိုယ်ရင်နှင့် ကျောင်းသားများ တွေ့ရသည်။

ဆရာတော်ကြီး (၃)ပါးကား—

ကင်းရွာရေတံခွန် ဆရာတော်ကြီး ဦးဝေပုလ္လ။

တောင်စွန်း ကျောက်ဝိုင်းဆရာတော်ကြီး ဦးနေမိန္ဒ။

ပေါက်တောကျောင်းကြီး ဆရာတော် ဦးပါမောက္ခ။

ဆရာတော်များဖြစ်လျက် ဆရာတော်များ မိန့်တော်မူ ပြောကြားတော်မူချက်အရ ကြားသိရသည်မှာ ကေလာသ နာယကဆရာတော်များဖြစ်ကြောင်းနှင့်—

ကေလာသ ဆံတော်ရှင်ဘုရားကြီး၌ သံဆူးကြိုးများလာ ရောက်တပ်ဆင်ခြင်းများနှင့် လိုအပ်သည်များကို ညွှန်ကြား ရန် ရောက်လာကြောင်း သိရသည်။

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားများနှင့် သင့်လျော် လျောက်ပတ်သောစကားများ လျှောက်ထား ပြောဆိုလျက် ဆရာတော်များ၏ မိန့်ကြားတော်မူသော တရားတော်များ ကို နာကြားလျက် ကျောက်ဝိုင်း ဆရာတော်ဘုရားထံ၌ပင် သီလများ ထပ်မံ ခံယူရသည်။

ဆရာတော်များအား ရှိသေစွာ ပူဇော်လျက် အရဏ်ဆွမ်း နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းမှုများဖြင့် ဒါနကုသိုလ် ပြု ကြလျက်၊ အလုပ်အကျွေးပြုခွင့် ရခဲ့ကြပေသည်။

ဆရာတော်များလဲ ချမ်းသာစွာ ရှင်တော်ဘုရား ဟော ကြားထားခဲ့သော တရားတော်များကို ကြိုးစားပွားများကြ ကုန် အဆုံးအမတော် တရားတော်များကို ဟောကြားချီးမြှင့် တော်မူကြလျက် ကြွမြန်းသွားကြမှ မိမိတို့လုပ်ငန်းများကို ဆက်လက် ပြုလုပ်ခဲ့ကြပေသည်။

သည်လိုနှင့် ကေလာသတောင်တော်ပေါ်၌ တရားအား ထုတ်လျက် ကျင့်ဝတ်များ ဆောက်တည်လျက် နေရာမှ နေ့ ရောညပါ ဆက်တိုက် တခါ တရားထိုင်လျှင် ၁၂-နာရီကျင့် စဉ်မှ ၂၄-နာရီကျင့်စဉ်များကို တိုးတက်၍ အားထုတ်ခါ အဓိဋ္ဌာန်ကျင့်စဉ်များပြီးလျှင် မှန်တန်း အားထုတ်ခြင်းများ ကို ဆက်ခါ အားထုတ်နေခဲ့သည်။

တရားအားထုတ်ရင်း မြေလျှင်လှုပ်ခြင်းများနှင့် (၄) ကြိမ် တိုက်ဆိုင်ခဲ့ရသည်။

တကော တတောင် တပါးတည်း ကျင့်စဉ်များကိုလည်း အခါခါအားလျော်စွာ အားထုတ်ခဲ့ရာ တပည့်များမှ ကူညီ လျက် အဓိဋ္ဌာန်ရက် အချိန်ကျလျှင် ဆွမ်းကိစ္စတို့ကို စီစဉ် ပေးကြခြင်း၊ အဝေးအနီးမှ တပည့်တကာ စသည်များက ထောက်ပံ့လှူဒါန်း ပါရမီ ကူညီမှုဖြင့် သပ္ပါယမျှစွာ အား ထုတ်နေခဲ့ရပေသည်။

## "ဆရာတော်ကြီးများပေးသော သာသနာ့တာဝန်"

သည်လိုနှင့် တနေ့သော တနင်္ဂနွေနေ့ နံနက်တွင် ကျေးဇူးတော်ရှင် ဆရာတော်ကြီး (၄) ပါး ကြွရောက်လာယျက် ဘိုးတော်တု ဘိုးတော်ရောင်များသည် သာသနာပေါ်မှာ တကယ့်ဆရာတော်ကြီးများ၏ ဂုဏ်သိက္ခာတော်နှင့် သာသနာတော်ကို ညစ်ညူးကြောင်းကို ပြုလုပ်နေကြကြောင်း ရဟန်းသံဃာစသည်များကိုလည်း မထေမဲ့မြင် ပြုလုပ်လျက် (၇) ရက်သားသမီးများကိုလည်း လိမ်လည်လှည့်စား အမှားကို ဦးဆောင်ဖြားယောင်းနေကြကြောင်း၊ ဒါကြောင့် ဒီကိစ္စကို သာသနာပြုသောအားဖြင့် အမွေဆိုးများမကူးစက်ရန် တရားသဖြင့် တရားဟောပြောလျက် ထင်ရှားစွာဖြစ်စေပြီး သတိတရားရကြရန်နှင့် အများအကျိုးအတွက် သတိပေး ရှင်းလင်းခြင်းပြုလုပ်ရန် မိန့်တော်မူလျက် တာဝန်ပေးတော်မူခဲ့သည်။

သီတင်းဝါလ ကျွတ်ပြီးနောက်၊ ထိုတာဝန်အား ထမ်းဆောင်လျက် ဘုရားဟော တရားတော်များကို ဒေသနာဉာဏ်အခြေခံထားလျက် ဟောကြားရင်း ဘိုးတော်တု ဘိုးတော်ယောင် စသည့်အတုအယောင်များကို သတိထားကြရန်နှင့် ပြုလုပ်သူများကလည်း အမျိုးဘာသာ သာသနာကို ထိပါးပြီး အများဆင်းရဲစေမည့် အမွေဆိုးများကို မပြုလုပ်

ရန် သတိပေးတရားများ ဟောကြားလျက် ရွှေတိဂုံစေတီ ယင်ပြင် တန္တဂံဲနွေဒေါင့်မှ (၁၀၈)ကွက် စက်လက္ခဏာ တော်အားရည်စူး၍ ဆရာတော် (၁၀၈)ပါးအား ဆွမ်းဆက် ကပ် လှူဒါန်းခြင်း (၁၀၈)ဘုရားပွဲတော်များ လှူဒါန်းခြင်း နှင့်(၉)ရက် တရားပွဲကျင်းပ၍ ရှင်တော်မြတ်ဘုရား ဟော ကြားသော တရားတော်များကိုသာ ယုံကြည်ကိုးစား အား ထုတ်ကြရန်နှင့် အမှားမလိုက်မိကြရန် သတိရှိကြရန် စသည့် တရားများကို ဒေသနာကိုက် ဟောကြားခဲ့သည်။

ပုဇွန်တောင် ရွှေဘုန်းပွင့်ဓမ္မာရုံ၌ လည်းကောင်း ကန် တော်လေး၌ရင်း မြစ်ဝကျွန်းပေါ်၌လည်းကောင်း အပြု သဘော သတိပေးတရားများ သမထဝိပဿနာကျင့်စဉ်များ ကို ဟောကြားခဲ့ပေသည်။

ဤသို့ဖြင့် ဝါတွင်း ကျရောက်သည့်အခါ ကေလာသ တောင်တော်၌ ဝါဆိုလျက် အားထုတ်ခါဖြင့် နေ့အခါတရား ဟောရင်း စေတီ ပုထိုး တန်ဆောင်းများ ရေတွင်း ရေကန် များ လမ်းများကိုလည်း အခါအားလျော်စွာ ပြုလုပ်လှူဒါန်း လျက်၊ ဒါနစခန်း ပါရမီကိုပါ ပူတွဲဖြည့်ကျင့်လုပ်ဆောင်ခဲ့ ရာမှာ—

အောင်မြင်မှုများကို အကြောင်းပြည့်စုံ တိုက်ဆိုင်သည့် အချိန်တိုင်းမှာ အကျိုးရခြင်းသဘောသဘာဝအတိုင်း အလုပ်

လုပ်သူသည် လုပ်ခရသည့်အကျိုးဆက်ကို ရမြဲ ခံစားရမြဲ တံထွာအရ အကြောင်းနှင့် သင့်လျော်သည့် အောင်မြင်မှုမျိုးကို ရခဲ့၊ အားထုတ်သူများ မိမိအားပေါ် မူတည်ပြီး အချိုးကျ ရကြပေသည်။

"ရဟန်းပြုခဲ့ခြင်း"

ဤကဲ့သို့ ရှင်ရသေ့ဘဝမှာ သန်ရာသင့်ရာ အားထုတ်ကျင့်လျက် နေရင်းမှ—

တနေ့သော နံနက်ပိုင်း ဆရာတော်ကြီး (၃)ပါး ကြွရောက်လာလျက် ရဟန်းပြုရန်နှင့် ရဟန်းပြုသည့်အခါ ပင့်ဆောင်ရမည့် ဆရာတော်များကိုပါ မိန့်တော်မူလျက် အချိန်ရက်နှင့်—

တင်လာမည့်ဘွဲ့တော်ကိုပါ မိန့်ကြားတော်မူခဲ့ သနားချီးမြှင့်တော်မူလျက် ကြွမြန်း သွားတော်မူကြပေသည်။

ဒါယကာ ဒါယိကာမများကို အကြောင်းကြားလျက် စုပေါင်းဒါယကာ ဒါယိကာမများ၏ ရဟန်းဒါယကာများ ခံယူကြလျက် ရဟန်းပြုခဲ့ခါ (အရိယဓမ္မသိဒ္ဓိ) ဘွဲ့တင်လျက် ယနေ့အထိ ထင်ရှားစွာ သာသနာ့ဝန်ကို ထမ်းဆောင်ခွင့် ရရှိခဲ့ရပေသည်။

"ချီးမြှောက်တော်မူသော ဆရာတော်များ"

ရဟန်းအဖြစ်သို့ ကေလာသတောင်တော် ရွှေသိမ်တော်ကြီး၌ ရခဲ့ရကား ကျေးဇူးတော်ရှင် ရွှေဘုန်းပွင့်ဆရာတော်ဘုရားကြီး ဦးတိလောက၊ ဆိပ်ကြီး ဆရာတော်ဘုရားကြီး ဦးဇာဂရ၊ ကျောက်ဂိုင်း ဆရာတော်ဘုရားကြီး ဦးနေမိန္ဒ၊ ကော့ကမယ်ဆရာတော်ဘုရားကြီး၊ ကင်းရွာ ရေတံခွန်ဆရာတော်ဘုရားကြီး ဦးဝေပုလ္လ၊ ပေါက်တောကျောင်းဟောင်းဆရာတော် ဦးပါမောက္ခ၊ ပေါက်တောကျောင်းကြီးဆရာတော် ဦးသောဘဏ၊ ပေါက်တောကျောင်းသစ်ဆရာတော် ဦးနန္ဒဝံသ၊ အောင်စကြာ ဆရာတော်၊ တောင်ကြီးကျောင်းဆရာတော်၊ ဝင်းကရွာ ပေါ်တော်မူကျောင်း ဆရာတော်၊ ကျိုက်ထိုမြို့ဘုရားကြီးတိုက် ဆရာတော်ဘုရားကြီးဦးပညာဝံသ၊ ဘီးလင်းမြို့ ငှက်ပျောတောကျောင်း ဆရာတော်ဘုရားကြီးများနှင့် အခြား ကျောင်းများမှ ကိုယ်စားလှယ် သံဃာတော်များ (၂၇)ကျောင်းမှ ဆရာတော်များနှင့် ဂိုဏ်းပေါင်းစုံမှ ဆရာတော်များ၏ ချီးမြှင့်ပေးမှုဖြင့် ရဟန်းဘဝသို့ ရောက်ခဲ့ပြီး သာသနာတော်တွင် အကျင့်တရားများနှင့် ရှင်တော်ဘုရားဟောကြားထားသည့် သုတ်၊ ဝိနည်း၊ အဘိဓမ္မာ တရားတော်များကို တောရဆောက်တည် အားထုတ်လျက် သီလ သမာဓိ ပညာ သိက္ခာ သုံးရပ် အကျင့်မြတ်တရားတော်များကို နှစ်စဉ်နှစ်တိုင်း ဟောကြားလျက် ဓမ္မဒါနပြု ပါရမီ ဖြည့်သည်။

"ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးများထံတွင်
ဩဝါဒခံခြင်း"

ကျေးဇူးတော်ရှင် ရန်ကုန်မြို့ ၆–ထပ်ကြီးဘုရားကြီးတိုက် အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဘုရားကြီး (ဦးအာစိဏ္ဏ)။

ကျေးဇူးတော်ရှင် ရန်ကုန်မြို့ အဂ္ဂမဟာပဏ္ဍိတဆရာတော် ဘုရားကြီး။

ဘောက်ထော် (ဦးသေဋ္ဌိလ) ဆရာတော်ဘုရားကြီး။
ကျေးဇူးတော်ရှင် ရန်ကုန် စက်ဘုဆရာတော်ဘုရားကြီး။
ကျေးဇူးတော်ရှင် ရန်ကုန် ဘုံပျံ ဆရာတော်ဘုရားကြီး။
ကျေးဇူးတော်ရှင် ရန်ကုန် ဖျာပုံ ဆရာတော်ဘုရားကြီး။
ကျေးဇူးတော်ရှင် ပုသိမ်ညွန့် ဆရာတော်။

ကျေးဇူးတော်ရှင် တိပိဋက ဆရာတော် ကံပဲ့ ရန်ကုန်–စသည့် အခြား ကျေးဇူးရှင် ဆရာတော်ဘုရားများ၊ ဓမ္မကထိက အကျော်ဆရာတော်များ၊ သံဃာတော်အရှင်မြတ်များ၏ ဩဝါဒကို အစဉ်ခံယူလျက် ပူဇော်ပွဲများ နှစ်စဉ် ပြုလုပ် ဩဝါဒခံယူခါ 'ရဟန်းတော်နှင့် လျော်ကန်သော ကျင့်စဉ် သိက္ခာသုံးရပ် အကျင့်မြတ် တရားတော်များကို ကျင့်ကြံအားထုတ်ရင်း ဒါယကာ–ဒါယိကာမများ တပည့်

များ (၇) ရက်သားသမီးများကိုပါ ဟောကြား ချီးမြှင့်လိုက်နာကျင့်သော အကျင့်တရားမှာ ဒေသနာတော်လာ ရှေက ဖော်ပြခဲ့သော ပန်းထိမ်သည်သား ရှင်ရဟန်းကျင့်စဉ် မျိုးလို နှင်ခြိုက်လိုက်နာလျက် စျာန်ယဉ်မှ ဉာဏ်ယှဉ်ကျင့်ရသော သမထယာနိကဝိပဿနာကျင့်စဉ်နည်းပင် ဖြစ်ပါပေသည်။

# အခန်း (၈)

## "သက်သတ်လွတ်အကြောင်း သိကောင်းစရာ"

ယခုအခါ သက်သက်လွတ်နှင့်ပတ်သက်၍ အငြင်းပွါးမှုများကို ကြားသိနေရပေသည်။

အချို့က သက်သတ်လွတ်စားခြင်းဖြင့် အကျိုးများကြောင်း၊ ကောင်းကြောင်း ဒါကြောင့် သက်သတ်လွတ်စားသင့်ကြောင်း။

အချို့က သက်သတ်လွတ်စားခြင်းဖြင့် အကျိုးမများကြောင်း၊ မကောင်းကြောင်းနှင့် သက်သတ်လွတ် မစားသင့်ကြောင်း ပြောဆိုကြရင်း အရှိန်ရလာသောအခါ အနိုင်ရရှိရေးအတွက် တဘက်နှင့်တဘက် ပြင်းထန်သောစကားလုံးများဖြင့် သီးရင့်စွာ ပြောဆိုငြင်းခုန်ကြလျက်၊ သက်သတ်လွတ်စားသူက မစားသူအား ကြမ်းတမ်းသည်၊ ခက်ထန်သည်၊ ဘီလူး သရဲသဘာက်နှင့်တူကြောင်း။

သက်သတ်လွတ် မစားသူကလည်း သက်သတ်လွတ် စားသူအား ဝဋ်လိုက်လို့ အငတ်ခံရဒါ စားချင်ဒါမစားရ ဖြစ်နေရဒါ အယူမှားနေဒါ ဘုရားက သက်သတ်လွတ်စားရမယ်ဟု မဟောခဲ့ကြောင်း မပညတ်ခဲ့ကြောင်း။

လက်သတ်လွှတ်စား၍ နိဗ္ဗာန်ရောက်တယ်ဆိုရင် ကျွဲတွေ, နွားတွေလဲ ရောက်မှာပေါ့ စသည်ဖြင့် ငြင်းခုန် ပြောဆိုကြရင်းမှ တဦးဘယောက်ချင်းမှ နောက်- တဘက်တစုချင်းသို့ နောက်-တပည့်ဘကာမှ ဆရာသမားများပါ ပါဝင်လာကြလျက် အနိုင့်အထက် ပြောဆိုကြရင်း အချင်းချင်း မိသားစု စိတ်ဓာတ် ပျက်ပြားခါ ချစ်ခြင်းမေတ္တာတရားကို ချေဖျက်ခါ မုန်းတီးရေးသို့ ဦးတည်၍ အကျိုးမဲ့သော အစွန်းရောက် လှုပ်ရှားမှုများကို တစတစ ပြုမူပြောဆိုလာကြလျက် ရှိနေသည့်ကို ကြားသိ တွေ့မြင်နေရနေသည်။

အမှန်တော့ အသက်သတ်လွှတ်သည်၊မလွှတ်သည်ကြောင့် အချည်းအနှီး အကျိုးမဲ့စွာ ငြင်းခုန်ကြရန်အကြောင်း လုံးဝ မရှိပါပေ။

လက်သတ်လွှတ်စားသူ-မစားသူတို့၏ ပင်ကိုယ် စေတနာမှန်နှင့် အပြုသဘော အတွေးအခေါ် အမြော်အမြင်တရား ရှိကြပါက အချင်းများစရာလည်း လုံးဝမရှိပါပေ။

ဒီပြဿနာမျိုး တခါက ကိုယ်တိုင် ကြုံးခဲ့ဘူးပေသည်။

၁၃၃၉-ခု သီတင်းကျွတ်လဆန်း (၉)ရက်နေ့ နေ့လည်ပိုင်း (၁) နာရီခန့်အချိန် ကေလာသတောင်ပေါ် တောရဗိမာန် မိမိနေရာဌာနတွင် သီတင်းသုံးရှိနေခိုက်။

ဒါယကာတစုရောက်လာကြသည်၊ ဖူးမျှော်ကန်တော့လို တွေ့လိုသည့်အကြောင်း ပြောလာ၍ တွေ့နိုင်ကြောင်း ခွင့်ပြု လိုက်ပေသည်။

ဦးဆောင်လာသူက အသက်(၅၀)ကျော်ခန့်ရှိ လူပုဂ္ဂိုလ် အမျိုးသားကြီးနှင့် နောက် အသက် (၄၀) ပတ်ဝန်းကျင်ရှိ အမျိုးသား (၃)ယောက်၊ အရွယ်လတ် အသက်(၃၀)ခန့် အမျိုးသမီး ၂-ယောက် စုစုပေါင်း(၆)ယောက်ဖြစ်သည်။

ဒီကိုယ်တော်လား။

တွေ့တွေ့ခြင်း ဦးဆောင်လာသူ လူကြီးက မေးလိုက် သည်။

လူလတ်တယောက်က ဟုတ်ပါတယ်ဟု ပြောဆိုလိုက် သည်ကို ကြားလိုက်ရသည်။

မိမိရှေ့၌ ရောက်ရှိကန်တော့ ထိုင်နေသူများအား မျက်စိ မှိတ်လျက် စိတ်ညွတ်ခါ မေတ္တာဓာတ်ပို့လွှတ် လွှမ်းခြုံလိုက်ပြီး မျက်စိဖွင့်၍ တချက်ကြည့်လိုက်ပြီး—

"ဘုရားဖူးလာကြလား–ဒါယကာ– ဒါယိကာမကြီးတို့" ရင်းနှီးသွားစေရန်နှင့် ပြောရဲဆိုရဲရှိခါ၊ စိတ်ချမ်းသာသွား ကြစေရန် မိမိမှ စတင် စကားဆိုလိုက်ပါသည်။

"ဘုရားလဲဖူးရင်း– ကေလာသဘုန်းကြီးနဲ့လဲ တွေ့ချင်လို့ လာကြဒါပါဘဲ။" ဦးဆောင်လာသူ လူကြီးကပင်ဖြေပြော ပြောလာသည်။

"ဘုန်းကြီးနဲ့ ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ရဒါ အတော်ဘဲ တွေ့မှ တွေ့ပါ့မလား"လို့ ဒကာကြီးသည် သူ့စိတ်ကူး အတိုင်း တဆက်ထဲ ပြောချလိုက်ပေသည်။

"အောင်-ရှင်ရဟန်းနဲ့ တွေ့ချင်တယ်ဆိုတော့ အကြောင်း တော့ ရှိမယ်ထင်တယ်၊ အကြောင်းရှိ၍ လျှောက်ထား ပြောဆိုစရာ ရှိပါကလဲ လျှောက်ထား နိုင်ပါတယ် ဒကာကြီး။"

အလိုက်သင့်ပင် စိတ်ချမ်းသာစေရန်နှင့် သူ့ဆန္ဒပြည့်ဝ စေရန် အမိန့်ရှိလိုက်ရာ။

## "သက်သတ်လွတ်စားဘို့ ဘုရားဟောသလားတဲ့"

တပည့်တော်ကတော့ ခပ်ပြတ်ပြတ် ခပ်ရှင်းရှင်းသမား ဆိုတော့ တည့်တည့်ဘဲ မေးလျှောက်ချင်ပါတယ်။

ဘုန်းကြီး သက်သတ်လွတ် စားပါသလား-ဒကာကြီး၏ အပြောအဆိုနှင့် အသံနေအသံထားအမူအရာများကို စူးစမ်း သိထားလိုက်ခြင်းဖြင့် ဒကာကြီးသည် စိတ်ကြမ်း၊ကိုယ်ကြမ်း အတွေးအခေါ် ခပ်ရမ်းရမ်းနှင့် ဘရမ်းဘဒါ စခန်းသွား တော့မယ်လို့ တင်ကြို ခန့်မှန်းလိုက်မိပေသည်၊ သို့သော် ရှိစေ ဦးတော့၊ သူလိုရာကိုဖြေဘို့ပင်။

ရှင်ရဟန်း သက်သတ်လွတ် ဘုန်းပေးပါဘယ်။

ဘုရားက သက်သတ်လွတ် စားရမယ်လို့ ဟောခဲ့ပါ သလား။ စတင်၍ ထင်တဲ့အတိုင်း မေးလာချေပြီ၊ ရှိစေဦးတော့။

ဘုရားက ဘုန်းကြီးတွေ လူတွေ သက်သတ်လွတ် စားရမယ်လို့ ဟောခဲ့ပါသလား။

ဘယ်ကျမ်းထဲမှာ ပါသလဲ—အဲဒါ သိချင်ပါတယ်။

ဒကာကြီးက-အရင်စလို ထပ်ဆင့် မေးခွန်းတွေ မေးလာ လေသည်။

ပြောစရာ ဖြေစရာတွေကတော့ စိတ်ကူးဉာဏ်မှာ အစီ အရီ အများကြီး တန်းစီ၍ပါလာသည်၊ သို့သော် ရှိစေ ဦးတော့၊ အလိုက်သင့်နှင့် သူ့အကြောင်း ကောင်းကောင်း သိရအောင် အမှန်အတိုင်းအတာရောက်သည်အထိ သည်းခံ ခေါ်ယူရပေမည်မို့....

ဘုရားရှင်ကတော့ သက်သတ်လွတ်စားရမယ် ပညတ်မိန့် ကြားတော်မမူခဲ့ပါဘူး ဒကာကြီး။

ဒကာကြီးက တချက်ပြုံးလိုက်သည်၊ ပြီး- သူ့နောက်မှ လူတစုကို တချက်ပြန်ကြည့်လိုက်သည်၊ နောက်က တချို့လူ တွေကတော့ ရှင်ရဟန်းကို အားနာနေတဲ့ အသွင်အပြင်ရှိ နေကြသည်။

တဖန် ဒကာကြီးကပင် ဘုရားက သက်သတ်လွတ်စားရ မယ်လို့ မဟောကြားခဲ့ဘဲ ဘုန်းကြီးတို့က သက်သတ်လွတ် စားနေတော့ ဘုရားစကား နားမထောင်တဲ့သားတွေ ဖြစ်မ နေဘူးလား၊ အယူကော မှားမနေဘူးလား။

ဒီတခါ ဒကာကြီးရဲ့မေးလျှောက်မှုမှာ ဘုရားကိုရင်း၊ ဘုရားရှင်ရဲ့ သားတော်တွေကိုရင်း၊ ငြိစွန်းလာချေပြီမို့၊ အ လေးအနက် သဘောထားစရာဖြစ်လာပေသည်။

ဒါကြောင့် ချင့်ချင့်ချိန်ချိန်သူ့ခမိန် ချိန်ချိန်ဆဆ နည်း လမ်းရ ဆိုသည့်အတိုင်း ပြုရပေမည်ဟု စဉ်းစားဆုံးဖြတ်ရ သည်။

ဘယ်နှယ်တုန်း ဘုန်းကြီး စဉ်းစားရခက်နေပြီလား တပည့် တော်နဲ့တွေ့ရင် တယ်မလွယ်လှဘူး တပည့်တော်တွေသမျှ ပုဂ္ဂိုလ်များတော့ တယ်မလွယ်ဘူး နောက်ဆုံးတော့ အမှား ဝန်ခံကြရဒါဘဲ။

ဒကာကြီးက သူ့အောင်မြင်နိုင်ခဲ့မှုတွေကို ဝမ်းမြောက် ဂုဏ်ယူစွာ ဝင့်ကြွားပြောဆိုနေပြန်ပါသည်။

## "ကျွဲနွားတို့က သက်သတ်လွတ်စားမစား"

ဒကာယ်တော့ သက်သတ်လွတ်စားလို့ နိဗ္ဗာန်ရောက်ရင် ကျွဲတွေ နွားတွေရော သက်သတ်လွတ် မြက်စားနေဒါ နိဗ္ဗာန် ရောက်ကုန်မှာပေါ့ အဲဒါတွေ ခက်နေဒါဘဲကိုယ်တော်။

ဒကာကြီးက သူ့အတွေးနှင့် သူအောင်နိုင်သူလုပ်ခါ တစ တစ ရောဂါစတက်နေပြီဖြစ်သည်။

သည်တော့လဲ ဒီနေရာမှပိုင်းရန် ရောဂါမလွန်ခင် ဆေးကျွေးမှ သင့်ပေမည်မို့။

ဒကာကြီး ရှင်ရဟန်း စဉ်းစားနေမိတယ်။

ဘာစဉ်းစားဒါလဲဘုရား၊ စဉ်းစားရကြပ်နေပြီလား။

စဉ်းစားရဒါ မကြပ်ပါဘူး။

ရှင်ရဟန်း စဉ်းစားနေဒါက တခြားမဟုတ်ပါဘူး။

ဒကာကြီးမေးရမဲ့ မေးခွန်း တခုကျန်နေဒါရယ် အဲဒီမေးခွန်းကို ဘာဖြစ်လို့ထည့်မမေးခဲ့သလဲဆိုဒါရယ်ကို စဉ်းစားနေဒါပါ။

တပည့်တော်မေးဘို့ မေးခွန်း ဘာကျန်ခဲ့လို့လဲ မကျန်ပါဘူး။

"သက်သတ်လွတ်မစားရဘူးလိုကော
ဘုရားဟောသလား"

မဟုတ်သေးဘူး ကျန်သေးတယ် ဒကာကြီး၊ ဒကာကြီးမေ့နေရင် ရှင်ရဟန်းပြောပြမယ် ဖေါ်ပေးပါ့မယ်။

ဘာလဲ ဒါဖြင့်ပြောပါ။

ဒီလိုပါ ဒကာကြီး စောစောက မေးတယ်ဟုတ်လား၊ သက်သတ်လွတ်စားရမယ်လို့ ဘုရားက ဟောသလားဆိုဒါ လေ။

အဲဒါ မေးခဲ့ပါတယ်၊ ဒါကို ဘုန်းကြီးက ဘုရားမဟော ခဲ့ မပညတ်ခဲ့ဘူးလို့ ဖြေခဲ့တယ်မဟုတ်လား။

ဟုတ်ပါတယ်၊ ဒါပေမဲ့ အဲဒီမေးခွန်းရဲ့နောက်မှာ မေးဘို့ မေးခွန်းတခုကျန်ခဲ့တယ်။

ဘာမေးရမှာလဲ-

အော် သက်သတ်လွတ်စားဘို့ ဘုရားကမဟောခဲ့ မပညတ် ခဲ့သလို။

(ဘုရားရှင်က သက်သတ်လွတ်မစားရဘူးလို့ကော ဟော ကြား ပညတ်ခဲ့ပါသလား ဆိုတဲ့ မေးခွန်း ကျန်နေခဲ့တယ်၊ ဒကာကြီး။

ဒကာကြီး နဲနဲထွေသွားသည်၊ ဘေးကလူတွေ နဲနဲစိတ်ဝင် စားလာဟန်ရှိလာကြသည်။

အဲဒီမေးခွန်းကို ဒကာကြီးကျော်ထားခဲ့ဒါ ဘာဖြစ်လို့ဘဲ မသိလို့လား၊ မေ့နေလို့လား၊ အဲဒီအမေးရဲ့ အဖြေကို စိုးရိမ် လို့လား။

ဒကာကြီးသည် ငြိမ်ချက်သားကောင်းနေသည်။

## "မျှတမှုရှိအောင် ၂-ခုမေးပါ"

ဒကာကြီး ဒီမေးခွန်းကိုပါ ထည့်မေးမှ တရားမှန်ကန်တဲ့ မေးခြင်းမျိုးနှင့် တရားမှန်ကန်တဲ့ အဖြေမှန်တွေကို ဆက်စပ် မိမယ်၊ အစွန်းလွတ်တဲ့ အယူအဆကို ပေါ်လွင်စေပြီး၊ တည့် မတ်မှန်ကန်မှု အရှိတရားကို ကြည်လင်ပြတ်သားစွာ မြင်ရ သိရနိုင်မယ်။

ဒီမေးခွန်းကို ထည့်မေးမှလဲ တရားမယ် နို့မဟုတ်ရင် တော့ ကိုလိုရာကို လမ်းခင်းမေးခြင်းမျိုးသာ ဖြစ်ပြီး၊ အကွက် ဆင် လုပ်ကြံဒါမျိုးသာဖြစ်တဲ့စကားတွေမို့ ဒကာကြီးစကား တွေကို တရားဝင် တန်ဘိုးသတ်မှတ်လို့ မရနိုင်ဘူး။

အဲဒီတော့ တရားဝင်အောင် ဒီကျန်တဲ့မေးခွန်းကို ထပ် မေးဘို့လိုကြောင်း သဘိပေးရဒါပါ။

ဒကာကြီးသည် မမျှော်လင့်ဘဲ ဖြစ်ပေါ်လာသော အ ကြောင်းများအတွက် ထွေထွေကြီးဖြစ်နေရာမှ မတတ်သာ သလိုဖြစ်နေသည်။

ကဲဒါဖြင့် ရှင်ရဟန်းကဘဲ ဒကာကြီးကို မေးပါမယ်။ ဘုရားက သက်သတ်လွတ်မစားရဘူးလို့ကော ဟောခဲ့ပါသ လား ဖြေစမ်းပါ ဘယ်ကျမ်းဂန်မှာပါသလဲ။

ဒကာကြီးသည် တအောင့်ကြာ ငြိမ်နေပြီး။

ဒါဖြင့် သက်သတ်လွတ် မစားရဘူးလို့ ဘုရားကမဟော ခဲ့ဘူးလားဘုရား။

မဟောခဲ့ မပညတ်ခဲ့ပေဘူး ဒကာကြီး။

အမှန်တော့ သက်သတ်လွတ်စားရမယ်လို့ မပညတ်ခဲ့ဘူး။

သက်သတ်လွတ်မစားရဘူးလို့လဲ မညတ်ခဲ့ပေဘူး ဒကာ ကြီး။

ရှင်ကော်ဘုရား ရှိတော်မူစဉ် ဒေဝဒတ်မြေမျိုခင် ရှင် တော်ဘုရားကို ဒေဝဒတ်က နိုးနိုးစပ်စပ်ရှိနေစဉ်မှာ—

ရှင်တော်ဘုရား သားတော်များဖြစ်တဲ့ ရဟန်းတော်တွေ ကို သက်သတ်လွတ်စားခိုင်းဘို့ ပညတ် အမိန့်ထုတ်ခိုင်းပါ တယ်။

ဒီအခါမှာ ရှင်တော်မြတ်ဘုရားက ရဟန်းသံဃာတော် များသည် စေတနာကြည်လင် ပါရမီရှင် ဒါယကာ ဒါယိ ကာမများ၏ သဒ္ဓါတရားဖြင့် လောင်းလှူအပ်သော ဆွမ်း, ခဲဘွယ်, ဘောဇဉ် အာဟာရပေါ်၌ မိမိအတွက် သတ်သည်ဟု မြင်ခြင်း, ကြားခြင်း, ယုံမှားသံသယဖြစ်ခြင်းတို့မှ ကင်းလျှင် ဘုန်းပေးသုံးဆောင်ကောင်းသည်ဟု ငါဘုရားခွင့်ပြုပြီးပြီလို့ မိန့်တော်မူခဲ့ပေတယ် ဒကာကြီး။

## "သက်သတ်လွတ်စားဘို့ မစားဘို့ ဘုရားမပညတ်ခဲ့"

ဒါဖြင့်–သက်သတ်လွတ် မစားရဘူးလို့ပြောတဲ့ အဓိပ္ပါယ် မပါဘူးလားဘုရား။

မပါဘူး ဒကာကြီး၊ အဲဒါကို ကိုယ်လိုရာဆွဲ တွေးပြီး တစတစ ပြောဆိုလာကြဒါဘဲ ဒကာကြီး။

ဒါဖြင့် အသီးအရွက် သက်သတ်လွတ်ကို စားခြင်းဖြင့် နိဗ္ဗာန် ရောက်ပါသလား။

အဲဒါလဲ–စောစောက ဒကာကြီးမေးတဲ့အထဲ ပါသွားတယ်၊ ဘာတဲ့လဲ-သက်သတ်လွတ်စားလို့ နိဗ္ဗာန်ရောက်တယ် ဆိုရင် ကျွဲ,နွားတွေ ရောက်ကြမှာပေါ့တဲ့ ဟုတ်လား။

## "ကျွဲ,နွားများ သက်သတ်လွတ်မစားကြ"

အဲဒါလဲ ဒကာကြီး–လိုရာဆွဲပြောသွားဒါသာ ဖြစ်ပါတယ်။ အမှန်တော့ ကျွဲ,နွားတွေဟာ စားမယ် အိပ်မယ်၊ မေထုန်မှီဝဲမယ်ဆိုတဲ့ အသိတရား (၃)ခုထဲသာ သိတတ်တဲ့ တိရစ္ဆာန်တွေသာဖြစ်လို့ သက်သတ်လွတ်ဆိုဒါ သူတို့မသိနား မလည်ရှာပါဘူး။

ဒကာကြီးကို မေးပါအုံးမယ်။

မေးပါဘုရား၊ သိရင် ဖြေပါမယ်။

ဒကာကြီးသည်–နံနံတော့ နူးညံ့ သိမ်မွေ့လာပုံရသည်၊ စောစောကနဲ့ မတူတော့။

ကျွဲတွေ နွားတွေဟာ ဘယ်နှစ်ခါ ငသလောက်၊ ကြက်သား၊ ဝက်သားတွေ စားဘူးပါသလဲ။

တခါမှ မစားဘူးပါဘူးဘုရား။

ကြက်သား၊ ဘဲသားတွေ ပက်သားတွေ စားရဒါ ရိုးနေလို့ တခါတလေ မြက်စားဒါလား။

မဟုတ်ပါဘူးဘုရား။

နေ့တိုင်း ကြက်သား၊ ဘဲသား၊ ဝက်သားတွေစားရဒါ ညီစော်နံလို့ တခါတလေ မြက်စားဒါလား။

မဟုတ်ပါဘူးဘုရား။

သူများ အသက်အသားတွေ စားရပါများလို့ သနားမေတ္တာထားပြီး မြက်,ကောက်ရိုး စားဒါလား။

မဟုတ်ပါဘူးဘုရား၊

ဒါဖြင့် ဘာဖြစ်လို့ မြက်စားရဒါလဲ။

သူတို့အမျိုးက မြက်စားတဲ့အမျိုးမို့ မြက်စားဒါပါ။

ဒါဖြင့် သူ့ရှေ့ကအကောင်တွေက မြက်စားလို့ နောက်ကအကောင်တွေကလဲ မြက်ဘဲစားဒါပေါ့ ဟုတ်လား။

ဟုတ်ပါတယ်ဘုရား။

ဒါဖြင့်ရင် သက်သတ်လွတ်စားဒါ ဟုတ်ကဲ့လား။

မဟုတ်ပါဘူးဘုရား။

ဘယ်နှယ်လဲ- ဒါယကာ ဒါယိကာမကြီးတွေ ကျွဲတွေ နွားတွေ သက်သတ်လွတ်စားဒါ ဟုတ်ကဲ့လား။

မဟုတ်ပါဘုရား။

နို့စောစောက ဒကာကြီးက ကျွဲ, နွားတွေ သက်သတ်လွတ်စားတယ်ဆို။

တပည့်တော်လဲ မခံချင်လို့ ပြောမိဒါပါ။

အဲဒါမှားတယ် ဒကာကြီး၊ မခံချင်ရင် အမှန်မြင်အောင် ရှာကြည့်ရမယ်။

အဲဒီလို အမိန့်ရှိဒါ တပည့်တော် သိပ်သဘောကျမိပါတယ် ဘုရား။

အမှန်တော့ ဒကာကြီးတို့က သက်သတ်လွတ် စားတဲ့သူကို မလိုလားလို့ ထင်ရာမြင်ရာ နိုင်အောင် ပြောနေဒါမို့လား။

ဟုတ်ပါတယ်ဘုရား။

## "နောက်မပြောနဲ့ အပြစ်ဖြစ်တတ်တယ်"

နောက်မပြောနဲ့ အပြစ်ရှိတတ်တယ်။

ကျေးဇူးတော်ရှင် သက်တော်ရှည် မဟာထေရ် ခြောက်ထပ်ကြီး ဆရာတော်ဘုရားကြီး၊ ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး၊ ကျေးဇူးတော်ရှင် ဝန်းသိုဆရာတော် ဘုရားကြီးများနှင့် အခြားပညာရှိ သူတော်ကောင်း ပုဂ္ဂိုလ်ထူးကြီးများလဲ သက်သတ်လွတ် အမြဲတန်း အသက်ထက်ဆုံး ဘုန်းပေးကြ စားကြတယ်။

ဟာ—ဆရာတော်ကြီးတွေကော သက်သတ်လွတ်စားကြသလားဘုရား။

အော်-ဆရာတော်ကြီးတွေများလဲ သက်သတ်လွတ် ဘုန်းပေးတော်မူကြဒါ ရှိတယ် ဒကာကြီး။

ဟာ ဒါဖြင့် တပည့်တော်တို့တော့ တော်တော့ကို စကားလွန်ကုန်ပြီဘဲ၊ အပြစ်တော့ဖြစ်ကုန်တော့မှာဘဲ။

ဒကာကြီးသည် စိုးရိမ်သွားပုံရသည်၊ တင်ပလ္လင်ခွေထိုင်နေရာမှလဲ ပုဆစ်တုပ်ပြောင်းထိုင်လာသည်။

ဒကာကြီး စကားစပ်မိလို့ ပြောရအုံးမယ် သက်သတ်လွတ် စားဒါဟာ မိမိတို့ အဓိဋ္ဌာန် အယူအဆ ယုံကြည်ချက်တွေနဲ့ စားကြဒါ ဒကာကြီး၊ နိဗ္ဗာန်ကို သက်သတ်လွတ်စားရုံနဲ့ ရောက်အောင်ဆိုပြီး ရည်ရွယ်စားဒါမဟုတ်ပေဘူး။

တပည့်တော်တို့က သိပ်သိဒါမဟုတ်ဘူးဘုရား၊ စာတတ်တဲ့ပုဂ္ဂိုလ်ကပြောလို့ တပည့်တော်တို့ကလဲ ပြောဒါ။

အဲဒီ ပြောတဲ့ပုဂ္ဂိုလ်က ဘယ်ကလောက် စာတတ်တုန်း ဒကာကြီး။

အဲ ခက်တယ် ဒကာကြီး၊ စောစောက ရှင်ရဟန်းဖော် ပြခဲ့တဲ့ ထင်ရှားတဲ့ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး များက အဂ္ဂမဟာပဏ္ဍိတကြီးတွေ စာလဲတတ်၊ ကိုယ်ကျင့်လဲ ပြည့်စုံတော်မူတဲ့ မဟာထေရ်အရှင်မြတ်ကြီးတွေဘဲ၊ ပညာရှိ သူတော်ကောင်းကြီးတွေ ဖြစ်တယ်။

အပြစ်ရှိရင် ဒီပုဂ္ဂိုလ်ထူးကြီးတွေ ပုဂ္ဂိုလ်မြတ်ကြီးတွေက ဘယ်လုပ်ပါ့မလဲ။

ရှေးက ဒကျေးဇူးတော်ရှင် ဆရာတော်ရှင်မွန်တွေလဲ သက် သတ်လွတ်စားသွားကြဒါ အများအပြားဘဲ ဒကာကြီး။

တပည့်တော် တခု မေးပါရစေ၊ ခွင့်ပြုပါ အရှင်ဘုရားက ရော ဘာရည်ရွယ်ချက်နဲ့ သက်သတ်လွတ်စားဒါလဲ။

အော်–သိချင်လဲ အကြောင်းဆိုလို့ ပြောတဲ့အနေနဲ့ ပြော ပြပါ့မယ်။

ရှင်ရဟန်းက လူတုန်းက ဆရာလုပ်ခဲ့ပါတယ်၊ သမာဝိ ဆရာအောင်ဘဝနဲ့ (၇)ရက်သားသမီးများကို ကိုယ်တတ်တဲ့

ပညာနဲ့ ကယ်တင်ကူညီပြီး၊ ဇီဝိတဒါန စေတနာဆရာအဖြစ် ဆေးဝါးကုသခဲ့ဘူးပါတယ် ဒကာကြီး။

အဲဒီလိုနေရင်း ကျောက်တန်း၊ ခရမ်း၊ သုံးခွ၊ ခနောင်၊ မြကိုင်၊ တံတားရွာ စသည်ဖြင့် နေရာအနှံ့ တောရွာတွေအရောက် မိသားစုတွေကို ကူညီစောင့်ရှောက်ပြီး ဆရာသမား လုပ်နေခဲ့ရင်း။

"ဆရာဘဝရောက်ရာ ကြက်သတ်ကျွေးကြ"

ရောက်ရာကျေးရွာများမှ တပည့်များက ဆရာရောက်တယ်၊ ကြက်သတ်ပြီး ချက်ကျွေးဒါတွေကို များစွာကြုံခဲ့ရတယ်။

ဒီတော့-ဒီသတ္တဝါတော့ ကယ်တင်ပြီး ဟိုသတ္တဝါတော့ မိမိတည်းဟူသော အကြောင်းဖြင့် သေစေပြန်တယ်ဆိုတော့ မသင့်တော်လေဘူးဟု မေတ္တာကရုဏာတရား ရှေ့ထားတွေးတောပြီး။

ငါသည် ကြားသား၊ မြင်သား၊ မစားဘူးဟု တပည့်များကို ပြောခဲ့တယ်။

ဒီတော့ တပည့်များက မကြားမမြင်ရတဲ့ ရွာထိပ်မှာ သွားသတ်ပြီး ချက်ယူလာပြန်တယ်။

ဒီတော့ မြင်ရဒါနဲ့ မမြင်ရဒါတွေကဲ့ပြီး သတ်တာရယ် သေရဒါရယ်က ဒီအာ ဘိုင်းဘဲ ဖြစ်နေတော့ သိပ်မထူးခြားလှ ပေဘူးဆိုပြီး–

ငါသည် (၁၀) ရက် အဓိဋ္ဌာန်နှင့် သတ္တဝါသား မစား မသတ်ဘူး ရှောင်သည်ဟု ပြောခဲ့ပြန်တယ်။

အဲဒီလိုလုပ်ပြန်တော့လဲ (၁၀)ရက်လွန်၍ (၁၁) ရက်နေ့ မှာ သတ်ကျေးကြပြန်တယ်။

ဒီတော့ခါ သတ္တဝါတွေပေါ် သနားမေတ္တာထားပြီး၊ အဓိဋ္ဌာန်တခုပြုခဲ့တယ်။

အဲဒီအဓိဋ္ဌာန်ကတော့ ကုန်းသတ္တဝါ အသက်သတ်ခြင်း အသားစားခြင်းများကို၊ ပါတုပေတံ ရှောင်ကြဉ်ပါမယ်ဆို တဲ့ အဓိဋ္ဌာန်ပါဘဲ။

ဓိဋ္ဌာန်ပြီး တပည့်များကို ပြောပြလိုက်တယ်။

“ကုန်းသတ္တဝါ ရေသတ္တဝါ မျက်နှာမလိုက်”

ဒီတော့ ကကာန်းတွေနိုက် ကွန်ပစ် ငါးဖမ်းနဲ့ ငါးပုဇွန် ကကာန်းများကို ဖမ်းသတ်ကျေးကြပြန်တယ်။

တခါတော့ ပုဇွန်ထုပ်ကြီးတကောင်က ထမင်းပန်းကန် ထဲမှ မျက်လုံးကြီးပြူးလျက် ကရုဏာကလဲ ဘယ်နှယ်မျိုးရှိသလဲ

တော့ မသိဘူးနော် ကုန်းသတ္တဝါတွေတော့ အသက်နဲ့မို့ ရှောင်တယ်၊ ရေသတ္တဝါတွေကျတော့ အသက်မရှိသလိုဘဲ လို့၊ ပြောသကဲ့သို့ စိတ်မှာဖြစ်ပေါ်လာပြန်ဒါနဲ့-

ထမင်းဝိုင်းမှထပြီး၊ ဘုရားရှေ့မှာ သတ္တဝါမှန်သမျှတို့၏ အသက်ကိုလည်းမသတ်ပါ၊ အသားကိုလည်းမစားပါ၊ ပါဏု ပေတံ- အသက်ထက်ဆုံး ဘုရားအား လှူပါသည်၊ ဤသစ္စာ အဓိဋ္ဌာန် ကောင်းမှုကုသိုလ်ကြောင့်၊ သတ္တဝါများကို ကယ် တင် ကူညီနိုင်ပြီး၊ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ကို ကျင့်နိုင်ပါစေသားလို့ အဓိဋ္ဌာန်ပြုဆုတောင်းတယ် ဒကာ ကြီး။

ဒီလိုဆိုတော့လဲ ဘယ်အပြစ်ရှိမှာလဲ ဘုရား။

တကယ်တော့ မိမိအသက် အသွေးအသား တိုးပွားရှင် သန်ရန်အတွက် တပါးသတ္တဝါ၏ အသက်အသွေးအသားကို စတေးခံစေပြီးစားသောက်ဝါးမျိုရတယ်ဆိုဒါ မသင့်ပေဘူး။

မိမိအသက် အသွေးအသားကို တပါးသတ္တဝါအတွက် စတေးခံ၍ ပေးမလားဟု လာတောင်းခံခဲ့သော် ဘယ်သို့ရှိ မလဲ ပေးနိုင်ပါ့မလား။

ဒကာကြီး အသက်အသားကို ခွေးတို့က ကျားတို့က သူ တို့အသက်ရှင်သန်ဘို့အတွက် ပေးပါဆိုရင် ပေးနိုင်ပါ့မလား။

ဟာ ဘယ်ပေးနိုင်မှာလဲ။

မပေးလဲမရဘူး သတ်စားမယ် ဆိုရင်ကော။

"ကိုယ့်အသက်သတ်ရင် ငြိမ်မခံနိုင်တဲ့"

တပည့်တော် ရှောင်မယ် မရရင် ခုခံမယ်။

မရရင်ကော။

မတတ်သာလို့သေရင်လဲ ခံရမှာပေါ့။

ဒါဖြင့် မတတ်သာလို့သာ အသေခံရတယ်၊ မိမိအသက်ကို အသေခံချင်ကြပါ့မလား။

ဘယ်အသေခံချင်မှာလဲ ဘုရား။

အင်း သတ္တဝါတွေလဲ ဒီအတိုင်းပါဟဲ့ ဒကာကြီးရယ် သူတို့တတွေ အသေမခံချင်ကြပေမဲ့ အားကြီးသူက အနိုင်ကျင့်သည်ကို မခုခံနိုင်လို့သာ အသေခံရ အစားခံရရှာတယ်လေ။

ဒီတော့ ဒါသတ်တဲ့တပည့်များမှာလဲ အပြစ်ဖြစ်၍ ပါဏာတိပါတကံနှင့်သေရင် အပါယ်လားမယ်၊ အခြားသတ္တဝါများလဲ သေကြေ ပျက်စီးလျက် မိမိ တည်းဟူသော အကြောင်းကြောင့် မဆင်းရဲပါစေနဲ့လို့ဆိုပြီး အဓိဋ္ဌာန်ပြုလိုက်ပြီး၊ ယနေ့အထိ သက်သတ်လွတ်စားနေတယ် ဒကာကြီး။

"ဘုရားရှင်သည် ဘုရားလို ဉီးပေးခြင်းဖြစ်တယ်"

ပြောရင်း နောက်ထပ် လူများလဲ ရောက်လာကြခါ ထိုင်နားထောင်နေကြသည်။

တော်တော့ကို တပည့်တော်တို့ နားလည်သဘောပေါက်သွားပါတယ်ဘုရား။

နို့ ဟိုဆရာတော်ကြီးတွေ သက်သတ်လွတ်စားဒါကရော ဘယ်လိုသဘောနဲ့ စားပါသလဲဘုရား။

အဲဒါတော့ ဆရာတော်ဘုရားကြီးများ ကိစ္စသာ ဖြစ်ပါတယ် ဆရာတော်ဘုရားကြီးများနဲ့ အခွင့်ကြုံရင် လျှောက်ကြည့်ရင် ကြည့်ပေါ့။

တပည့်တော် တော်တော်တော့ ရှင်းသွားပါပြီ တခုတော့ မေးပါရစေအုံးဘုရား။

ဘုရားရော သက်သတ်လွတ်စားပါသလား။

ဒကာကြီး ဘုရားရှင်သည် ဘုရားဖြစ်၍ သဗ္ဗညုတ ရွှေဉာဏ်တော်အစုံရလျက် အရဟတ္တဖိုလ် အပြီးကူးမြောက်တော်မူလျက် ဘဝတဖန် ရစရာအကြောင်းမရှိတော့သော ဘုရားရှင်ဖြစ်ရသည့်အခါမှ သက်သတ်လွတ်စားတဲ့ စရဏအကျင့်ကို ထပ်ဖြည့်စရာ မလိုပေတော့ဘူး။

ပြီးတော့ သတ္တဝါသားမို့ကောင်းလိုက်တာ၊ သစ်သီးမို့ကောင်းလိုက်တာ ဟူသော ကိလေသာတရားတွေ လုံးဝမရှိတော့ပေဘူး၊ ဒါကြောင့် ဘုရားရှင်သည် ဘာကို ဘဦးပေးတော်မူ ဥပါဒါန်ကင်းဆွမ်း၊ ဆွမ်းဟင်းများကိုပစ္စဝေက္ခဏာ

ရွှေညာဏ်တော်နှင့် ဘုဉ်းပေးတော်မူသဖြင့် အရာရာတိုင်းသည် သက်သတ်လွတ်ပြီး ကံဆက် ပြတ်နေတော့တယ် ဒကာကြီး။

သိပ်ကို စိတ်ဝင်စားစရာကောင်းပါတယ် သူရား။

"အလောင်းတော်ဘဝမှာသက်သတ်လွတ်စားသည်"

ဒါဖြင့် ဘုရားရှင်သည် ဘုရားဖြစ်တော်မူတော့ သက်သတ်လွတ်စားရန် မလိုတော့ဘူး ဘာစားစား လွတ်ပြီးကျွတ်ပြီး ဆိုဒါတော့ သိရပါပြီဘုရား။

ဘုရားရှင် အလောင်းတော်ဘဝမှာရော သက်သတ်လွတ် စားပါသေးသလား။ သိပါရစေဘုရား။

စားပါတယ် ဒါကတော့ ဇာတ်ကြီးဆယ်ဘွဲ့မှာကြည့်လဲ ထင်ရှားပါတယ် တောထွက်တိုင်း သစ်သီးလံများကိုသာ စားသောက်၍ ပါရမီကိုဖြည့်ပါတယ်၊ (မေတ္တာပါရမီ၌ အကျုံးဝင်)

နောက်ဆုံး သိဒ္ဓတ္ထမင်းသားဘဝမှာတောထွက်၍ ဒုက္ကရ စရိယာကျင့်စဉ်မှာလဲ သစ်သီးဝလံဘဲ စားသုံးတော်မူပါတယ် နောက်ဆုံး ဘုရားဖြစ်ခါနီးမှာ ဃနာနို့ဆွမ်း ဘုဉ်းပေးပါ သေးတယ်။

ရှင်းပါပြီဘုရား သက်သတ်လွတ် စားခြင်းအားဖြင့် ဘာ များကောင်းပါသလဲဘုရား။

ဒကာကြီး၊ သက်သတ်လွတ်စားခြင်းအားဖြင့်—

၁။ အရိုးမစုဘူး။ ၂။ အညှီနံ့ မနံဘူး အရိုးမထွင် ရဘူးပေါ့ ဒကာကြီး။

တခြား အကျိုးများကောဘုရား။

တခြား အကျိုးများကတော့ မိမိ တည်းဟူသော အကြောင်းကိုမှီ၍ သတ္တဝါမသေရဘူး ပြီးတော့ ဘေးမဲ့ အလှူ စေတနာဖြူကုသိုလ်ရတယ်ပေါ့ ဒကာကြီး။

ဒါဖြင့် သက်သတ်လွတ် မစားတဲ့သူများကို ဘယ်လိုမြင် ပါသလဲ ဘုရား။

အဲဒါက သူများ အကြောင်းတွေဆိုတော့ သူများနဲ့ဘဲ ဆိုင်တယ်၊ ဒကာကြီး သိချင်ရင် သူတို့သွားမေးပေါ့၊ သူများ အကြောင်း မပြောလိုဘူး။

ဒါဖြင့်ရင် တပည့်တော်တို့ကို ဆုံးမတရား ဟောကြားဘို့ ပန်ကြားလျှောက်ထား တောင်းပန်ပါသည် ဘုရား။

ဒါဖြင့် ကန်တော့ကြ။

ဒကာကြီးနှင့် လူများသည် ဩကာသ စသည်ဖြင့် ကန် တော့ကြ၍ ငါးပါးသီလကို ခံယူစေခါ မေ့ပငလာ ဒေသနာ ကို ဟောကြားလိုက်ပေသည်။

"အရိယာဖြစ်ကြောင်း တရားဟော"

န တေန အရိယော ဟောတိ
ယေန ပါဏာနိ ဟိံသတိ။
အဟိံသာ သဗ္ဗပါဏာနံ။
အရိယောတိ ပဝုစ္စတိ။

(ဓမ္မပဒ- ဓမ္မဋ္ဌဝဂ်)

ယေန၊ အကြင်အကြောင်းကြောင့်။ ပါဏာနိ၊ သတ္တဝါတို့ကို။ ဟိံသတိ၊ ညှဉ်းဆဲနှိပ်စက်၏။ တေန၊ ထိုသို့ ညှဉ်းဆဲနှိပ်စက်ခြင်းအကြောင်းကြောင့်။ အရိယော၊ အရိယာသည်။ နဟောတိ၊ မဖြစ်နိုင်။ သဗ္ဗပါဏာနံ၊ အလုံးစုံသောသတ္တဝါအပေါင်းတို့ကို။ အဟိံသာ၊ မညှဉ်းဆဲ မနှိပ်စက်ခြင်းကြောင့်သာလျှင်။ အရိယောတိ၊ အရိယာဟူ၍။ ပဝုစ္စတိ၊ ခေါ်ဆိုအပ်ပါပေ၏။

အကြင်ပုဂ္ဂိုလ်သည်သတ္တဝါတို့ကိုကာယ်အကြောင်းကြောင့် မဆိုဆင်းရဲအောင်ပြုနေ၏၊အရိယာမဖြစ်နိုင်ဘူးတဲ့(ဝါ)သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာ မဖြစ်နိုင်ဘူးတဲ့။

သတ္တဝါတွေကို ညှဉ်းဆဲနှိပ်စက်ခြင်းသည့် ဘာတွေလဲ ဆိုရင်။

သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း၊ သူ့ကာမဂုဏ် ကြူးလွန်ခြင်း၊ ကာယဒုစရိုက်တို့ကို လွန်ကြူးခြင်းဖြင့် တဘက် သော အလွန်ကြူးခံရသူ သတ္တဝါများမှာ ကိုယ်ဆင်းရဲ စိတ် ဆင်းရဲဖြစ်စေပြီး လွန်ကြူးသူကိုယ်တိုင်မှာလည်း မကောင်း မှု အကုသိုလ်ကံဖြင့် လောကီအပြစ်၊ နောက် တမလွန်၌ အပါယ် လေးပါးသို့ ကျရောက်စေနိုင်သော အကုသိုလ် အပြစ်များကို ဖြစ်စေ၍ ကြီးစွာသောဆင်းရဲကို ဖြစ်စေပါ တယ်။

တဖန် ဖရုသဝါစာ ပိသုနဝါစာ သမ္ဖပ္ပလာပဝါစာ မုသာဝါဒါ။

ညစ်ညမ်းသောစကား ချစ်ခြင်းမေတ္တာ ပျက်ပြားစေ တတ်သော ဂုံးချောစကား၊ သိမ်ဖျင်းသောစကား၊ လိမ်လည် သောစကား စသည်များကို ပြောဆိုလွန်ကြူးခြင်းဖြင့် တပါး သူများကိုလဲ ဆင်းရဲစေပြီး မိမိကိုယ်တိုင်လဲ လောကီပြစ် နောင်တမလွန် အပါယ်လေးပါးစသည် ငရဲသို့ ရစေ ရောက် စေ ဆင်းရဲစေတတ်သောကြောင့် သူရောကိုယ်ပါ သတ္တဝါ နှစ်ဖြာ ဆင်းရဲစေကြောင်းပုံရင် အရိယာ မဖြစ်နိုင်ဘူးတဲ့။

နောက်ပြီး အဘိဇ္ဈာ ဗျာပါဒ မိစ္ဆာဒိဋ္ဌိစတဲ့ သူတပါ အပေါ် ဆင်းရဲစေအပ်တဲ့အတွေး သူ့ဘပါးအပေါ် မနာ လို ဝန်တိုဘဲ့အတွေး မှားယွင်းတဲ့အယူ ရှိခြင်းတို့သည်။

သုတပါးရော မိမိပါ နှစ်ဘက် ဆင်းရဲစေတတ်သော အကြောင်းမှ မနောဒုစရိုက်များကို ယှင်းမှားစွာ လွန်ကြူး ခြင်းဖြင့်လဲ အရိယာ မဖြစ်နိုင်ဘူးတဲ့၊ အလုံးစုံသောသတ္တဝါ တို့ကို ကာယကံ ဝစီကံ မနောကံတို့ဖြင့် မလွန်ကြူး မညှဉ်းဆဲ မနှိပ်စက်မှု၍—

သမ္မာဒိဋ္ဌိ – ကောင်းသောအယူကိုယူခြင်း။

သမ္မာသင်္ကပ္ပ – ကောင်းသောအကြံကိုကြံစည်ခြင်း။

သမ္မာဝါစာ – ကောင်းသော စကားကို ပြောဆိုခြင်း။

သမ္မာကမ္မန္တ – ကောင်းသောအလုပ်အကိုင်ပြုခြင်း။

သမ္မာအာဇီဝ– ကောင်းသော အသက်မွေးမှုကို ပြုခြင်း။

သမ္မာဝါယာမ– ကောင်းသော လုံ့လပြုခြင်း။

သမ္မာသတိ – ကောင်းသော သတိထားခြင်း။

သမ္မာသမာဓိ– ကောင်းသော စိတ်၌ မြဲစွာတည် ရှိခြင်း။

စသည့် ကာယဒုစရိုက် ဝစီဒုစရိုက် မနောဒုစရိုက်တို့မှ လွတ်ကင်း၍ သတ္တဝါတို့ကို သူရော ကိုယ်ပါ သတ္တဝါတို့ကို အပါယ်လေးပါးစသည့် သုံးဆယ့်တစ်ဘုံ ဒုက္ခတို့မှ လွတ်

ကင်းစေနိုင်သော၊ မဂ္ဂင်ရှစ်ပါး မြတ်တရားကို ကျင့်ကြံသူ သည်သာလျှင် အရိယာစင်စစ် ဖြစ်နိုင်သည်ဟု ရှင်တော် ဘုရား ဟောကြားတော်မူပေတယ်။

ဒါကြောင့် အရိယာသူတော်ကောင်းစင်စစ် သောတာ ပန် သကဒါဂါမ် အနာဂါမ် ရဟန္တာပုဂ္ဂိုလ်မွန်များ ဖြစ်လို၍ နိဗ္ဗာန်ကို အလိုရှိကြပါက—

မဂ္ဂင်ရှစ်ဖြာ တရားရတနာကို ပွားကြပါ။

## "မဂ်ဉာဏ် ဖိုလ်ဉာဏ်ရမှ နိဗ္ဗာန်ရောက်"

စောစောက ပြောခဲ့ကြတဲ့ သက်သတ်လွတ် စားခြင်း မစားခြင်းကတော့ လောကီကုသိုလ်များနဲ့ ပတ်သက်အကျုံး ဝင်သွားပါတယ်။

နိဗ္ဗာန်ကိုတော့ဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကမှ ကူးမြောက် ရပါတယ်။

ထိုမဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရကြောင်းဖြစ်သော ကုသိုလ် တရားတို့ကိုလည်း ပါရမီဖြည့်၍ တတ်အားသမျှ ပြုကြရင် ကောင်းပါတယ်။

သမထယာနိက နည်း
သုဒ္ဓဝိပဿနာ နည်း
ကိုယ်ကြိုက်ရာ မှီ၍ တက်ယူကြပါ။

မိမိကြိုက်တိုင်း သူများကြိုက်ချင်မှကြိုက်မည်၊ သူများကြိုက်တာကိုလဲ မိမိကြိုက်ချင်မှ ကြိုက်မည်။

ကြိုက်ရာကို ပြု ပြုဒါကိုရ၊ ရဒါကိုယူလေ့။

သူလုပ်တာ သူ့အလုပ်၊ ကိုယ်လုပ်တာကိုယ့်အလုပ်၊ တဦးကို တဦးက မကောင်းမပြောရပေဘူး၊ မှားတယ်လို့မြင်ရင်ကူညီလိုက်ပါ၊ မှန်ရာရောက်အောင်ကူညီပါ၊ မရှုံ့ချရဘူး၊ သူတော်ကောင်းဆိုဒါ သူများကိုဆင်းရဲအောင် ရှုံ့ချပြောဆိုခြင်းမျိုးမလုပ်ရဘူး သူတပါးကို ထိပါးပုတ်ခတ်လျက် နစ်နာအောင် မပြုရဘူး၊ ဟုတ်တိုင်းလဲမပြောရဘူး ပြောတိုင်းလဲခရီး ရောက်ချင်မှ ရောက်တာ၊ တတ်တာဟာသိဒါမဟုတ်ဘူး၊ သိဒါဟာလဲ ရှိဒါမဟုတ်ဘူး။

တတ်သလိုသိ သိသလိုရှိအောင် ပေါင်းစပ်နိုင်ပါမှ အတတ်အသိ အလိမ္မာတရားတွေ တိုးပွါးပြီး မြတ်သောနိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်မည် ဖြစ်ပါတယ်။

## "မှားခဲ့သည်ကို ဝန်ခံတောင်းပန်ခြင်း"

တပည့်တော် မှားခဲ့ဒါတွေရှိက ခွင့်လွှတ် သည်းခံပါဘုရား။

ဘုရားတပည့်တော်လဲ ဒီနေ့ကစ၍ သက်သတ်လွတ် (၉)ရက်စားပါမယ်လို့ အဓိဋ္ဌာန်ပြုပါတယ်ဘုရား။

ကောင်းပါပြီ သည်းခံပါတယ် ဒကာကြီး၊ နောက်ကို သတိထားပေါ့၊ ကိုယ်စားချင်ရာကိုစားပါ သူများကိုထိခိုက်အောင် မပြောပါနဲ့။

အရေးကြီးဒါက စားတိုင်း စားတိုင်းမှာ သက်သတ်လွတ်ဘဲ စားစား၊ အခြား သားငါးသေပြီးသား ဟင်းနဲ့ဘဲ စားစား—

သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ။

အလုံးစုံသော သတ္တဝါတို့သည် အာဟာရကြောင့် ရှင်သန်နေကြရပါသဖြင့် ရုပ်ကို အာဟာရစောင့်သော အားဖြင့် ငါသည် အာဟာရကို မှီဝဲပါ၏။ လျှချင်၍ ဝချင်၍ရင်း၊ ကောင်းသည်ဟူ၍ရင်း၊ မကောင်းသည်ဟူ၍ရင်း နှလုံးမသွင်းမူ၍ သတိဖြင့် သခါရတင်ပြီး စားကြဘို့ အရေးကြီးပါတယ်။

ဒါယကာ ဒါယိကာမကြီးများ အားလုံး သဘောပေါက်ကြပါသလား။

ပေါက်ကြပါတယ် ဘုရား။

တပည့်တော်များ လာရကျိုး အတော်ဘဲ နပ်လှပါသည် ဘုရား။

“လိုက်ဆိုကြပါ ဆောင်ပုဒ်ရတနာ”

* ခန္တီ သစ္စာ မေတ္တာထား၊
* သီလ သမာဓိ ပညာ ကျင့်ခါပွါး၊

* သူများအကြောင်း မကောင်းမပြောနဲ့၊
* ကိုယ့်အကြောင်းကို ကောင်းအောင်လုပ်၊
* အကြောင်းကောင်းမှ အကျိုးကောင်းမည်၊
* ကြောင်း–ကျိုးမှန်ကောင်းကြမှ–
* နိဗ္ဗာန်ဆုတောင်း ပြည့်ကြမယ်။

ခန္တီ သစ္စာ မေတ္တာတရား ထားနိုင်ကြပြီး သီလ သမာဓိ ပညာတရားများပွါးတိုးအောင် ကျင့်ကြံအားထုတ်နိုင်ကြပြီး မိမိတို့၏ ဆုတောင်းရာမှန် မြတ်နိဗ္ဗာန်ကို အကြောင်းအကျိုး ဆက်စပ်၍ မဂ္ဂင်ရှစ်ပါး တရားမြတ်ကို ပွါး၍ လျင်မြန်စွာ ရောက်နိုင်ကြပါစေကုန်သတည်း။

သာဓု....သာဓု....သာဓု။

ကျန်းမာ ချမ်းသာကြပါစေ။

တပည့်တော်လဲ အရှင်ဘုရားနဲ့ တွေ့မှ ကျွတ်တော့ ဒါဘဲ။

## "ကိုသာအေးလေ့ခပ်သလိုမလုပ်နဲ့"

ဒကာကြီးက ဆုံးမပါဆိုလို့ ပြောရအုံးမယ်၊ ကိုသာအေး လေ့ခပ်သလိုမျိုး မလုပ်မိဘို့ သတိထားပေါ့–

ကိုသာအေးက ဘယ်လို ခပ်လို့လဲဘုရား။

ပြောပြလိုက်အုံးမယ်၊ တခါက ကိုသာအေးဆိုတဲ့ အညာ သား ယှူ့ုံးတယောက်ဟာ ဟောက်ရပ်အောက်ပျာက အကျိုး

သမီးတယောက်နဲ့ အိမ်ထောင်ကျပြီး အောက်ရပ်အောက်ရွာ မြစ်ဝကျွန်းပေါ် အရပ်ကို လိုက်လာပြီး အတူတကွ နေလာကြရင်း။

အလုပ်မရှိ ထိုင်စားရင်း ရှိပစ္စည်းလေးတွေ ကုန်လာတော့—ဇနီးသည်မိန်းမလုပ်သူက ဆူပူပြောဆိုလျက် နေ့တိုင်းလိုလို ပြစ်တင်စကားများ ပြောလာတော့။

ကိုသာအေးက မခံချင်ဒါနဲ့ ရှိတဲ့ငွေကို စုဆောင်းပြီး လှေတစင်းဝယ်လိုက်တယ်၊ ပြီးတော့—

မြစ်ကမ်းဘေးရေစပ်မှာရှိတဲ့ မိမိအိမ်ဆိပ်မှာ ဆိုက်ကပ်ပြီး ရိက္ခာများတင်၍ အထက်အညာနှင့် အောက်ရွာ ကုန်ကူးသည့် အလုပ်ကိုလုပ်မည်ဟု ပြောဆို၍ "သာအေးဟာ ယောကျ်ားပါတဲ့၊ အလုပ်မလုပ်ချင်သေးလို့နေဒါ လုပ်ချင်ရင်လဲ သူများနဲ့မတူစေရဘူး"ဆိုပြီး မာန်ပါပါနှင့် ညဘက်မှာ လေတဖြူးဖြူးနှင့် လှေထွက်မယ်ဆိုပြီး ရိက္ခာများတင်ပြီးဒါနဲ့။

ကဲ—မိန်းမခလေးတွေနဲ့ အိမ်ထဲဝင်ပေတော့၊ တံခါးပိတ် မိုးချုပ်ပြီ သတိနဲ့နေ။

ကဲ—ပဲ့ကြိုး ဦးကြိုးတွေဖြုတ်လိုက်စမ်း၊ ဟုတ်ပြီ ကဲ—တံခါးပိတ်ဟေ့၊ ငါလဲ ခရီးစထွက်တော့မယ်လို့ နှုတ်ဆက်ပြီး။

တညလုံး ကြိုးစားပမ်းစား ခပ်တက်ခပ်ပြီး ခရီးထွက်လာလိုက်တာ–ကြက်တွန်သံတွေ တခါနှစ်ခါ ကြားရပြီး သန်းခေါင်ကျော်မှ လင်းအားကြီး အရုဏ်တက်လာသည်ထိ ကြာမြင့်လာခဲ့ပြီး–

ဟိုဘက်·ဒီဘက် ကိုသာအေး လှမ်းကြည့်လိုက်တော့ ရွာဆိပ်နှင့် ဆင်ဆင်တူဒါတွေ့ရပြီး နဲနဲလင်းလာတော့ အော်–ဒီရွာဟာလဲ ဒို့ရွာနဲ့ ခပ်ဆင်ဆင် တူပါလားဆိုပြီး။

"မိုးလင်းမှ သိရသည်က"

ကိုသာအေးဆက်လက်ပြီး လှေခပ်နေရင်း တဖြည်းဖြည်း မိုးလင်းစပြုလာ၍ သဲသဲကွဲကွဲမြင်ရတဲ့ အချိန်ကျတော့ ကမ်းစပ်ကို ကြည့်လိုက်ပြီး ဒီဆိပ်ကမ်းကလဲ ဒို့ဆိပ်ကမ်းနဲ့ တူလိုက်တာဟု တွေးရင်း....

တဖန် ဒီအိမ်ကလဲ ငါ့အိမ်နဲ့ ခပ်ဆင်ဆင်ဘဲဟု တွေး၍ ကြည့်နေစဉ် အမျိုးသမီးတယောက် အိမ်ထဲမှ ထွက်လာဒါကို မြင်ရပြန်တော့–

ဟာ–ဒီမိန်းမကလဲ ငါ့မိန်းမနဲ့တူလိုက်တာပဲဟု စဉ်းစားနေရင်းမှဘဲ။

ခလေး ၂-ယောက် အိမ်ထဲမှထွက်လာပြီး မျက်နှာသစ်ကြပြန်တော့လဲ ဒီခလေးတွေကလဲ ငါ့ခလေးတွေနှင့် တူလိုက်တာဟု တွေးရင်း ကိုသာအေး လှေခပ်ရင်းမှ လူတူမရှား နံမည်တူမရှားဒါ ကြားဘူးခဲ့ရာမှ ခုအကုန်လုံး တူနေသဖြင့် စဉ်းစားရကြပ်နေစဉ်မှာပင်—

ခလေးတွေက ခပ်တက်သံကြားတော့ မော့ကြည့်လိုက်ပြီး၊ မေမေ-မေမေ—ဟိုမှာ ဖေဖေကြီးရယ်လို့ လှမ်းပြောလိုက်ပြန်တော့။

ဟယ်—ဒီအသံတွေကလဲ ငါ့ခလေးတွေအသံနဲ့ တော်တော်ကို ဆင်တူနေပါလားဟု တွေးတောမိပြန်သည်။

ကိုသာအေး တွေးနေစဉ်မှာပင် အမျိုးသမီးသည် ခလေးတွေ ပြောသံကြား၍မျက်နှာသစ်ရာမှ မော့ကြည့်လိုက်ပြီး။

အော်-ဘုရား့ရေ၊ ကိုသာအေး တော်ဘာလုပ်နေ့ဒါလဲလို့ အော်ပြောလိုက်သည်ကို ကြားရပြန်တော့၊ ကိုသာအေးမှာ တော်တော်ကို စဉ်းစားရခက်ပြီး။

အင်း-ဒီအသံလဲ ငါ့မိန်းမရဲ့ အသံနဲ့ တူနေပြန်ဒါဘဲ၊ ဘယ်လိုလဲ မသိဘူး တူလွန်းလိုက်တာဟု စဉ်းစားလျက် လှေကို ခပ်မြဲခပ်နေရာ—

အမျိုးသမီးက စိတ်မရှည်တော့ဘဲ ရေခွက်ကြီး လွှတ်ချကာ၊ လှေပေါ်ကို ကုန်းဘောင်လှမ်းတင်ပြီး တံတားမှ လှေပေါ်ကို တက်လာပြီး ကိုသာအေး ဗိုက်ကိုလိမ်ဆွဲလိုက်ပြန်ရာ–

လိမ်ဆွဲဒါလဲ ငါမိန်းမနဲ့ သိပ်ဆင်ဒါဘဲဟု ကိုသာအေး ဆက်တွေးလျက် ဒီမိန်းမ အတင့်ရဲပုံကိုလဲ ကိုသာအေး မစဉ်းစားတတ်အောင် ဖြစ်နေစဉ်-

"ကြောက်ကြိုး မတင်ဘဲ လှေခပ်နေမိ"

အမျိုးသမီးက ကိုသာအေး နားရွက်ကို လှမ်းဆွဲပြီး လှေဦးကိုခေါ်သွားရာ ကိုသာအေးမှာ နာနာနှင့် မေ့ပြီး လိုက်သွားရာ။

လှေဦးရောက်တော့ အမျိုးသမီးက ကိုသာအေး၊ ဟိုမှာ ကြည့်စမ်းပါဦး၊ အဲဒါ ဘာသုပ်တာလဲဟု ပြော၍ လက်ညှိုး ထိုးပြလိုက်ရာ။

အမျိုးသမီး လက်ညှိုးထိုးပြရာကို ကိုသာအေး လှမ်းကြည့်ပြီး မျက်လုံးပြူးလျက်"ဘုရား-ဘုရား ဒါကြောင့်ကို" ဟုဆိုပြီး ငုပ်တုတ်ထိုင်ချလိုက်ခါ နဖူးကို လက်ဖဝါးနှင့် ရိုက်လိုက်လေတော့သည်။

ကိုသာအေး ဘာမြင်လို့ ဒီလို ဖြစ်သွားသလဲ ဆိုဒါ ဒကာကြီးသိလား။

မသိဘူးဘုရား၊ စိတ်တော့ ဝင်စားစရာဘဲ ဆက်ပြော ပါဦးဘုရား၊ ကိုသာအေး ဘာမြင်သွားလို့ပါလဲ။

အော် ကိုသာအေး ကျောက်ကြိုးမြင်သွားလို့ ဒကာကြီး။

ကိုသာအေး ကျောက်ကြိုးကြီးမတင်ဘဲ တညလုံးခပ်နေ ဒါကို ဒကာကြီးရဲ့။

ဟယ် ဒုက္ခဘဲဟု ဒကာကြီးအသံထွက်လာသည်ထိ အံ့သြ သွားသည်။

ပဲ့ကြိုး ဦးကြိုးသာဖြုတ်ပြီး ကျောက်ကြိုးမတင်မိတော့- လှေကြီးက အိမ်ဆိပ်မှာဘဲ ချာလယ်လယ်နေဒါကိုး ဒကာ ကြီးရဲ့။

သြ ဒါကြောင့်ကိုးဟု ပြော၍ အားလုံးရီမောကြသည်။

အဲဒီတော့ လှေခပ်သလောက် ခရီးမရောက်ခဲ့ဘူးဖြစ်နေ ဒါပေါ့။

ဘာကြောင့် လှေခပ်ရဲသားနဲ့ ခရီးမရောက်သလဲ ဒကာ ကြီး။

ကျောက်ကြိုးငြိနေလို့ပါဘုရား။

ဒါဖြင့် ကျောက်ကြိုးမတင်ဘဲ လှေခပ်ရင် ခပ်မောကြီးဖြစ် မနေဘူးလား။

ဖြစ်ပါတယ်ဘုရား။

"မာန်မာနသည် ကျောက်ကြိုးနဲ့တူ"

အင်း တရားအားထုတ်သူတွေမှာလဲ လိုရာခရီးကို အမြန်မြန်ရောက်ချင်ရင် ကျောက်ကြိုးတင်ကျင့်ရမယ် ဒကာကြီး။

တရားအားထုတ်သူတွေရဲ့ကျောက်ကြိုးက ဘာလဲဘုရား။

တရားအားထုတ်သူတွေရဲ့ကျောက်ကြိုးက မာန်မာနပေါ့ ဒကာကြီး။

မာန်မာနဟာ ကျောက်ကြိုးနဲ့တူတယ် ရောက်တဲ့နေရာမှာ ကျောက်ကြိုးဟာငြိတတ်သလို။

မာန်မာနတရားဟာ တွေ့တဲ့လူနဲ့ ပြဿနာဖြစ်တယ်၊ ငြင်းတယ် ခုန်တယ် ခိုက်ရန်ဖြစ်တယ်။

ငါလောက် ဘယ်သူတတ်သလဲ စသည်ဖြင့် ပာန်ထောင်လွှားခြင်း၊ မာန်တက်ခြင်းသည်၊ မိမိ၏ ရှေ့တက်လမ်းကို တန့်ရပ်ပိတ်ဆို့ထားရာရောက်တယ် ဒကာကြီး၊ လုပ်သလောက်လဲ ခရီးမတွင် ဖြစ်တတ်ပါတယ်၊ ဒါကြောင့်—
ကိုယ်သာအေးလှေခပ်သလို မဖြစ်ရအောင် မာန်မာနများမထားပါဘဲ။

သူတော်ကောင်းတရားကို ကျင့်ကြံ အားထုတ်သင့်ပေတယ် ဒကာကြီး။

တပည့်တော်တို့မှာ ဗဟုသုတ အတော်ကို ရပါသည် အကျိုးလဲများပါသည်ဘုရား။

တပည့်ရင်းတွေဟု သိမှတ်ပါဘုရား။

ဒကာကြီးသည် စိတ်ဝင်စား၍ သိမ်မွေ့လာသည်ကို တွေ့ရပေသည်။

အင်း ကိုသာအေးလေ့ပေါ်များ လေ့ကြုံလိုက်မိရင် အခက်ဘဲ။

အပြစ်ရှိက အားလုံးသည်းခံခွင့်လွှတ်တော်မူပါဘုရား ဟု ရှိခိုး၍ ကန်တော့တောင်းပန်ပြန်၏။

"သည်းခံခြင်းသည် သူတော်ကောင်းတရား"

ခန္တီ သမဏာ တိ တိက္ခာ

တိတိက္ခာ–အောင့်အီးခြင်းဆိုတဲ့၊

ခန္တီ–သည်းခံခြင်းသည်၊

သမဏာ–ရဟန်း၏ အကျင့်တရားပင် မဟုတ်ပါလား။

ခန္တီ ပရမံ တပေါ။

ခန္တီ–သည်းခံခြင်းသည်၊

ပရမံ-မြတ်လှစွာသော၊

တပေါ-ခြိုးခြံခြင်း အကျင့်တရားပါတကား။

နိဗ္ဗာနံ ပရမံ သုခံ။

နိဗ္ဗာနံ-နိဗ္ဗာန်တည်းဟူသော အိုနာသေ ကင်း

လွတ်အပ်ခြင်းသည်၊

ပရမံ-မြတ်လှစွာသော။

သုခံ-ချမ်းသာစစ်ကြီးပါတကား။

သာဓု-သာဓု-သာဓု။

---

"သာသနာပြုချင်ရင် ဒီအချက်တွေပတ်"

၁။ မယိမ်းယိုင်သော ယုံကြည်ချက်။

၂။ မြင့်မြတ်သော ပရဟိတစိတ်။

၃။ နက်နဲသောအတွေ့အကြုံ။

၄။ ကြွယ်ဝသောဗဟုသုတ။

၅။ ဘက်မလိုက်သော ရိုးသားဖြောင့်မတ်မှု။

၆။ မမောပန်းသော လုံ့လဝီရိယ။

၇။ အဆက်မပြတ်သော နှီးကြားလကြွယ်။

အဲဒီ အချက်အလက်တွေကို ပိုင်ဆိုင်နိုင်အောင် လေ့လာပါ။

ဒီအချက်တွေရဲ့ အဓိပ္ပါယ်တွေပြောရရင် သိပ်ကြာသွားအုံးမယ်။

ဒီတော့ နောက်များမှာဘဲ ပြောဒါပေါ့ ဟုတ်လား။

ပြောပါဘုရား တပည့်တော်တို့မှာ အချိန်ရပါတယ် မမှီရင် နောက်နေ့မှ ပြန်ပါမယ်။

တယ်လဲ ဇွဲကောင်းကြပါလား၊ ကဲ-ကဲ- တချက်ချင်း အဓိပ္ပါယ် ရေးယူကြပါ။

၁။ မယိမ်းမယိုင်သောယုံကြည်ချက်ဆိုဒါ—

ဘုရား, တရား, သံဃာ, မိဘ, ဆရာ, အနန္တဂုဏ်တော်များကို ဘယ်သူဖျက်ဖျက် အသက်ပေး၍ ခိုင်စွာယုံကြည်ထားရမယ်။

၂။ မြင့်မြတ်သော ပရဟိတစိတ်ရှိရမယ်ဆိုဒါက—

အများ (၇) ရက်သားသမီး ဝေနေယျအပေါ်မှာ ကူညီယိုင်းပင်းသော(ဝါ) အများအကျိုး ဆောင်သော စိတ်ထားမြင့်မြတ်မှုရှိရမည်။

၃။ နက်နဲသော အတွေ့အကြုံရှိရမယ်ဆိုဒါက—

အတွေ့အကြုံရင့်သန်၍ သူများပြောတိုင်း မယုံကြည်ပါဘဲ ကိုယ်တိုင်လေ့လာ ထိတွေ့ရမည်ဖြစ်သည်။

၄။ ကြွယ်ဝသော ဗဟုသုတ ဆိုသည်မှာ အတွေ့အကြုံ ဗဟုသုတ ကြွယ်ဝရမည်၊ ဒါမှ သူများချယ်လှယ်မှု လှည့်ပတ်မှုမှ လွတ်ကင်းနိုင်မည်။

၅။ ဘက်မလိုက်သော ရိုးသားဖြောင့်မတ်မှု ဆိုသည်မှာ အမှန် အမှန်ရှိအတိုင်းဖြင့် အရာရာမှာမြင်တတ် ရွေးချယ်တတ် ဆုံးဖြတ်တတ်ရမည့် ဘက်လိုက်မှုတရားဖြင့် မမှန်မကာန်မပြုရ။

၆။ မမောပန်းသော လုံ့လ ဝီရိယ ဘယ်အရာမဆို၊ ကောင်းမြတ်သော ကုသိုလ်တရားနှင့် ယှဉ်သောအလုပ်များကို မောသည်ပန်းသည် သဘောမထားပါဘဲ ကောင်းစွာဆောင်ရွက်ရပေမည်။

၇။ အဆက်မပြတ်သော နိုးကြားထကြွမှုဆိုသည်မှာ မိမိပြုဘွယ်ရာ ကောင်းမြတ်သော လုပ်ရပ်တို့၌ တခုပြီး တခု ဆက်ခါဆက်ခါ ပြုလုပ်ရာမှာ ပျင်းရိမှုမရှိပါဘဲ အဆက်မပြတ် ဆက်စပ်ဆောင်ရွက်ပြုလုပ်နိုင်ရမည် စသည်များ ဖြစ်ပေသည်။

သာသနာပြုလိုသူတို့သည်၊ ဤအချက်များကို စုစည်းရှာဖွေသိမ်းဆည်းထားရမည်ဖြစ်သည်၊ ဒါမှသာ သူတပါးပြောတိုင်း ခေါင်းငြိမ့်ရမည့်အဖြစ်မျိုးမှ လွတ်ကင်းကာ အမျိုးဘာသာ သာသနာကျိုးကို ထမ်းဆောင်နိုင်ပေမည်။

"ဆုတောင်းမေတ္တာ အဖြာဖြာ"

ကဲ-ရှင်ရဟန်းဆိုဒါ လိုက်ဆိုကြပါအုံး—

* ဗုဒ္ဓမြတ်စွာ သာသနာ ရောင်ဝါအနန္တ လင်းပါစေ။
* ဖယောလာသမှာ သာသနာ ရောင်ဝါအနန္တ လင်းပါစေ။
* နေရာတိုင်းမှာ သာသနာ ရောင်ဝါအနန္တ လင်းပါစေ။
* ရဟန်းရှင်လူ များပြည်သူ ကြည်ဖြူသဒ္ဓါရှိပါစေ။
* လူသတ္တဝါ နတ်ဗြဟ္မာ ဘေးရန်ဟူသမျှ ကင်းပါစေ။

အားလုံးသော လူသတ္တဝါ နတ်ဗြဟ္မာ အပေါင်းတို့သည်။

ဒုက္ခခပ်သိမ်း ကင်းငြိမ်းကြပါစေ။
ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ။
ဘောင့်တခပ်သိမ်း ကင်းငြိမ်းပါစေ။
ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းကြပါစေ။
ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ။
အချင်းချင်း ငြိမ်းချမ်းစွာ ရှိကြပါစေ။
အို, နာ, သေကင်းရာ မြတ်ချမ်းသာ နိဗ္ဗာန်ကို လျင်မြန်စွာ ရကြပါစေကုန်သတည်း။ ။

သာဓု....သာဓု....သာဓု။

အရှင်အရိယဓမ္မသိဒ္ဓိ။

"သရဏဂုမ်ကျေးဇူးတော်"

လိုက်ဆို။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

ချစ်သား သင်ချစ်သားသည် ဤ သရဏဂုမ် သုံးပါးကို အနုလုံ ပဋိလုံ အစုံအဆန် အဖန်ဖန် ရွတ်ပွား၍ သွားပါလော့။

သင်ချစ်သားသည် ဤ သရဏဂုမ်သုံးပါးကို၊ အဖန်ဖန် ရွတ်ပွား၍သွားသည်ရှိသော် ဤ ပစ္စုပ္ပန် နောင်တမလွန် နှစ်တန်သောဘဝ၌ ထင်ရှားသောအကျိုးကို ဒိဋ္ဌပေး၍ ဘဝများစွာမှာ ချမ်းသာရရပြီး များစွာမှ အသုံးကျလိမ့်မယ်ချစ်သား။

မည်သူက မည်သူ့အား သရဏဂုံသုံးပါးကို သင်ကြား ပေးနေပါလိမ့်။

အကြောင်းတော့ ရှိရပေမည်။

မှန်ပါ၏၊ အကြောင်းထူးရှိခဲ့ပါသည်။

## "အသပြာတထောင်နှင့် ဆတ္တမာဏဝက သတို့သား"

အကြောင်းထူးက သည်လို။

ကြည့်စမ်းပါအုံးတော့လား။

တောတန်းတလျှောက် တောလမ်းကောက်လေးအလိုက် အထုပ်တခုကိုပိုက်လျက် ခပ်သွက်သွက် လမ်းလျှောက်လာနေသည့် လူငယ်တယောက်။

အထုပ်ပိုက်လျက် တောလမ်းခရီးအလိုက် တစိုက်စိုက်နှင့် ထိုသူငယ် အဘယ်ကြောင့် အဖော်မပါ တကိုယ်ထဲ တကာယ လျှောက်လာနေရပါသလဲ၊ သူကား အဘယ်သူပါနည်း။

သူကား အခြားမဟုတ်ပါချေ။

သာဝတ္ထိပြည် သေတဗျမြို့သား ဆတ္တမာဏာက အမည်ရသည့် သတို့သားလူငယ်ပင်ဖြစ်ပါပေသည်။

ထိုသူငယ်သည်၊ မိဘများ၏ စိမ့်မှု စိစဉ်မှုအရ တက္ကသိုလ်ပြည် ဒိသာပါမောက္ခဆရာကြီးထံမှာ၊ အဋ္ဌာရသ တဆယ့်ရှစ်ရပ် ပညာရပ်တို့အား သင်ကြားတတ်မြောက် တဘက်ကမ်းရောက် ခရီးပေါက်ပြီးပါ၍—

မိဘရပ်ထံ ပြန်ရောက်လာသော် ဆရာ့ကျေးဇူးဂုဏ်အထူးကို ချီးကျူးပူဇော် ကန်တော့လိုပါသဖြင့်—

ညချမ်းကာလ အခါသမယတွင် ဘခင်ဖြစ်သူရှေ့ အရိုအသေပေးခါ ထိုင်လျက်မှ—

အဘရယ် ကျွန်တော်သည် တက္ကသိုလ်ပြည် ဒိသာပါမောက္ခဆရာကြီးအထံ အဘတို့အပ်နှံပေးမှုကြောင့် သွားရောက်ခါ ပညာသင်ကြားလာခဲ့သည်။

ယောကျ်ားတို့တတ်အပ်သော အဋ္ဌာရသ တဆယ့်ရှစ်ရပ် ပညာအတတ်တို့အား ဆရာမြတ် သင်ကြားပြသ နည်းလမ်းရ၍ အထူးတတ်မြောက်ခဲ့ရပါသည်။

ထိုသို့ ပညာရပ်များ သင်ကြား တတ်မြောက်လိုရင်းရောက်၍ အိမ်သို့တဖန် ပြန်ခဲ့ရာ၌၊ ဆရာကြီး၏ဂုဏ်ကျေးဇူးအား ရည်စူးကာ အထူးအသပြာတို့ဖြင့် ဖွယ်ဖွယ်ရာရာ ကန်တော့ခြင်းငှါ မပြုခဲ့ရသေးပါ။

## "ဒိသာပါမောက္ခ ဆရာကြီး ကျေးဇူး"

ကျေးဇူးရှင် ဒိသာပါမောက္ခ ဆရာကြီးအား အသပြာ တထောင်နှင့်သွားရောက်ခါ အထူးကန်တော့လိုပါသည့် ချီး မြှင့်ခွင့်ပြုပါ အသာရယ်ဟု အကျိုးအကြောင်း တင်ပြပြော ဆိုရင်း အခွင့်တောင်းခံရာ၊

ဘခင်ဖြစ်သူကလည်း သဘောတူသဖြင့် ကောင်းလေပြီ ငါ့သား၊ အသပြာတထောင်ကိုယူပြီး နံနက် မိုးသောက် အလင်းရောက်သော်—

ဆိုးနှင်းပေါက်ထဲ နေရောင်ခွဲစအချိန်ကျရင် မင်း၏ဆရာ အား သွားရောက်ကန်တော့ချေပါဟု ကြည်ဖြူစွာ အခွင့်ပေး သည်ကို ရသဖြင့်—

ပူဇော်ရာအမှုတို့ကို ပြုပြင်ခါ ရှင်လန်းစွာ အိပ်ရာတွင်း ဝင်ရောက်လို့ မှေးအိပ်ခဲ့ပြီး။

နံနက်မိုးသောက် အလင်းရောက်၍ နှင်းပေါက်တွေ နေ ရောင်ခြည်ခွဲလို့ ရေရှိတဲ့အချိန်မှာ ဆရာမြတ်ကျေးဇူး အထူး ကန်တော့ ပူဇော်ရန်။

အသပြာ တထောင်ထုပ်ကိုပိုက်ခါ တောလမ်းခရီးမှ အဖေါ်မပါ တယောက်တည်း အဌာရဿ ပညာရပ်အားကိုး ပြီးတစိုက်စိုက်နဲ့ လာနေခြင်း ဖြစ်ပေသည်။

## "ခိုးသားများသိ၍ လမ်းမှစောင့်"

သို့ပေမင့်သူတို့သွားအဖ ညဘက် စကားပြောနေစဉ်မှာ—

ခိုးသားနှစ်ယောက်၊ ခိုးဘို့ရောက်လာရင်း၊ နံနက်မိုးသောက် အလင်းရောက်သော်- တက္ကသိုလ်ပြည် ဒိသာပါမောက္ခ ဆရာကြီးအား အသပြာတထောင်ထုပ်နှင့် သွားရောက်ခါ ကန်တော့မည့်အကြောင်းကို ကြားသိကြရာ—

ဒို့တတွေ အိမ်ပေါ်မှာတက်ခါ ခိုးရင်ဖြင့် ခိုးနေစဉ် မိရင်လဲ မိနိုင်တယ်၊ ဥစ္စာကိုလဲ အတော်ပင်တွေ့အောင် ရှာရအုံးမယ်။

နံနက်မိုးသောက် အလင်းရောက်က အသပြာတထောင် ပိုက်၍ တောလမ်းခရီးမှာ အဖေါ်မပါတယောက်ထဲ သွားမဲ့ သတိုးသားကို တောနက်ရာ လမ်းခရီးအကြားမှ ပုန်းလျှိုခါ ချောင်းမြောင်းသတ်ပြီး အသပြာတထောင်ကို လုယူခါ ဝေစုခွဲရရင်ဖြင့် ငါးရာစီအလွယ်နဲ့ရမယ်ဟု—

သူခိုးနှစ်ယောက်က တိုင်ပင်ခါ သတိုးသားလာမဲ့ တောလမ်းခရီးမှ တင်ကြိုခါ အရင်သွားပြီး ချောင်းမြောင်းခါ စောင့်ဆိုင်းနေသည်ကို တော့ဖြင့် ဆတ္တမာဏဝက သတိုးသား ခမျှာ လုံးဝမသိရှာပါပေ။

ဒီအကြောင်းကို သိသူမှာ အတော်ရှားလျက် သုံးလော ကထွဋ်ထား အရှင်မြတ်ဘုရားသာလျှင် သဗ္ဗညုတဉာဏ် တော်အစုံနှင့်—

ယနေ့ငါဘုရား မည်သူ့အား ချွတ်မြောက် ကယ်တင်ရပါ မည်နည်းဟု ဖြန့်ကျက်ခါ ကြည့်ရှုတော်မူစဉ်၊ ဉာဏ်တော် မြင်ကွင်းမှာ ဤအခြင်းအရာကို ထင်လင်းစွာ မြင်တော်မူခဲ့ ပေသည်။

"ရှင်တော်ဘုရား သရဏဂုဏ်"

ထိုကဲ့သို့ ဉာဏ်တော် ကွန်ရက်မှာ ဆတ္တမာဏဝက သတိုးသားအား မြင်တွေ့တော်မူရသော မဟာကရုဏာတော် သခင်ရှင်တော်မြတ်ဘုရားသည်။

ဤသတိုးသားကား ရှေ့မှာ ကြိုလင့်နေသော သေမင်းကို သူမသိရှာပေဘူး၊ သေသည်၏ အခြားမဲ့၌လည်း အပါယ် လေးပါးသို့ ကျဘွယ်ရာရှိပေသည်၊ သို့မို့ကြောင့် အပါယ် လေးပါးမှ ကင်းလွတ်ပါစေခြင်းငှါ ငါဘုရားကယ်မတော် မူချေမှဘဲဟု ရင်ဝယ်မှဖွား ရင်ကသားသို့မခြား အတူသနား တော်မူသဖြင့်—

ရှင်တော်မြတ်ဘုရားသည် ထိုသတိုးသား လာနေသော တောလမ်းခရီးသို့ ကြွမြန်းတော်မူ၍ ခိုးသားတို့စောင့်နေ

သည့် နေရာမရောက်ခင် ရွှေခပ်လှမ်းလှမ်းတောတန်း တနေရာမှာ ရပ်တန့်တော်မူခါ ဆတ္တမာဏဝက သာတိုးသားအလာကို စောင့်ဆိုင်းတည်နေတော်မူခဲ့လေသည်။

ဘာမှမသိရှာသော ဆတ္တမာဏဝကသတိုးသားသည် တစိုက်စိုက်နှင့် တောလမ်းခရီးအတိုင်း ထွက်လာရင်း၊ လျှောက်လာရင်း၊ ဖြူနီးဆို ရှင်တော်မြတ်ဘုရားအား ပက်ပင်းတိုး၍ မြင်ရလေရာ—

မမျှော်လင့်မိဘဲ တွေ့ရသော မြင်ကွင်းကြောင့် အံ့အားသင့်ခြင်း အံ့သြခြင်းဖြင့် ကြည့်နေမိရာ။

ချစ်သား အဘယ်သို့ သွားမလို့လဲ ချစ်သား၊ ရှင်တော်မြတ်ဘုရားမှ စတင်၍ မဟာကရုဏာတော်အပြည့်နှင့် မေးတော်မူလိုက်၏။

အော် ဂေါတမပုဏ္ဏားကြီး ကျွန်ုပ်ဟိုမေးဒါလား ကျွန်ုပ်လေ တက္ကသိုလ်ပြည် ဒိသာပါမောက္ခဆရာကြီးကို အသပြာတထောင်နဲ့ သွားကန်တော့မလို့ ခရီးထွက်ခဲ့ဒါပါပါဟု ပြန်၍ ဖြေဆိုပြောလျှောက်လေသည်။

ချစ်သား ဆရာအား အသပြာတထောင်နှင့် သွားရောက်ကန်တော့ရလောက်အောင် အဘယ်ကဲ့သို့သော ကျေးဇူးတွေ ရှိလို့ပါလဲ ချစ်သား။

အောင် ကျေးဇူးတွေ ကြီးလှန်းဆို အဋ္ဌာရသ တဆယ့် ရှစ်ရပ်သော ပညာတွေကို တတ်မြောက်အောင် သင်ကြား ပေးလိုက်သဖြင့် အလွန်ဘဲ ကျေးဇူးကြီးပါတယ် ရဟန်းကြီး။

ကဲ သူ့တော်ကောင်း ဒါယကာ ဒါယိကာမတွေ ဆတ္တ မာဏဝက သတိုးသားက ရှင်တော်မြတ်ဘုရားကို ဘယ်လို ခေါ်ပါသလဲ။

ရဟန်းကြီးလို့ခေါ်ပါတယ် ဘုရား။

ပဥ္စမတကြိမ်ကတော့ ဘယ်လိုခေါ်ပါသလဲ။

"ခေတ်ပညာတတ်ရှိန့် ယဉ်ကျေးမှုမပြည့်စုံ"

ဂေါတမရဟန်းကြီးလို့ခေါ်ခဲ့ပါတယ်။

သူတော်ကောင်း ဒါယကာ ဒါယိကာမများကို မေး ပါအုံးမယ်။

ရှင်တော်မြတ်ဘုရားလို့ သုံးနှုန်းဒါနဲ့-

ဂေါတမရဟန်းကြီးလို့ သုံးနှုန်းဒါနဲ့-

ဘယ်အသုံးအနှုန်းက ယဉ်ကျေးပါသလဲ။

ရှင်တော် မြတ်ဘုရားလို့ ခေါ်ဝေါ် သုံးနှုန်းဒါက ယဉ်ကျေးပါတယ် ဘုရား။

အော် ဒါဖြင့်ရင် ဆတ္တမာဏဝက သတို့သားခမျာယဉ်ကျေးမှုမရှိတော့ဘူးပေါ့နော်။

မှန်လှပါဘုရား။

နို့ သူ့မှာ ဘာပညာတွေ တတ်ထားပါသလဲ။

အင္ဂါရသာ တဆယ့်ရှစ်ရပ် ပညာရပ်တွေ တတ်ထားပါတယ်ဘုရား။

အဲဒီပညာတွေက လောကီပညာလား လောကုတ္တရာပညာလား။

လောကီပညာပါဘုရား။

အော် ဒါဖြင့်ရင် လောကီပညာသက်သက်သာ တတ်မြောက်ရုံနဲ့တော့ဖြင့် ယဉ်ကျေးမှု မပြည့်သေးကြောင်းထင်ရှားပါတယ်နော်။

မှန်လှပါ မပြည့်စုံသေးပါဘုရား။

ရှင်တော်မြတ်ဘုရားကိုလဲ ရှိခိုးခြင်း အရိုအသေပေးခြင်း မပြုဘူးတဲ့။

ရှင်တော်မြတ်ဘုရားကို အရိုအသေပေးရဲ့လား။ ကန်တော့ရဲ့လား။

အရိုအသေမပေး မကန်တော့ပါဘူး ဘုရား။

ဒါဖြင့်-ရိုသေရခြင်း-ကန်တော့ပူဇော်ရခြင်းမျိုးကိုပင်သူ့ခမျာမသိရှာသေးပုံဘဲနော်။ ---။

မှန်လှပါဘုရား။

အဲဒါဘာဖြစ်လို့ ယဉ်ကျေးမှုအပြည့် မရှိသေးသလဲဆိုဒါ ကောသိကြလား။

မလျှောက်တတ်ပါဘုရား။

မှတ်ထား၊ ဘာသာရေး၊ ယဉ်ကျေးမှု-လိုနေသေးလို့။

ဘာလိုနေလို့လဲ။

ဘာသာရေး ယဉ်ကျေးမှု လိုနေလို့ပါဘုရား။

ခေတ်ပညာကိုဘဲသက်သက်တတ်ပြီး—။

ဘာသာရေး - သာသနာရေး - ကိုမသင်ကြား မတတ်မြောက်-မလေ့လာရသေးရင်ဖြင့်-ယဉ်ကျေးမှုမပြည့်စုံသေးပါဘူးလို့မှတ်ကြပါ။

မှန်လှပါဘုရား။

ယခုကာလမှာကြည့်ပါ၊ ဘာသာရေး သာသနာရေးလဲ လေ့လာလိုက်စား ခေတ်ပညာတွေလဲတတ်တဲ့ လူကြီးလူငယ်တွေဟာ-ယဉ်ကျေးသိမ်မွေ့မှု မရှိဘူးလား-။

ရှိပါတယ်ဘုရား။

ခေတ်ပညာသက်သက်သာတတ်မြောက်ပြီး ဘာသာရေး သာသနာရေးဆိုင်ရာကို မလေ့လာမလိုက်စား မတတ်မြောက်သေးသောသူများအဘို့-အပြောအဆို အနေအထိုင် အသုံးအနှုန်းများမှာ—သိမ်မွေ့—ပါမလား—။

မသိမ်မွေ့ပါဘုရား။

## "ဘာသာသာသနာရေး သိမှုယဉ်ကျေး"

ဒါဖြင့်ရင် ယဉ်ကျေးသိမ်မွေ့ဖို့အတွက်သာသာရေး သာသနာရေးကို လေ့လာဖို့မလိုဘူးလား။

လိုပါတယ်ဘုရား။

ယခုကာလ -- တချို့လူငယ်တွေ ပြောဆိုနေဒါ ကြားသိရတွေ့နေရပါတယ်၊ ဘာလဲ-အဖေကို ဘဲတဲ့-အမေကိုကြက်တဲ့-။

သူတော်ကောင်း ဒါယကာ ဒါယိကာမတွေရောကြားမိကြလား။

ကြားပါတယ်ဘုရား၊ ကိုယ်တိုင်တောင်အခေါ်ခံရဘူးပါပါတယ်။

ဟယ် ဒါဖြင့်—ရှင်ရဟန်းတို့ထက်တောင်—ဗဟုသုတပိုနေပါပေါ့လား။

တခါက-ရှင်ရဟန်းကြွသွားတဲ့—အိမ်တအိမ်ရှေ့မှ—လူငယ်တစုစကားပြောနေဒါ တွေ့ရ ကြားရဘူးပါတယ်။

တယောက်က စပြောလိုက်တယ်....

ဟေ့ဘဲ၊ မင်းတို့အိမ်ကဘဲကြီး ကြည့်ရဲ့လားတဲ့-။

(ပရိသတ်များက ရီကြသည်)

အဲတယောက်ကပြန်ဖြေသံကြားရပြန်တယ် ...,

ဘာတဲ့-အဲ ဒို့အိမ်ကဘဲကြီးက သိပ်မကြည်ဘူးကွာ။

ဒါဖြင့် မင်းအိမ်ကဘဲကြီး ဘဲနာကြီးဖြစ်လာလို့ပေါ့ကွ ဟု ပြော၍ ရီလိုက်ကြသည်ကို ကြားသိလိုက်ရတယ်။

အဲဒါနဲ့ ဗဟုသုတဖြစ်အောင် အာသာကပ်ပြီး လေ့လာမေးမြန်းကြည့်တော့။

လားလား မင်းအိမ်ကဘဲကြီး ကြည်ရဲ့လား ဆိုဒါ- အဓိပ္ပါယ်က- မင်းအဖေ ကြေနပ်ရဲ့လား၊ သဘောကျရဲ့လား၊ စိတ်ကောင်းရဲ့လားလို့ မေးဒါတဲ့။

"မိဘများကို ဘဲကြက်ပြော"

အဲ-ဒို့အိမ်ကဘဲကြီးက မကြည်ဘူးလို့ပြောဒါက ငါ့အဖေ သိပ်မျက်နှာမကောင်းဘူး စိတ်ဆိုးနေတယ် ပြောဒါတဲ့....။

(ပရိသတ်များက ရီကြပုံးကြသည်။)

အဲ နောက်- မင်းတို့အိမ်ကဘဲကြီး၊ ဘဲနာကြီးဖြစ်နေပြီလို့ပြောဒါက မင်းအဖေအသက်ကြီးပြီး လူအိုဖြစ်လာပြီလို့ ပြောဒါတဲ့။

သူတော်ကောင်း ဒါယကာ ဒါယိကာမကြီးများကော ကြားဘူးကြလား။

ကြားဘူးနေပါတယ်ဘုရား။

အဲဗျာ- အဲဒါဖြင့် ဘာသာပြန်ကြည့်ရအောင်။

ဘဲ-ဆိုဒါ လူလား တိရစ္ဆာန်လား။

တိရစ္ဆာန်ပါဘုရား။

ကဲ ဒါဖြင့် မင်းအိမ်ကဘဲကြီးကြည်ရဲ့လား ဆိုဒါကို ဘာသာပြန်လိုက်ကြစမ်းပါ။

မင်းအဖေ တိရစ္ဆာန်ကြီး ကြည်ရဲ့လားလို့ အဓိပ္ပါယ်ရပါတယ်ဘုရား။

ဟာ ဒုက္ခဘဲ မိဘတွေတော့ အိမ်မှာ နေရင်းထိုင်ရင်း သူတို့လုပ်စာမစားရဘဲ တိရစ္ဆာန်ဖြစ်သွားတော့တယ်ပေါ့။

အဲ - ငါ့အိမ်ကဘဲကြီး သိပ်မကြည်ဘူးကို ဘာသာပြန်စမ်းပါအုံး။

ငါ့အဖေ တိရစ္ဆာန်ကြီး သိပ်စိတ်မကောင်းဘူးလို့-အဓိပ္ပါယ်ရပါတယ်ဘုရား။

ဟင်- ဒါဖြင့် ကိုယ့်အဖေ ဘခင်ကျေးဇူးရှင်ကို တိရစ္ဆာန်ကြီးလို့ တဘက်လူကပြောဒါကို ခံနေတဲ့အပြင် ကိုယ်ကပါထပ်ပြီး အသိအမှတ်ပြုလိုက်ရာ မရောက်ဘူးလား။

ရောက်ပါတယ်ဘုရား။

ကဲ-ဒါဖြင့် ဒီအသုံးအနှုန်းတွေဟာ ယဉ်ကျေးကြရဲ့လား။

မယဉ်ကျေးပါဘုရား။

မယဉ်ကျေးရုံမကဘူး၊ ဝဇီဒုစရိုက်နှင့်တကွ အကုသိုလ်များဖြစ်ရပြီး၊ သေခြင်း၏ အခြားမဲ့မှာ ငရဲသို့ လားစေတယ်၊ ယခုဘဝ ပစ္စုပ္ပန်မှာလဲ ဒုက္ခများစွာ တွေ့ရတတ်တယ်။

မိဘဆိုဒါ ဘုရားရှင်နဲ့ တဂိုဏ်းထဲပြုခြင်းခံရတဲ့ ကျေးဇူးဂုဏ်တွေရှိတယ် အဲဒါပြစ်မှားပြောဆိုကြသဖြင့် အပါယ်လေးပါးမှာ ကျခံရစေတတ်တယ်။

## "ကလေးတွေသနားဘို့ကောင်း"

သူတော်ကောင်း ဒါယကာ ဒါယိကာမတွေ ကြောက်ဘို့မကောင်းဘူလား။

ကြောက်ဘို့ကောင်းပါတယ်ဘုရား။

အဲဒီကလေးတွေဟာ သနားဘို့မကောင်းဘူးလား။

သနားဘို့ကောင်းပါတယ်ဘုရား။

သနားရင် ကိုယ့်သားသမီးကို အမျိုးတွေကို ကိုယ်ယဉ်ကျေးအောင် သာသနာပြု၍ ကယ်တင်ကြပေတော့ပေါ့။

အဲဒီလိုပြောတဲ့ လူငယ်တွေဟာ ဒီလောကအထိ သူတို့သိပါ့မလား။

မသိကြပါဘူးဘုရား။

မသိဒါ အဝိဇ္ဇာပေါ့။

တခါတုန်းက လူငယ်တစု လူကြီးသုံးယောက်နဲ့ ရောက်လာပြီး။

အရှင်ဘုရား တပည့်တော်တို့ မသိလို့မေးပါရစေ၊ ခွင့်ပြုပါဘုရားလို့ လျှောက်ထားတယ်၊ ဒီတော့ ခွင့်ပြုပါတယ်-လျှောက်ထားပါလို့ ဆိုလိုက်တော့။

## "မသိလို့လုပ်မိရင် အပြစ်ဖြစ်ပါသလားတဲ့"

လူငယ်ထဲက တယောက်က—

အရှင်ဘုရား တပည့်တော်တို့ဟာ အရှင်ဘုရား ကန်တော့လေးမှာ တရားဟောဒါ နာခဲ့ရပါတယ်၊ အဲဒီတရားနာပြီး မိဘတွေ မျက်နှာတောင် ပြန်မကြည့်ရဲအောင် ရှက်လဲရှက် ကြောက်လဲ ကြောက်မိပါတယ်၊ တပည့်တော်တို့မသိလို့ မိဘများကို၊ ဘကြီး ကြက်မကြီးလို့ ခေါ်မိပါတယ်၊ မိဘများအပေါ်မှာလဲ ဆိုးမိခဲ့ပါတယ်၊ အဲဒါ အပြစ်ရှိပါသလား။

လူငယ်နှင့် အပေါ်တစုသည် ကိုက်လန့်နေခြင်းနှင့် တကွ မျက်နှာကလေးများ ငယ်နေကြရှာသည်။

အင်း ခုမျက်နှာငယ်ရဒါ တော်းလဲ့၊ သေမှ ငရဲကျပြီး မျက်နှာငယ်ရရင်ဖြင့် ကြီးစွာ ဆင်းရဲပေတော့မယ်ဟု တွေးလိုက်မိပြီး။

အေး ကောင်းပါပြီကွယ် ရှင်ရဟန်းဖြေပါမယ်၊ တခုမေးပါရစေအုံး။

မင်းတို့ ယခုလိုပြောဆို သုံးနှုန်းကြဒါ ဘယ်သူသင်ပေးဒါလဲ။

သူများတွေပြောဒါကြားလို့ ပြောဒါပါဘုရား။

ဟေ ကောင်းရော၊ သူများပြောဒါ ကြားဒါနဲ့ ပြောတော့ ကောင်းမှန်းဆိုးမှန်းကော သိသလား။

အဲဒါတော့မသိပါဘူး။

ကျွန်တော်တို့က အဲ ရောင်သွားလို့ပါ၊ အမှန်တော့ ဒီလောကမိဘတွေကို ထိခိုက်မယ်သိရင်တော့ မပြောပါဘူး။

လူငယ်များသည် ဆံပင်အခွေတော်ရှည်ရှည်နှင့် အင်္ကျီကျယ်သီးရှုံ့ချက်နဲ့ တလုံးစီသာ တပ်ထားသည် ရဟန်းသံဃာကိုပင် စကားပြောဆိုလျှောက်ထားတတ်ခြင်း မရှိသေးပါပေ။

## ' သိသိမသိသိ အပြစ်ဖြစ်တာလုပ်ရင်အပြစ်ဖြစ်"

မင်းတို့ ဘယ်ဘာသာကိုးကွယ်သလဲ။

ဗုဒ္ဓဘာသာ။

အဲ ဒုက္ခပါဘဲ လွတ်ကနဲ ပြောလိုက်မိပေသည်၊ ဗုဒ္ဓဘာသာ ကိုးကွယ်ဆည်းကပ်သူများက ရဟန်းသံဃာ မိဘဆရာ

များနှင့် ပြောဆိုသုံးနှုန်းသည်ကိုမှ တည့်အောင် မှန်အောင် မသုံးနှုန်းတတ်ရှာသေးတော့ ခက်သည်။

သူတော်ကောင်း ဒါယကာ ဒါယိကာမကြီးများ သာသနာ့ ဗုဒ္ဓယဉ်ကျေးမှုတွေ ပြန့်အောင်ကြိုးစားတို့ အတော်လိုမနေဘူးလား။

အတော်လိုနေပါသည် ဘုရား။

အေးရှိစေအုံး ကဲ ထားပါတော့လေ၊ ဘာတဲ့ မင်းတို့ပြောဒါ အင်း တပည့်တော်တို့ဟာ မသိလို့ အမှားပြောဆိုမိဒါ အပြစ်ရှိပါသလားတဲ့ ဟုတ်လား။

မှန်လှပါဘုရား၊ အဲဒါ သိပ်သိချင်ပါတယ်။

အေး ရှင်းပြန်းမေးပါမယ်။

မီးခဲတခဲ ကျနေတဲ့အပေါ်ကို မသိလို့တက်နင်းမိရင် ပူမလား အေးမလား။

မီးခဲနင်းမိရင် ပူပါတယ်ဘုရား။

ဟ မသိမှ မသိဘဲဟာ ဘာလို့ပူရဒါလဲလို့။

ကိုယ်မသိပေမဲ့ သူက ပူတတ်တဲ့မီးခဲကို ပူပါတယ်ဘုရား။

ကဲ မှတ်ထားအုံး။

နောက်တခါ မီးခဲမှန်း သိရက်သားနဲ့ တက်နင်းမိတယ် တွယ်။

ပူမလား အေးမလား။

ပူဒါပါဘဲ ဘုရား။

ဟာ ဘာဖြစ်လို့ ပူရဒါလဲ မသိလို့ နင်းလဲပူ သိလို့နင်း လဲပူနဲ့ပါလား။

"မီးဆိုဒါသိလို့ဖြစ်စေ မသိလို့ဖြစ်စေ ပူဒါဘဲ"

မီးဆိုဒါ ပူတဲ့သတ္တိရှိပါတယ်ဘုရား၊ သဘာဝတရားက ပူစေတတ်လို့ သိသိ မသိသိ ထိရင်ပူပါတယ်ဘုရား။

လူငယ်များသည် ဒေတ်ပညာကတ်ကလေးများ ဖြစ်၍ နားနိုးသည် သဘောပေါက်လွယ်သည်။

အော် ကလေးတို့ရယ်။

အေး အဲဒီ မီးခဲ ပူစေတတ်တဲ့သဘော သဘာဝတရားလို အပြစ်ဖြစ်စေတတ်တဲ့ အလုပ်တခုကို ပြောဆိုပြုလုပ်မိရင် သိလို့ဘဲလုပ်လုပ် မသိလို့ဘဲလုပ်လုပ် အပြစ်ရှိတယ်ပေါ့။

ဒါဖြင့် တပည့်တော်တို့ အပြစ်တွေလုပ်မိဒါ သိသိမသိသိ အပြစ်ရှိဒါပေါ့ဘုရား။

အေးရှိတယ် ကလေးတွေ တယောက်မျက်နှာတယောက် ကြည့်လိုက်ကြသည်။ လူငယ်များသည် အသက် ၂၀-ပတ်ဝန်း

ကျင့်၍ ရှိကြသည် ၂-ယောက်လောက်က ၁၅-နှစ် ၁၆-နှစ် လောက် ရှိကြပါတယ်။

နောက်တခု ဥပမာပြောမယ် မင်းတို့ဟာ ဓာတ်ခံရှိတဲ့ ကလေးတွေဘဲ နားလည်လွယ်ပါတယ်လို့ဆိုပြီး နောက်တခု ထပ်မေးလိုက်ပါတယ်။

ကွယ် လောက ဥပဒေမှာ လူတယောက်ကိုသတ်ရင် ပုဒ်မ (၃၀၂)နဲ့ အသေစား ဒါမှမဟုတ် သူယိုက်ရာ အပြင်ဒဏ် မခံရဘူးလား။

ခံရပါတယ်ဘုရားလို့ သူတို့က ဖြေဆိုကြတယ်။

ဒါယကာ ဒါယိကာမကြီးတွေကော ဖြေကြည့်စမ်းပါ။ သူများကို သေစေလိုတဲ့စေတနာနဲ့သတ်ရင် အပြစ်ဒဏ်မခံရ ဘူးလား။

ခံရပါတယ်ဘုရား။

"သိသိမသိသိ တရားဥပဒေက ပျက်နွာမလိုက်"

ဒါနဲ့ ရှင်ရဟန်းက ဆက်မေးပါတယ်။

လောကဥပဒေကျွမ်းကျင်နေတဲ့ လူတယောက်က သူများ သတ်ရင် ကိုယ်အပြစ်ရမယ်ဆိုဒါ သိရက်နဲ့ သတ်ရင်ကော အပြစ်ရှိမရှိ။

အပြစ်ရှိပါတယ်ဘုရား။

ပုဒ်မတပ်ရင်ကော။

၃၀၂ ပါဘုရားဟု ဖြေကြတယ်။

ကဲ နောက်တခုမေးမယ် ဟိုတောထဲမှာနေတဲ့ လူတယောက် စာလဲမတတ်ဘူး ဥပဒေဆိုဒါလဲမသိဘူး ပုဒ်မဆိုတာလဲ သူမသိဘူး အဲဒီလူကလူတယောက်ကိုသတ်ယင်ကော။

ဒီအပြစ်ပါဘဲဘုရား။

ပုဒ်မရော။

ဒီပုဒ်မပါဘဲဘုရား။

သူမှမသိဒါ ပုဒ်မလျှော့ခိုင်းမယ် အပြစ်လျှော့ခိုင်းမယ်ကွာ ရမလား။

မရပါဘူးဘုရား ဒီအပြစ်ဒဏ်ပါဘဲ။

နို့သူမှ အပြစ်မှန်းမသိဒါဘဲ။

မသိရင် သိအောင်လို့ သူလေ့လာပြီး အပြစ်မဖြစ်အောင် နေမှ လွတ်မှာပေါ့ဘုရား။

သာဓု သာဓု သာဓု ဟု ခေါ်လိုက်မိသည်။

အေး မင်းတို့လေးတွေလဲ အပြစ်မဖြစ်အောင် လေ့လာ၍ သိအောင်ကြိုးစားပြီး အပြစ်ကို ရှောင်ကြပါ။

အပြစ်ဖြစ်တတ်တဲ့ အလုပ် အပြောအဆို အကြံအစည်ကို ပြောဆိုပြုလုပ်ကြံစည်ရင် သိလို့လုပ်လုပ် မသိလို့လုပ်လုပ် အပြစ်ဖြင့်ပြီး လောကီအပြစ်ဒဏ် တမလွန်ဘဝ နောင်ကာလမှ ကျရောက်ရမဲ့အပြစ်ဒဏ်တွေကို ခံရတတ်တယ်ဟု ပြောလိုက်ရာ။

"လူငယ်တွေ လူကောင်း လူတော်လေးများဖြစ်"

သဘောပေါက်ပါပြီဘုရား၊ လျှောက်ထားကြပါသည်။

သူတော်ကောင်းဒါယကာ ဒါယိကာမကြီးများ ကလေးတွေဟာ မသိလို့လုပ်မိဒါဘဲဆိုပြီး အပြစ်က ခွင့်လွှတ်ကဲ့လား

ခွင့်မလွှတ်ပါဘူးဘုရား။

ဒါဖြင့် အပြစ်လွှတ်ချင်ကြရင် မသိတုန်းကလုပ်မိဒါမေ့ပျောက်ထားလိုက်၊ ယခု သိတဲ့အချိန်ကစပြီး အပြစ်မဖြစ်အောင် သတိနဲ့ ပြောဆို နေထိုင်ကျင့်ကြံကြလို့ အမိန့်ရှိဆုံးမလိုက်ရတယ်၊ ဒီတော့ လူငယ်လေးတွေလဲ စိတ်ပြောင်းပြီး ယခုတော့ လူတော်လူကောင်းလေးတွေ ဖြစ်နေပါပြီ၊ အမှန်တော့ လူငယ်လေးတွေမှာ ဦးဆောင်မှုကောင်းနဲ့ တွေ့ဘို့ အရေးကြီးပါတယ်။

ကဲ လိုက်ဆိုကြပါအုံး။

ရှေ့ရှေ့ကမသိလို့ ပြုမိခဲ့ပါသည်ဘုရား။
ရှေးရှေးကမသိလို့ ပြုမိခဲ့ပါသည် ဘုရား။
နောက်တဖန် သိလျက်နဲ့ မပြုတော့ပါဘုရား။
နောက်တဖန်သိလျက်နဲ့ မပြုတော့ပါဘုရား။

သာဓု သာဓု သာဓု။

"လောကီပညာ တဘာဝ တနပ်စာ"

ကဲရှေ့ဆက်ဦးစို့။

ရှင်တော် မြတ်ဘုရားကတော့ဖြင့်—သည်းခံတော်မူ၍သာ ပင်=။

ချစ်သားသင်ချစ်သားရဲ့ တက္ကသိုလ်ဆရာကြီး သင်ကြား ပေး၍တတ်မြောက်တဲ့ပညာက—လောကီတဘဝတနပ်စာပညာ သာဖြစ်တယ်ချစ်သား၊ ဒီပစ္စုပ္ပန်ဘဝမှာသာ အသုံးကျပြီး နောင်တမလွန်ဘဝမှာ-သုံးမရတော့ဘူးချစ်သား။

သူတော်ကောင်း ဒါယကာ ဒါယိကာမများ လောကီအ တတ်ပညာ-ခေတ်ပညာသက်သက်ကဖြင့်တဘဝတနပ်စာပညာ ပါတဲ့—။

မှန်လှပါဘုရား။

ဘယ်သူကဒီ မိန့်ရှိနေဒါလဲ—။

ရှင်တော်ဘုရားကပါဘုရား။

အေး ငါဘုရားထံမှာ—လောကီရော လောကုတ္တရာရော- ပစ္စုပ္ပန်သံသရာ နှစ်ဖြာအကျိုးတရားရှိပြီး အဘိုးများစွာထိုက် တဲ့ ပညာရှိလေရဲ့ချစ်သား၊ သင်ချစ်သားသင်မလားလို့ မေး တော်မူပါတယ်--။

ဒီတခါဆတ္တမာဏဝကသတို့သားက—ငါဟာ ငယ်ရွယ်သူ လဲဖြစ်တယ်အချိန်လဲရသေးတယ်—ပညာဆိုတာ တတ်ထားရင်

ကောင်းဒါဘဲ - လောကီပစ္စုပ္ပန် နေ့ခင်တနေ့လွန်ပါကောင်း တယ်ဆိုတော့သင်မှာဘဲဟု—တွေးတောစဉ်းစားပြီး။

ဂေါတမရဟန်းကြီး-အဲဒီပညာကို- သင်ကြားလိုပါတယ် သင်ကြားပေးပါလို့—လျှောက်ထားတောင်းခံပါတယ်။

ထိုအခါမြတ်စွာဘုရားသခင်အရှင်မြတ်ကြီးက-။

ကဲ-ဒါဖြင့်ငါ့ပညာသင်ပေးမယ်လိုက်ဆိုဟု မိန့်တော်မူ၍-

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဓမ္မံ သရဏံ ဂစ္ဆာမိ
သံဃံ သရဏံ ဂစ္ဆာမိ-

ဟူ၍သရဏဂုဏ်သုံးပါးကို-သင်ကြားပေးခါ-အနုလုံ ပဋိလုံ အစုံအဆန်ရွတ်ပွား၍-သွားခိုင်းပါတယ်။

ဤပညာသည် ငါဘုရား ပေးတဲ့ပညာဘဲ-မပြတ်ရွတ်ပွား သွားပေတော့-မကြာခင်မှာငါ့ပညာအကြောင်း သိရပါလိမ့် မယ်ချစ်သားဟု- မိန့်ကြားတော်မူပြီး ဂန္ဓကုဋီရှေ့တိုက်တော် သို့ ရှင်တော်မြတ်ဘုရား မြန်းကြွတော်မူပါတယ်။

ဒါဖြင့်ရှေကသေဘေးကို ရှင်တော်ဘုရား မမြင်ဘူးလား။

မြင်ပါတယ်ဘုရား။

မြင်တော်မူပေမဲ့သတ္တဝါ- တဦးရဲ့ကံကြမ္မာက- သေရမဲ့အ ချိန်ကျရင် ရှင်တော်ဘုရားပင်-တားရရဲ့လား-။

မရပါဘုရား။

ရှင်တော်မြတ်ဘုရားသည် သေဘေးကိုမတား၊ သေခြင်း၏ အခြားမဲ့၌ သုဂတိဘုံဌာနသို့ ရောက်ခြင်းငှာရင်း။

မအို့,မနာ,မသေရာသို့ရောက်ကြောင်း ကောင်းမြတ်သော တရားလမ်းကြောင်းကိုသာ ဟောကြား ညွှန်ပြတော်မူပါ ပေတယ်။

အဲဒီလို သရဏဂုံသုံးပါးစုံကို အနုလုံ ပဋိလုံ အစုံအဆန် အဖန်ဖန် ရွတ်ပွားဘို့ မှာကြားတော်မူပြီး ရှင်တော်မြတ် ဘုရားမြန်းကြွသွားသောအခါ–။

## "သရဏဂုံသီလအကျိုး"

ဆတ္တမာဏဝက သတိုးသားလူရွယ်သည်၊ ရှင်တော်မြတ် ဘုရား ညွှန်ကြားတော်မူသည့်အတိုင်းသာလျှင် သရဏဂုံ သုံးပါးအာ၊ ကောင်းစွာ ရွတ်ပွား၍ နှလုံးသွင်းလျက် ခရီး ဆက်သွားရာ။

ဖြတ်ဆို သတိတချက် လစ်ခနဲ ဖြစ်သွားပါတယ်။

နောက်မကြာခင်မှာ ဖြုန်းခနဲ သတိပြန်ရလာပါတယ်။

အဲဒီသတိရတဲ့အခါမှာတော့ သူ့ပတ်ဝန်းကျင်က ပြောင်း လဲတိုးတက်နေဒါကို သူတွေ့လာရပါတယ်။

ရွှေ,ငွေ,ကျောက်သံပတ္တမြား,နီလာ,ဂေါမုတ်,ဥဿဖရား, မြ, ကျောက်တွေ အစီသားနဲ့ တဖျတ်ဖျတ် တောက်ပြောင် ဝင်းလက် အရောင်ထွက်နေတဲ့ အဆောက်အဦကြီးတခုထဲကို သူရောက်နေကြောင်း တွေ့သိရတယ်။

နောက်ပြီး သူ့ဝဲဘက် ယာဘက် ဘေးနှစ်ချက်မှာလဲ အရောင်တွေတလက်လက် တောက်ပတဲ့ အဝတ်တန်ဆာများ ဝတ်ထားတဲ့ မိန်းမပျိုကလေးများက- နှစ်ဘက်ပေါင်းမှာ တထောင်ရှိနေဒါ တွေ့ရပြန်တယ်။

ပြီးတော့ သူကိုယ်တိုင်မှာလဲ ဝင်းလက် တောက်ပြောင်တဲ့ အဝတ်တန်ဆာတို့ ဝတ်ဆင်ရက်သား ဖြစ်နေဒါလဲ တွေ့ရတယ်။

ဒီတော့ အံ့သြပြီး ဟိုဟို ဒီဒီ ကြည့်နေခိုက်မှာ=

မောင်တော် ဆတ္တမာကာဝကနတ်သား။

သတိရှိတော်မူပါ။

မောင်တော်သည် လူသားမဟုတ်တော့ပါ၊ နတ်ပြည်၌ များစွာသော အခြွေအရံတို့နှင့် ပြည့်စုံသော တန်ခိုးကြီး သည့် နတ်သားဖြစ်၍ နေပြီလို့ တဘက်တချက်မှာ ရှိကြတဲ့ နတ်သားတွေက ဝိုင်းဝန်းပြီး ပြောဆိုကြဒါကို သူကြား

ရတော့ကမှ အော်-ငါဟာ နတ်သားဖြစ်၍ နတ်ပြည်မှာ ရောက်နေခြင်းပါလားလို့ သိလာရပါတယ်။

## "နတ်ဖြစ်၍မျှားစွာချမ်းသာခြင်း"

ဒီတော့ ငါဟာဘယ်ကနေ နတ်ပြည်ရောက်လာရသလဲလို့ နတ်တို့၏ တန်ခိုးမျက်စိနဲ့ ကြည့်ပြန်ပါတယ်။

ဒီအခါမှာ လူ့ပြည်မှာ တောလမ်းခရီးအတိုင်းလာရင်း၊ ခိုးသားတွေက ဒါးနဲ့ခုတ်၍ အသပြာတထောင် လုယူသွားခြင်းနှင့် ဒါးဒဏ်ရာနှင့် သေခဲ့ရပြီး နတ်ပြည် ရောက်လာခဲ့ရကြောင်း ဆတ္တမာဏဝကနတ်သား မြင်လာပါတယ်။

သူတော်ကောင်း ဒါယကာ ဒါယိကာမတွေ၊ ဆတ္တမာဏဝက သတိုးသားဟာ သူ့ကို ခိုးသားများက ဒါးနဲ့ခုတ်ထာကို သူသိရဲ့လား။

မသိပါဘုရား။

နာ-ပြီး အော်ဟစ်ကော ပြေးရသလား။

မပြေးရပါဘုရား။

အဲဒါ သရဏဂုမ်သုံးပါးအပေါ် သက်ဝင်ယုံကြည်တဲ့ ဇောစိတ်မှ တည်ကြည် ငြိမ်သက်သွားလို့ပါဘဲ။

## "ဒေါသနဲ့သေရင် ငရဲကျမယ်"

အဲဒီအချိန်မှာ ကြောက်ရွံ့ထိတ်လန့်၍ ဆုတ်နစ် ဒေါသနှင့်ဖြစ်စေ၊ ကြမ်းတမ်းခက်ထန် ခုတ်ထစ်ခုခံ ပြင်းထန်သော တက်ကြွ ဒေါသနှင့်ဖြစ်စေ။

အကယ်၍များ သေခဲ့ရင်။

ဒေါသနဲ့သေ အပါယ်ပြေးကျသွားမှာ မလွဲပါဘူး။

သူတော်ကောင်း ဒါယကာ ဒါယိကာမများ၊ ဒေါသနဲ့သေရင် ဘယ်ရောက်မလဲ။

ဒေါသနဲ့သေရင် အပါယ်လေးပါး ကျပါမယ်ဘုရား။

အဲဒီ အပါယ်လေးပါးထဲက ငရဲပြေကို ကျတယ်လို့ မှတ်ပါ။

ဒေါသေန ဟိ စဏ္ဍဇာတိတာယ
ဒေါသသဒိသံ နိရယံ ဥပပဇ္ဇန္တိ။

(အဋ္ဌသာလိနီအဋ္ဌကထာ)

ဟိသစ္စံ၊ စင်စစ်ကေန် တကယ်မှန်ပါ၏။ ဒေါသေန၊ ဖြစ်ဘေးများလှ စိတ်ဒေါသကြောင့်။ စဏ္ဍဇာတိတာယ၊ ကြမ်းတမ်းခက်ထန်သည်၏ အဖြစ်ကြောင့်။ ဒေါသသဒိသံ၊ ဒေါသနှင့်တူသော။ နိရယံ၊ ချမ်းသာလွတ်ကင်း ဆင်းရဲ

ခြင်း၏ ထန်ပြင်းလှစွာ ရေရှိရာသို့။ ဥပပဇ္ဇန္တိ၊ ကပ်ရောက်ကြရ ပေကုန်၏ လို—

ဒေါသနဲ့ သေလျှင် ငရဲကျရောက်ကြောင်းကို ဟော ကြားထားပါတယ်။

သူတော်ကောင်း ဒါယကာ ဒါယိကာမများ၊ ဒေါသနဲ့ သေရင် ကြောက်ဘို့ မကောင်းဘူးလား။

ကြောက်ဘို့ကောင်းပါတယ်ဘုရား။

ဒါဖြင့်ရင် ဒေါသကို ချုပ်တည်း အောင့်အည်းသည်းခံ ကြပေါ့။

## "လောဘနဲ့ သေရင် ပြိတ္တာဖြစ်မယ်"

လောဘနဲ့သေရင် ပြိတ္တာတွေဖြစ်တယ်လို့လဲ မှတ်လိုက် ကြအုံးပေါ့။

မှန်လှပါဘုရား။

လောဘနဲ့ သေရင် ဘယ်ကိုရောက်မလဲ။

ပြိတ္တာဘုံကိုပါဘုရား။

ယေဘုယျေန ဟိ သတ္တာ တဏှာယ
ပေတ္တိဝိသယံ ဥပပဇ္ဇန္တိ။

(အဋ္ဌသာလိနီအဋ္ဌကထာ)

ဟိသစ္စံ၊ စင်စစ်ကေန် တကယ်မှန်ပါ၏။ ယေဘုယျေန၊ များသောအားဖြင့်။ သတ္တာ၊ သတ္တဝါတို့သည်။ တဏှာယ၊ အာသာငင်းငင်း မခွဲခွါ မစွန့်ရက်နိုင်ခြင်း တည်းဟူသော တဏှာလောဘကြောင့်။ ပေတ္တိဝိသယံ၊ ပြိတ္တာတို့ဘဝ ဘုံ၌နှာသို့။ ဥပပဇ္ဇန္တိ၊ ကပ်ရောက်ကြရလေကုန်၏-တဲ့။

သူတော်ကောင်းဒါယကာ ဒါယိကာမတွေ-သားသမီး ဆွေမျိုးဉာတိ ဥစ္စာအသိမှာ လောဘနှင့် ငြိနေရင်ကော သေရင်ဘယ်လားကြမလဲ။

ပြိတ္တာဘုံလားပါမယ်ဘုရား။

ပြိတ္တာဖြစ်ချင်ကြသသား။

မဖြစ်ချင်ကြဘူးဘုရား။

ပြိတ္တာမဖြစ်ချင်ရင် သားသမီး ရွှေငွေများ ဥစ္စာတွေ ပေါ်မှာ တပ်နှစ်သက်ပြီး စွဲလမ်းကပ်ငြိနေတဲ့ လောဘတွေကို အချိန်မီ ခွါကြပေါ့လေ။

မှန်လှပါဘုရား။

## "မောဟနဲ့သေရင် တိရစ္ဆာန်ဖြစ်မယ်"

နောက် ရှိသေးတယ်၊ မောဟနဲ့သေရင် တိရစ္ဆာန်တွေ ဖြစ်မယ်တဲ့။

ဘာတဲ့လဲ။

မောဟနဲ့သေရင် တိရစ္ဆာန်တွေ ဖြစ်မှာပါတဲ့ဘုရား။

မောဟေန ဟိ နိစ္စံ သမ္မူဠ္ဟံ
တိရစ္ဆာနယောနိံ ဥပပဇ္ဇန္တိ။

(အင္ဂုတ္တရာလိနီအင္ဂကထာ)

ဟိသစ္စံ၊ စင်စစ်ကေန် တကယ်မှန်၏။ မောဟေန၊ တွေဝေပိတ်ဖုံး မောဟတုံးကြောင့်။ နိစ္စံ၊ အမြဲ။ သမ္မူဠ္ဟံ၊ မိုက်မဲတွေဝေ ဖမ့်လျော့ကာနေသော။ တိရစ္ဆာန ယောနိယံ၊ တိရစ္ဆာန်ဘုံဘဝဌာနသို့။ ဥပပဇ္ဇန္တိ၊ ကပ်ရောက်ကြရပေကုန်၏တဲ့။

ဒီတော့ခါ မသိမိုက်မဲ တွေဝေဆဲမှာ သေရင်ဖြင့် ဘယ်ရောက်ကြမလဲ။

တိရစ္ဆာန်ဘုံ ရောက်ကြပါမယ်ဘုရား။

တိရစ္ဆာန်တွေကို တွေ့ကြလား။

တွေ့ပါတယ်ဘုရား။

အဲဒီလို ဖြစ်ချင်ကြလား။

မဖြစ်ချင်ကြပါဘူးဘုရား။

တိရစ္ဆာန်မဖြစ်ချင်ကြရင် အသိတရား , အရှိတရားကို ရှာကြပါ၊ တွေဝေမနေကြနဲ့ပေါ့။

မှန်လှပါဘုရား။

## "ရှင်တော်မြတ်ဘုရားဟု ခေါ်ပြီ"

ရွှေဆက်အုံးစို့၊ သရဏဂုံ ကျေးဇူးကို ဆက်ကြအုံးစို့။

မှန်လှပါဘုရား။

ဆတ္တမာဏဝက နတ်သားက ငါသည် လူ့ဘဝမှ တက္ကသိုလ်ဆရာကြီးထံ ကန်တော့ရန်အသွား ခိုးသားများသတ်၍ သေခါ နတ်လာဖြစ်ခဲ့ရတယ်လို့ သိပြီးတော့။

တဖန်–ဤကဲ့သို့ နတ်စည်းစိမ်ချမ်းသာများ ကြီးကျယ်စွာ ရလာအောင် အဘယ်ကောင်းမှုကုသိုလ် ပြုခဲ့မိလို့လဲဟု ဆင်ခြင်ကြည့်ပြန်ပါတယ်။

အဲဒီလိုကြည့်တော့ ဒါနကုသိုလ်လဲမတွေ့ရ ဟခြားသီလကုသိုလ်လဲမတွေ့ရ တခြားဘာဝနာကုသိုလ်လဲ မတွေ့ရဘဲ။

တောလမ်းခရီးမှ ရှင်တော်မြတ်ဘုရားနှင့် တွေ့ရ၍ သရဏဂုံသင်ကြားပေးသဖြင့် ရိုသေပျူငှာစွာ လေးလေးစားစား သတိနှင့်ကပ်လျက် အနုလုံ ပဋိလုံ အစုံအဆန် အဖန်ဖန် ရွတ်ပွားခြင်း၏ ကောင်းမှုကုသိုလ် (တိသရဏသီလ)၌ တည်သောကုသိုလ်၏ အဟုန်ကြောင့်သာ ကြီးစွာသော နတ်တို့၏ ချမ်းသာကြီးကို ရလာကြောင်းကို တွေ့မြင်ရသဖြင့်–

ဒေအာ် — ရှင်တော်မြတ်ဘုရားသခင်ရဲ့ ကျေးဇူးတွေဟာ အင်မတန်ကြီးပါလားလို့ ရှင်တော်မြတ်ဘုရား ဂုဏ်တော်ကို ပိုမိုကြည်ညို မြတ်နိုးမိပါတယ်။

ယခုတော့ ရှင်တော်မြတ်ဘုရားလို့ သူခေါ်ပါပြီ။

ဘယ်လိုခေါ်ပါပြီလဲ။

ရှင်တော်မြတ်ဘုရားလို့ ခေါ်ပါပြီဘုရား။

ဒါဖြင့် ဗုဒ္ဓယဉ်ကျေးမှု (ဝါ) ဘုရားအဆုံးအမရ၍ ယဉ်ကျေးသွားပြီပေါ့နော်။

မှန်လှပါဘုရား။

မိမိတို့ သားသမီးလေးတွေ ယဉ်ကျေးစေချင်ရင် ဘာသာရေး သာသနာရေး သင်ကြားပေးကြပါ။

မှန်လှပါဘုရား။

ရှင်းကြလား။

ရှင်းပါတယ်ဘုရား။

မိမိတို့ သားသမီးတွေ ဆွေမျိုးဉာတိ ဇနီးသားမယားတွေ အပါယ်ကျဒါ သဘောကျလား။

သဘောမကျနိုင်ပါဘုရား။

ဒါဖြင့် လောဘ ဒေါသ မောဟလဲ ကင်းကြအောင် ကူညီယိုင်းပင်း၍၊ သာသနာတည်းဟူသော ရှင်တော်မြတ်ဘုရား ရဲ့ အဆုံးအမတွေကို ဖြန့်ဖြူးကြ လက်တွဲခေါ်ပါ။

မှန်လှပါဘုရား။

ဆတ္တမာဏဝက နတ်သားဟာ ၊ ရှင်တော်မြတ်ဘုရားရဲ့- ကျေးဇူးတော်ကို သူ ကောင်းစွာ သိသွားပါပြီ။

ပြီးတော့ ရှင်တော်မြတ်ဘုရား မိန့်ကြားတော်မူတဲ့- ချစ်သား လောကီအတတ်ပညာတွေဟာ ဝဘဝ တနပ်စာသာဖြစ်ပါတယ် ဆိုဒါကိုလဲ သူသိရှိရပြီး။

မှန်လှပါသည်ဘုရားဟု ဝန်ခံရှာတယ်။

"ဘဝတိုင်းမှာအသုံးကျတဲ့ ဘုရားပေးတဲ့ပညာ"

သူဌေးကောင်း ဒါယကာ ဒါယိကာမများ အဌာရသ ပညာတွေဟာ နတ်ပြည်မှာ အသုံးကျသေးလား။

အသုံးမကျပါဘုရား။

လေးပစ် ဓားခုတ် ဒုတ်ရိုက် စသည့်ပညာတွေကို နတ်ပြည်မှာ အသုံးကျသေးလား။

အဲဒီပညာတွေကရော နတ်ပြည်ကို ပို့နိုင်သလား။

မပို့နိုင်ပါဘုရား။

ဒါဖြင့် ယခုလောကီပညာသက်သက်တွေကရော နတ်ပြည် နိဗ္ဗာန်ပို့နိုင်ပါသလား။

မပို့နိုင်ပါဘုရား။

ဒါပေမဲ့ တဘာဝ ယခုဘဝအတွက်တော့ အသုံးကျပါ တယ် သင်ကြားသင့်ပါတယ်။

မှန်ပါဘုရား။

ဒါပေမဲ့ လောကီအတတ်ပညာလောက်နဲ့ လုံလောက်ပြီ ဟု မေ့လျော့မနေပါကဲ တမလွန်နှင့် လောကုတ္တရာပညာ ဘာ သာရေး သာသနာရေးကိုလဲ မမေ့ကြသာ ပြောဒါပါ။

မှန်ပါဘုရား။
ရှင်းကြလား။
ရှင်းကြပါတယ်ဘုရား။

## "အားလုံးအကျိုးများကြသည်"

ဆတ္တမာဏဝကနတ်သားဟာ ရှင်တော်ဘုရားကို များစွာ သော ကျေးဇူးကြောင့် ကျေးဇူးရှင်ကြီးမှန်း သိရတော့—

ကဲ- နတ်သမီးတို့ ရှင်တော်မြတ်ဘုရားအား သွားရောက် ခါ ပူဇော်ကန်တော့ကြရမည်ဟု ပြောဆိုကာ နတ်သမီးအာ ထောင်နဲ့အတူ နတ်ပြည်မှ လူ့ပြည်ကို သက်ဆင်းပြီး သာ ဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေသော ရှင်တော်မြတ်ဘုရားအထံကို လာရောက်ကြပြီး၊ ရှိသေစွာရှိခိုး ပူဇော် ကန်တော့ကြပါတယ်။

ဒီတော့ ရှင်တော်မြတ်ဘုရားက ကောင်းစွာသိတော်မူပြီး ဖြစ်ပါတယ်။

ဒါပေမဲ့ သတ္တဝါများ အကျိုးရှိစေခြင်းငှာ ရည်ရွယ်ပြီး--

ချစ်သား နတ်သားဟာ များစွာမှ အရောင်တောက်ပြောင်လင်းပြီး ကြီးစွာသော နတ်တို့၏ စည်းစိမ်ချမ်းသာကို ရရှိပိုင်ဆိုင်ဒါ ဟာ အဘယ်ကဲ့သို့သော ကုသိုလ်ကောင်းမှုကြောင့်ပါလဲလို့ မိန့်ကြားမေးမြန်းပါတယ်။

ဒီအခါ ဆတ္တမာဏဝက နတ်သားက-

အစအဆုံး အဖြစ်အပျက်တို့ကို ပြောဆို လျှောက်ထား ပြီး။

သရဏဂုံ (သရဏ ဂမနသီလ)အကျိုးကျေးဇူးကြောင့် ယခုကဲ့သို့ အကျိုးများ၍ ကြီးစွာသော ချမ်းသာရလာပုံကို စုံလင်စွာ လျှောက်ထားပါတယ်။

ထိုကဲ့သို့ လျှောက်ထားသည့်ကာလ များစွာသော လူနတ် ပြဟ္မာတို့သည် သရဏဂုံ၏ ကြီးမြတ်သော ဂုဏ်အထူးကို ချီးကျူးလျက်မှ—

ယခုလို သရဏဂုံကို ရွတ်ပွားရုံမျှပင်လျှင် နတ်ချမ်းသာ ကိုရလျှင်–

ရှင်တော်ဘုရား ဟောကြားတော်မူအပ်သော သီလ သမာဓိ ပညာ သိက္ခာသုံးရပ် အကျင့်မြတ်တရားတွေကို ကျင့်ကြံကြသူများအတွက် ပြောဘွယ်ရာမရှိ မြတ်လှတိသည့် လောကီလောကုတ္တရာ နှစ်ဖြာကောင်းကျိုး ပွားတိုးကြမည်ဟု ယုံကြည်သဒ္ဓါ ထက်သန်စွာဖြင့် ကျင့်ကြံကြိုးကုတ် အားထုတ်ကြသဖြင့်။

သောတာပန်အစရှိသော အရိယာများ ဖြစ်ခဲ့ကြရပါကုန်တော့သတည်း။

သာဓု....သာဓု....သာဓု။

သရဏဂုံ သုံးပါးနှင့် ကောင်းမြတ်သော တရားတော်များကိုပွားများနိုင်၍ နိဗ္ဗာန်သို့ အထောက်အပံ့ဖြစ်ကြပါစေ။

အရှင် အရိယဓမ္မသိဒ္ဓိ။

"ဓမ္မဒါန ကောင်းကျိုးရ"

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊
သဗ္ဗရသံ ဓမ္မရသော ဇိနာတိ။
သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ။
တဏှက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ။

(ဓမ္မပဒပါဠိတော်)

သဗ္ဗဒါနံ၊ အလုံးစုံရှိသမျှလှူဒါနကို။ ဓမ္မဒါနံ၊ တရားဓမ္မလှူဒါနသည်။ ဇိနာတိ၊ ဒါနတကာ မယှဉ်သာဘဲ များစွာကျိုးရ ဘိုးနှဂ္ဂဆောင် အောင်ကြီး အောင်နိုင်ပါပေ၏။

သဗ္ဗရသံ၊ လုံးစုံများစွာ အရသာကို။ ဓမ္မရသော၊ တရားဓမ္မာ မြတ်ရသာသည်။ ဇိနာတိ၊ ရသာသဏ္ဍာ မယှဉ်သာဘဲ များစွာကျိုးရ ဘိုးနှဂ္ဂဆောင် အောင်ကြီး အောင်နိုင်ပါပေ၏။

သဗ္ဗရတိံ၊ လုံးစုံများလှ မွေ့လျော်ခြင်းဟူသမျှကို။ ဓမ္မရတိ၊ တရားစိတ်တည်မွေ့လျော်ခြင်းသည်။ ဇိနာတိ၊ မွေ့လျော်တကာ မယှဉ်သာဘဲ များစွာကျိုးရ ဘိုးနှဂ္ဂဆောင် အောင်ကြီးအောင်နိုင်ပါပေ၏။

တဏှက္ခယော၊ များစွာစုဝေ တဏှာ၏ ကုန်းခန်းခြင်းသည်။ သဗ္ဗဒုက္ခံ၊ လုံးစုံရှိသမျှ များဒုက္ခကို။ ဇိနာတိ၊ မုချ မသွေ အောင်စွမ်းပါပေသတည်း။

ထို့ကြောင့် သဂ္ဂါထာဝဂ္ဂ ဒေဝတာသံယုတ် ပါဠိတော် အာဒိတ္တဝဂ်ကို ဒေသုတ်၌—

(၁) အစာကို ပေးလှူသောကြောင့် ခွန်အားကိုပေးလှူသော မည်သည် ဖြစ်၏။

(၂) အဝတ်ပုဆိုးကို ပေးလှူသောကြောင့် အဆင်းကိုပေးလှူသော မည်သည်ဖြစ်၏။

(၃) ယာဉ်ကိုပေးလှူသောကြောင့် ချမ်းသာသုခကိုပေး လှူသော မည်သည် ဖြစ်၏။

(၄) ဆီမီး အရောင်အလင်းကို ပေးလှူသောကြောင့် မျက်စိကို ပေးလှူသော မည်သည်ဖြစ်၏။

(၅) ကျောင်းဟူသောအလှူကို ပေးလှူ၏၊ ထိုသူသည် ကား အလုံးစုံကိုပေးလှူမည်သည် ဖြစ်၏။

(၆) အကြင်သူသည် သူတပါးတို့အား၊ တရားဟော ကြား၊ ဆုံးမရေးသာပြုစုရိုက်နှိပ်(ဓမ္မဒါန)မှုလှူ၏၊ ထိုသူသည်ကား သေခြင်းကင်းရာ အမြိုက်နိဗ္ဗာန် ရတနာကြီးကို ပေးလှူသောမည်သည် ဖြစ်ပေ တော၏။

ထိုကဲ့သို့ မမွဒါန နိဗ္ဗာန်ရတနာကြီးကို လှူဒါန်းနိုင်ရန် အတွက် ဖေးမကူညီသမှုပြုပါသော ဦးဥက္ကဋ္ဌာစရိယ ဓမ္မာစရိယ ပါဠိပါရဂူ ကျိုက်ထို ဘုရားကြီးတိုက်အားလည်းကောင်း။

ကူညီသမှု ပါရမီဖြည့်ကြသော—

ဆရာကြီး ဦးလှမြင့် သမားတော်ကြီး တောင်ဥက္ကလာပ၊ ရန်ကုန်အားရင်း။

စာရေးဆရာကြီး မင်းသူရိန် (ဦးညွန့်ဝေ) အားရင်း။

ဒေါ်အေးအေးစိုး ဗဟန်း၊ ရန်ကုန်အားရင်း။

အထူး ကျေးဇူးတင်ရှိလျက် မှတ်တမ်းတင် ထည့်လိုက်ရ ပါလေတော့သည်။

ဤစာအုပ်အား စိစစ် စစ်ဆေး အညစ်အကြေးအစွန်း လွတ်အောင် သုံးသပ်ပေးကြပါကုန်သော ပြည်ထဲရေးနှင့် သာသနာရေးဘက် သက်ဆိုင်ရာ ပုဂ္ဂိုလ်များအားလည်း၊ အထူးကျေးဇူးတင်ရှိပါကြောင်း မေတ္တာရေလောင်းလိုက်ရ ပါတော့သတည်း။

---

## "ဆုမွန်ဆန္ဒ အာသီသနှင့် နိဂုံး"

ဣဒံ မေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု။

ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု။

မေ၊ ခန္ဓာငါး၀ ပေါင်းစုမျှကို ငါဟုသမုတ် အကျွန်ုပ်၏။ ဣဒံပုညံ၊ ဤသို့ပြုရ ဓမ္မဒါန မြတ်ပုညသည်။ အာသဝက္ခယံ၊ ကာမဂုဏ်၌ တပ်နှစ်သက်တတ်သော ကာမာသဝ ဘုံသုံးပါး၌ မွေ့လျော်တတ်သော ဘဝါသဝ ငါ့ကိုယ်ငါ့ဟာ ငါ့ဥစ္စာကို မြဲစွာစွဲလမ်းတတ်သော ဒိဋ္ဌာသဝ သစ္စာလေးပါး မြတ်တရားဟု ပိုင်းခြားထင်ထင် မသိမမြင်ဒအောင် ဖုံးလွှမ်းတတ်သော အဝိဇ္ဇာသဝ တည်းဟူသော အာသဝေါတရား လေးပါးတို့၏ ကင်းရာကုန်ရာ ချုပ်ငြိမ်းရာဖြစ်သော မြတ်နိဗ္ဗာန်ကို၊ ဝဟံ-ဝဟန္တော၊ ဘဝမကြာ ချမ်းသာအောင်မြင်လွယ်ကူစွာ ဆောင်ရွက်နိုင်ခြင်းသည်၊ ဟောတု၊ မုချမသွေ ဖြစ်ပါစေသတည်း။

မေ၊ ခန္ဓာငါး၀ ရုပ်နာမ်မျှကို ငါဟုသမုတ် အကျွန်ုပ်၏။ ဣဒံပုညံ၊ ဤသို့ပြုရ ဓမ္မဒါန မြတ်ပုညသည်။ နိဗ္ဗာနဿ၊ တဆယ့်တမီး ငြိမ်းရာပြီးမှန် မြတ်နိဗ္ဗာန်၏။ ပစ္စယော၊ အကြောင်းအထောက်အပံ့သည်။ ဟောတု၊ မုချမသွေ ဖြစ်ပါစေသောဝ်။

ဠမံ မေ ပုညဘာဂဍ္ဍ·
မာတာ ပိတာ စရိယာနံ။
အာဒိ ကတွာန ပါထိနံ၊
ဘာဇေ သမံ လဘန္တု တေ။

မေ၊ ရုပ်နာမ်နှစ်ဖြာ ပေါင်းစုရာကို ငါဟုသမုတ် အကျွန်ုပ်၏။ ဠမံ ပုညဘာဂဍ္ဍ၊ ဤသို့ယခု ပြုစုအားထုတ်ရသော ဓမ္မဒါန ကုသိုလ်ကောင်းမှု၏ အဘို့ဘာဂကိုလည်း။ မာတာ-ပိတာစရိယာနံ၊အမိအဘ ဆရာသမားတို့ကို။ အာဒိ ကတွာန၊ အစအဦး အမှူးပြု၍။ ပါထိနံ၊ သက္က ယမရာဇာ ဉာတကာနှင့်တကွ များစွာသောင်းပြောင်း သုံးဆယ်တစ်ဘုံ ဌာနစုံမှ လူသတ္တဝါ ပြဟ္မာအပေါင်းတို့အား။ ဘာဇေ၊ ညီမျှဖြန့်ချွေ အမျှပေးဝေပါ၏။ တေသတ္တာ၊ ထိုလုံးဝဥဿုံ စေ့စုံပေါင်းငြား တေဘူမက သတ္တဝါအများတို့သည်။ မယာ၊ ကောင်းမှုသွန်းမြှုပ် အကျွန်ုပ်နှင့်။ သမံ၊ ထပ်တူထပ်မျှ ဘို့ဘာဂကို။ လဘန္တု၊ ကိုယ်စီကိုယ်ငှ အမျှရ၍ ကျန်းမာချမ်းသာကြကုန်သည် ဖြစ်ကြပါစေကုန်သတည်း။

## "ဓမ္မိတ်သဟာ ပန်ကြားလွှာ"

ယုတ္တာယုတ္တံ ဝိစိန္တေယျ၊ ယုတ္တံ ဂဏှေယျ ပညဝါ။
အယုတ္တံစေ ဝိသဇ္ဇေယျ၊ မာနဒေါသံ နစာကရေ။

ပညဝါ၊ ပညာရှိငြား သူတော်ကောင်းများသည်။ယုတ္တာယုတ္တံ၊ အရေးအခွင့်သင့်မသင့်ကို။ ဝိစိန္တေယျ၊ ထောက်ချင့်စာနာ အထူးသဖြင့် ကြံကြရာ၏။ စေယုတ္တံ၊ အကယ်၍ကား သင့်လျော်ငြားအံ့။ ဂဏှေယျ၊ ဝမ်းမြောက်ကြည်သာ မှတ်ယူရာ၏။ စေအယုတ္တံ၊ အကယ်၍ကား မသင့်လျော်သည်ကို တွေ့ငြားအံ့။ ဝိသဇ္ဇေယျ၊ ပယ်ချထားကာ စွန့်ပစ်ရာ၏။ မာနဒေါသံ၊ထောင်လွှားဘက်ကြွ မာန်ဒေါသကို။နစာကရေ၊ သူတော်တို့တုံး နှလုံးသွင်းကာ မတက်မကြွ မထွက်ကြွစေရာသတည်း။

ဤစာအုပ်ကို ဖတ်ရှုကြရပါကုန်သော ပညာရှိအပေါင်း သူတော်ကောင်းတို့နှင့် (၇) ရက်သားသမီးများအဘို့ လိုရာကိုပန်ဆင်၍ မလိုဒါကို ပြန်တင်ခါထားပြီး၊ စေတနာအပြုသဘောနှင့် ဝေဘန်စာသားများ ပေးပို့နိုင်ပါသည်။

ကေလာသ–အရှင်အရိယဓမ္မသိဒ္ဓိ။
ယာယီသာသနာပြုဗိုလ်မာန်
အေးရိပ်သာ၊ ရွှေဘုန်းပွင့်ဘုရားဝင်း
ပုဇွန်တောင်၊ ရန်ကုန်မြို့။

## ဆုတောင်းပြည့်ဘို့ အကျိုးရှိဒါလုပ်ကြ

- ★ ခန္တီ သစ္စာ မေတ္တာထား
- ★ သီလ သမာဓိ ပညာ ကျင့်ခါပွား
- ★ သူများအကြောင်း မကောင်း မပြောနဲ့
- ★ ကိုယ့်အကြောင်း ကောင်း အောင် လုပ်
- ★ အကြောင်းကောင်း မှ အကျိုးကောင်းမည်
- ★ ကြောင်းကျိုး မှန် ကောင်းကြမှ
- ★ နို့ဗ္ဗာန် ဆုတောင်းပြည့်ကြမည်

ဆံတော်ရှင်ကေလာသ (သာသနာပြု)

**အရှင်အာရိယဓမ္မသိဒ္ဓ**